**Sabbath School Lesson**

**မြန်မာလူကြီးတန်း**

**ခရစ်တော်နှင့်အတူပြင်းပြင်းထန်ထန်စမ်းသပ်ခံရခြင်း**

**ကို**

**ဂါဗင် အန်ထော်နီ**

**မှ**

**စီစဉ်ရေးသားသည်**

ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ
၂၀၂၂ ခုနှစ်

(ပထမအကြိမ်)


Sabbath School Lesson
jrefmvlluBuef

yHkESol
0,DxfEH(00354)
refae*sm
uif;apmif;yHkESdwku
206 a&Tbpöv rf; &efuif;rSL, f
&efukdrU

xkwf0ol
0,apm xDao(00595)
0uD
jrefmjynfowåae|Ykbf t oif;awmf
68 0,Dpn&vrf;
&efukdrU

tkyf&- 5000

"r®

(yxrtBudrf)

# မာတိကာ


၁။ သိုးထိန်း၏ပြင်းထန်သည့်စမ်းသပ်ခြင်း ........................................ ၈

၂။ ချဉ်းကပ်လာသောပြင်းထန်သည့်စမ်းသပ်ချက်များ ...................... ၁၉

၃။ ငှက်လှောင်အိမ် .................................................................. ၃၀

၄။ ရွှေပန်းထိမ်ဆရာသည်မိမိ၏မျက်နှာကိုမြင်ရခြင်း ...................... ၄၁

၅။ အပူလွန်ကဲခြင်း ................................................................ ၅၃

၆။ စွမ်းအင်အားလုံးနှင့်လုံးပန်းရခြင်း ............................................ ၆၅

၇။ ဖျက်ဆီး၍မရသောမျှော်လင့်ချက် ............................................ ၇၆

၈။ မမြင်နိုင်သောအရာကိုမြင်ရခြင်း ............................................ ၈၇

၉။ ချီးမွမ်းခြင်းအသက်တာ ........................................................ ၁၀၀

၁၀။ ပြင်းထန်သောစမ်းသပ်ခြင်းအတွင်းနှိမ့်ချမှုသဘော .................... ၁၁၂

၁၁။ ပြင်းထန်သောစမ်းသပ်မှုအတွင်းစောင့်ဆိုင်းနေမှု ...................... ၁၂၃

၁၂။ မျိုးစေ့ကဲ့သို့ပုပ်ပွရခြင်း ........................................................ ၁၃၅

၁၃။ ပြင်းထန်သောစမ်းသပ်ခြင်း၌ခရစ်တော်ရှင် ................................ ၁၄၇


–၀–



# အသေသတ်ခံရသောဖန်ဆင်းရှင်

"ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက်ဖြစ်သောအရာ တစ်စုံတစ်ခုမျှမရှိ" (ယောဟန်၊ ၁း၃)။

ခပ်သိမ်းသောအရာတို့ကို ကိုယ်တော်ဖန်ဆင်းတော်မူသည်။ ကိုယ်တော်သည် ယေရှုရှင်ကိုဆိုလိုခြင်းဖြစ်သည်။ ကျမ်းစာဖော်ပြချက်အရ "ယေရှုသည်မျက်ရည်ကျတော်မူ၏" (ယောဟန်၊ ၁၁း၃၅)။ ဖန်ဆင်းရှင်မျက်ရည်ကျပါသလား။ ယေရှုရှင်သည် လူသားများအထင်အမြင်သေးခြင်း၊ ငြင်းပယ်ခြင်းကိုခံရသည်။ ဝမ်းနည်းရသည်။ ငိုကြွေးရသည် (ဟေရှာယ၊ ၅၃း၃)။ ဖန်ဆင်းရှင်ဖြစ်သည်။ ဝမ်းနည်းတတ်သူဖြစ်သည်။ အထင်အမြင်သေးခံပြီး ငြင်းပယ်ခံရသူဖြစ်နေခဲ့သည်။ အထင်အမြင်သေးခံပြီး ငြင်းပယ်ခံရသူဖြစ်နေခဲ့သလား။ တစ်ကြိမ်၌ ကိုယ်တော်ငိုကြွေးအော်ဟစ်ခံသောစကား၌ "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့်အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း" (မဿဲ၊ ၂၇း၄၆)။

ယင်းကဲ့သို့အဘယ်ကြောင့်ဖြစ်ရသနည်း။ ကျွန်ုပ်တို့၏ယေရှုရှင်၊ ဖန်ဆင်းရှင်၊ ရွေးနုတ်ရှင်ဖြစ်သည်နည်းတူ အသေသတ်ခံရသောဘုရားရှင်လည်းဖြစ်တော်မူသည်။ ထိုဖန်ဆင်းရှင်သည် လူဇာတိကိုခံယူတော်မူ၍ ထိုလူဇာတိ၌ပင် ဒုက္ခဆင်းရဲခြင်းဝေဒနာကိုခံယူခဲ့ရသည်။ ဆင်းရဲဒုက္ခအပေါင်းကိုခံယူတော်မူ၍ နောက်ဆုံး၌သစ်တိုင်ထက်တွင် တင်သတ်ခံသွားခဲ့ရသည်။ ရောမလူတို့စီရင်သောသေဒဏ်ပင်ဖြစ်သည်။

ထိုသို့ဖြစ်၍ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူခဲ့သည်။ "ငါတို့သည်ဘုရားသခင်အားဖြင့်အသက်ရှင်လျက်၊ လှုပ်ရှားလျက်ရှိကြ၏" (တမန်၊ ၁၇း၂၈)။ လူသားအဖြစ်ခံယူကာ ဒုက္ခဆင်းရဲခြင်းကိုခံယူရသည်။ အဓိပ္ပာယ်မှာ ကျွန်ုပ်တို့လူသားစစ်စစ်အားလုံးသည်လည်း

ဘုရားရှင်ခံယူတော်မူသောဒုက္ခကို ကျော်ဖြတ်သွားနိုင်ကြောင်းသက်သေဖြစ်စေသည်။ ကိုယ်တော်သည်အပြစ်မရှိသော်လည်း ဒုက္ခကိုခံယူကာအပြစ်ကြွေးကိုဆပ်ခဲ့သည်။ လူသားများမှာ မိမိတို့အပြစ်ကြောင့်သာငိုကြွေး၊ ဝမ်းနည်းခြင်းဖြင့်ကိုယ်တော်ယူတင်ခဲ့သော ကပ်တိုင်၏အရသာကိုခံကြရသည်။ သို့သော်လည်း "ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏" (ဟေရှာယ၊ ၅၃း၄)။ ထိုလုပ်ရပ်ကြောင့် စကြဝဠာတစ်ခွင် အံ့ဩမိန်းမောခဲ့ရသည်။

နောက်ခံသမိုင်းနှင့်အတူ ဘုရားရှင်သည် ကျွန်ုပ်တို့အတွက်အသေခံတော်မူခြင်းအကြောင်းကို လာမည့်လအနည်းငယ်အတွင်း ဆက်လက်လေ့လာကြရပါမည်။ ကျွန်ုပ်တို့၏ဒုက္ခဆင်းရဲခြင်း၊ ခရစ်ယာန်တို့၏ခံစားရခြင်း ဒုက္ခဝေဒနာနှင့် မိမိဘဝကို ခရစ်တော်ထံဆက်ကပ်အပ်နှံသူအပေါင်း ကြုံတွေ့ရမည့်ခါးသီးခြင်းအကြောင်းများစွာပါဝင်ပါမည်။ ဖြစ်လာရခြင်း၏အဖြေအလုံးစုံကိုကျွန်ုပ်တို့နားမလည်နိုင်ပါ။ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်" (၁ယော၊ ၄း၈) ဟူ၍သာပြောနိုင်ပါသည်။ ထိုဖြစ်လာသမျှအကြောင်းအလုံးစုံကိုဆင်ခြင်လျက် ကျွန်ုပ်တို့ဘုရားရှင်ကို ကိုးစားယုံကြည်နိုင်ပါသည်။ ကရုဏာတော်၌ကြီးထွားအသက်ရှင်ခြင်းဖြင့် ကြုံရသမျှအခက်အခဲအားလုံးကိုဖြတ်ကျော်သွားကြရမည်။

ယခုကွာတာသင်ခန်းစာ၌ နှုတ်ကပတ်တော်မှဖော်ပြသောအသားတော်၊ အသွေးတော်အကြောင်း ယုံကြည်ခြင်း၏ဖြာဆင်းလာသောအလင်းတန်းကြောင့်အပယ်ခံရခြင်း၊ သစ္စာဖောက်ခံရခြင်း၊ စိတ်ပျက်ဖွယ်အကြောင်း၊ ဆုံးရှုံးမှုများ၊ မတရားသဖြင့်ကျင့်ကြံခံရခြင်းနှင့်အနိုင်ကျင့်ခံရခြင်းများ စသည့်အရာအားလုံးကိုသည်းခံခွင့်လွှတ်နိုင်မည်။ ထိုခါးသီးခြင်းအလုံးစုံကို ကပ်တိုင်၏နောက်ခံရာဇဝင်နှင့်ယှဉ်ကာသိရှိသွားရမည်။ ကျွန်ုပ်တို့သတိထားရမည့်အကြောင်းမှာ



ကျွန်ုပ်တို့ရင်ဆိုင်ရသမျှပြဿနာခါးသီးခြင်းအားလုံးကို ယေရှုရှင် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်သခင်ကျော်ဖြတ်လာခဲ့ပါပြီ။

ကျွန်ုပ်တို့၏ဒုက္ခကိုရင်ဆိုင်ရသောဘုရားရှင်ဖြစ်သည်။ "အဲလ်ဘတ်ခမ်မု" (Albert Carmus) သည် ခရစ်ယာန်အသက်တာကို ခက်ခဲစွာတည်ဆောက်ရသူဖြစ်၍ ကပ်တိုင်တော်နှင့်နာကျင်မှုဝေဒနာကို သဘောပေါက်ထားသူဖြစ်ကာဂေါလဂေါသဟုဆိုသောဦးခေါင်းခွံအရပ်၌ ကိုယ်တော်ရှင်ဒုက္ခခံခဲ့ရသည်ကို လူအားလုံးပြန်လည်သတိရရန် အထူးအရေးကြီးလှသည်။ ထိုအရိပ်မည်းကြီး၏အောက်၌ ကိုယ်တော်သည် ဘုရား၏ဇာတိတော်ကိုစွန့်လွှတ်ကာ လူသားတစ်ဦးကဲ့သို့ပင် လူတို့၏ထုံးစံဓလေ့အတိုင်း ခါးသီးချဉ်စုတ်သောစပျစ်ရည်သိုးကြီးကို နောက်ဆုံး၌သောက်ခဲ့ရသည်။ စွန့်ပစ်ခံရ၍ နောက်ဆုံးသောသေခြင်းကိုခံယူခဲ့ရသည်။ Albert Carmus, The Rebel (New York: Vintage International, 1991), p. 33. Or, as Ellen G. White, Education, p. 263 မှ ကပ်တိုင်သည် ကျွန်ုပ်တို့နာကျင်ခံစားနေရသမျှအားလုံးကိုသက်သေပြထင်ရှားစေခဲ့သည်။ ထိုကပ်တိုင်တော်မှအရုပ်ဆိုးလှသောအပြစ်တို့ကိုဘုရားရှင်သည်မိမိနှလုံးသားမှအပြီး ချေဖျက်လိုက်သည်။

ကျွန်ုပ်တို့လေ့လာမည့်သင်ခန်းစာများသည် ဘုရားအကြောင်းကိုလေ့လာသွားမည့်သင်ခန်းစာမျိုးမဟုတ်ပါ။ မကောင်းမှုကိုရင်ဆိုင်၍ ဘုရားရှင်၏ရှေ့တော်၌ ဖြူစင်သန့်ရှင်းခြင်းအခွင့်ကိုရရှိမည့်အကြောင်း လေ့လာသွားကြပါမည်။ ကျွန်ုပ်တို့ဆိုလေ့ရှိသောပုထုဇဉ်ဖြစ်နေသည့်၊ အပြစ်နှင့်မကင်းနိုင်ဆိုသည့်စကားဒုက္ခကိုမြင်နိုင်ရန် ဆင်းရဲခြင်းကို ဘုရားရှင်ပေးခြင်းမဟုတ်သည့်အကြောင်းကိုလေ့လာရပါမည်။ ဘုရားရှင်သည် ကျွန်ုပ်တို့ကိုအလျှင်းမစွန့်ပစ်ကြောင်း သက်သေသာဓကဖြင့်သိရှိရပါမည်။ ကျွန်ုပ်တို့ယုံကြည်သူများဖြစ်နေလျက်ပင် အားနည်းသောလူသားများပင်ဖြစ်သည်။ ယေရှုရှင်အားဖြင့်ပေးတော်မူသောမျှော်လင့်ချက်အကြောင်းကြောင့် ကျွန်ုပ်တို့သည် ရေရာ

သေချာသောအရာကိုတွေ့ရှိနေရပြီး အဓိပ္ပာယ်မဲ့သောအရာ၊ မျှော်လင့်ချက်ကင်းသောအရာများကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရပြီ။ ကျွန်ုပ်တို့ကြိုတင်မှန်းဆ၍မရသည့်အရာဖြစ်နေလျှင်လည်း ကတိတော်ကိုယုံကြည်လျက် "ခပ်သိမ်းသောအရာတို့သည်တညီတညွတ်တည်းပြုစုကြသည်" (ရောမ၊ ၈း၂၈)။ ဘုရားရှင်သည် အရာအားလုံးကိုဖန်ဆင်းထားသော်လည်း ထိုအရာများအတွက် ဒုက္ခခံခဲ့ရသည်။ (သို့ဖြစ်သောကြောင့် ကိုယ်တော်ကိုကျွန်ုပ်တို့ချစ်သည်)။

**ဂါဗင်အန်ထော်နီ**

–၀–



## သင်ခန်းစာ (၁)
## သိုးထိန်း၏ပြင်းထန်သောစမ်းသပ်ခြင်း
## ဇွန်လ ၂၅ – ဇူလိုင်လ ၁

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇွန်လ ၂၅ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဆာလံ၊ ၂၃။ ရောမ၊ ၁၂း၁၈–၂၁။

**အလွတ်ကျမ်းချက်**

**"ငါ့ဝိညာဉ်ကိုအားဖြည့်၍၊ နာမတော်အဖို့အလိုငှာ တရားလမ်းထဲ၌သွေးဆောင်တော်မူ၏" (ဆာလံ၊ ၂၃း၃)။**

ဆိုဖီသည် သူမ၏အိပ်ခန်းတံခါးမကြီးကိုကျောမှီကာ ကြမ်းပြင်ထက်သို့အရုပ်ကြိုးပြတ်ရောချကာထိုင်လိုက်သည်။ မျက်ရည်များဒလဟောစီးဆင်းလာသည်။ ရင်တွင်း၌ပူလောင်လျက် "လုပ်ရက်လိုက်တာ၊ လုပ်ရက်တယ်" ဟု ရင်ထဲဗလောင်ဆူရေရွတ်မိသည်။ သူမအလွန်ခင်မင်လေးစားချစ်ခင်ရသောသူငယ်ချင်းသည် သူမ၏မကောင်းကြောင်းနှင့်သူမ၏ရှိသမျှဂုဏ်သိက္ခာကိုဖျက်ဆီးနင်းချေကာ သူမလုပ်နေသောအလုပ်ကိုပင် အလွန့်အလွန်ထိခိုက်စေသောမဟုတ်တမ်းစကားများကို ဖြန့်နေသည့်သတင်းကြားရခြင်းဖြစ်သည်။ အိပ်ရာထက်မှ သမ္မာကျမ်းစာကိုကျစ်ကျစ်ပါအောင်ဖက်ထားပြီး မကြာခင်မှာသူမအလွန့်အလွန်နှစ်သက်သောကျမ်းပိုဒ်ကို သတိရလိုက်သည်။ "ငါ့ဝိညာဉ်ကိုအားဖြည့်၍၊ နာမတော်အဖို့အလိုငှာ တရားလမ်းထဲ၌သွေးဆောင်တော်မူ၏။ အကယ်၍ သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့လျှောက်သွားရသော်လည်း ဘေးအန္တရာယ်ကိုမကြောက်ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူ၍ လှံတံတော်နှင့်တောင်ဝှေးတော်သည် အကျွန်ုပ်ကိုချမ်းသာစေပါ၏" (ဆာလံ၊ ၂၃း၃၊ ၄)။

လုံး၀မဖြစ်နိုင်ဟုသူမထင်နေသည်။ လက်တွေ့မှာမဖြစ်နိုင်သော ကျမ်းချက်ဟုသူမခံယူလိုက်သည်။ ဆာလံကျမ်းမှသိုးထိန်းသည် သူ၏သိုးတို့ကို လမ်းအမှန်သို့ပို့ဆောင်သည်ဟုဆိုသော်လည်း ထိုလမ်းများသည်သေမင်းအရိပ် လွှမ်းမိုးသောချိုင့်ဝှမ်းများပင်ဖြစ်သည်။ သူငယ်ချင်း၏သစ္စာဖောက်ခြင်းခံရသော အခါ၌ အလွန်နက်ရှိုင်းသောချိုင့်၊ သေမင်း၏ချိုင့်ဟုနှိုင်း၍ရပါသည်။ သူမ အားဘုရားရှင်မှတရားလမ်းသို့ ပြန်လည်ရောက်ရှိအောင်သွန်သင်ရာ၌ မှောင်မည်းသောချိုင့်ကိုအသုံးပြုနေပါသလား။

**တစ်ပတ်တာသတိပြုရန်။** သင်သည် လွယ်ကူသက်သာသောအချိန်နှင့် ခက်ခဲသောအချိန်နှစ်မျိုးအကြားဝိညာဉ်ရေးကြီးထွားရန် မည်သည့်အချိန်မျိုးက သင့်ကို ဝိညာဉ်ရေးကြီးထွားခြင်းပို၍ပေးသနည်း။

**တနင်္ဂနွေနေ့** **ဇွန်လ ၂၆ ရက်**

## ခရီးလမ်းအတွက်လမ်းပြသူ–သိုးထိန်း

"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည်ဆင်းရဲမခံရ" (ဆာလံ၊ ၂၃း၁)။

ကလေးများကိုဘုရားသခင်၏ပုံကိုဆွဲကြရန်ခိုင်းသည်။ သတ်မှတ်ချက်မရှိဆွဲလိုသည့်အတိုင်းဆွဲကြရန်၊ စိတ်ထဲရှိသည့်အတိုင်းဆွဲကြရန်အခွင့်ပေးသည်။ မည်သို့ဆွဲကြမည်ဟုမေးသောအခါ တညီတညွတ်တည်း ဘုရားရှင်သည် ချစ်ခြင်းမေတ္တာကရုဏာရှိကြောင်းဖြေဆိုကြသည်။ သာမာန်ဖြစ်ရိုးကိစ္စပင်ဖြစ်သည်။

အရာခပ်သိမ်းအခြေအနေကောင်းမွန်နေချိန်၌ ဘုရားသခင်၏ကောင်းမြတ်ခြင်းသဘောကို လွယ်လွယ်ကူကူပင်ထုတ်ဖော်ပြောကြသည်။ အသက်တာ၌ပို၍ခက်ခဲလာပြီး ရှုပ်ထွေးလာချိန်တွင် ကျွန်ုပ်တို့၏ဘုရားရှင်အပေါ် အမြင်ပြောင်းလဲလာတတ်ကြသည်။ သို့သော် ဘုရားရှင်သည်ပြောင်းလဲခြင်းမရှိပါ။



အမှန်ပင်အစဉ်တည်မြဲတော်မူသည် (ဟေဗြဲ၊ ၁၃း၈၊ ယာကုပ်၊ ၁း၁၇)။ ကျွန်ုပ်တို့လူသားများသည်သာ ပြောင်းလဲနေတတ်သည်။

ဓမ္မဟောင်းခေတ်တွင် ဘုရားရှင်၏လူကို ဦးဆောင်ကြည့်ရှုပြုစုသူများအား နေထိုင်ပုံကို ဆာလံ၊ ၂၃ မှ သိုးထိန်းအဖြစ်ပုံဆောင်ကာ ထာဝရဘုရားကိုရည်ညွှန်းထားသည်။ ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းနှစ်ကျမ်းလုံးမှ ထိုသို့ဘုရားရှင်ကို သိုးထိန်းအဖြစ်သတ်မှတ်ပုံဆောင်ကြသည်။ ထိုရုပ်လွှာပုံသဏ္ဍာန်သည်ပြောင်းလဲမှုမပြုပါ။ ဆာလံ ၂၃ ကိုပြန်၍မလေ့လာမီ ကျမ်းပြုစုသူအပေါင်းတို့သည် သိုးထိန်း၏အလုပ်နှင့်ဆိုင်သောအကျင့်စာရိတ္တကို မည်သို့ခြားနားမှုဖြင့်ရေးသားကြောင်းလေ့လာစို့။

ဖော်ပြမည့်ကျမ်းချက်များမှ သိုးထိန်းအကြောင်းမည်သို့ဖော်ပြထားသနည်း။

ဟေရှာယ၊ ၄၀း၁၁————————————————————

ယေရမိ၊ ၂၃း၃၊ ၄————————————————————

ယေဇကျေလ၊ ၃၄း၁၂————————————————————

ယောဟန်၊ ၁၀း၁၄–၁၆————————————————————

၁ပေ၊ ၂း၂၅————————————————————

ဆာလံကျမ်း ၂၃ တွင် သိုးထိန်း၏သိုးအပေါ်လုပ်ဆောင်ချက်မည်သို့နည်း။

ဆာလံ၊ ၂၃း၂————————————————————

ဆာလံ၊ ၂၃း၃————————————————————

ဆာလံ၊ ၂၃း၄————————————————————

ဆာလံ၊ ၂၃း၅————————————————————

ဆာလံ၊ ၂၃း၆————————————————————

သင့်ကိုထိုသို့စောင့်ကြည့်ရှုမည့်သူကို သင်မည်သို့သိရှိမည်နည်း။ ပြဿနာနှင့်လုံးပန်းနေရသူများကို ထိုသို့သောသိုးထိန်းရှင်ရုပ်လွှာအား မြင်တွေ့နိုင်ရန် သင်မည်သို့အားပေးနိုင်မည်နည်း။

**တနင်္လာနေ့** **ဇွန်လ ၂၇ ရက်**

**လမ်းခရီး၌ရောက်ရှိနေသည့်နေရာ**

"နာမတော်အဖို့အလိုငှာ တရားလမ်းထဲ၌သွေးဆောင်တော်မူ၏" (ဆာလံ၊ ၂၃း၃)။

'တရားလမ်း' ဟုဆိုသောအချက်ကိုဆင်ခြင်ပါ (ဆာလံ၊ ၂၃း၃)။ သင်၏ရှေ့သို့ဖြန့်ချပေးလာသည်။ အဝေးမှကမ်းလှမ်းလာသည်။ အဆုံးအစွန်အထိမမြင်နိုင်ပါ။ သို့သော် သင်သိရှိထားသည်မှာ ခရီးအဆုံး၌အိမ်တော်ရှိနေသည်။ ဘုရားရှင်၏အိမ်တော်ဖြစ်သည်။ သင်၏အနီးသို့ဆွဲယူကြည့်မိပြန်လျှင် မည်သည့်အရပ်သို့ပို့ဆောင်သောလမ်းကိုမြင်ရလိမ့်မည်။ အချို့နေရာများကိုရှင်းလင်းပြတ်သားစွာမြင်တွေ့ရမည်။ သို့သော် အခြားနေရာများ၌မူ အလွန်ကျယ်ဝန်းပြီး အန္တရာယ်ပြည့်ဝသောနေရာများဖြစ်သည်။ တစ်ခါတစ်ရံ လမ်းသည်ပျောက်သွားတတ်သည်။ အချို့လမ်းမှာသွားရလွယ်ကူလှပါသည်။ အချို့လမ်းပိုင်းများမှာ ကတိတော်ပြည်သို့သွားရသောလမ်းခရီးနှင့်တူသည်။ ဆာလံကျမ်း၌ ထိုနည်းအတိုင်းဖော်ပြထားသည်။

ဒါဝိဒ်မင်းကြီးသည် ဆာလံ ၂၃ တွင် သိုးများဖြတ်သွားသည့်လမ်း၌တည်နေရာအကြောင်းကို တရားလမ်းဟုညွှန်းဆိုပြီး ထာဝရဘုရား၏အိမ်တော်အထိရောက်ရှိမည်ဟုရေးစပ်ထားသည်။

---

---

သို့ရာတွင် ထိုလမ်းကို "တရားလမ်း" ဟုအဘယ်ကြောင့်ခေါ်ဆိုရသနည်း။ ထိုအချက်နှင့်ပတ်သက်၍ အကြောင်းလေးမျိုးရှိသည်။ ပထမ "မှန်သောလမ်း" တရားလမ်းဖြစ်ရခြင်းအကြောင်းမှာ မှန်ကန်သောလမ်းဆုံးသို့ပို့ဆောင်ပေးခြင်းကြောင့်ဖြစ်သည်။ သိုးထိန်း၏အိမ်အထိပို့ဆောင်ပေးသည်။ ဒုတိယအကြောင်းမှာ မှန်သောလမ်းဖြစ်ရခြင်း၏အကြောင်းသည် မှန်ကန်သောပုဂ္ဂိုလ်နှင့်ဆက်ဆံခွင့်ပေးသောကြောင့်ဖြစ်သည်။ သိုးထိန်းကြီးကိုယ်တိုင်ပင်



ဖြစ်သည်။ တတိယအကြောင်းမှာ မှန်သောလမ်းဖြစ်ရခြင်းအကြောင်းမှာ ကျွန်ုပ်တို့ကိုမှန်ကန်သောသူများဖြစ်လာစေရန် သွန်သင်ပေးခြင်းကြောင့်ဖြစ်သည်။ သိုးထိန်းကြီးနှင့်တူစေသည်။ စတုတ္ထအကြောင်း၌ မှန်ကန်သောလမ်းဖြစ်ရခြင်းမှာ ကျွန်ုပ်တို့ကို မှန်သောသက်သေခံကိုပေးခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည်မှန်ကန်သောသူဘုရားရှင်၏ဘုန်းတော်ကို ထင်ရှားစေသောသူဖြစ်လာသည်။ ထို့ကြောင့် "မှန်သည်" ဖြောင့်မတ်သည့်လမ်းဖြစ်သည်။ လျှောက်လှမ်းရန်လွယ်ကူသည်ဖြစ်စေ၊ ခက်ခဲသည်ဖြစ်စေ လမ်းအမှန်ဖြောင့်မတ်သောတရားလမ်းဖြစ်၏။

အလွန်အရေးကြီးသောသတိပြုရန်မှာ ဘုရားရှင်သည်ကျွန်ုပ်တို့ကိုပို့ဆောင်နေချိန်မှာပင် ရိုးရိုးလမ်းဆုံးအထိပို့ဆောင်ကာ ကာကွယ်စောင့်ရှောက်ပေးခြင်းမဟုတ်ပါ။ လမ်းပြခြင်း၊ ကာကွယ်ပေးခြင်းထက်ပိုပါသည်။ သမ္မာကျမ်းစာ၌ များစွာသောဥပမာကိုတွေ့ရပါသည်။ ဘုရားသခင်သည် မိမိ၏လူစုကိုပို့ဆောင်ရာ၌ အာဗြဟံကိုကတိတော်ဖြင့်လည်းကောင်း၊ ဣသရေလလူမျိုးတို့ကို နေ့အချိန်တွင်တိမ်တိုက်နှင့်ညအချိန်၌မီးတိုင်အားဖြင့်လည်းကောင်း ပို့ဆောင်ပေးခဲ့သည်။ ဘုရားရှင်လမ်းပြမှုတိုင်း၌ သွန်သင်ခြင်းဒွန်တွဲလျက်ရှိသည်။ သူ၏လူမျိုးကိုဖြောင့်မတ်ခြင်းတရားရရှိစေရန် သွန်သင်လမ်းပြတော်မူသည်။

ဖြောင့်မတ်ခြင်းသည် သိုးထိန်းရှင်၏ဦးစားပေးချက်ဖြစ်၍ သင့်အသက်တာအတွက်ရည်မှန်းပေးထားကြောင်း သင်သြတ္တပ္ပစိတ်၌မည်မျှထားရှိသနည်း။ စုံစမ်းခြင်းသည် သင်၏အသက်တာကိုပြောင်းလဲစေနိုင်၍ ကောင်းသောစာရိတ္တကိုရောင်ပြန်ဟပ်စေကြောင်း သင်မည်သို့လက်ခံမည်နည်း။

**အင်္ဂါနေ့** **ဇွန်လ ၂၈ ရက်**

**မျှော်လင့်မထားသောကွေ့လမ်းပတ်လမ်းအပိုင်း (၁) လျှိုမြောင်ချိုင့်**

"သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်ထဲ၌ လျှောက်သွားရသော်လည်း ဘေးအန္တရာယ်ကိုမကြောက်ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်

အတူရှိတော်မူသည်ဖြစ်၍ လုံတံတော်နှင့်တောင်ဝှေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏” (ဆာလံ၊ ၂၃း၄)။

တရားလမ်းသည် စိမ်းလန်းသောမြစ်နား၌ ဖုံးအုပ်ရှင်သန်နေသည့် မြက်ခင်းပြင်ဖြစ်လျှင် အဘယ်မျှကောင်းလိမ့်မည်နည်း။ သို့သော်ဒါဝိဒ်မင်းကြီး ဆိုလိုသောလမ်းသည် ထိုသို့မဟုတ်ပါ။ သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့် လမ်းမျိုးလည်းဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့လည်းပတ်သွားချင်သောနေရာမျိုးလည်း မဟုတ်ပါ။ ဣသရေလနိုင်ငံတွင် ချောင်း၊ ချောက်၊ လမ်းဟောင်းနှင့်လျှိုမြောင် လမ်းကျဉ်းကလေးများကိုတွေ့ရတတ်သည်။ ထိုဒေသနေရာများ၌ ကျဉ်းမြောင်း ပြီးမတ်စောက်သောကမ်းပါးယံလမ်းများရှိခဲ့သည်။ အလင်းရောင်ပင်မရရှိသော လမ်းများဖြစ်သည်။ သို့ဖြစ်၍ သေမင်း၏အရိပ် 'အရိပ်မည်းကျသောလမ်း၊ မှောင်မည်းသောသေမင်းတမန်လမ်း' ဟုတင်စားခေါ်ဆိုနိုင်သည်။

“သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်” သို့သင်ရောက်ခဲ့ရသည့်အချိန် ကိုပြန်၍စဉ်းစားပါ။ မည်သို့ရှိသနည်း။ သင်ကြောက်နေပါသလား။ သိုးထိန်း ကြီးရှိပါသည်ဟု သင်သိနေသော်လည်း သင်၏စိတ်ထဲ၌မည်သို့ရှိသနည်း။ ယင်းအချိန်၌မည်သည့်ကျမ်းပိုဒ်သည် သင့်အတွက်တန်ဖိုးအရှိဆုံးကျမ်းချက် အဘယ်ကြောင့်ဖြစ်ခဲ့ရသနည်း။

________________________________________________

________________________________________________

သိုးတို့သည်မှောင်မိုက်သောချိုင့်ထဲတွင် လမ်းပျောက်သေဆုံးကုန်သည် ဟုသင်ထင်ပါသလား။ ထိုချိုင့်ထဲ၌ တဝဲလည်လည်လျှောက်သွားနေရသည်ဟု သင်ထင်ပါသလား။ သို့မဟုတ်ပါက သိုးထိန်းသည်လမ်းမှန်ကိုရှာ၍ သိုးတို့ ကိုပို့ဆောင်ပါသလား။ သင်၏အဖြေကိုစဉ်းစားဖြေဆိုပါ။

အဲလစ်စဘက်အယ်လီယော့ အရေးအသားတစ်ခုကိုဖတ်ကြည့်ပါ။ သေမင်းအရိပ်လွှမ်းသောချိုင့်ထဲရောက်နေသည်ဟု သိရသောသိုးသည် မိမိ



လမ်းများကြောင်းကိုလက်ခံရမည်။ အမှောင်ထုအတွင်းရောက်နေစဉ် မှားယွင်း ခဲ့သောလမ်းကိုပြန်၍တွေးတောရမည်။ မကြောက်ရပါ။ သိုးထိန်းသည် သူနှင့် အတူရှိကြောင်းစိတ်ချယုံကြည်ရမည်။ Elisabeth Elliot, Quest for Love, (Grand Rapids, MI: Revell Books, 1996), p. 218.

သင်သည်မှားယွင်းသောပို့ဆောင်ခြင်းခံရခြင်းကိုရောက်ခဲ့သည်ဟု ဆင်ခြင်မိဖူးသလား။ ထိုအချိန်မျိုး၌ ဘုရားရှင်ကိုသင်မည်သို့တုံ့ပြန်ခဲ့သနည်း။ အဘယ်ကြောင့်သိုးထိန်းကြီးသည် လမ်းမှားရောက်အောင်အခွင့်ပေးရသည်ဟု သင်မှားယွင်းစွာထင်မြင်ခဲ့ဖူးပါသလား။

**ဗုဒ္ဓဟူးနေ့** **ဇွန်လ ၂၉ ရက်**

**မျှော်လင့်မထားသောကွေ့လမ်းပတ်လမ်း အပိုင်း (၂) ပတ်လည် ခင်းသောစားပွဲ**

“အကျွန်ုပ်၏ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဖို့စားပွဲကိုခင်းတော်မူ၏။ အကျွန်ုပ်ခေါင်းကိုဆီနှင့်လိမ်းတော်မူ၏။ အကျွန်ုပ်ခွက်ဖလားသည်လျှံလျက် ရှိပါ၏” (ဆာလံ၊ ၂၃း၅)။

လူ၏အသက်တာ၌ ရန်သူမိတ်ဆွေရှိသည်မှာမလွဲပါ။ ရန်သူနှင့် ဆုံတွေ့စဉ် သင်မည်သို့ဆက်ဆံသနည်း။ သင့်ကိုမကောင်းကြံစည်သူကိုလက်စား ချေရန် စိတ်ကူးရင်ညည်အိပ်ပျော်ပါရဲ့လား။ ခရစ်ယာန်အတွက်ရန်သူကို မည်သို့တုံ့ပြန်ရမည်ကို ပို၍ခက်ခဲစွာဆုံးဖြတ်ရပါမည်။

သင်၏အသက်တာ၌ မည်သို့သောရန်သူမျိုးကိုရင်ဆိုင်နေရသနည်း။ သင့်ကိုနာကျင်လိုသူအား သင်မည်သို့တုံ့ပြန်တတ်သနည်း။ သို့မဟုတ် သင် မည်သို့သတိပြုသနည်း။ ခရစ်တော်မိန့်တော်မူသော မဿဲ၊ ၅း၄၄ ကို သင်မည် သို့လိုက်လျှောက်သနည်း။ သို့မဟုတ်ပါက ရှင်ပေါလုသြဝါဒပေးရေးသားသော ရောမ၊ ၁၂း၁၈–၂၁ ကို သင်မည်သို့ခံယူသနည်း။

________________________________________________

________________________________________________

ဆာလံ၊ ၂၃း၅ တွင် ဒါဝိဒ်မင်းကြီးမှကျွန်ုပ်တို့ကို ရန်သူနှင့်ကြုံရသောအခါ မည်သို့ဆက်ဆံရမည့်အကြောင်း စိတ်ဝင်စားဖွယ်ပြသပေးသည်။ သူကိုယ်တိုင်နည်းလမ်းရှာဖွေခြင်းမျိုးမဟုတ်ဘဲ ဘုရားသခင်သာ ကိုယ်စားဝင်ရောက်လုပ်ဆောင်ပေးကြောင်းသက်သေခံထားသည်။ ဘုရားသခင်သည်သူ့အတွက်စားပွဲသောက်ပွဲပြင်ဆင်ပေးကြောင်း အတည်ပြုရေးသားထားသည်။

ဒါဝိဒ်မင်း၏ခေတ်အခါတွင် ဂုဏ်သရေရှိလူကြီးမင်းများအား စားပွဲသောက်ပွဲခေါ်ဖိတ်သောအခါ၌ ပွဲကျင်းပရာခန်းမသို့မဝင်မီ သူ၏ဦးခေါင်းကိုဖိတ်ကြားသူများမှ ဆီမွှေးဖြင့်လူး၍ကြိုဆိုရသောထုံးစံဓလေ့ရှိသည်။ ထိုဆီမွှေးမှာ သံလွင်ဆီနှင့်အမွှေးနံ့သာရောစပ်ထားသောဆီမွှေးဖြစ်သည်။ ထိုနောက်မှ ဧည့်သည်တော်ကိုစားပွဲသောက်ပွဲ၌ စားစရာများဖြင့် ရှေ့တွင်အလျှံပယ်ပြုစုကျွေးမွေးကြသည်။

ဆာလံ၊ ၂၃း၅ ၌ စားပွဲ၊ ဆီနှင့်ခွက်ဖလားဟူ၍ သုံးမည်သောအရာကိုဖော်ပြသနည်း။ ဘုရားရှင်သည် ကျွန်ုပ်တို့အတွက်ကိုပြင်ဆင်ပေးကြောင်း၊ ကျွန်ုပ်တို့သည်သေမင်းချိုင့်တွင်းရောက်ရှိချိန်မှာပင် ဘုရားရှင်သည် အရာအားလုံးကိုကြိုတင်ပြင်ဆင်ထားကြောင်း ပြသလိုခြင်းဖြစ်ပါသလား။

____________________________________________

____________________________________________

ရှင်ပေါလု၏သတိပေးချက်အရ "အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ကြရသည်မဟုတ်၊ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌အစိုးတရပြုလုပ်သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်လည်းကောင်း၊ ဆိုင်ပြိုင်တိုက်လှန်ကြရ၏" (ဧဖက်၊ ၆း၁၂)။ ကျွန်ုပ်တို့၌မြင်ရသောရန်သူ၊ မမြင်ရသောရန်သူများရှိသည်။ ကြိုက်နှစ်သက်သည်ရှိ၊ မကြိုက်နှစ်သက်သည်ရှိ ကျွန်ုပ်တို့ပတ်လည်၌ရှိနေပါသည်။



သိုးထိန်းကြီးနှင့်အတူကျွန်ုပ်တို့ရှိနေလျှင်မူ မြင်နိုင်သော၊ မမြင်နိုင်သောရန်သူတစ်ယောက်မှ ကျွန်ုပ်တို့အတွက်ပြင်ဆင်ပေးခြင်းကို လုယက်ခိုးယူနိုင်မည်မဟုတ်ပါ။

သင့်ကိုရန်သူများဝိုင်းနေသောအခါ သိုးထိန်းကြီးသည်သင်နှင့်အတူရှိကြောင်းကိုပြသထင်ရှားစေပါ။ ယခုတွင်ခက်ခဲသောအချိန်ဖြစ်နေလင့်ကစားထိုသိုးထိန်းကြီးကိုမည်သို့ကျေးဇူးတင်နိုင်သနည်း။

## ကြာသပတေးနေ့ ဇွန်လ ၃၀ ရက်

## ခရီးလမ်းအတွက်သေချာသောကတိ

"အကယ်စင်စစ်အကျွန်ုပ်သည် ကျေးဇူးနှင့်ကရုဏာကိုတစ်သက်လုံးခံစား၍၊ ထာဝရဘုရား၏အိမ်တော်မှာ အစဉ်အမြဲနေရပါလိမ့်မည်" (ဆာလံ၊ ၂၃း၆)။

ရန်သူများပတ်လည်ဝိုင်းထားသော သေမင်း၏အရိပ်ချိုင့်တွင်းကျရောက်ရသောအခါ၌ ကျွန်ုပ်တို့သည်စွန့်ပစ်ခံရပြီဟု စိတ်ထဲစုံစမ်းခြင်းခံကြရသည်။ ဘုရားရှင်မည်သည့်အမှုမျှပြုလုပ်ခြင်းမရှိဟု ခံစားနေရသည်။ ကိုယ်တော်ရှင်ပြုပေးတော်မူလျှင် ကျွန်ုပ်တို့ထိုအခြေအနေမျိုးသို့မကျရောက်နိုင်ဟုထင်မြင်ကြသည်။ သို့သော်ဒါဝိဒ်မင်းကြီးသည် ထိုသို့အမြင်မျိုးမရှိခဲ့ပါ။

သူ၌စုံစမ်းခံနေရစဉ် ဒါဝိဒ်မင်းကြီးသည် မည်သည့်အကြောင်းနှစ်ခုကို ဆာလံ ၂၃း၆ ၌ဖော်ပြခဲ့သနည်း။ (ဧဖက်၊ ၁း၄။ ၂ပေ၊ ၁း၁၀။ ဟေဗြဲ၊ ၁၁း၁၃–၁၅ ကိုလည်းဖတ်ပါ)။

____________________________________________

____________________________________________

အချို့သောအနက်ပြန်ဆိုမှုများ၌ ကောင်းမြတ်တော်မူ၍မပျက်မကွက်တတ်သောမေတ္တာ ငါ၌ရှိသောနေ့ရက်အစဉ်အတိုင်း လိုက်လာမည်ဟု ပြန်ဆို

ထားသည်။ မည်သို့ပင်ဆိုစေ၊ မူရင်းအနက်ပြန်ချက်သည် ပို၍အားသာချက်များသည်။ ၎င်းကျမ်းချက်ကို "ကောင်းမြတ်တော်မူ၍ မပျက်မကွက်သော မေတ္တာတော်သည် ငါ့ကိုသွေးဆောင်ကာ နေ့ရက်အစဉ်အတိုင်းတည်တော်မူသည် ဟုဖတ်ရပါမည်။ ဟေဗြဲ၏ရေးသားချက်ကြိယာပါကျမ်းချက်များဖြစ်သော က၊ ၁၄း၁၄၊ ယောရှ၊ ၁၀း၁၉ နှင့် ၁ရာ၊ ၂၅း၂၉ တို့တွင် 'သွေးဆောင်သည်' ဟုအဓိပ္ပာယ်သက်ရောက်သည်။

ကောင်းမြတ်၍မပျက်ကွက်သောမေတ္တာတော်သည် သင့်ကိုသွေးဆောင်သည်ဟူသောစကားကို သင်မည်သို့ထင်မြင်မိသနည်း။ ဘုရားသခင်၏ ဂရုစိုက်ခြင်းအကြောင်းကို ဒါဝိဒ်မင်းသည် မည်သို့အဓိပ္ပာယ်ဖွင့်လိုသနည်း။

သေမင်းလွှမ်းမိုးသောချိုင့်မည်မျှပင်နက်ရှိုင်းပါစေ၊ ရန်သူများပတ်လည်၌ ကြီးစွာဝိုင်းထားပါစေ၊ ဘုရားရှင်၏ကောင်းမြတ်၍မပျက်ကွက်သောမေတ္တာ တော်သည် ကျွန်ုပ်တို့ကိုပို့ဆောင်တော်မူ၍ ဧကန်ပင်ခရီးဆုံးသို့ရောက်ရှိသွားပါမည်။ ထိုသို့အတွေးမျိုးပင် ယေရှုရှင်၌ရှိတော်မူ၍ ကရာနိလမ်းကိုဖြတ်ကျော်ခဲ့လည်း ကျွန်ုပ်တို့၏စိတ်ထဲ၌ ထိုသို့သောခံယူချက်ရှိရန်အလွန်လိုအပ်ပါသည်။

ပုဇ္ဇာများရင်နှင့်အပြည့်ကျွန်ုပ်တို့တွင်ရှိနေသော်လည်း ဒါဝိဒ်မင်းကြီးကဲသို့ ဘုရားရှင်တတ်နိုင်တော်မူသည့်အတွေးကိုထားရှိကြရမည်။ ဒါဝိဒ်မင်းကြီးသည် ဆာလံ၊ ၂၃း၆ ၌ ကျွန်ုပ်တို့ကိုဖော်ပြပေးထားသည်။ တိကျသေချာခိုင်လုံသော ထာဝရဘုရားရှင်၏အကြောင်းအစစ်အမှန်ပင်ဖြစ်သည်။

သင်၏ကိုယ်ပိုင်ခံစားချက်မှ ဘုရားရှင်၏ကောင်းမြတ်ပြီး မပျက်ကွက်သောမေတ္တာဖြင့် သင့်ကိုသွေးဆောင်ခဲ့ကြောင်း မည်သို့ကြုံခဲ့ရဖူးသနည်း။ ဘုရားရှင်အပေါ် သံသယမေးခွန်းပုစ္ဆာထုတ်နေသူတစ်ဦးကို သင်မည်သို့မျှဝေပေးနိုင်မည်နည်း။ ကပ်တိုင်တော်သည် အဘယ်ကြောင့်အကြီးကျယ်ဆုံးသွေးဆောင်ခြင်းပုံပမာဖြစ်စေပါသနည်း။





## သောကြာနေ့ — ဇူလိုင်လ ၁ ရက်

## ဆက်လက်လေ့လာရန်။

Ellen G. White, "Missionaries in the Home," p. 143, in Testimonies for the Church, vol. 4; "The Divine Shepherd," pp. 476-484, in the Desire of Ages ကိုဖတ်ပါ။

"နောက်ဆုံးပိတ်အောင်မြင်ခြင်းရရှိသွားမည့်သူတို့သည် ကြောက်မက်ဖွယ်ကောင်းသောစုံစမ်းခြင်းနှင့် အသက်တာ၌ဘာသာရေးကြောင့်ဒုက္ခရောက်ခဲ့ရသူများဖြစ်မည်။ သို့သော်သူတို့သည် မိမိတို့၏ဩတ္တပ္ပစိတ်ကိုမစွန့်လွှတ်ရပါ။ အကြောင်းမှာ ထိုအရာသည်ခရစ်တော်၏ကျောင်းတော်မှရှိသော စည်းကမ်းချက်ပင်ဖြစ်သည်။ ထိုစုံစမ်းခြင်းများကို မဖြစ်ဖြစ်သည့်နည်းနှင့်တွန်းထုတ်ပစ်ရမည်။ ဘုရားရှင်၏အစေခံတို့သည် ရန်သူ၏တိုက်ခိုက်မှုကိုကြံ့ကြံ့ခံပြန်လည်ချေမှုန်းကြရမည်။ စာတန်ဆင်ထားသမျှထောင်ချောက်ကို ကျော်လွန်သွားရမည်။

သင်သည်အထက်သို့မျှော်ကြည့်၍ သင်၏အခက်အခဲကိုငုံ၍မကြည့်လျှင် သင်ဘယ်သောအခါမျှမရှုံးနိမ့်နိုင်ပါ။ ယေရှုရှင်၏ကယ်မသောလက်တစ်စုံကို သင်မြင်တွေ့ရလိမ့်မည်။ သင်သည် ကိုယ်တော်ထံလက်ကိုလှမ်းလိုက်ကာ စိတ်ချယုံကြည်စွာကိုယ်တော်ကိုပို့ဆောင်စေပါမည်။ သင်သည် ယုံကြည်ချက်ရှိသည့်အတိုင်း မျှော်လင့်ချက်ပြည့်ဝလာလိမ့်မည်။

"ခရစ်တော်ထံမှအင်အားကိုရရှိ၍ လှပသောစာရိတ္တကိုပိုင်ဆိုင်ခွင့်ရလိမ့်မည်။ ထိုလှပသောစာရိတ္တအလင်းကြောင့် စာတန်သည်မည်သို့မျှထိရောက်စွာတိုက်ခိုက်ခြင်းမပြုနိုင်တော့ပေ။ ဘုရားရှင်သည် အမွန်မြတ်ဆုံးလက်ဆောင်ကိုကျွန်ုပ်တို့အားပေးထားပြီ၊ တစ်ပါးတည်းသောသားတော်ပင်ဖြစ်သည်။ ကျွန်ုပ်တို့ကိုအထက်သို့မြင့်မြတ်ခြင်းအရာကိုရရှိစေပြီ၊ ကိုယ်တော်၏ပြည့်စုံသော စာရိတ္တတော်ကို ကျွန်ုပ်တို့အထဲသို့သွင်းပေးတော်မူပြီ၊ ကိုယ်တော်၏နိုင်ငံတော်သည် ကျွန်ုပ်တို့၏အိမ်ဖြစ်စေပါပြီ" (Ellen G. White, Messages to Young People , pp. 63,64).

–o–

## သင်ခန်းစာ (၂)
## ချဉ်းကပ်လာသောပြင်းထန်သည့်စမ်းသပ်ချက်များ
## ဇူလိုင်လ ၂ – ၈

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇူလိုင်လ ၂ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၁ပေ၊ ၄း၁၂–၁၉။ ၁ပေ၊ ၅း၈–၁၁။ ရောမ၊ ၁း၂၁–၃၂။ ယေရမိ၊ ၉း၇–၁၆။ ၂ကော၊ ၁၂း၇–၁၀။

### အလွတ်ကျမ်းချက်

**"ချစ်သူတို့၊ သင်တို့ကိုစုံစမ်းစရာဖို့ ယခုခံရသောမီးစစ်ခြင်းအရာကိုကား၊ သင်တို့၌အံ့ဩဖွယ်သောအရာဖြစ်သည်ဟုထင်မှတ်၍၊ အံ့ဩခြင်းမရှိကြနှင့်။ သင်တို့သည် ခရစ်တော်၏ဆင်းရဲခြင်းကို ဆက်ဆံကြသည်ဖြစ်၍ ဘုန်းတော်ပေါ်ထွန်းသောအခါ အလွန်ဝမ်းမြောက်ရွှင်လန်းမည်အကြောင်း၊ ယခုပင်ဝမ်းမြောက်ကြလော့" (၁ပေ၊ ၄း၁၂၊ ၁၃)။**

ဓာတုဗေဒစမ်းသပ်ခန်းအတွင်းတွင် မတူညီသောဒြပ်သတ္တုများစွာကို သီးခြားခွက်ကလေးများဖြင့်ထားရှိကာ ပြင်းသောအပူချိန်ဖြင့်အပူပေးလေ့ရှိတတ်သည်။ ခွက်သည်ပူလာသည်နှင့် သတ္တုဒြပ်သည်လည်းအရည်ပျော်သွားရသည်။ အမြှုပ်တစီစီထွက်သည်။ တဗျစ်ဗျစ်နှင့်အသံမြည်လာသည်။ သို့မဟုတ် နီရဲလင်းလက်လာသည်။ ဖွဲ့စည်းထားသောသတ္တုဒြပ်အပေါ်ပုံသဏ္ဍာန်ပြောင်းသွားကြသည်။ ခွက်ကလေးမှအပူဒဏ်ပြင်းပြင်းထန်ထန်ခံနေရသည်။

ပြင်းပြင်းထန်ထန်စမ်းသပ်ခံရသည့်စကားကို အဘိဓာန်၌အနက်ပြန်ဆိုရာတွင် (၁) သတ္တုကိုအရည်ပျော်စေရန်အတွက် မီးဖြင့်အပြင်းဆုံးအပူချိန်ကိုခံရသောခွက်၊ (၂) လွန်ကဲသောစမ်းသပ်ခြင်း၊ (၃) နေရာဒေသနှင့်အခြေအနေ



တစ်ခုပြောင်းလဲသွားစေရန် သို့မဟုတ် တိုးတက်သွားစေရန်အင်အားသုံးကာ လုပ်ဆောင်ခြင်းဟူ၍အနက်ပြန်သည်။

ထိုသို့သောအနက်ဖွင့်ဆိုချက်သည် ကျွန်ုပ်တို့ဝိညာဉ်ရေးရာ၌ အထောက်အကူဖြစ်စေပါသည်။ ယခုအပတ်လေ့လာမည့်သင်ခန်းစာ၌ ကျွန်ုပ်တို့ပြောင်းလဲနိုင်ရန်၊ တိုးတက်မှုရှိနိုင်ရန်၊ စာရိတ္တကြီးထွားသွားစေရန်အတွက် ရုတ်တရက်ဖိအားပေးခြင်း၊ စမ်းသပ်ခံရခြင်းရှိရမည်ဖြစ်ကြောင်း လေ့လာသွားရပါမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် မည်သို့လုပ်ဆောင်ပေးနေကြောင်းကို သတိပြုစေပြီး ပြင်းပြင်းထန်ထန်စမ်းသပ်ခြင်းခံနေရလျှင် မည်သို့တုံ့ပြန်ရမည်ကို သဘောပေါက်ထားနိုင်ရန်ဖြစ်သည်။

**တစ်ပတ်တာသတိပြုရန်။** ခက်ခဲပြင်းထန်သောအချိန်တွင် အသက်တာကို မည်သို့ကျော်ဖြတ်သွားသနည်း။

**တနင်္ဂနွေနေ့** **ဇူလိုင်လ ၃ ရက်**

**အံ့အားသင့်စေခြင်းများ**

"ချစ်သူတို့၊ သင်တို့ကိုစုံစမ်းစရာဖို့ ယခုခံရသောမီးစစ်ခြင်းအရာကိုကား၊ သင်တို့၌အံ့ဩဖွယ်သောအရာဖြစ်သည်ဟုထင်မှတ်၍၊ အံ့ဩခြင်းမရှိကြနှင့်" (၁ပေ၊ ၄း၁၂)။

အံ့ဩဖွယ်အရာစိတ်နာကျင်စေရန် အံ့ဩစေသည့်အရာများ နည်းလမ်းမျိုးစုံဖြင့်ဝင်ရောက်လာနိုင်သည်။ လမ်းမကြီးပေါ်အရှိန်လွန်ကာ သင်၏လမ်းကလေးသို့ခုန်ဝင်လာသောကားတစ်စီး၊ သင်၏အလုပ်ရုတ်တရက်ပြုတ်သွားသောအချိန်၊ သင်၏ဆေးစစ်ချက်အဖြေမှ မကောင်းသောရလဒ်ကိုသိလိုက်ရချိန်၊ သင်ခင်မင်၍ သင့်ကိုခင်မင်သည်ဟုထင်ရသောသူမှသစ္စာဖောက်သွားသောအခါ အလွန်နာကျင်စွာခံစားစေရပါသည်။ ထိုကဲ့သို့လိုမျိုးကိစ္စများသည် အံ့ဩစရာကိစ္စများဖြစ်ကြသည်။

ယခုအပတ်မှာ နာကျင်ဖွယ်အခြေအနေ သို့မဟုတ် ပြင်းထန်စွာစမ်းသပ်ခံရခြင်းအတွက် အံ့သြစရာမရှိသည့်အကြောင်းကို လေ့လာကြရမည်ဖြစ်သည်။

အကြောင်းအရာကိုစတင်သည့်အနေဖြင့် ၁ပေ၊ ၄း၁၂ ကိုပြန်၍ လေ့လာကြစို့။ ဟေလသဝေါဟာရ၌အံ့သြခြင်းဖြစ်သည်။ အံ့သြသည်ဟု အသုံးပြုသောဝေါဟာရမှာ 'နိုင်ငံခြားသား' တိုင်းတစ်ပါးသားဟူ၍ အဓိပ္ပာယ်သက်ရောက်သည်။ ရှင်ပေတရု၏တိုက်တွန်းစကား၌ ဖတ်ရှုသူများအနေဖြင့် ယုံကြည်မှုအရာ၌ ထောင်ချောက်အတွင်းမသက်ဆင်းမိစေရန် စုံစမ်းခြင်းခံရသောအခါ ခရစ်ယာန်တို့သည် ဘုရားရှင်ထံမှဝေးကွာမသွားစေရန် သတိပေးထားသည်။ ထိုသို့စုံစမ်းခြင်းသည် ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ကြောင်းသဘောထားကြရန်၊ ကြိုတင်ပြင်ဆင်ထားရန်သတိပေးသည်။

'မီးပြင်းစွာဖြင့်စစ်ခြင်း' ဆိုသောစကားသည် အခြားသောဟေလသဝေါဟာရမှလာသည်။ 'တောက်လောင်နေသော' ဟုအဓိပ္ပာယ်ရှိသည်။ အချို့နေရာတို့၌ 'မီးဖို' ဟုပြန်ဆိုထားသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက် စမ်းသပ်စစ်ဆေးခြင်းသည် ပြင်းပြင်းထန်ထန်အရည်ပျော်သည်အထိခံရမည်ဟု သဘောရသည်။

၁ပေ၊ ၄း၁၂–၁၉ ကိုဖတ်ပါ။ ရှင်ပေတရု၏သတင်းစကားသည် မည်သို့ရှိသနည်း။

---------------------------------------------------

---------------------------------------------------

ကျွန်ုပ်တို့သည် ဒုက္ခရောက်သောအခါအံ့သြကြသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်အသက်တာကို ပေါ့ပေါ့တန်တန်သဘောမျိုးသာ မြင်နေကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သိရှိရသည့်အတိုင်း ဘုရားရှင်သည် ကောင်းမြတ်သည်။ စာတန်သည်ဆိုးယုတ်သည်။ ကောင်းသမျှအကြောင်းကို ဘုရားရှင်နှင့်အတူထားရှိသကဲ့သို့ ဆိုးယုတ်သောအချိန်အခါကို စာတန်လုပ်ရပ်ဟုသတ်မှတ်ကြသည်။ သို့သော်လည်း အသက်တာသည်ရိုးစင်းခြင်းအလုံးစုံ



မရှိနိုင်ပါ။ ကျွန်ုပ်တို့၏ခံစားချက်ကိုဘုရားကြောင့်ဖြစ်သည်၊ စာတန်ကြောင့်ဖြစ်သည်ဟူ၍ ယတိပြတ်သတ်မှတ်နိုင်ခြင်းမရှိပါ။ တစ်ခါတစ်ရံဘုရားရှင်နှင့်လျှောက်လှမ်းနေစဉ်မှာပင် စိန်ခေါ်မှုများစွာကြုံကြရမည်။ အခက်အခဲများစွာရင်ဆိုင်ရမည်။ စာတန်နောက်လိုက်သောသူများ ကောင်းစားနေမည်ကိုလည်း မြင်ကြရမည်။ ယောဘသည်ဖြောင့်မတ်သူဖြစ်လျက်နှင့် ဒုက္ခရောက်ရကာ ဘုရားရှင်ကိုပင်မေးခွန်းထုတ်ခဲ့သည့်စကားမှာ "လူဆိုးတို့သည်အသက်ရှင်ရုံမျှမက၊ အဘယ်ကြောင့် အသက်ကြီး၍ဘုန်းစည်းစိမ်နှင့်ပြည့်စုံကြသနည်း" (ယောဘ၊ ၂၁း၇)။

ရှင်ပေတရုသည်စုံစမ်းခြင်းကို ခရစ်တော်နှင့်အတူရင်ဆိုင်ရသောရလဒ်ဟုသတ်မှတ်သည်။ သို့သော် စုံစမ်းခြင်း၌အခြားအခြားသောအကြောင်းရင်းများရှိသည်။ ၁ပေ၊ ၄း၁၂–၁၉ သင်ကြုံရမည့်စုံစမ်းခြင်းနာကျင်မှုအတွက် အံ့သြခြင်းမရှိစေရန် မည်သို့အထောက်အကူပြုပေးထားသနည်း။

**တနင်္လာနေ့ ဇူလိုင်လ ၄ ရက်**

## စာတန်၏ပြင်းပြင်းထန်ထန်စုံစမ်းခြင်း

"သမ္မာသတိရှိလျက်မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသောမာရ်နတ်စာတန်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏" (၁ပေ၊ ၅း၈)။

အထက်ပါကျမ်းချက်ကိုဖတ်ပါ။ ကျွန်ုပ်တို့အတွက်မည်သည့်သတင်းစကားပါရှိနေသနည်း။ သင့်ကိုယ်သင်ပြန်၍မေးပါ။ "ဤကျမ်းစကားကိုကျွန်ုပ်မည်မျှအလေးထားသင့်သနည်း။" သင်သည် ယင်းကျမ်းစကားကိုအလေးထားကြောင်း အသက်တာ၌မည်သို့ထင်ရှားစေမည်နည်း။

အစာဆာလောင်နေသောခြင်္သေ့တစ်ကောင်ကိုမြင်ဖူးပါသလား။ အလွန်ကြမ်းတမ်းပါသည်။ တွေ့သမျှမြင်သမျှကိုကိုက်ဖဲ့စားပစ်ရန် ဟိန်းဟောက်နေသည်။

ရှင်ပေတရုသည် စာတန်ကိုခြင်္သေ့ကဲ့သို့လှည့်ပတ်ဟိန်းဟောက်နေသည်ဟု သဏ္ဍာန်ပေါ်လွင်အောင်ရေးသားထားသည်။ ကြည့်လိုက်သောနေရာတိုင်းကို ကိုက်စားသတ်ဖြတ်စားသောက်ပစ်ရန်သာစိတ်ရှိနေသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းသည် ရှောင်လွှဲမရသောကိစ္စဖြစ်သည်။ ယင်းအမှုသည် စာတန်၏ လက်ချက်ပင်ဖြစ်သည်။

၁ပေ၊ ၅း၈–၁၁ ကိုဖတ်ပါ။ စာတန်၏လှည့်ပတ်ချောင်းမြောင်းနေခြင်းကို ခရစ်ယာန်များအနေဖြင့် မည်သို့တုံ့ပြန်ရမည်နည်း။

---------------------------------------------------

---------------------------------------------------

ဒုက္ခခံရသူများအဖို့ ဘုရားရှင်၏ကတိတော်မည်သို့ရှိသနည်း။ ၁ပေ၊ ၅း၁၀။

---------------------------------------------------

---------------------------------------------------

ရှင်ပေတရုရေးသားထားသောအကြောင်းသည် ခရစ်ယာန်များအနေဖြင့် စာတန်ကိုတွန်းလှန်တုံ့ပြန်ရန်အတွက်ဖြစ်သည်။ သို့သော် ဖော်ပြခဲ့သည့်အတိုင်း စာတန်သည် နည်းမျိုးစုံဖြင့်တိုက်ခိုက်လျက်ရှိနေသည်။ ကျွန်ုပ်တို့သည် ရန်သူ စာတန်၏တန်ခိုးခွန်အားကိုသိရှိထားရမည်။ စိတ်အားငယ်ရန်မလိုပါ။ ယေရှုသည် စာတန်ကိုအောင်မြင်ခဲ့ကြောင်းနှင့်အစဉ်သတိရရန်လိုသည်။ စာတန်သည် အရှုံးသမားသာဖြစ်သည်။ ယေရှုနှင့်အတူရှိနေလျှင် ကြောက်ရန်မလိုပါ။ စာတန်ကို နိုင်ကိုနိုင်ရမည်ဖြစ်သည်။ ကိုယ်တော်ကိုယုံကြည်ခြင်းနှင့်မှီခိုနေလျှင် ကျွန်ုပ်တို့ လုံးဝရှုံးနိမ့်စရာမရှိပါ။ ကပ်တိုင်တော်ကြောင့် ယေရှုရှင်၏အောင်မြင်ခြင်းသည် ကျွန်ုပ်တို့၏အောင်မြင်ခြင်းဖြစ်လာရမည်။



အခြားအခြားသောနည်းလမ်းဖြင့် စာတန်၏တိုက်ခိုက်ခြင်းကိုသတိပြုပါ။ စာတန်ကြီးစိုးနေသောလောကကြီး၌ အပြစ်၏ဒဏ်ကြောင့်ခံနေရသော ကျွန်ုပ်တို့၏ဒုက္ခဆင်းရဲကို ၁ပေ၊ ၅း၈–၁၁ သည် ခွန်အားမည်သို့ဖြစ်စေပါသနည်း။

**အင်္ဂါနေ့** **ဇူလိုင်လ ၅ ရက်**

**အပြစ်၏ပြင်းထန်သောဒဏ်ချက်များ**

သမ္မာတရားကို အဓမ္မဖြင့်ဆီးတားနှိပ်စက်သောသူတို့ပြတတ်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကိုလွန်ကျူးခြင်းအမှုအမျိုးမျိုးတို့တစ်ဖက်၌ ဘုရားသခင်၏အမျက်တော်သည် ကောင်းကင်မှထင်ရှားလျက်ရှိ၏ (ရောမ၊ ၁း၁၈)။

ကျွန်ုပ်တို့ပြုသမျှ၌ အကျိုးသက်ရောက်မှုရလဒ်ရှိစမြဲဖြစ်သည်။ သင်သည် ရေခဲမုန့်ကိုကိုက်ပြီးနေပူကျဲထဲထနေလျှင် ရေခဲမုန့်အရည်ပျော်သွားလိမ့်မည်။ သေချာသည်။ အကြောင်းနှင့်အကျိုးဆက်သည် အစဉ်ဒွန်တွဲလျက်ရှိနေသည်။ မကောင်းမှုပြုသော်လည်း ကောင်းသောအရာကိုသာလိုချင်ကြသည်မှာ လူတို့၏သဘာဝဖြစ်သည်။ အပြစ်နှင့်အသက်ရှင်ရခြင်းသဘောသည် ထိုကဲ့သို့ပင်ဖြစ်သည်။ အကျိုးဆက်အမြဲရှိသည်။ ဘုရားရှင်သည် ကောင်းကင်ဘုံ၌ ထိုင်နေတော်မူ၍ အပြစ်ပြုသူကိုပြစ်ဒဏ်ချနေရန်မလိုပါ။ အပြစ်သည် မိမိ၏ အကျိုးဆက်အတိုင်း အလိုလိုလိုက်လာသည်သာဖြစ်သည်။

လူတို့သည် ဘုရားရှင်ကိုတစ်ပတ်ရိုက်ရန်အမြဲကြံစည်တတ်သည်။ အပြစ်၏အကျိုးကိုမခံလိုကြပါ။ အပြစ်၌အကျိုးဆက်မရှိဟုသတ်မှတ်ချင်ကြသည်။ ရှင်ပေါလုမှရှင်းလင်းပြတ်သားစွာဖြင့် အပြစ်၌အကျိုးသည် ထာဝရကာလအတွက်မကပါ၊ ယနေ့ချက်ချင်းပင်သက်ရောက်မှုရှိသည်ဟု ဆုံးမထားသည်။

ရောမ၊ ၁း၂၀–၃၂ တွင် ရှင်ပေါလုသည် လူအများအပြစ်သို့ကျရောက်ခြင်းနှင့် အပြစ်၏အကျိုးကိုဖော်ပြသည်။ ယင်းကျမ်းချက်ကိုဆုတောင်း၍

ဖတ်ပါ။ ရှင်ပေါလုဆိုလိုသမျှကိုအကျဉ်းချုံးပြီး အပြစ်နှင့်အကျိုးဆက်အကြောင်း အပေါ် တစ်ဆင့်ချင်းသေသေချာချာလေ့လာပါ။

---

---

ရှေ့ပိုင်း၌ရှင်ပေါလုသည် ထာဝရဘုရား၏အမျက်တော် (ရောမ၊ ၁း၁၈) အကြောင်းကိုဖော်ပြထားသည်။ ဖော်ပြပါဘုရားရှင်၏အမျက်တော်သည် လူတို့ပြုသောအပြစ်အတွက် ရိတ်သိမ်းရမည့်အကျိုးဆက်ကိုသာဆိုလိုသည်။ ခရစ်ယာန်အတွက်ပင်လျှင် ဘုရားရှင်သည် နာကျင်မှုဝေဒနာကိုချက်ချင်းဝင်ရောက်ဖယ်ရှားခြင်းမပြုပေ။ ဒုက္ခနာကျင်မှုသည် ကျွန်ုပ်တို့ပြုသောအကျင့်၏ရလဒ်သာဖြစ်သည်။ အချိန်တိုင်းဘုရားရှင်သည် ကျွန်ုပ်တို့ကိုပြုလုပ်သမျှ၏ရလဒ်ကိုခံစားစေပါသည်။ အပြစ်၏ရလဒ်မည်မျှနာကျင်ကြောင်းကိုသိရှိစေလိုသောကြောင့်ဖြစ်သည်။

ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်ခြင်း၏အကျိုးဆိုးကို ကျွန်ုပ်တို့မြည်းစမ်းကြရသည်။ ကျန်းမာခြင်းအတွက်ထားသောပညတ်ချက်၌ မည်သို့ရှိသနည်း။ ကျွန်ုပ်တို့၏ခန္ဓာသည် ဘုရားရှင်၏ဗိမာန်တော်ဖြစ်သည်။ ထိုကိုယ်ခန္ဓာကို မကျန်းမာစေသောအစာစားခြင်း၊ မကောင်းသောအကျင့်စရိုက်ဖြင့်နေထိုင်ခြင်း သို့မဟုတ် အမြဲတမ်းအလုပ်ကိုလွန်လွန်ကြူးကြူးလုပ်နေလျှင်လည်း ဘုရားရှင်ကိုဆန့်ကျင်ရာရောက်သည်။ ပြင်းထန်သောရလဒ်ကိုရရှိခံစားစေရပါမည်။

သင့်အသက်တာ၌ရုတ်တရက်ချက်ချင်း သင့်အပြစ်ကြောင့်ခံရသောရလဒ်မည်သို့ရှိသနည်း။ မည်သည့်သင်ခန်းစာမျိုးကိုရရှိခဲ့သနည်း။ နောက်ထပ်မလုပ်မိစေရန် မည်သို့ပြောင်းလဲခြင်းရှိခဲ့သနည်း။



**ဗုဒ္ဓဟူးနေ့** **ဇူလိုင်လ ၆ ရက်**

**သန့်စင်ရန်အတွက်အပြင်းအထန်စမ်းသပ်စစ်ဆေးခြင်း**

“သို့ဖြစ်၍၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည်သူတို့ကိုအရည်ကျို၍စုံစမ်းမည်။ သို့မဟုတ် ငါ၏လူမျိုးသတို့သမီး၌ အဘယ်သို့ငါပြုမည်နည်း” (ယေရမိ၊ ၉း၇)။

အကယ်၍ ဘုရားရှင်၏ဝိညာဉ်တော်သည် သင်၏နှလုံးသားတွင်းသို့ နာကျင်စေသောစကားကိုယူဆောင်လာလျှင် သင်သိရမည်မှာ သင်၏နှလုံးသားထဲမှမကောင်းသည့်အရာတစ်ခုကို အသေသတ်ချင်သောကြောင့်ဖြစ်သည် (Oswald Chambers, My Utmost for His Highest, p. 271).

အထက်ဖော်ပြပါကျမ်းချက်ကို ဖော်ပြခြင်း၏အဓိပ္ပာယ်သင်မည်သို့နားလည်သနည်း။ သင်၌သန့်ရှင်းခြင်းရရှိစေရန် နာကျင်စွာဆုံးမခံရဖူးပါသလား။

---

---

ယေရမိ၊ ၉း၇–၁၆ ကိုဖတ်ပါ။ ဘုရားရှင်မှ ‘သန့်စင်သွားစေရန်စမ်းသပ်မည်’ ဟုမိန့်တော်မူခဲ့သည်။ သို့မဟုတ် ‘အရည်ပျော်သွားစေမည်။’ ယုဒပြည်နှင့်ယေရုရှလင်ကိုစစ်ဆေးသန့်စင်စေမည် (ယေရမိ၊ ၉း၇)။ ဘုရားရှင်ထိုသို့ပြုရသောအကြောင်းရင်းနှစ်မျိုးကိုဖော်ပြရလျှင် (ယေရမိ၊ ၉း၁၃၊ ၁၄)။ မည်သို့ပြန်လည်သန့်စင်စေမည်နည်း (ယေရမိ ၉း၁၅၊ ၁၆)။

---

---

ဘုရားရှင်၏ဆေးကြောစမ်းသပ်ခြင်း၌ ပြင်းထန်မှုများပါရှိလာသည်။ ဆေးကြောစမ်းသပ်ခြင်းတွင် ပြင်းပြင်းထန်ထန်နာကျင်စေရသောအကြောင်းရင်းသုံးရပ်ရှိသည်။ ပထမဆုံးအချက်မှာ ကျွန်ုပ်တို့၌ရှိသောအပြစ်များကို ပြန်၍

မြင်တွေ့နိုင်ရန်ဖြစ်သည်။ ယေရမိသည် စိတ်မသက်မသာစွာဖြင့် ဤသို့ရေးသားခဲ့ရသည်။ 'ဖိုကိုမီးလောင်ပြီ၊ ခဲလည်းကုန်ပြီ၊ စစ်သောသူသည်မှုတ်၍ အကျိုးကိုမရ။ ညံ့သောအရာကိုမထုတ်မပယ်နိုင်' (ယေရမိ၊ ၆း၂၉)။ သို့ဖြစ်၍ တစ်ခါတစ်ရံ၌ ပြင်းထန်သောအမှုအရာဖြင့် ကျွန်ုပ်တို့ကိုသတိပေးရန်လိုအပ်သည်။ ဒုတိယအချက်မှာ အပြစ်ကြောင့်ခံရသောသဘောကိုသိရှိသွားရန်ဖြစ်သည်။ တတိယအချက်မှာ တသီးတခြားဖြစ်လိုသောကြောင့် အားမလိုအားမရဖြစ်စေခြင်းဖြစ်သည်။ ကျွန်ုပ်တို့နှင့်ရှိနေသောအခြေအနေကိုလက်လွှတ်ရရန် မသက်မသာဖြစ်၍ခက်ခဲစေသည်။

သင်လုံးပန်းနေရသောအပြစ်နှင့်ပတ်သက်သမျှကိုစဉ်းစားပါ။ ယနေ့တွင် သင့်အား ဘုရားရှင်စစ်ကြောစမ်းသပ်မည်ဆိုလျှင် ကိုယ်တော်မည်သို့ပြုတော်မူမည်နည်း။ သင်၏အပေါ်သို့ ပြင်းထန်သောသတိပေးခြင်းမကျရောက်မီ သင်မည်သို့လုပ်သင့်သနည်း။ ဣသရေလလူမျိုးများကိုပြုသကဲ့သို့ သင့်ကို မပြုရလေအောင် သင်မည်သို့ပြုပြင်မည်နည်း။

## ကြာသပတေးနေ့ ဇူလိုင်လ ၇ ရက်

## ရင့်ကျက်မှုအတွက်အပြင်းအထန်စမ်းသပ်ခြင်း

"ငါခံရသောဗျာဒိတ်တော်အလွန်ထူးမြတ်၍၊ ငါသည် ထောင်လွှားသောစိတ်မရှိစေခြင်းငှာ၊ ငါ့ကိုဒဏ်ခတ်သောစာတန်၏တမန်တည်းဟူသော ငါ့ကိုယ်၌စူးသောဆူးကိုပေးတော်မူ၏" (၂ကော၊ ၁၂း၇)။

အပင်ကိုလှဲချသည်နှင့်အကိုင်းအခက်ကိုချိုင်ခြင်းသည် အလွန်မှပင်ကွာခြားလှပါသည်။ ကျွန်ုပ်တို့မလိုချင်သောအပင်ကိုခုတ်လှဲပစ်လိုက်သည်။ လိုချင်သောအပင်မှအသီးသီးစေလိုသောအပင်ကို အကိုင်းချိုင်ပေးရသည်။ အပင်ခုတ်လှဲသည်ဖြစ်စေ၊ အကိုင်းချိုင်သောအခါ ဥယျာဉ်မှူး 'ဘရု(စ်)ဝေကင်စန်' 'Bruce Wilkinson' ၏ရေးသားချက်တွင် 'သင်သည်ဘုရားသခင်အထံတော်၌



ကြွယ်ဝသောကောင်းချီးမင်္ဂလာကိုတောင်းခံ၍ သားတော်နှင့်တူစေရန်တောင်းလျှောက်ဖူးပါသလား။'

'အကယ်၍မှန်သည်ဟုသင်ဖြေဆိုလျှင် သစ်ကိုင်းညှပ်ကပ်ကြေးကိုထပ်မံတောင်းလျှောက်လိုက်ပါ' (Bruce Wilkinson, Secrets of the Vine, p. 60).

လူတို့သည်ရှင်ပေါလုသုံးနှုန်းသောစကား 'အသားထဲမှဆူး' (၂ကော၊ ၁၂း၇) ကိုအံ့သြကြသည်။ ရှင်ပေါလုသည် ရန်သူ၏တိုက်ခိုက်ခြင်းကိုခံရ၍ စကားပြောရန်မလွတ်လပ်ဖြစ်နေသည်။ အမြင်အာရုံပိုင်းနှင့်ဆိုင်သောပြဿနာဖြစ်မည်ဟုထင်ရသည် (Ellen G. White Comments, The SDA Bible Commentary, vol. 6, p. 1107). ကို ဖတ်ပါ။ အံ့သြဖွယ်ရှင်ပေါလု၏ယုံကြည်ချက်မှာ ထို 'ဆူး' သည် 'အကျွန်ုပ်ကိုပေးထားသည်။'

သူ့အားပေးသောဆူးဟုရှင်ပေါလုဆိုရာ၌ မည်သည့်အဓိပ္ပာယ်ရှိသနည်း။ မည်သူကမည်သူ့ကိုပေးခဲ့သနည်း။ ဘုရားရှင်သည်ရှင်ပေါလုအတွက် မည်ကဲ့သို့သောအကျိုးကျေးဇူးကိုပေးနိုင်ခဲ့သနည်း။

\- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

\- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

ရှင်ပေါလုအစူးခံရသောဆူးသည် တိကျသောရည်ရွယ်ချက်ရှိကြောင်းသတိပြုပါ။ 'ထောင်လွှားသောစိတ်မရှိစေခြင်းငှာ' (၂ကော၊ ၁၂း၇) အခြားပြုမိသောစိတ်ကြောင့်မဟုတ်ပါ။ အနာဂတ်အတွက်ပြုမည့်အပြစ်ကိုတားဆီးပေးသည်။ ရှင်ပေါလုသည်အပြစ်ပြုရန် သူ၏သဘောသဘာဝမှာ အလွန်လွယ်ကူကြောင်းလက်ခံထားသည်။ ထိုအမှုအတွက် 'ဆူး' သည် သူ့ကိုသတိပေးစောင့်ရှောက်ရန်ဖြစ်သည်။

၂ကော၊ ၁၂း၇–၁၀ ကိုဖတ်ပါ။ ရှင်ပေါလုသည် သူ၌ရှိနေသောဆူးကိုမည်သို့သဘောထားသနည်း။ ရှင်ပေါလု၌ဝိညာဉ်ရေးအားနည်းချက် အခြား

အကြောင်းများရှိသည်ဟု သင်ထင်နေပါသလား။ ရှင်ပေါလုရင်ဆိုင်ရသော ဆူးအတွက် သင်မည်သို့သင်ခန်းစာရယူနိုင်သနည်း။

________________________________________________

________________________________________________

သင်ကိုယ်တိုင်ကြိုးစားသောဝိညာဉ်ရေးတိုးတက်ခြင်းသည် မည်မျှကွာခြားချက်ဖြစ်သနည်း။ သင်၌အသီးအပွင့်များစွာရရှိပြီး ဖြောင့်မတ်ခြင်းရရှိစေရန် မည်သည့်လမ်းကိုရွေးချယ်ရမည့်အကြောင်း သင်သတိပြုပါ။ ဘုရားရှင်မှ သင်၏အသက်တာကိုအနှောင့်အယှက်ဖြစ်စေမည့်အရာကို ချိုင်ချပိုင်းဖြတ်သောအခါ ဝိညာဉ်ရေးအဆင့်ပို၍ရရှိလာမည်ဖြစ်သောကြောင့် မည်သည့်အရာကိုတောင်းဆိုလိုသနည်း။

**သောကြာနေ့** **ဇူလိုင်လ ၈ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, "Effectual Prayer," in Signs of the Times, Nov. 18, 1903; Ellen G. White Comments, p. 1182, in the SDA Bible Commentary, vol. 4; "God Permits Trial and Affliction to Purify Me, " p. 92, in My Life Today ကိုဖတ်ပါ။

"လူ၏စိတ်နှလုံးကိုဖတ်နိုင်သူသည် လူ၏စာရိတ္တကိုလူတွေကိုယ်တိုင်ထက်ပို၍သိမြင်သည်။ အချို့လူတို့၌အင်အားအရည်အချင်းများရှိကြသည်။ ထိုအရာများကို သူ၏အမှုတော်၌အသုံးပြုကြရမည်။ ကိုယ်တော်သည် မိမိ၏အမှုတော်အတွက် လူတို့ကိုမတူညီသောနေရာတွင်အသုံးပြုသည်။ သို့ဖြစ်၍ သူတို့ကိုယ်တိုင်မည်သို့စာရိတ္တရှိသည်ကို ပြန်၍မြင်နိုင်ပါသည်။ လူတို့ကိုကိုယ်ပိုင်အသိဉာဏ်များပေးပြီး အမှုတော်အတွက်လုပ်ဆောင်စေပါသည်။ မီးနှင့်စစ်ခြင်းကိုခွင့်ပြု၍ လူများအားသန့်ရှင်းစင်ကြယ်စေပါသည်" (Ellen G. White, The Ministry of Healing, p. 471).

–၀–



### သင်ခန်းစာ (၃)

## ငှက်လှောင်အိမ်

### ဇူလိုင်လ ၉ – ၁၅

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇူလိုင်လ ၉ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ထွက်၊ ၁၄။ ထွက်၊ ၁၅း၂၂–၂၇။ ၁၇း၁–၇။ သုတ္တံ၊ ၃။ လုကာ၊ ၄း၁–၁၃။ ၁ပေ၊ ၁း၆–၉။

**အလွတ်ကျမ်းချက်**

**"အထူးထူးအပြားပြားသော စုံစမ်းနှောင့်ယှက်ခြင်းကိုခံရသောအကြောင်းရှိလျှင်၊ သင်တို့သည် ယခုခဏခံရ၍ဝမ်းနည်းသော်လည်း အထက်ဆိုခဲ့ပြီးသောကျေးဇူးတော်ကိုထောက်၍ ရွှင်လန်းသောစိတ်ရှိကြ၏" (၁ပေ၊ ၁း၆၊၇)။**

နေ့၏အလင်းရောင်အပြည့်ရှိသောအချိန်၌ သီချင်းသံများကြားရသည့်အခါ လှောင်အိမ်တွင်လှောင်ထားသောငှက်သည် သခင်သင်ပေးထားသောသီချင်းကိုမဆိုပါ။ ရောက်တတ်ရာရာကိုသာတွန်မြည်နေပြီး စည်းချက်ကျသောသီချင်းကိုဆိုမည်မဟုတ်ပါ။ သို့သော် သခင်သည်လှောင်အိမ်ကိုဖုံးအုပ်ပြီး ငှက်ကလေးကို ဆိုနေကျသီချင်းသံကိုနားထောင်စေလျှင် အမှောင်ထဲ၌ငှက်ကလေးသည် သင်ပေးထားသောသီချင်းကို ထပ်ခါထပ်ခါဆိုနေမည်ဖြစ်သည်။ အလွတ်ရသည်အထိဆိုနေလိမ့်မည်။ သံစဉ်နှင့်အတူစည်းကိုက်ဝါးကိုက်သီဆိုပေလိမ့်မည်။ ငှက်ကလေးကိုလှောင်အိမ်အပြင်ဘက်ထုတ်ပြီး အလင်းရောင်၌ထားသော်လည်း ထိုသီချင်းကိုဆက်၍သီဆိုနေမည်ဖြစ်သည်။ ထိုနည်းတူ

ထာဝရဘုရားသည် မိမိ၏သားသမီးများကိုသင်ကြားပေးနေသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့ကိုသင်ပေးရန်သီချင်းရှိနေသည်။ အသက်တာ၏အမှောင်ကျချိန်၌သင်ယူရသောထိုသီချင်းသည် နောက်ပိုင်း၌ အစဉ်သီဆိုတတ်သွားလိမ့်မည်” (Ellen G. White, The Ministry of Healing, p. 472).

သတိပြုရန်မှာ ငှက်ကလေးကိုအမှောင်ထဲထားလိုက်သောသူမှာ မိမိ၏အရှင်သခင်ကိုယ်တိုင်ပင်ဖြစ်သည်။ စာတန်သည် ကျွန်ုပ်တို့ကိုနာကျင်မှုပေးသောအခါသိရလွယ်ပါသည်။ သို့သော် ထာဝရဘုရားကိုယ်တော်တိုင်ကျွန်ုပ်တို့ကိုအခက်အခဲနှင့်နာကျင်မှုကို ပြင်းပြင်းထန်ထန်ရင်ဆိုင်စေပါသလား။ **တစ်ပတ်တာသတိပြုရန်။** သမ္မာကျမ်းစာ၌ပုံပမာယူနိုင်သောအကြောင်း၌ ဘုရားရှင်သည်မိမိ၏လူတို့ကို ဒုက္ခနှင့်ရင်ဆိုင်စေသောအချိန်ပါရှိပါသလား။ ကိုယ်တော်သည် အသစ်သောသီချင်းကို သူတို့အားဆိုစေလိုသောသဘောရှိနေသည်ဟု သင်ထင်ပါသလား။

**တနင်္ဂနွေနေ့** **ဇူလိုင်လ ၁၀ ရက်**

## ကတိတော်ပြည်မှတစ်ဆင့်သေခြင်းနှင့်အဆုံးသတ်ခြင်း

“ဖာရောဘုရင်သည်ချဉ်းကပ်လာသောအခါ၊ ဣသရေလအမျိုးသားတို့သည်မျှော်ကြည့်၍ အဲဂုတ္တုလူတို့စစ်ချီလာကြောင်းကိုမြင်လျှင်၊ အလွန်ကြောက်လန့်၍ ထာဝရဘုရားအားအော်ဟစ်ကြ၏” (ထွက်၊ ၁၄း၁၀)။

သင်သည်ထောင်ချောက် (သို့မဟုတ်) သေမည့်အထိအခြေအနေရောက်ခဲ့ဖူးပါသလား။ တစ်ခါတစ်ရံမှာ အခန်းတွင်လျှောက်လာစဉ်သူငယ်ချင်းများမှ Happy Birthday ဟုဝိုင်းဝန်းအော်သောအချိန် မမျှော်လင့်ဘဲဂုဏ်ပြုခံရ၍ ဝမ်းသာနေတတ်သည်။ တချို့အချိန်၌ မထင်မမှတ်လန့်ဖျပ်၍ မေ့မြောသွားသည်အထိမနှစ်သက်ဖွယ်အကြောင်းများလည်းကြုံတတ်သည်။ ကျောင်းခန်း၌ဖြစ်စေ၊ လုပ်ငန်းခွင်၌ဖြစ်စေ သင့်၏အဖော်တစ်ယောက်မှ သင့်ကိုမြင်မကောင်းရှုမကောင်းအောင်အိမ်ရှေ့ပြုက်သည့်အထိလုပ်ခဲ့ဖူးမည်။



ဣသရေလတို့အဲဂုတ္တုမှထွက်လာသောနေ့မှစ၍ ကတိတော်ပြည်သို့ရောက်ရှိသွားသည့်အထိ ဘုရားရှင်သည်သူတို့ကိုလမ်းပြပို့ဆောင်ခဲ့သည်။ “သူတို့သည်နေ့ညသွားနိုင်အောင် ထာဝရဘုရားသည် နေ့အချိန်၌လမ်းပြဖို့မိုးတိမ်တိုင်အားဖြင့်လည်းကောင်း၊ ညအချိန်အတွက်အလင်းပေးဖို့မီးတိုင်အားဖြင့်လည်းကောင်း၊ သူတို့ရှေ့ကြွတော်မူ၏” (ထွက်၊ ၁၃း၂၁)။ သွားလေရာရာ၌ ဘုရားရှင်ကိုယ်တော်တိုင်ပို့ဆောင်ပေးတော်မူသည်။ သို့သော်လည်း အစောပိုင်းပို့ဆောင်ပုံကိုကြည့်ကြစို့။ ရှေ့တွင်ပင်လယ်နီ၊ ဘေးနှစ်ဖက်တွင် မြင့်မားသောတောင်ကမ်းပါးယံကြီးများနှင့် ဖာရောမင်း၏စစ်တပ်သည် အနောက်မှလိုက်လာနေသည်။ ထိုအခက်အခဲကြီးကိုမျက်စိနှင့်မြင်နေရသည်။

ထွက်၊ ၁၄ ကိုဖတ်ပါ။ ဣသရေလလူများကြောက်ရွံ့တုန်လှုပ်မည့်နေရာသို့ ဘုရားရှင်အဘယ်ကြောင့်ခေါ်ဆောင်လာခဲ့သနည်း။

------------------------------------------------

------------------------------------------------

လမ်းပြသောမိုးတိမ်တိုင်ကိုမြင်နေရတိုင်း ပျော်ရွှင်စရာအချိန်မဖြစ်နိုင်ပါ။ ခက်ခဲသောအချိန်လည်းဖြစ်နိုင်သည်။ ဖြောင့်မတ်ခြင်းလမ်းသို့သွန်သင်ပေးနေခြင်းသည် ကျွန်ုပ်တို့၏စိတ်ကိုစမ်းသပ်ပေးတတ်သည်။ သဘာဝအားဖြင့်လူ၏စိတ်သည် မရိုးသားခြင်းနှင့်ပြည့်နေလျက်ရှိသောကြောင့်ဖြစ်သည် (ယေရမိ၊ ၁၇း၉)။ ထိုခက်ခဲသောအချိန်မျိုး၌ အဓိကသိရမည့်အရာမှာ ဘုရားရှင်နောက်တော်လိုက်နေစေကာမူ၊ ဒုက္ခဆင်းရဲနှင့်ကြုံတွေ့ရမည်ဖြစ်သည်။ ဘုရားရှင်၏ပွင့်လင်းသောသွန်သင်ချက်၊ ကျွန်ုပ်တို့အတွေးအခေါ်နှင့်စိတ်နှလုံးကို ပို့ဆောင်နေခြင်းဖြစ်သည်။

ဣသရေလတို့သည် ထိုသို့တွေ့ကြုံရခြင်းကြောင့် မည်သို့သောသင်ခန်းစာကိုရရှိခဲ့သနည်း (ထွက်၊ ၁၄း၃၁)။

------------------------------------------------

------------------------------------------------

အချိန်တိုင်း၌ဘုရားရှင်ကိုယုံကြည်နေသော်လည်း လွယ်ကူမည်မဟုတ်ပါ။ ကတိတော်ပေါင်းများစွာကို ကျွန်ုပ်တို့ရရှိပိုင်ဆိုင်ထားသော်လည်း သက်သာစွာနေသွား၍ရမည်မဟုတ်ပါ။ သင်ကြုံခဲ့ရသောအခက်အခဲများမှ ဘုရားရှင်ကိုယုံကြည်ခြင်းပို၍ရှိစေရန် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းများဖြင့်သွန်သင်ခဲ့ပါသလား။ ကိုယ်တော်ကို ယုံကြည်ကြောက်ရွံ့တတ်ရန်သွန်သင်ပါသလား။

**တနင်္လာနေ့** **ဇူလိုင်လ ၁၁ ရက်**

**ခါးသောရေ**

"ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့သည်၊ ထာဝရဘုရားမိန့်တော်မူသည့်အတိုင်း၊ သိန်တောထဲကထွက်၍ခရီးသွားသဖြင့်၊ ရေဖိဒိမ်အရပ်၌စခန်းချကြ၏။ ထိုအရပ်၌လူများသောက်ဖို့ရန်ရေမရှိ" (ထွက်၊ ၁၇း၁)။

ဘုရားသခင်ထံမှ ကျွန်ုပ်တို့လိုချင်သမျှအရာကိုတောင်းသော်လည်း ရချင်မှရမည်။ သို့သော် ကျွန်ုပ်တို့လိုအပ်သည်အရာကိုရမည်ဟု မျှော်လင့်ချက်ရှိကြသည်။ သို့သော် လိုသည်ဟုထင်သောအရာမဟုတ်ပါ။ လိုအပ်သောအရာကိုသာပေးနိုင်မည်။

ဣသရေလလူများအမှန်လိုအပ်သောအရာတစ်ခုရှိသည်၊ ရေဖြစ်သည်။ မိုးတိမ်တိုင်ထဲမှထာဝရဘုရားသည် ဣသရေလလူများကိုပင်လယ်နီကိုဖြတ်ကျော်စေပြီး ပူပြင်းခြောက်သွေ့ပြီးရေမရှိသောအရပ်၌ သုံးရက်နေရသည်။ အထူးသဖြင့်ကန္တာရခရီးဖြစ်သည်။ ရေကိုရရှိရန်အထူးလိုအပ်သည့်ခရီးဖြစ်သည်။ ရေကိုမည်သည့်အချိန်၌ရရှိမည်ကိုမသိကြ။

ထို့ကြောင့်ဘုရားရှင်သည် မည်ကဲ့သို့သောနေရာမျိုးကိုပို့ဆောင်နေသနည်း။ မိုးတိမ်တိုင်သည်မာရအရပ်သို့ ဣသရေလလူမျိုးကိုပို့ဆောင်သည်။ နောက်ဆုံး၌ရေတွေ့ရပြီး ဣသရေလလူများစိတ်လှုပ်ရှားကြသည်။ သို့သော် ရေကိုစမ်းသောက်ကြည့်လျှင် ချက်ချင်းထွေးထုတ်ပစ်ရသည်။ ရေသည်





အလွန်ခါးနေသောကြောင့်ဖြစ်သည်။ 'ထို့ကြောင့်လူတို့သည်မောရှေကိုအပြစ်တင်၍မြည်တမ်းလျက် အဘယ်သို့သောက်ရပါမည်နည်းဟုဆိုကြ၏' (ထွက်၊ ၁၅း၂၄)။

ထွက်၊ ၁၅း၂၂–၂၇ ကိုဖတ်ပါ။ ထွက်၊ ၁၇း၁–၇ ကိုလည်းဖတ်ပါ။ ဘုရားသခင်သည်ဣသရေလလူမျိုးတို့ကို မာရအရပ်နှင့်ရေဖိဒိမ်အရပ်တို့တွင်မည်သို့ပြသခဲ့သနည်း။ မည်သို့သောသင်ခန်းစာများကိုသင်ယူသင့်သနည်း။

________________________________________________

________________________________________________

ရေဖိဒိမ်အရပ်တွင်ဣသရေလလူများ မည်သည့်မေးခွန်းကိုမေးခဲ့သနည်း။ သင်ကိုယ်တိုင်ထိုမေးခွန်းမျိုးမေးဖူးပါသလား။ ထိုသို့မေးဖူးသော် အဘယ်ကြောင့်မေးရသနည်း။ သင်မည်သို့ခံစားရသောအဖြေကြောင့် သင်သည်သင်ခန်းစာမည်သို့ရလိုက်သနည်း (ထွက်၊ ၁၇း၇)။ ယင်းအကြောင်းကိုအတူတကွအဆုံးမသတ်မီ အကြိမ်မည်မျှအဖြေကိုလိုအပ်သနည်း။

________________________________________________

________________________________________________

**အင်္ဂါနေ့** **ဇူလိုင်လ ၁၂ ရက်**

**ကန္တာရတောတွင်း၌မဟာတိုက်လှန်ပွဲကြီး**

"ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံလျက်၊ ယော်ဒန်မြစ်နားမှပြန်စဉ်တွင် ဝိညာဉ်တော်သည်တောသို့ပို့ဆောင်တော်မူ၏။ အရက်လေးဆယ်ပတ်လုံး မာရ်နတ်၏စုံစမ်းသွေးဆောင်ခြင်းကိုခံတော်မူ၏" (လုကာ၊ ၄း၁၊၂)။

လုကာ၊ ၄း၁–၁၃ ကိုဖတ်ပါ။ မည်သည့်သင်ခန်းစာမျိုးကိုသင်ရလိုက်သနည်း။ စုံစမ်းခြင်းကိုမည်သို့အနိုင်ယူ၍ အပြစ်ကိုရှောင်ကြဉ်သင့်သနည်း။

________________________________________________

________________________________________________

စုံစမ်းခြင်းသည်အလွန်ကြမ်းတမ်းနိုင်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့လိုချင်သောအရာကို ချပေးထားသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့အားအနည်းဆုံးအချိန်ကိုအခွင့်ကောင်းယူပြီး စုံစမ်းခြင်းရောက်ရှိလာတတ်သည်။

လုကာ၊ ၄ သည် ယေရှုရှင်၏စုံစမ်းခံရခြင်းအကြောင်းဖြင့်အစပြုခဲ့သည်။ စိတ်အာရုံကိုနှောင့်ယှက်စုံစမ်းခြင်းမျိုးဖြစ်သည်။ ပထမဦးစွာသန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုပုံစံမျိုးဟုထင်ရသည်။ တမင်သက်သက်စုံစမ်းခြင်းကိုရင်ဆိုင်စေသည့်ပုံစံမျိုးဟုထင်ရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစုံစမ်းခြင်းမပြုပါ (ယာကုပ်၊ ၁း၁၃)။ ဘုရားသခင်သည် ကိုယ်ကိုကိုယ်ပြင်းထန်သည့်စုံစမ်းခြင်းမျိုးကို ရင်ဆိုင်စေရန်အခွင့်မပေးပါ။ လုကာ၊ ၄ မှအကြောင်းအရာများသည် သန့်ရှင်းသောဝိညာဉ်တော်အနေဖြင့် စုံစမ်းခြင်းအတွက်ကျွန်ုပ်တို့ကိုပို့ဆောင်စေနိုင်သည်။ ပြင်းထန်သောစုံစမ်းခြင်းကိုမူ စာတန်မာရ်နတ်သာပြုလုပ်ခြင်းဖြစ်သည်။ စုံစမ်းခြင်းပြင်းထန်သည်ဟုကျွန်ုပ်တို့ခံစားနေရလျှင်ဘုရားရှင်၏နောက်တော်သို့လိုက်လျှောက်နေရင်း နားလည်မှုမှားယွင်းခြင်းများဖြစ်နေခြင်းခံရသောအခါ သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့ကိုစမ်းသပ်သည်ဟုအမြင်ရောက်တတ်ကြသည်။ သံသယဝင်စေတတ်သည်။ အမှန်မှာစာတန်ကိုစုံစမ်းစေရန် ဝိညာဉ်တော်မှယေရှုကိုတောသို့ပို့ဆောင်ခြင်းဖြစ်သည်။ စုံစမ်းခြင်းအတွင်းသို့ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုခေါ်ဆောင်သွားစဉ်ကိုယ်တော်၌ကောင်းသောအကြံအစည်တော်ရှိပြီးသားဖြစ်သည်။ ယေရှုသည်ဘုရားသခင်၏ကတိတော်မပါရှိသော စုံစမ်းခြင်းမျိုးကိုခံရခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့လည်းစုံစမ်းခြင်းခံရသောအခါ ဘုရားရှင်၏ကတိတော်ကိုမေ့လျော့သင့်ပါသလား (Ellen G. White, The Desire of Ages, pp. 126, 129).

တစ်ခါတစ်ရံပြင်းထန်သောစုံစမ်းခြင်းခံရချိန်တွင် ကျွန်ုပ်တို့သန့်စင်သွားခြင်းမရှိဘဲ ကျွမ်းလောင်ခြင်းကိုရရှိစေသည်။ ထို့ကြောင့်စုံစမ်းခြင်းနှင့်ရင်ဆိုင်ရလျှင် စိတ်သက်သာခြင်းမျိုးရှိရန်လိုပါသည်။ ယေရှုရှင်ခိုင်ခံ့စွာရပ်တည်နိုင်



သည်နည်းတူ ကျွန်ုပ်တို့မျှော်လင့်ခြင်းရှိရန်လိုသည်။ သတင်းကောင်းတစ်ရပ်အဖြစ် ယေရှုသည်ကျွန်ုပ်တို့ကိုယူဆောင်သွားသူဖြစ်၍ ကျွန်ုပ်တို့၏ပြုသမျှအပြစ်အကြွေးအားလုံးကို စုံစမ်းခြင်းခံတော်မူပြီ။ ကျွန်ုပ်တို့ခံရမည့်ပြင်းထန်သောစုံစမ်းခြင်းကိုကိုယ်တိုင်ခံတော်မူပြီ။ ဘုရားရှင်သည် ကျွန်ုပ်တို့ကိုစွန့်ပစ်မထားပါ။ မျှော်လင့်စရာအကြောင်းရှိသည်။ အပြစ်အကြီးဆုံးသူဖြစ်နေလင့်ကစား ကျွန်ုပ်တို့မှာမျှော်လင့်စရာအကြောင်းရှိပါသည် (၁တိ၊ ၁း၁၅)။

ယခုသင်မည်သည့်စုံစမ်းခြင်းမျိုးကိုခံနေရပါသနည်း။ ဆုတောင်းပါ။ ယေရှုရှင်ဥပမာဆောင်ခဲ့သည့်အတိုင်း ဘုရားရှင်၏သင်ကြားခြင်းကိုခံယူတော်မူပါ။ သင်သည်စုံစမ်းခြင်းကိုမတွန်းလှန်နိုင်ပါ။ ကယ်တင်ရှင်မပါလျှင် လုံးဝမဖြစ်နိုင်ပါ။

**ဗုဒ္ဓဟူးနေ့** **ဇူလိုင်လ ၁၃ ရက်**

**အမွေဆက်ခံခြင်း**

၁ပေ၊ ၁း၆၊ ၇ ကိုဖတ်ပါ။ ရှင်ပေတရုမည်သို့ပြောသနည်း။

____________________________________________

____________________________________________

ရှင်ပေတရုသည် အခက်အခဲနှင့်ရင်ဆိုင်ရသောသူများအထီးကျန်ပါသည်ဟုခံစားရသောအခါ မည်သို့ရေးသားပေးခဲ့သနည်း။ သူရေးသားခဲ့ပုံမှာဘုရားသခင်၏ရွေးချယ်ခြင်းကိုခံရသူ 'ရွေးကောက်တော်မူသောသူတည်းဟူသောပုန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊ ဗိသုနိပြည်၊ အရပ်ရပ်တို့၌ ကွဲပြားသောဧည့်သည်အာဂန္တုတို့ကိုကြားလိုက်ပါ၏' (၁ပေ၊ ၁း၂)။ ယနေ့တူရကီနိုင်ငံအနောက်ဘက်ပိုင်းဒေသများဟု ကျွန်ုပ်တို့သိရသည်။ နောက်ဆက်တွဲအခန်းငယ်များ၌ ရှင်ပေတရုသည်ခံစားချက်ကို ဤသို့ရေးသားထားသည်။ 'အထူးထူးအပြားပြားသောစုံစမ်းခြင်းကိုခံရသောကြောင့် (၁ပေ၊ ၁း၆၊၇) အရပ်ရပ်တို့၌ကွဲပြားသောဧည့်သည်ဟု ပေတရုသည်မိမိ၏ခံစားမှုကိုအဘယ်ကြောင့်ဖော်ပြရသနည်း။ စုံစမ်းခြင်းနှင့်မည်သို့သက်ဆိုင်သနည်း။

________________________________________________

________________________________________________

ထိုအချိန်၌ခရစ်ယာန်ဖြစ်နေရခြင်းသည် အသစ်အဆန်းသဖွယ်ဖြစ်သည်။ ယုံကြည်သူနည်းပါးသောအချိန်အခါဖြစ်သည်။ လူနည်းစုသာဖြစ်၍ အထင်အမြင်လွဲခံရသောသူများဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်ခြင်းကိုခံကြရသည်။ ပေတရု၏အတည်ပြုချက်၌ စုံစမ်းခြင်းခံရသော်လည်း (၁ပေ၊ ၁း၆)။ ယုံကြည်ခြင်းကိုကိုင်စွဲလျက် အထူးထူးအပြားပြားသောစုံစမ်းခြင်းကိုသည်းခံကာ ပန်းတိုင်ကိုအရောက်လှမ်းကြရမည်။

၁ပေ၊ ၁း၆–၉ ကိုဖတ်ပါ။ ထိုသူတို့၏ခံရသောစုံစမ်းခြင်းအတွက် ရှင်ပေတရုသည်မည်သို့သောအာမခံချက်မျိုးကိုပေးသနည်း။ ထိုသို့သောမျှော်လင့်ချက်သည် ကျွန်ုပ်တို့အတွက် မည်သည့်အဓိပ္ပာယ်ကိုရစေပါသနည်း။

________________________________________________

________________________________________________

မည်သည့်စုံစမ်းနှောင့်ယှက်ခြင်းမျိုး၊ မည်သည့်ဒုက္ခဆင်းရဲခြင်းမျိုးမဆို ခရစ်တော်ပြန်လာသောအချိန်၌ ကျွန်ုပ်တို့ရရှိမည့်ဆုလာဘ်နှင့် နှိုင်းယှဉ်၍ရနိုင်ပါမည်လား။ ရှင်ပေတရုဆိုခဲ့သောစကားသည် ဘုရားသခင်၏စကားတော်ပင်ဖြစ်သည်။ မည်သည့်အရာကိုရင်ဆိုင်နေရစေကာမူ ခက်ခဲနာကျင်နေပါစေ ထာဝရအသက်လမ်းကိုမျက်ခြည်ဖြတ်ရန်အကြောင်းမရှိပါ။ ကောင်းကင်သစ်မြေကြီးသစ်၌နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ စုံစမ်းခံရခြင်းအလျှင်းမရှိတော့ပါ။ သေခြင်းမရှိတော့ပါ။ ထိုကတိတော်သည်ကျွန်ုပ်တို့ရှေ့၌ရှိ၏။ ယေရှုရှင်အသေခံတော်မူ၍ ထိုကတိတော်သည်အာမခံချက်ဖြစ်နေသည်။ ယုံကြည်ခြင်းကိုကျွန်ုပ်တို့လက်မလွှတ်စေရန် မည်မျှအရေးကြီးသနည်း။ ဘုရားရှင်ကိုကိုင်စွဲထားလျက် စုံစမ်းခြင်းကိုပြန်လှန်တိုက်ထုတ်ပစ်လိုက်ပါ။ ယုံကြည်ခြင်းအတွက်ရပ်တည်ပါ။



## ကြာသပတေးနေ့ ဇူလိုင်လ ၁၄ ရက်

## မီးဖြင့်စစ်ခြင်း

အဲလက်အမည်ရှိသောလူငယ်တစ်ဦးရှိသည်။ လူငယ်သဘာဝအရစမ်းချင်သောသဘောရှိ၍ မူးယစ်ဆေး၊ အခြားပြစ်မှုများနှင့်ထောင်ကျသွားခဲ့သည်။ သို့သော်ဒေသန္တရအသင်းသားတစ်ဦး၏သနားစိတ်ကြောင့် (ထိုသူ၏ထံမှအဲလက်ပစ္စည်းခိုးဖူးသည်) အဲလက်သည်ဘုရားအကြောင်းကိုသိရပြီး ယေရှုရှင်ကိုစိတ်နှလုံးပေးအပ်ခဲ့သည်။ ပြဿနာအမျိုးမျိုးနှင့်ဆက်လက်ရင်ဆိုင်ကြုံတွေ့ရသော်လည်း အတိတ်နေ့ရက်များမှအရိပ်မည်းကြီးများက သူ့ကိုခြောက်လှန့်နေဆဲဖြစ်သည်။ အဲလက်သည်ယေရှုရှင်၌လူသစ်ဖြစ်လာခဲ့ပြီ။ ဘုရားရှင်ကိုချစ်သောကြောင့် ဘုရားစကားကိုနားထောင်သည့်အနေဖြင့် ပညတ်တော်တို့ကိုလိုက်လျှောက်သည် (၁ယော၊ ၅း၁၊ ၂)။ အဲလက်သည် ဘုရားသခင်၏အမှုတော်ဆောင်တစ်ဦးဖြစ်သင့်သည်ဟု ယူဆလာသည်။ အခြေအနေအားလုံးသည်လည်း ထိုသို့ဖြစ်စေလိုသည်။ အဲလက်သည် သံသယစိတ်ကင်းစွာဖြင့် ဘုရားရှင်၏ခေါ်တော်မူခြင်းကိုလက်ခံလိုက်သည်။

ကောလိပ်ကျောင်းသို့တက်ရောက်သောအချိန်အစပိုင်းသည် အဆင်ပြေခဲ့သည်။ အချိန်ရလာသည်နှင့်ငွေကြေးများခန်းခြောက်သွားတော့သည်။ အခက်အခဲများစွာကြုံလာရသည်။ ရင်းနှီးသောမိတ်ဆွေများပင်မကြည်ဖြူတော့ပါ။ အပြစ်တင်၊ အပြစ်ရှာလာသည်။ ထိုထက်ဆိုးသည်မှာ ဖျားနာခြင်းရောဂါသူ၌ရှိလာပြန်သည်။ ထိုအဖြစ်ကိုလူအများမသိကြ။ သူသည်ကျောင်းထွက်သွားရမည်ကိုအရမ်းစိုးရိမ်လာသည်။ အကြီးကျယ်ဆုံးစုံစမ်းခြင်းတစ်ခုမှာ သူသည်မူးယစ်ဆေးကိုပြန်သုံးချင်သည်။ ရပ်ကွက်ထဲ၌လည်း လွယ်လွယ်ကူကူရရှိနိုင်သည်။ နောက်ဆုံးထိုမူးယစ်ဆေးပြန်သုံးလာခဲ့သည်။ အဲလက်နားမလည်နိုင်ပါ။ အဘယ်ကြောင့်ထိုသို့ဖြစ်ရသည်ကိုအံ့ဩမိသည်။ အထူးသဖြင့် ဘုရားရှင်သည်ကျောင်းကိုပို့ဆောင်၍ပညာသင်နေရပြီ။ အဲလက်၌တစ်ခုခုမှားယွင်းနေပါသလား။ ထိုသို့ဖြစ်ခဲ့မည်ဆိုလျှင် ဘုရားသခင်နှင့်လက်တွဲခြင်းသည်

မှားနေပြီလား။ သူ၏ယုံကြည်ခြင်းသည်ပင် ကမောက်ကမသံသယစိတ်ဝင်လာတော့သည်။

စိတ်ကူးကြည့်ပါ။ အဲလက်သည်သင့်ထံသို့လာ၍ အကြံဉာဏ်တောင်းခံလျှင်သင်မည်သို့ပြောမည်နည်း။ သင်၏အတွေ့အကြုံများမှသင့်ကိုသူတစ်ပါးအားဝေငှနိုင်သောအကြောင်းများရှိပါသလား။ သင်မည်သည့်ကျမ်းချက်ကိုအသုံးပြုမည်နည်း။ အောက်ပါကျမ်းချက်များမှ ထိုအခြေအနေကို မည်သို့အကူအညီဖြစ်စေနိုင်သနည်း (သု၊ ၃။ ယေရမိ၊ ၂၉း၁၁။ ရောမ၊ ၈း၂၈။ ၂ကော၊ ၁၂း၉။ ဟေဗြဲ၊ ၁၃း၅)။

---------------------------------------------

---------------------------------------------

လူတိုင်း၌ဘုရားရှင်၏နောက်တော်လိုက်နေရင်း ဘုရားသခင်၏ပို့ဆောင်ခြင်းအပေါ် သံသယစုံစမ်းခြင်းဝင်တတ်သည်။ အရေးကြီးသောအခြေအနေမှာ ကတိတော်ကိုအားထားကာ အတိတ်မှကောင်းချီးများပြန်၍ရေတွက်ရမည်။ ယုံကြည်ခြင်းမြဲမြံစေရန်ဆုတောင်းခြင်းပြုရမည်။ ဘုရားရှင်သည်ကျွန်ုပ်တို့ကိုလက်မလွှတ်ပါ။ မေးရန်မေးခွန်းမှာ မည်သည့်စုံစမ်းခြင်းမျိုးမဆို ဘုရားရှင်ကိုလက်မလွှတ်မိရန် မည်သို့ပြုရမည်နည်း။

**သောကြာနေ့** **ဇူလိုင်လ ၁၅ ရက်**

**ဆက်လက်လေ့လာရန်**

Ellen G. White, “The Exodus,” pp. 281-290; “From the Red Sea to Sinai,” pp. 291-302, in Patriarchs and Prophets; “The Temptation,” pp. 114-123, in The Desire of Agesကိုဖတ်ပါ။

“ရှေးအချိန်၌ဘုရားသခင်သည် မိမိ၏လူတို့ကိုရေဖိဒိမ်အရပ်သို့ခေါ်ဆောင်သွားသကဲ့သို့ ကျွန်ုပ်တို့ယနေ့အခက်အခဲသို့ပို့ဆောင်ပေးနိုင်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏သစ္စာရှိခြင်းကိုပြသစေချင်ခြင်းဖြစ်သည်။ နေရာတိုင်း၌



ကိုယ်တော်သည်ကျွန်ုပ်တို့ကိုအဆင်ပြေစေလျှင် မစတော်မူသောအရှင်ကို ကျွန်ုပ်တို့မေ့လျော့သွားကြမည်။ ကိုယ်တော်သည်မိမိကိုယ်ကိုဖော်ပြလိုသောသဘောရှိသည်။ အကူအညီပေးလိုသမျှကို ကြွယ်ဝပြည့်စုံစွာစီစဉ်ပေးသည်။ စုံစမ်းခြင်းနှင့်စိတ်ပျက်ဖွယ်အကြောင်းများကို ကျွန်ုပ်တို့အားတမင်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့မှအကူအညီလိုနေကြောင်းသိနေမှသာ ဘုရားရှင်ကိုတမ်းတလာမည်ဖြစ်သည်။ ခြောက်သွေ့သောကျောက်အထဲမှ အေးမြသောရေကိုထွက်စေနိုင်ပါသည်။ ဘုရားသခင်နှင့်မျက်နှာချင်းဆိုင်တွေ့ရမှ ကိုယ်တော်သည်ကျွန်ုပ်တို့အတွက်မည်မျှကူညီချင်ကြောင်း၊ လေးသောဝန်ကိုကူညီသယ်ပိုးပေးကြောင်း ကျွန်ုပ်တို့သည်သူငယ်ကလေး၏ယုံကြည်ချက်မျိုးနှင့် ကိုယ်တော်ထံသို့ရောက်လာပါသည်။” (Ellen G. White, “Rephidim,” Advent Review and Sabbath Herald, April 7, 1903).

--ooo--

## သင်ခန်းစာ (၄)
## ရွှေပန်းထိမ်ဆရာသည်မိမိ၏မျက်နှာကိုမြင်ရခြင်း
## ဇူလိုင်လ ၁၆ – ၂၂

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇူလိုင်လ ၁၆ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** မသဲ၊ ၅း၁၆။ ၁ကော၊ ၄း၉။ ဧဖက်၊ ၃း၁၀။ ယောဘ၊ ၂၃း၁–၁၀။ မသဲ၊ ၂၅း၁–၁၂။ ဒံ၊ ၁၂း၁–၁၀။ ဧဖက်၊ ၄း၁၁–၁၆။

**အလွတ်ကျမ်းချက်**

**“ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ဘုန်းအသရေတော်ကိုကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကိုလွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီပြောင်းလဲခြင်းရှိရကြ၏” (၂ကော၊ ၃း၁၈)။**

အေမီခါမိခဲ့လ်သည်ကလေးများကိုအိန္ဒိယနိုင်ငံရှိ ရွှေပန်းထိမ်ဆရာနှစ်ဦးဆီသို့ခေါ်သွားသည်။ မိရိုးဖလာလုပ်ငန်းဖြစ်သည်။ မီးသွေးများမီးတောက်လောင်နေသောမီးအထဲ၌ ကြွေခွက်ကိုထည့်ထားပြီး ကြွေခွက်အထဲ၌ဆားနှင့်မန်ကျည်းသီးများရောကာထည့်ထားသည်။ အုတ်ခဲမှုန့်ကိုလည်းထည့်ထားသည်။ ရွှေကိုကြွေခွက်အတွင်းထည့်ကာ ရောထားသောပစ္စည်းများနှင့်အပူပေးသောအခါမှာ ရွှေသည်ပို၍ပို၍သန့်စင်လာပါသည်။ မီးသည်ရောထားသမျှသောပစ္စည်းကိုဝါးမြိုလောင်ကျွမ်းသည်နှင့် ရွှေသည်ပို၍ပို၍သန့်စင်သွားသည်။ ရွှေပန်းထိမ်ဆရာသည် ညှပ်ဖြင့်ရွှေကိုထုတ်ယူပြီး သန့်စင်ခြင်းမရှိသေးလျှင်



ထပ်၍မီးဖြင့်လောင်စေပြန်သည်။ ရွှေကိုပြန်၍မီးဖြင့်စစ်တိုင်း မီးအပူချိန်သည်ပို၍မြင့်လာသည်။ လေ့လာသူလူငယ်များမှရွှေပန်းထိမ်ဆရာကို ‘ဘယ်အချိန်မှာရွှေသန့်စင်သွားသလဲ’ လို့မေးကြရာ ပန်းထိမ်ဆရာက ‘ငါ့မျက်နှာကိုပြန်မြင်ရချိန်မှာ ရွှေသန့်စင်တဲ့အချိန်ရောက်တာပါပဲဟုပြန်ဖြေသည်။’ Amy Carmichael, Learning of God (Fort Washington, PA: Christian Literature Crusade, 1989), p. 50.

ဘုရားသခင်သည်ကျွန်ုပ်တို့ကိုသန့်စင်စေရန် ရှာကြံနေလျက်ရှိသည်။ ရွှေကဲ့သို့သန့်စင်သွားစေရန်စစ်ပေးသည်။ ကိုယ်တော်၏ရုပ်လုံးတော်နှင့်တူရန်အတွက် ပြောင်းလဲပေးရန်ဖြစ်သည်။ အံ့ဩဖွယ်ပန်းတိုင်ပင်ဖြစ်သည်။ ခရစ်တော်ကဲ့သို့စာရိတ္တကိုတူညီသွားစေရန် အပြင်းအထန်စမ်းသပ်ပေးနေသည်။

**တစ်ပတ်တာသတိပြုရန်။** ဒုက္ခဆင်းရဲခြင်းရင်ဆိုင်ရသောအခါ သန့်ရှင်းဖြူစင်ခြင်းအတွက် မည်သို့ပို့ဆောင်ပေးသနည်း။ အမှားနှင့်အမှန်တိုက်လှန်ပွဲအကြား ကျွန်ုပ်တို့မည်သို့နားလည်ခွင့်ရရှိသွားသနည်း။

**တနင်္ဂနွေနေ့** **ဇူလိုင်လ ၁၇ ရက်**

**ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့်အညီ**

“ဘုရားသခင်၏သားတော်သည် အများသောညီတို့တွင် သားဦးဖြစ်တော်မူမည်အကြောင်း၊ ဘုရားသခင်သည် ရွေးမဆွကသိတော်မူသောသူတို့ကိုသားတော်၏ပုံသဏ္ဍာန်နှင့်တညီတည်းဖြစ်စေခြင်းငှာ ရွေးမဆွကခွဲခန့်မှတ်သားတော်မူ၏” (ရောမ၊ ၈း၂၉)။

အစအဦး၌ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီလူတို့ကိုဖန်ဆင်းတော်မူ၏ (ကမ္ဘာ၊ ၁း၂၇)။ သို့သော် ထိုပုံသဏ္ဍာန်သည် အပြစ်ကြောင့်ပျက်စီးသွားခဲ့ရသည်။

ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို လူတို့အထဲ၌မည်သည့်ပုံစံဖြင့်မြင်တွေ့နိုင်ပါသနည်း။

----------------------------------------------------------------

----------------------------------------------------------------

အမှန်ပင်ကျွန်ုပ်တို့အားလုံးသည် အပြစ်ကြောင့်ပုံသဏ္ဍာန်ပျက်ကြရသည် (ရောမ၊ ၃း၁၀–၁၉)။ ဘုရားရှင်၏အလိုတော်မှာ ကျွန်ုပ်တို့ကိုမူလပုံစံပြန်လည်ရရှိစေရန်ဖြစ်သည်။ ယနေ့ကျွန်ုပ်တို့ဖတ်သောကျမ်းချက်နှင့်ကိုက်ညီပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အား မိမိတို့အသက်တာကိုအပ်နှံလိုက်လျှင် 'သားတော်၏ပုံသဏ္ဍာန်ကဲ့သို့ပြောင်းလဲသွားမည်' (ရောမ၊ ၈း၂၉)။

အခြားတစ်ဖက်၌ 'ဘုရား၏ပုံသဏ္ဍာန်တော်သည် လူသားများအားဖြင့်ပွားများသွားစေရမည်' ဘုရားရှင်ကိုဂုဏ်ပြုခြင်း၊ ခရစ်တော်ကိုဂုဏ်ပြုခြင်းသည် မိမိ၏လူမျိုးတော်တို့၌ရှိသောစာရိတ္တပြည့်စုံခြင်းကြောင့် ပေါ်လွင်ပါဝင်စေပါသည်။' (Ellen G. White, The Desire of Ages, p. 671).

အထက်ဖော်ပြပါအီးဂျီဝှိုက်၏မှတ်ချက်စကားကို သင်မည်သို့သဘောရသနည်း။ ယောဘ၊ ၁။ မဿဲ၊ ၅း၁၆။ ၁ကော၊ ၄း၉။ ဧဖက်၊ ၃း၁၀။

----------------------------------------------------------------

----------------------------------------------------------------

ခရစ်ယာန်ဖြစ်လာရသောကျွန်ုပ်တို့အနေဖြင့် စကြဝဠာ၏တက်လမ်းတွဲတွင် ပါဝင်ကပြဖျော်ဖြေနေကြရချည်းဖြစ်သည်။ မေ့ထား၍မရပါ။ ခရစ်တော်နှင့်စာတန်မာရ်နတ်၏အမှားအမှန်တိုက်ပွဲသည် ကျွန်ုပ်တို့အရှေ့၌ထင်ရှားလျက်ရှိသည်။ တိုက်ပွဲမှာပုံစံမျိုးစုံနှင့်နည်းလမ်းပေါင်းစုံဖြင့်တိုက်ခိုက်လျက်ရှိသည်။ လျှို့ဝှက်တိုက်ခိုက်ခြင်းဖြစ်နေသော်လည်း ကျွန်ုပ်တို့နားလည်ကြပါသည်။ ခရစ်တော်၏နောက်တော်လိုက်နေသူများဖြစ်သည်အားလျော်စွာ ယင်းတိုက်ပွဲတွင်ပါဝင်တိုက်ခိုက်နေရပြန်သည်။ ကျွန်ုပ်တို့၏အသက်တာပုံစံအားဖြင့် ခရစ်တော်ကိုဂုဏ်ပြုနိုင်ပါမည်လား။



အလွန်ကြီးသောအားကစားကွင်းထဲရောက်နေသည်ဟု သဘောထားပါ။ တစ်ဖက်၌ကောင်းကင်သားများ ဘုရားရှင်ကိုသစ္စာခံလျက်၊ တစ်ဖက်၌ကျဆုံးခဲ့သောလူစီဖါအဖွဲ့သားများရှိနေကြသည်။ သင်၏အသက်တာ၌ ၂၄ နာရီပါဝင်ကစားနေခဲ့သည်ဟုဆိုကြစို့။ မည်သူဘက်၌သင်အားပေးမည်နည်း။ သင်၏အဖြေသည် သင့်ကိုယ်၌မှရှိသောအကြောင်းကို မည်သို့ဖြေမည်နည်း။

**တနင်္လာနေ့** **ဇူလိုင်လ ၁၈ ရက်**

## စစ်သောမီးထဲမှယုံကြည်ခြင်း

"စစ်ပွဲထဲပါဝင်နေရသောအချိန်နှင့် စစ်ပွဲကိုပင်မမြင်ရသောအချိန်ရှိသည်။ ခရစ်ယာန်တို့ပါဝင်ပတ်သက်ရသောအရသာဖြစ်သည်။ စစ်အင်အားရှိသည်ဟုခံစားရကြောင်း အသက်တာ၌ခံစားရမည်။ မည်သို့ပင်ဖြစ်စေ၊ ရှေ့သို့ဆက်ရမည်သာရှိသည်။ ကိုယ်တော်ကိုယုံကြည်ခြင်း၊ ကိုးစားခြင်းဖြင့် 'မျက်မြင်မရသောသူကိုကိုးစားယုံကြည်ရပါမည်' (ဟေဗြဲ၊ ၁၁း၂၇)။

ယောဘ ၂၃း၁–၁၀ ကိုဖတ်ပါ။ ယောဘ၏ရုန်းကန်ရခြင်းအဘယ်ကြောင့်အရေးကြီးပါသနည်း။ သူမမြင်ရသောအရာသည်အဘယ်အရာနည်း။ တစ်ချိန်တည်းမှာပင် မည်သည့်ယုံကြည်ခြင်းကိုစွဲကိုင်ထားသနည်း။ ရင်ဆိုင်ရသောစုံစမ်းခြင်းကို ပမာမပြုခဲ့ဘဲမည်သို့ခိုင်ခံ့ခဲ့သနည်း။

----------------------------------------------------------------

----------------------------------------------------------------

ကြီးမားသောကြောက်ဖွယ်စုံစမ်းခြင်း၌ ယောဘသည်ဘုရားရှင်ကိုကိုးစားယုံကြည်ခဲ့သည်။ အရာခပ်သိမ်းကိုလျစ်လျူရှုကာ ယောဘသည်ဒုက္ခဆင်းရဲခြင်းကိုကြံ့ကြံ့ခံခဲ့သည်။ သူ၏ခံနိုင်ရည်ကိုခိုင်မြဲစွာထားနိုင်သောအချက်၏အဓိကအကြောင်းမှာ 'ရွှေ' ပင်ဖြစ်သည်။ ရွှေရည်စိမ်သတ္တုမဟုတ်ပါ။

ရှေ့သို့လှမ်းမျှော်ကာ ဘုရားရှင်ကိုစွဲကိုင်ထားနိုင်လျှင် သာ၍ကောင်းမြတ်သော သဘောကိုရရှိနိုင်ပေမည်။ ရွှေကဲ့သို့ဖြစ်လာမည်။ ယောဘ၏နောက်ကြောင်းကိစ္စကိုကျွန်ုပ်တို့မသိရပါ။ လျှို့ဝှက်ချက်ဖြစ်သည်။ မည်သို့ဆိုစေ၊ စစ်ခြင်းကို ခံနိုင်ရည်ရှိကြောင်း သူခံယူခဲ့သည်။

သင်သည်မီးကိုကြောက်နေပါသလား။ သင်ခံရသောအပူဒဏ်ကို စိုးရိမ်ဝမ်းနည်းနေပါသလား။ ယောဘလိုပင် ဘုရားရှင်ပေးသောအပူဒဏ်သည် ရှင်းလင်းချက်ပေးမထားပါ။ အလုပ်အကိုင်နှင့်အိမ်ထောင်မိသားစုအတွက် အခက်အခဲဖြစ်တန်ကောင်းပါသည်။ သင်၏လုပ်ငန်းခွင် သို့မဟုတ် မိသားစု အတွင်းမှာပင်ဖျားနာသောအခါ ကုစားရချိန်အတွက်စောင့်စားခဲ့ရသည်။ ရောဂါကြောင့် သို့မဟုတ် ငွေကြေးဆုံးရှုံးခဲ့ရသည်။ ခက်ခဲမှုကိုနားမလည်နိုင်အောင်ဖြစ်နေမည်။ ဘုရားသခင်သည်စုံစမ်းခြင်းကိုအသုံးပြုကာ သူ၏ပုံသဏ္ဍာန်ကဲ့သို့စာရိတ္တဖြစ်လာစေရန် ဖြူစင်သည့်အထိစစ်ကြောမှုပြုသည်။

ရွှေကဲ့သို့စစ်ခြင်းကိုယောဘခံခဲ့ရသည်။ အထက်အရပ်ကိုသာမျှော်ကြည့်လျက်၊ သူ၏ဒုက္ခအပေါင်းမှဆွဲကူမည့်သူကိုအာရုံပြုသည်။ နာကျင်မှုဒုက္ခအပေါင်းမှအားအင်တန်ခိုးပါသောသက်သေခံချက်ကို သူ၏စာရိတ္တကိုထင်ဟပ်စေပါသည်။ စင်ကြယ်သွားစေရန်အစစ်ဆေးခံခဲ့ရသည်။ သူကိုယ်တိုင်များစွာနားလည်ခြင်းမရှိခဲ့သော်လည်း ခံရသောစုံစမ်းနှောင့်ယှက်ခြင်းသည် သူ့ကိုစင်ကြယ်သွားစေမည်ဟုယုံကြည်သည်။

သင်၏အတွေ့အကြုံအရ၊ စုံစမ်းခံရသောအခါ မည်သို့သန့်စင်ဖြူစင်စေသနည်း။ အခြားနည်းလမ်းဖြင့် သင့်ကိုသန့်စင်စေနိုင်သောအကြောင်းအရာရှိပါသလား။ ဒုက္ခဆင်းရဲခြင်းထက်ပို၍ ကောင်းသောစစ်ဆေးမှုရှိပါသေးသလား။



**အင်္ဂါနေ့** **ဇူလိုင်လ ၁၉ ရက်**

## ယေရှု၏နောက်ဆုံးစကားများ

ယေရှုသည် ယေရုရှလင်မြို့တွင်ရှိနေခဲ့ချိန်ဖြစ်သည်။ အသေခံရန်အတွက်ဖြစ်သည်။ ရှင်မဿဲခရစ်ဝင်ကျမ်းအရ ပသခါပွဲမကျင်းပမီအချိန်ကလေး၌ ယေရှုရှင်သည်တပည့်တော်တို့ကို ဥပမာများပေးကာသွန်သင်မှုပြုခဲ့သည်။ အပျိုကညာဆယ်ဦးအကြောင်း၊ သိုးနှင့်ဆိတ်အကြောင်းစသည်တို့ပါဝင်သည်။ ယင်းအကြောင်းအရာများသည် ယေရှုရှင်ကြွလာမည့်အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့မည်သို့အသက်ရှင်နေထိုင်ရမည့်အကြောင်းကို သွန်သင်ထားခြင်းဖြစ်သည်။ ယနေ့ယေရှုရှင်ကြွလာမည့်နိမိတ်လက္ခဏာများ ကျွန်ုပ်တို့ပတ်လည်၌ဖြစ်ပေါ်နေသည်။ မဖြစ်ဖူးသေးသောအရာများစွာပါဝင်နေပါသည်။

အပျိုကညာဆယ်ဦးဥပမာ၌ (မဿဲ၊ ၂၅း၁–၁၂)၊ မှတ်ချက်ပေးသူများစွာရှိ၍ ဆီကိုသန့်ရှင်းသောဝိညာဉ်တော်ဟုနှိုင်းယှဉ်ကြသည်။ အယ်လင်ဂျီဝှိုက်ကလည်းသဘောတူသည်။ သို့သော်ထိုဆီကိုစာရိတ္တဟုလည်းပုံဆောင်ပြီး အခြားသူများမှကျွန်ုပ်တို့ကိုလုပ်ပေး၍မရကြောင်း မှတ်ချက်ပြုထားသေးသည်။

ပုံပမာကိုဖတ်ပါ။ ပုံပမာသည်မည်သည့်နည်းလမ်းဖြင့်ပြောင်းလဲသွားသနည်း။ ဆီကိုသန့်ရှင်းသောဝိညာဉ်တော်ဖြစ်စေ၊ သင်ပိုင်ဆိုင်သောစာရိတ္တဖြစ်စေ၊ မည်သို့မည်ပုံပြောင်းလဲခဲ့သနည်း။ အကယ်၍သာဆီသည် သန့်ရှင်းသောဝိညာဉ်တော်အဖြစ်ပုံဆောင်ခြင်းဖြစ်ပါက သင့်အဖို့မည်သို့အကျိုးရှိမည်နည်း။ ထို့အတူ သင်၏စာရိတ္တအဖြစ်ပုံဆောင်လျှင်လည်း မည်သို့အကျိုးဖြစ်မည်နည်း။

သန့်ရှင်းသောဝိညာဉ်တော်------------------------------

စာရိတ္တ----------------------------------------

သိုးနှင့်ဆိတ်ဥပမာကိုလည်းဖတ်ပါ။ (မဿဲ၊ ၂၅း၃၁–၄၆)။ သိုးနှင့်ဆိတ်ခွဲခြားရာ၌ မည်သည့်အရည်အချင်းကိုသတ်မှတ်ပေးထားသနည်း။

----------------------------------------------

----------------------------------------------

ရှင်ဘုရင်သည်ဆိတ်နှင့်သိုးကိုခွဲခြားရာ၌ လုပ်ဆောင်ချက်အပေါ်မူတည်သည်ကိုသင်သတိပြုပါ။ စာရိတ္တကိုဆိုလိုပါသည်။ ယေရှုရှင်သည် အကျင့်အားဖြင့်ကယ်တင်ခြင်းရရှိမည်ဟု မသင်ကြားမသွန်သင်သော်လည်း စာရိတ္တသည်ကယ်တင်ခြင်းအတွက်အရေးကြီးကြောင်းနှင့် ခရစ်တော်အားဖြင့်ကယ်တင်ခြင်းခံရသူတို့သည် မိမိတို့အသက်တာစာရိတ္တ၏ပြသတုံ့ပြန်မှုအပေါ် အမှန်သတ်မှတ်ကြောင်းတွေ့ရသည်။

အဆိုတစ်ခုတွင် 'စာရိတ္တသည်အမှောင်ထဲ၌ရှိနေသောသူတစ်ဦးဖြစ်သည်။ သင့်ကိုကြည့်နေသူတစ်ဦးတစ်ယောက်မျှမရှိသောအချိန်တွင် သင်သည်မည်ကဲ့သို့သောသူမျိုးဖြစ်သနည်း။ သင်သည်ပြောင်းလဲရန်လိုအပ်ကြောင်း မည်ကဲ့သို့အဖြေရသနည်း။

## ဗုဒ္ဓဟူးနေ့ ဇူလိုင်လ ၂၀ ရက်

## ပညာရှိ

ယမန်နေ့၌ ယေရှုရှင်ဒုတိယအကြိမ်ကြွလာခြင်းကို စောင့်မျှော်သူများအနေဖြင့် စာရိတ္တသည်အရေးကြီးကြောင်း ကျွန်ုပ်တို့သိရပြီဖြစ်သည်။ ယနေ့မှာဆက်လက်၍ ခရစ်တော်ဒုတိယအကြိမ်ကြွလာရန်အချိန်အတွင်း အသက်ရှင်နေသောသူများအတွက် စာရိတ္တသည်အထူးအရေးကြီးနေကြောင်းကို ပို၍အသေးစိတ်လေ့လာကြမည်ဖြစ်သည်။

ဒံယလ၊ ၁၂း၁–၁၀ ကိုဖတ်ပါ။ မည်သည့်အကြောင်းဖြစ်သနည်း။ ကမ္ဘာကြီး၏ရာဇဝင်သည် မည်သို့ရွေ့လျားနေသနည်း။ အရေးအကြီးဆုံးမှာ ဘုရားသခင်၏လူတို့သည် မိမိတို့စာရိတ္တကိုယခုအချိန်၌ မည်သို့ဖော်ပြနေကြောင်းကျမ်းချက်များကထောက်ပြနေပါသည်။ ဆိုးသွမ်းသူများနှင့်နှိုင်းယှဉ်သည့်အခါ သူတို့၏စာရိတ္တမည်သို့ရှိနေသနည်း (ဗျာဒိတ်၊ ၂၂း၁၁) ကိုလည်းဖတ်ပါ။



---

---

ဒံယေလ၏ဖော်ပြချက်အရ ခရစ်တော်မကြွလာမီအချိန်ကလေး၌ ကမ္ဘာကြီး၏အချိန်အခါသည် စိတ်ရှုပ်ဖွယ်မတရားမှုများပိုများလာမည်ဟုဆိုသည်။ ဒံယေလ၊ ၁၂း၃၊ ၁၀ ၌ ဖြောင့်မတ်သူနှင့်ဆိုးသွမ်းသူတို့ ယခုအချိန်ထင်ရှားသောလုပ်ရပ်ကို ကျွန်ုပ်တို့သိခွင့်ရထားသည်။ လူဆိုးတို့သည် 'မကောင်းမှုကိုပြုလုပ်ကြမည်' (ဒံယေလ၊ ၁၂း၁၀)။ ဖြောင့်မတ်သူများနှင့်နှိုင်းယှဉ်ကြည့်လျှင် အခန်းငယ် ၃ ၌ တောက်ပစွာလင်းလက်လျက်ရှိကြောင်း၊ ဖြူစင်အောင်စစ်ကြောခံထားရသည့်ပုံပေါ်ပါသည်။ အစွန်းအထင်းကင်း၍သန့်ရှင်းဖြူစင်သည် (ဒံ၊ ၁၂း၁၀)။ ဒုက္ခဆင်းရဲခြင်းကာလ၌ ထိုကာလကိုမမြင်စဖူးသောဆင်းရဲဒုက္ခကပ်ကာလသည်ရောက်လိမ့်မည် (ဒံယေလ၊ ၁၂း၁)။ နှိုင်းယှဉ်ကြည့်သော်ဆိုးသွမ်းသူများနားမလည်နိုင်သော်လည်း ဖြောင့်မတ်သူများသည် 'ပညာရှိစွာ' နားလည်၍လုပ်ဆောင်ကြမည်။

မည်သည်ကိုနားလည်သနည်း။ သင်္ချာ၊ သိပ္ပံ၊ အဆင့်မြင့်ဝေဖန်ပိုင်းခြားခြင်းလား။ သုတ္တံကျမ်းမှဖော်ပြချက်အရ 'ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသဘောသည် ပညာ၏မူလအစ' ဟုဆုံးမထားသည် (သုတ္တံ၊ ၁း၇)။ ပညာရှိဟုဆိုသောအခါ ပညာရှိရခြင်းသည် နောက်ဆုံးနေ့ရက်ကာလအကြောင်းကိုနားလည်ခြင်းကြောင့်ဖြစ်သည်။ ဆင်းရဲခြင်းကာလအကြောင်းကိုဖေါ်ပြနိုင်ခြင်းကြောင့်ဖြစ်သည်။ သူတို့အတွက်အံ့သြစရာမရှိပါ။ နှုတ်ကပတ်တော်ကိုလေ့လာရာ၌ ထိုအချိန်သည်ရောက်လာမည်ကိုသိရှိထားသည်။ အရေးကြီးဆုံးအရာမှာ ဆင်းရဲဒုက္ခကာလသည် သူတို့ကိုရွှေကဲ့သို့စစ်နေကြောင်း၊ ဖြူစင်ခြင်းရှိစေကြောင်းကို နားလည်သဘောပေါက်ထားခြင်းဖြစ်သည်။ တစ်ဘက်၌ရှိသောလူဆိုးတို့မှာမူ ပုန်ကန်ခြင်းအလုပ်ကိုသာဆက်လက်ပြုမူနေကြသည်။ ဆိုးသွမ်းမှုကိုသာဆက်လက်လုပ်ဆောင်မြဲလုပ်ဆောင်နေသည်။

ကျွန်ုပ်တို့သည်သန့်ရှင်းစင်ကြယ်ရန် အစစ်ခံရမည့်အကြောင်းသိရှိထားကြသည်။ နောက်ဆုံးနေ့ရက်အတွက်ဖော်ပြသောကျမ်းချက်များကို ကျွန်ုပ်တို့ဖတ်ရှုရသော်လည်း အရေးကြီးသောဖြူစင်သန့်ရှင်းသွားစေရန် စစ်ကြောခံရမည့်အကြောင်းကို ယနေ့ကျွန်ုပ်တို့နားလည်ရန် မည်သည့်စည်းကမ်းချက်ကိုတွေ့မြင်ရသနည်း။

## ကြာသပတေးနေ့ ဇူလိုင်လ ၂၁ ရက်

## စာရိတ္တနှင့်ပတ်ဝန်းကျင်

တေးသီချင်းတစ်ပုဒ်၌ 'ငါသည်ကျောက်တစ်ဆောင်၊ ငါသည်ကျွန်းတစ်ကျွန်းဖြစ်သည်' ဟုရေးစပ်ထားသည်။ သင့်အနေဖြင့်ထိုကဲ့သို့ခံစားရဖူးပါသလား။ တစ်ယောက်တည်းနေချင်၊ ရင်ဆိုင်ချင်စိတ်ရှိနေပါသလား။ လူတွေပြောနေကြစကား 'ဘုရားနဲ့လျှောက်လှမ်းတာကတော့တစ်ကဏ္ဍပေါ့၊ ပြောတော့များများမပြောချင်ပါဘူး' ဟုဆိုသောစကားဖြစ်သည်။

ဖေက် ၄း၁၁–၁၆ ကိုဖတ်ပါ။ ရှင်ပေါလုအနေဖြင့် မည်သည့်အချက်ကိုညွှန်ပြပေးသနည်း။ ပတ်ဝန်းကျင်၏အနေအထားကို သူမည်သို့အကြံပေးထားသနည်း။

________________________________________________

________________________________________________

ရှင်ပေါလုသည် ဖေက်မြို့သားများကိုစာရေးပေးသောအခါမှာ အသင်းတော်ကိုကိုယ်ခန္ဓာအဖြစ်ပုံဆောင်ရေးသားထားသည်။ ယေရှုသည်ခေါင်းဖြစ်၍ကျန်ခန္ဓာအစိတ်အပိုင်းများမှာ အသင်းသူ၊ အသင်းသားယုံကြည်သူများဖြစ်ကြသည်။ ဖေက် ၄း၁၃ ကိုကြည့်လျှင် ပတ်ဝန်းကျင်၌နေထိုင်ခြင်း၏ အဓိကရည်ရွယ်ချက်ကိုသတိပြုမိလိမ့်မည်။ မြည်းစမ်းကြည့်ရန်ဖြစ်သည်။ 'ခရစ်တော်၏ပြည့်စုံခြင်းပမာဏဖြစ်သည်။ သို့အတွက်တစ်ဦးနှင့်တစ်ဦး လိုအပ်လျက်ရှိနေကြသည်။





ခရစ်ယာန်အားလုံးသည် ထီးထီးမားမားရပ်တည်နိုင်ပါသည်။ ရာစုနှစ်ပေါင်းများစွာလူတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းကိုခံခဲ့ကြရသည်။ ထီးထီးမားမားရပ်တည်နေခြင်းသည် ရှောင်လွှဲ၍မရသောအကြောင်းဖြစ်သည်။ ဘုရားရှင်၏တန်ခိုးတော်ကြောင့် ယောက်ျားမိန်းမများတို့သည် ဖိနှိပ်ခံရသောပတ်ဝန်းကျင်၌ တန်ခိုးခွန်အားရှိသောသက်သေခံချက်ကို ပြသနိုင်ခဲ့သည်။ မှန်ကန်သောလုပ်ရပ်ဖြစ်နေ၍ ရှင်ပေါလုသည် အမှန်တရားကိုအထူးပြသဖော်ပြချင်သောသဘောသာဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ယေရှုခရစ်တော်၌ပြည့်စုံခြင်းပမာဏလည်းဖြစ်သည်။ ကျွန်ုပ်တို့သည်အတူတကွမိတ်သဟာယဖွဲ့လုပ်ဆောင်သောအခါ ပြည့်စုံခြင်းပမာဏကိုရရှိစေပါသည်။

ဖေက် ၄း၁၁–၁၆ ကိုဖတ်ပါ။ ခရစ်ယာန်ပတ်ဝန်းကျင်၌ ရှင်ပေါလုဆိုလိုသောခရစ်တော်၏ပြည့်စုံခြင်းပမာဏ မည်ကဲ့သို့ထင်ရှားနေသနည်း။

________________________________________________

________________________________________________

ခရစ်ယာန်အဖွဲ့အစည်း၌ ယေရှုခရစ်၏ပြည့်စုံခြင်းကိုဖော်ပြသောသဘောနှင့် လူတစ်ဦးတစ်ယောက်စီမှပြသသောသဘော မည်သို့ကွာခြားသနည်း။ မဟာတိုက်ပွဲနှင့်မည်သို့ပတ်သက်မှုရှိနေသနည်း။ (ဖေက်၊ ၃း၁၀) ကိုဖတ်ပါ။

________________________________________________

________________________________________________

သင်သည်တစ်ဦးတည်း သို့မဟုတ် သူစိမ်းများနှင့်ရှိနေစဉ် အဆင်ပြေသော်လည်း သင်မနှစ်သက်သောသူများ၊ သင်ကောင်းစွာမသိကျွမ်းသူများနှင့်နေထိုင်ရသောအခါ ပို၍ခက်ခဲပါသည်။ အဓိပ္ပာယ်မှာ လူများကိုကရုဏာပြခြင်း၊ သနားကြင်နာမှုပေးခြင်းကိုပြုလုပ်ရာ၌ ဘုရားသခင်၏အမှန်တရားကို သက်သေခံရန် ဝန်ထုပ်လိုဖြစ်နေပါသည်။

**သောကြာနေ့** **ဇူလိုင်လ ၂၂ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, “God Promises Us a New Heart of Flesh,” p. 100, in Sons and Daughters of God” ‘To Meet the Bridegroom,’ “pp. 405-421, in Christ’s Object Lessons; “The Time of Trouble,” pp. 613-634, in The Great Controversy ကိုဖတ်ပါ။

လူသားတို့၏အဖို့အရာ၌ စာရိတ္တတည်ဆောက်ခြင်းသည်အလွန်အရေးပါလှပါသည်။ ထို့အပြင်လွန်ခဲ့သောအချိန်မှလေ့လာမှုသည် ယခုအချိန်လေ့လာမှုလောက်အရေးမရှိပြန်ပါ။ ရှိခဲ့သောမျိုးဆက်တို့သည် အမှတ်ရစေရန်ကိစ္စများရင်ဆိုင်ရဖို့ခေါ်ခြင်းမခံရပါ။ လွန်ခဲ့သောအချိန်၌ လူငယ်ယောက်ျား၊ မိန်းကလေးများ ယခုလူငယ်များကဲ့သို့ ပျက်စီးခြင်းကိုရင်ဆိုင်ရခြင်းမရှိခဲ့ပါ (Ellen G. White, Education, p. 225).

‘ပုံပမာတွင်မိုက်သောသတို့သမီးများသည် ဆီများကိုတောင်းခဲ့သော်လည်း သူတို့၏တောင်းဆိုမှုကိုလက်မခံခဲ့ပါ။ ပုံဆောင်ချက်မှာ အဆင်သင့်ပြင်ဆင်ခြင်းမရှိသောသူ၊ စာရိတ္တကိုမြှင့်တင်ခြင်းမရှိသူ၊ အပြစ်ဒုက္ခကာလကိုရင်ဆိုင်ရန်မဖြစ်နိုင်ကြောင်းသင်ခန်းစာပေးသည်။ အိမ်နီးချင်းများဆီသို့သွားပြီးချေးငှားတောင်းဆိုလျှင်လည်း ‘ငါပျက်စီးခြင်းရောက်တော့မယ်၊ နင်တို့ရဲ့စာရိတ္တကိုပေးကြပါအုံး’ ဟုတောင်းဆိုသောသဘောမျိုးဖြစ်နေသည်။ ပညာရှိသောသူများမှာမူ ဆီကိုအပြတ်မခံပါ။ မီးခွက်ကိုထွန်းရန်ဆီအမြဲဖြည့်လေ့ရှိသည်။ မိုက်သောသတို့သမီးများကို အလျှင်းဆီမပေးကြပါ။ စာရိတ္တသည်ပြောင်းလဲချေးငှားပေးနိုင်သောအရာမဟုတ်ပါ။ ဝယ်၍မရရောင်း၍မရသောအရာဖြစ်သည်။ ငှားယူ၍မရပါ။ လူတိုင်းကို ဘုရားရှင်မှဖြောင့်မတ်သောစာရိတ္တကိုယူတင်ရန် နောက်ဆုံးနာရီအချိန်အထိအခွင့်ပေးထားသည်။ သို့သော်လူတစ်ဦးအတွက်စာရိတ္တကို လူတစ်ဦးအားပေးနိုင်သောအခွင့်ကို ဘုရားရှင်



ခွင့်ပြုတော်မမူပါ။ ကြီးမြတ်သောဆရာ၏သွန်သင်ချက်ကို ကြားရပြီးနောက်ပိုင်းမှာ ထိုအကြောင်းကိုသိရှိသွားသည်။ ထို့ကြောင့် ဒုက္ခဆင်းရဲကာလအတွင်း၌သည်းခံခြင်းပါရမီကိုဖြည့်စွမ်းပေးရသည်။ ယုံကြည်ခြင်းအရာကို လေ့ကျင့်ရသည်။ သို့ဖြစ်၍ တောင်ကြီးကိုပင်ရွှေ့စေနိုင်လိမ့်မည်။’ (Ellen G. White, The Youth’s Instructor, Jan, 16, 1896).

--o--

## သင်ခန်းစာ (၅)
## အပူလွန်ကဲခြင်း
## ဇူလိုင်လ ၂၃ – ၂၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇူလိုင်လ ၂၃ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** က၊ ၂၂။ ဟောရှေ၊ ၂:၁–၁၂။ ယောဘ၊ ၁:၆–၂:၁၀။ ၂ကော၊ ၁၁:၂၃–၂၉။ ဟေရှာယ၊ ၄၃:၁–၇။

### အလွတ်ကျမ်းချက်

**"ထာဝရဘုရားသည် သူ့ကိုနှိပ်စက်ခြင်းငှာအလိုတော်ရှိ၍ နာစေတော်မူ၏။ သူသည်အပြစ်ဖြေသောယဇ်ကိုပူဇော်ပြီးမှ၊ အမျိုးအနွယ်တော်ကိုမြင်ရလိမ့်မည်။ အသက်တော်လည်းရှည်လိမ့်မည်။ ထာဝရဘုရား၏အကြံတော်သည်လည်း သူ၏လက်၌ပြည့်စုံခြင်းသို့ရောက်လိမ့်မည်" (ဟေရှာယ၊ ၅၃:၁၀)။**

နာမည်ကျော်ခရစ်ယာန်စာရေးဆရာကြီး စီအက်စ်လူးဝစ် 'C. S. Lewis' ၏ဇနီးသည်သေဆုံးခါနီးအချိန်မှာ လူးဝစ်သည်စာတစ်ကြောင်းရေးခဲ့ပါသည်။ 'ငါထင်တယ်၊ ငါဘုရားကိုယုံကြည်မှုရပ်လိုက်ရင် အန္တရာယ်အရမ်းကြီးသွားလိမ့်မည်။ အမှန်တကယ်ကြောက်ရွံ့စရာမှာဘုရားသာဖြစ်တယ်။ ဘုရားထက်ကြောက်ရွံ့စရာဘာတစ်ခုမှမရှိပါဘူး။ ဘုရားလည်းထိုကဲ့သို့လိုမျိုးရှိနေပါတယ်' ဟူ၍ဖြစ်သည်။ (A Grief Observed (New York: HarperCollins Publishers, Inc, 1961), p. 6,7.

နာကျင်ခံစားလာရသောအခါမှာ အချို့လူများဘုရားကိုစွန့်ခွာသွားတတ်ကြသည်။ အချို့လူများကလူးဝစ်လိုပင်စုံစမ်းခြင်းရင်ဆိုင်ရလျှင် ယုံကြည်ခြင်းယိုင်လာချင်သည်။ မေးစရာမေးခွန်းတစ်ခုမှာ ဘုရားသည်မိမိ၏လူများအပေါ်



အပူမီးမည်မျှလောင်စေသနည်း။ သူ၏အလိုတော်အကြံအစည်ပြည့်စုံစေရန်ပုံစံသွင်းသည့်အခါ မည်မျှပြင်းပြင်းထန်ထန်စမ်းသပ်သနည်း။ သားတော်နှင့်တူရန်ဖြစ်သည် (ရောမ၊ ၈:၂၉)။

**တစ်ပတ်တာသတိပြုရန်။** ဘုရားသခင်သည် လူတို့နားမလည်နိုင်သောပြင်းထန်သည့်ပူလောင်ခြင်းမျိုးကိုအဘယ်ကြောင့်ပေးရသနည်း။ သူ၏မေတ္တာတော်ကိုသိစေရန်ဖြစ်ပါသလား။ သားတော်၏ပုံသဏ္ဌာန်နှင့်တူညီရန် ဘုရားရှင်သည် လူတို့ကိုပုံသွင်းပေးခြင်းအကြောင်း နားလည်မှုလွဲသွားစေပါသလား။

**တနင်္ဂနွေနေ့** **ဇူလိုင်လ ၂၄ ရက်**

**အာဗြဟံပြင်းထန်စွာစမ်းသပ်ခံရခြင်း**

ကမ္ဘာ၊ ၂၂ ကိုဖတ်ပါ။ အကြောင်းပြချက်လုံးဝမပေးဘဲ ဘုရားသခင်သည်အာဗြဟံအား မိမိ၏သားကိုပူဇော်ခိုင်းသည်။ အာဗြဟံမည်မျှခံစားရမည်ကိုသင်စဉ်းစားကြည့်ပါ။ သန့်ရှင်းတော်မူသောထာဝရဘုရား၌ ဤလုပ်ရပ်သည်လုံးဝမတရားပါ။ အာဗြဟံအနေဖြင့် တစ်ယောက်တည်းသောအမွေခံသားကိုဘုရားကတိတော်မည်သို့ထားခဲ့ကြောင်း ကောင်းစွာသိပါသည်။ သို့သော်ထိုသားကိုပူဇော်ရန်သူလက်ခံခဲ့သည်။ သူ၏သားမရှိတော့လျှင် ကတိတော်သည်လည်းပျက်ပြီးဖြစ်ကြောင်း သူသိနေသည်။

ဘုရားသခင်သည်အာဗြဟံကို သားအားယဇ်အဖြစ်ဇော်ရန်အဘယ်ကြောင့်ခိုင်းခဲ့သနည်း။ ဘုရားရှင်သည်အရာခပ်သိမ်းကိုသိနေပါသည်ဟုဆိုလျှင်သူ၏ရည်ရွယ်ချက်သည်အဘယ်သို့နည်း။

ဘုရားသခင်၏တောင်းဆိုမှုနှင့်သူသတ်မှတ်သောအချိန်သည် လုံးဝမလွဲစေရပါ။ နာကျင်ဆုံးအချိန်အထိသတ်မှတ်ချက်ထားပြီး 'အာဗြဟံကိုဘုရားရှင်စုံစမ်းခဲ့သည်။ နှစ်များစွာဝန်ထုပ်ဝန်ပိုးများကို သူ၏အပေါ်သို့တင်ပေးထားသည်။ အာဗြဟံအနားယူချင်ပါသည်။' (Ellen G. White, Patriarchs and Prophets, p. 147). ထိုသို့အာဗြဟံကိုစမ်းသပ်ခြင်းသည်

မတရားသောလုပ်ရပ်ဖြစ်ပါသလား။ မဟုတ်ပါ။ 'နာကျင်စွာခံစားခဲ့ရသောအချိန်အတိုင်းအတာတစ်လျှောက်လုံးသည် နောက်ဆုံး၌ ဘုရားရှင်ရွေးနုတ်ကယ်တင်နိုင်ကြောင်းကို ကောင်းကောင်းသိရှိသွားစေရန်ဖြစ်သည်။' (Patriarchs and Prophets, p. 154).

စစ်ဆေးမှုကိုပြခြင်းသာဖြစ်သည်။ ဘုရားရှင်သည်အာဗြဟံအား သားကိုအမှန်တကယ်သတ်ပစ်ရန်အခွင့်လုံးဝမပေးပါ။ ဘုရားရှင်၏လုပ်ဆောင်ချက်တိုင်းသည် ကျွန်ုပ်တို့နားလည်ရန်အလွန်အရေးကြီးသည်။ ကျွန်ုပ်တို့ကိုခိုင်းသောအလုပ်ရှိသော်လည်း အဆုံးအထိအခွင့်မပေးသောကိစ္စများစွာရှိပါသည်။ လမ်းဆုံးအထိမသွားကောင်းသောလမ်းကို ဘုရားရှင်သွားခိုင်းခဲ့လိမ့်မည်။ လမ်းဆုံးအထိမရောက်မီ ဘုရားရှင်လမ်းကြောင်းပြောင်းလိုက်ခြင်းလုပ်ရပ်မျိုးများစွာရှိသည်။ အလွန်အရေးကြီးသောကိစ္စရပ်ဖြစ်သည်။ သို့သော် စေခိုင်းခြင်းဖြင့်ကျွန်ုပ်တို့ကိုပြုပြင်သွားပေးကြောင်းကို သင်ခန်းစာရရှိရန်လိုပါသည်။

ဂျူးလူမျိုးများကို ယေရှုစကားတော်မိန့်တော်မူသောအချိန်၌ အာဗြဟံ၏ခံစားခဲ့ရပုံကိုစိတ်ထဲရှိနေလိမ့်မည်။ "သင်တို့အဘအာဗြဟံသည် ငါကြွလာမည့်အချိန်ကာလကိုမြော်မြင်ခြင်းငှာ အလွန်အလိုရှိ၏။ မြင်ရသောအခါ ဝမ်းမြောက်ခြင်းသို့ရောက်သည်ဟုမိန့်တော်မူ၏" (ယောဟန်၊ ၈း၅၆)။ အာဗြဟံကိုစာတန်ကနည်းမျိုးစုံသုံးပြီး ဘုရားရှင်၏အကြံအစည်ကိုတိုက်ခိုက်ပါသော်လည်း အာဗြဟံသည် ဘုရား၏အသံတော်ကိုနားထောင်လိုက်လျှောက်ခဲ့သည်။

ဘုရားရှင်၏အသံတော်ကို သင်မည်သို့သိနိုင်မည်နည်း။ သင့်ကိုဘုရားရှင်စကားပြောကြောင်း သင်မည်သို့သိနိုင်မည်နည်း။ ကိုယ်တော်၏အလိုတော်ကိုသိစေရန် ကိုယ်တော်သည်သင့်ကိုမည်သို့ဆက်သွယ်သနည်း။



**တနင်္လာနေ့** **ဇူလိုင်လ ၂၅ ရက်**

## ထိန်းရခက်သောဣသရေလလူမျိုး

ဟောရှေ၏အကြောင်းသည် ကျွန်ုပ်တို့ကိုသင်ခန်းစာပေးသောအားကောင်းသည့်အကြောင်းအရာတစ်ခုဖြစ်သည်။ ဟောရှေ၏အခြေအနေသည်မှတ်သားလောက်ပါသည်။ သူ၏ဇနီးဂေါမာသည် လင်ကိုပစ်ပြီးအခြားယောကျ်ားများနှင့်ကလေးများရသည့်အထိဖြစ်ပျက်ခဲ့သည်။ လိင်ပိုင်းဆိုင်ရာဖြင့်ခင်ပွန်းအပေါ်သစ္စာမဲ့ခဲ့သည့်တိုင် ဘုရားရှင်ကဟောရှေကို သူ၏မယားဂေါမာအားပြန်၍ခေါ်ရန်စေခိုင်းခဲ့သည်။ သူမကိုနဂိုအတိုင်းပြန်၍ချစ်ရန်အမိန့်ပေးခဲ့သည်။ ယင်းအကြောင်းအရာသည် ဘုရားသခင်နှင့်ဣသရေလတို့အကြားဖြစ်နေသည့်အကြောင်းနှင့်အဓိပ္ပာယ်တူသည်။ ဣသရေလလူမျိုးတို့သည်ဘုရားရှင်ကိုစွန့်ခွာခဲ့သည်။ ဝိညာဉ်ရေး၌ဖောက်ပြန်ကာပြည့်တန်ဆာကဲ့သို့ အခြားဘုရားများနှင့်ဆက်ဆံခဲ့သည်။ သို့သော်ဘုရားရှင်သည် သူတို့ကိုချစ်မြဲချစ်၊ သနားမြဲသနားဆဲဖြစ်သည်။ ဘုရားရှင်၏နည်းလမ်းကိုတစ်ချက်ကြည့်ကြစို့။

ဟောရှေ ၂း၁–၁၂ ကိုဖတ်ပါ။ ဣသရေလလူတို့ကိုမိမိ၏အထံတော်သို့ပြန်၍ဆွဲယူမည့်နည်းလမ်းကို ဘုရားရှင်မည်သို့မိန့်တော်မူသနည်း။ ယင်းအတွေ့အကြုံမျိုးခံစားရသည်မှာ မည်သို့တူနေသနည်း။

ဟောရှေ၊ ၂း၂၊ ၃--------------------------------------

ဟောရှေ၊ ၂း၅–၇--------------------------------------

ဟောရှေ၊ ၂း၈၊ ၉--------------------------------------

ဟောရှေ၊ ၂း၁၀----------------------------------------

ဖော်ပြခဲ့သောဟောရှေ၏အကြောင်း၌ နောင်တရခြင်းအတွက် တွေ့ကြုံရသည့်အရေးကြီးသောအချက်နှစ်ချက်ရှိသည်။ ပထမတစ်ချက်မှာ ဘုရားရှင်ပြုတော်မူသမျှကို ကျွန်ုပ်တို့အမှုမထားခြင်းဖြစ်သည်။ ဣသရေလလူတို့သည်ခက်ခဲကြမ်းတမ်းသောအတွေ့အကြုံရင်ဆိုင်ရသောအခါ ဘုရားရှင်မှကယ်တင်ခြင်းကျေးဇူးကိုလက်ခံရန် အမှုမထားတတ်ကြပါ။ ချွန်ထက်သောဆူးများ

ကျွန်ုပ်တို့လမ်းကိုပိတ်နေခြင်း သို့မဟုတ် ဆူးပတ်လည်ဝိုင်းနေသောနေရာ၌ ရောက်နေခြင်းဖြစ်လျှင် မည်သို့ထွက်ရမည်ကိုမသိနိုင်တော့ပါ (ဟောရှေ၊ ၂း၆)။ ဘုရားရှင်အမှန်ရှိပါသလား။ ကျွန်ုပ်တို့၏အဓိကလိုအပ်ချက်များ ပျောက်ဆုံးစဉ် သို့မဟုတ် အရှက်ခွဲခံရစဉ် (ဟောရှေ၊ ၂း၉၊ ၁၀) ခမည်းတော်ဘုရားရှင်သည် ကျွန်ုပ်တို့၏အလယ်၌ရှိနေပါမည်လား။ အမှန်အတိုင်းခံစားရလျှင် ဘုရားရှင်သည်ကျွန်ုပ်တို့အတွက်အစဉ် နောင်တလမ်းကိုပို့ဆောင်ပေးပါသည်။ အဘယ်ကြောင့်နည်း။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုအလွန်ချစ်သောကြောင့်ဖြစ်သည်။

ဒုတိယအချက်မှာ ကျွန်ုပ်တို့သည် ဘုရားရှင်လုပ်ဆောင်နေမှုအပေါ် နားလည်မှုလွဲမှားသွားသေးသည်။ ဘုရားရှင်လုပ်ဆောင်ပေးနေကြောင်းကို လက်ခံပါသည်။ သို့သော်လုပ်ဆောင်ပေးပုံကိုမနှစ်သက်ကြပါ။ ကျွန်ုပ်တို့ နာကျင်ခံစားရသောအချိန်၌ သို့မဟုတ် အရှက်ခွဲခံရသောအချိန်၌ ဘုရားရှင်ကို အပြစ်တင်ခြင်း၊ ဘုရားရှင်သည်ရက်စက်ခြင်းရှိကြောင်း အလွယ်တကူပင် သတ်မှတ်ကြသည်။ ဝင်ရောက်ကူညီမှုမပြုဟု စွပ်စွဲတတ်ကြသည်။ ဂရုမစိုက်ဟုအပြစ်တင်တတ်ကြသည်။ သို့သော်ဘုရားရှင်သည် အစဉ်အမြဲမိမိ၏မေတ္တာတော်ပဋိညာဉ်ကို အသစ်အသစ်ထပ်မံမြဲမြံစေတတ်သည်။

ဟောရှေ၊ ၂း၁၄–၂၃ ကိုဖတ်ပါ။ ဘုရားရှင်အကြောင်းမည်သို့ ရေးသားထားသနည်း။ သင်သည်ဘုရားရှင်ထံမှထွက်ပြေးသူတစ်ယောက်ဖြစ်နေလျှင် သန့်ရှင်းသောဝိညာဉ်တော်ဘုရားကိုတောင်းခံပါ။ သင်၏အသက်တာတွင် မည်သည့်နေရာ၌ထွက်ပြေးနေသနည်း။ သင်ချွတ်ချော်နေသောအချက်ကို သိနေလျက် အဘယ်ကြောင့်ပြင်းပြင်းထန်ထန်စစ်ကြောခြင်းကိုခံရမည်နည်း။ ဘုရားရှင်ထံယခုပင်အပ်နှံရန် သင့်ကိုမည်သည့်အရာကရပ်တန့်ပေးပါသနည်း။



## အင်္ဂါနေ့ ဇူလိုင်လ ၂၆ ရက်

## ဝတ်ပြုခြင်းဖြင့်အသက်ရှင်သည်

ယောဘ၊ ၁း၆–၂း၁၀ ကိုဖတ်ပါ။ ယောဘ၏ဒုက္ခကိုမည်သည့်အရာကဖြစ်စေသနည်း။

အံ့ဩဖွယ်အကြောင်းအချို့ရှိသည်။ ကောင်းကင်တမန်တို့သည် ဘုရားရှင်၏ရှေ့တော်မှောက်သို့လာသောအခါ စာတန်သည်လည်း ရောယောင်ကာဝင်လာခဲ့သည်။ စာတန်ကိုဘယ်ကလာသည့်အကြောင်း ဘုရားရှင်မေးခဲ့သည်။ “စာတန်ကလည်း မိမိသည်မြေကြီးပေါ်မှာလှည့်လည်၍ အရပ်ရပ်သွားလာခြင်းအမှုထဲကလာပါသည်ဟု ပြန်လျှောက်လေ၏” (ယောဘ၊ ၁း၇)။ ထိုနောက်မှာဘုရားရှင်သည် မေးခွန်းတစ်ခုကိုမေးခဲ့သည်။ ‘ငါ့ကျွန်ယောဘကိုဆင်ခြင်ပြီလော’ (ယောဘ၊ ၁း၈)။ မေးခွန်းမှာရိုးရိုးလေးသာဖြစ်သည်။ မထူးဆန်းပါ။ ထူးဆန်းသူမှာမေးခွန်းမေးသူဖြစ်သည်။ ယောဘကိုစမ်းသပ်ရန် စာတန်အဆိုပြုခဲ့ခြင်းမဟုတ်ပါ။ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ နောက်ဆက်တွဲဖြစ်လာမည့်အခြေအနေကိုသိနေပါသည်။ ဘုရားရှင်သည် တမင်သက်သက်ပင်ယောဘကို စာတန်သတိပြုမိရန်တွေ့ပေးခြင်းဖြစ်သည်။ စာတန်သည်မြေကြီးသို့ပြန်လာသည်နှင့် ယောဘသည်သောကပူပင်အပြင်းအထန်ခံရမည်ကိုလုံးဝမသိခဲ့ရသော်လည်း ခံရပြီဖြစ်သည်။ ပြဿနာမှာအလွန်ရှင်းလှပါသည်။ ဘုရားရှင်လုပ်ဆောင်ခြင်းမဟုတ်ပါ။ စာတန်၏လက်ချက်ပင်ဖြစ်သည်။ ယောဘ၏ရှိသမျှပိုင်ဆိုင်သမျှပစ္စည်းအားလုံးကို စာတန်ဖျက်ဆီးပစ်ရန် ဘုရားရှင်အခွင့်ပေးလိုက်ခြင်းဖြစ်သည်။ သားသမီးအပါအဝင် ကိုယ်ကာယကျန်းမာခြင်းအားလုံးကိုဖျက်ဆီးပစ်လိုက်သည်။ ဘုရားရှင်သည်ယောဘကို ဒုက္ခခံရစေရန်အခွင့်ပေးခြင်းမှန်လျှင် စာတန်နှင့်မည်သို့ကွာခြားမည်နည်း။ ဒုက္ခကိုဖန်တီးပေးသူဖြစ်နေခြင်းအတူတူပင်ဖြစ်နေပါသလား။ ယောဘကို ဒုက္ခဆင်းရဲခြင်းပေးတွေ့စေသောဘုရားသည် ဖြောင့်မတ်သန့်ရှင်းပါသည်ဟု အဘယ်သို့ဆိုနိုင်မည်နည်း။ ယင်းပြဿနာသည်အထူးကိစ္စရပ်ဖြစ်ပါသည်။ ထိုကဲ့သို့လိုမျိုးပင် ယနေ့ဘုရားရှင်သည် ကျွန်ုပ်တို့ကိုရင်ဆိုင်စေပါသလား။

ယောဘ၊ ၁း၂၀၊ ၂၁ ၌ စုံစမ်းခြင်းကိုယောဘမည်သို့တုံ့ပြန်ခဲ့သနည်း။

------------------------------------------------

------------------------------------------------

ဒုက္ခကိုလမ်းနှစ်သွယ်ဖြင့်ရင်ဆိုင်တုံ့ပြန်နိုင်သည်။ ဒုက္ခရောက်သော အချိန်၌ ခါးသီးစွာစိတ်ဆိုးခံပြင်းနိုင်သည်။ ဘုရားရှင်ကိုကျောခိုင်းသွားကာ ရက်စက်သောဘုရား သို့မဟုတ် ဘုရားမရှိဟုလည်းယုံကြည်နိုင်သည်။ သို့တည်းမဟုတ် ဘုရားရှင်ကိုတွယ်ဖက်ကာ တင်းကျပ်စွာယာကုပ်ကဲ့သို့ ဆွဲထားနိုင်သည်။ ယောဘသည်မိမိ၏ဒုက္ခကို ဘုရားရှင်နှင့်အတူမြဲစွာရင်ဆိုင် လျက် ကိုယ်တော်ကိုသာကိုးကွယ်၍ ရှေ့တော်မှမခွာမြဲမြဲလျက်ရှိသည်။

ယောဘ၊ ၁း၂၀၊ ၂၁ ၌ ဒုက္ခရောက်စဉ်ကူညီမစမှုရရှိရန် ကိုးစား ခြင်းကိုပြုလျက် အကြောင်းသုံးမျိုးကိုမျှော်လင့်တတ်ကြသည်။ ပထမဦးဆုံးယောဘ သည် မိမိအကူအညီမဲ့နေသည်ကို လက်ခံသတိပြုမိသည်။ အခြားအားကိုး စရာမရှိတော့ကြောင်းကိုလည်းသိရှိနေသည်။ "အဝတ်မပါဘဲ အမိဝမ်းထဲသို့ ပြန်သွားရတော့မည်" (ယောဘ၊ ၁း၂၁)။ ဒုတိယအချက်မှာ ယောဘသည် ဘုရားရှင်အရာခပ်သိမ်းကိုထိန်းချုပ်ထားကြောင်း လက်ခံထားသည်။ "ထာဝရ ဘုရားပေးတော်မူ၏။ ထာဝရဘုရားလည်းရုပ်သိမ်းတော်မူ၏" (ယောဘ၊ ၁း၂၁)။ တတိယအချက်မှာ ယောဘနိဂုံးအဆုံးသတ်ထားသော သူ၏ခံယူယုံကြည်ချက် မှာ ဘုရားရှင်၏ဖြောင့်မတ်ခြင်းကို အစဉ်ယုံကြည်သည့်အချက်ဖြစ်သည်။ "ထာဝရဘုရား၏နာမတော်သည် မင်္ဂလာရှိပါစေသတည်း" (ယောဘ၊ ၁း၂၁)။

သင်ဒုက္ခနှင့်ရင်ဆိုင်ရပါသလား။ ယောဘအသုံးပြုသောနည်းလမ်း အတိုင်းရင်ဆိုင်လျှင် သင့်ကိုအကူအညီအမှန်ပေးမည်ဟု ယုံကြည်ပါသလား။

**ဗုဒ္ဓဟူးနေ့ — ဇူလိုင်လ ၂၇ ရက်**

### "မျှော်လင့်ခြင်းနှင့် အသက်ရှင်ခြင်း

"မခံနိုင်အောင်အတိုင်းထက်အလွန်လေးသော ဆင်းရဲခံရကြောင်းကို သင်တို့မသိဘဲနေစေခြင်းငှာ ငါတို့အလိုမရှိ။ ငါတို့သည် မိမိကိုယ်ကိုအစဉ်



မကိုးစားဘဲ၊ သေသောသူတို့ကိုထမြောက်စေတော်မူသောဘုရားသခင်ကို ကိုးကွယ် မည်အကြောင်း သေစေဟုစီရင်ခြင်းကို ကိုယ်တိုင်ခံရသကဲ့သို့ဖြစ်၏" (၂ကော၊ ၁း၈၊ ၉)။

တမန်တော်ကြီးကိုဘုရားရှင်ရွေးကောက်တော်မူသကဲ့သို့ ရှင်ပေါလု သည်သာမန်လူများထက် ဒုက္ခခံခဲ့ရသည်။ ရှင်ပေါလုသည်မဆုတ်မနစ် ဘုရားရှင်ကိုသာလျှင်ချီးမွမ်းခဲ့သည်။ ၂ကော၊ ၁၁း၂၃-၂၉ မှရှင်ပေါလုခံခဲ့ရ သောအခက်အခဲမျိုးစုံကိုဖတ်ပါ။ ယခုမှာ ၂ကော၊ ၁း၃-၁၁ ကိုဖတ်ပါ။

၂ကော၊ ၁း၄ တွင် ရှင်ပေါလုသည် ဘုရားရှင်ထံမှသနားခြင်းနှင့် နှစ်သိမ့်မှုရရှိကြောင်း 'ကိုယ်တိုင်သက်သာခြင်းရှိသကဲ့သို့၊ ဆင်းရဲခြင်းအမျိုးမျိုး ကိုခံရသောသူတို့အား သက်သာစေနိုင်မည့်အကြောင်း၊ ဆင်းရဲခြင်းအမျိုးမျိုးတို့၌ ဘုရားသခင်သည်ငါတို့အားသက်သာစေတော်မူ၏' မည်သည့်အကြောင်းကြောင့် ဒုက္ခဆင်းရဲခြင်းသည် အမှုတော်ဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ခြင်းအကြောင်း တစ်ခုအဖြစ်အသုံးပြုရသနည်း။ ကျွန်ုပ်တို့ယင်းကိစ္စနှင့်ပတ်သက်၍ အဘယ် ကြောင့်နိုးနိုးကြားကြားရှိရမည်နည်း။

ဘုရားသခင်သည်နာကျင်မှုကိုအသုံးပြုပြီး ကျွန်ုပ်တို့အမှုတော်တွင် ပါဝင်လာရန်ဖန်တီးတတ်သည်။ အဓိပ္ပာယ်မှာကျွန်ုပ်တို့ဦးစွာခံစားရမည်။ ထိုနောက် နာကျင်စွာခံစားရသူများကို ကိုယ်ချင်းစာနာနိုင်သည်။ ထိုသူများကိုအားပေး နှစ်သိမ့်နိုင်မည်။ အပြောသက်သက်မဟုတ် ခံစားခဲ့ရဖူးသည့်အကြောင်းဖြစ်သည်။ ကျွန်ုပ်တို့ခံစားဒုက္ခရောက်ခဲ့စဉ် ဘုရားရှင်ကိုယ်တော်တိုင်နှစ်သိမ့်ပေးခဲ့သည်။ ထိုနည်းလမ်းစည်းကမ်းချက်သည် ယေရှုရှင်ထံမှလာသည် (ဟေဗြဲ၊ ၄း၁၅)။

ရှင်ပေါလုသည်ခံရသောဒုက္ခဆင်းရဲခြင်းအကြောင်းကြောင့် ကျွန်ုပ်တို့ ဝမ်းနည်းကြေကွဲနေစရာမလိုကြောင်း၊ အကျပ်အတည်းထဲ၌ ကျွန်ုပ်တို့ရောက်နေ ကြောင်းကိုသာသိစေသောသဘောဖြစ်သည်။ ထိုအချိန်မှာပင်အဖခမည်းတော်သည် ကြားဝင်ဖျန်ဖြေပေးကာ နှစ်သိမ့်အားပေးကရုဏာတော်ဖော်ပြပေးလျက်ရှိသည်။

ကျွန်ုပ်တို့၏အသက်တာကို စိတ်ပျက်ရချိန်ပင်ရှိနိုင်ပါသည်။ အသတ်ခံရမည့်အချိန်ရှိလာနိုင်သည်။ သို့သော်မကြောက်ကြနှင့်။ ဘုရားရှင်သည် သူ့အားကိုးစားမှီခိုရန်သွန်သင်ပေးနေပါသည်။ ကိုယ်တော်ကိုကိုးစားယုံကြည်နိုင်ပါသည်။ အဘယ်ကြောင့်နည်း။ "လူသေကိုပင်ရှင်ပြန်စေနိုင်သောဘုရားဖြစ်သည်" (၂ကော၊ ၁း၉)။

ရှင်ပေါလုသည် ဇဝံဂေလိကိုဟောပြောရန်သာမျက်ခြည်စိုက်လျက် ဘုရားရှင်သည် သူ့ကိုကယ်တင်ပေးမည်ကို အနာဂတ်အတွက်ကြိုတင်တွေးဆထားသည်။ ရှင်ပေါလုအနေဖြင့်ခိုင်မြဲစွာရပ်တည်နိုင်သောအကြောင်းသုံးချက်ကိုရှင်းပြခဲ့သည်။ ၂ကော၊ ၁း၁၀၊ ၁၁။ ပထမဦးဆုံးအနေဖြင့် ဘုရားသခင်သည် မှတ်တမ်းမှတ်ရာသက်သေပြချက်ထားရှိသည်။ ထိုဘုရားသခင်သည် "ငါတို့ကိုထိုမျှလောက်ကြီးစွာသောသေဘေးမှကယ်လွှတ်တော်မူပြီ။ ယခု၌လည်းကယ်လွှတ်တော်မူသေး၏ (၂ကော၊ ၁း၁၀)။ ဒုတိယအချက်၊ ရှင်ပေါလုသည် ဘုရားရှင်ကိုသာ အာရုံစိုက်မည်ဟုစိတ်ဆုံးဖြတ်သည်။ "ကိုယ်တော်၌ငါတို့သည် မျှော်လင့်လျက် ယခု၌လည်းကယ်လွှတ်တော်မူသေး၏" (၂ကော၊ ၁း၁၀)။ တတိယအချက်၊ သန့်ရှင်းသူတို့သည် အစဉ်အမြဲပတ္ထနာပြုလျက်ရှိသည်။ "သင်တို့သည်ကူညီ၍ ငါတို့အဖို့ဆုတောင်းသည်" (၂ကော၊ ၁း၁၁)။

သင်ရုန်းကန်ရသောဒုက္ခဆင်းရဲခြင်းမှ ရှင်ပေါလုခံစားရသောဒုက္ခများကိုသင်ခန်းစာယူကာ သင့်ကိုမည်သို့အကူအညီပေးနိုင်သနည်း။

## ကြာသပတေးနေ့ — ဇူလိုင်လ ၂၈ ရက်

## အပူလွန်ကဲခြင်း

ယခုကွာတာလေ့လာချက်များမှ ဘုရားရှင်သည် ပြင်းထန်သောစစ်ကြောခြင်းနှင့်အတူ ကျွန်ုပ်တို့၏အသက်တာကိုဖြူစင်စေရန်နှင့် ခရစ်တော်နှင့်တူစေရန်ပြုလုပ်ပေးသော သင်ခန်းစာများစွာကိုသင်ယူကြရသည်။ အချို့သူများသည် ယင်းကိစ္စအတွက် ဘုရားရှင်ကိုအထင်မှားပြစ်တင်ကြသည်။ 'ငါတို့ကို



ကောင်းစေချင်လို့ ဘုရား ဒုက္ခကိုရင်ဆိုင်စေခြင်းသည်မှန်ပါသည်။ သို့သော်မေတ္တာမပါဘူး' ဟုဝေဖန်တတ်ကြသည်။ ဘုရားရှင်ကကြမ်းတမ်းသည်ဟုပေါ်လွင်နေပါသည်။ 'ခက်ခဲမှုအချိန်ကို ဘုရားရှင်ရင်ဆိုင်စေပါသည်။ သို့သော်ကျွန်ုပ်တို့မည်သို့လုပ်ဆောင်နိုင်မည်နည်း' စသည်ဖြင့်ပြောဆိုလေ့ရှိသည်။

အပြစ်ကမ္ဘာပေါ်နေထိုင်စဉ်မှာဖြစ်ပျက်သမျှအကြောင်းကို အနည်းအကျဉ်းသာနားလည်နိုင်ပါမည်။ ကောင်းကင်နိုင်ငံတော်ရောက်ရှိသွားမှသာ အလုံးစုံကိုနားလည်နိုင်ပါမည် (၁ကော၊ ၄း၅။ ၁ကော၊ ၁၃း၁၂)။ သို့သော် ယခုတွင် ဘုရားရှင်၏ကွယ်ကာစောင်မခြင်း၊ အတူအမြဲရှိခြင်းကိုယုံကြည်နေကြရမည်။ အချိန်တိုင်းမကောင်းခြင်းကိုခံစားရသော်လည်း ဘုရားရှင်ကိုသာမျှော်လင့်နေရပါမည်။ ယင်းအချက်ကိုဟေရှာယပုရောဖက်မှ ကောင်းစွာဖွင့်ဟသွန်သင်ခဲ့သည်။

ဟေရှာယ၊ ၄၃း၁–၇ ကိုဖတ်ပါ။ အခန်းငယ် ၂ တွင် ဘုရားရှင်မိန့်တော်မူသည်မှာ သူ၏လူတို့သည်ရေကိုဖြတ်၍ မီးကိုကျော်နင်းသွားကြရမည်ဟုဖော်ပြထားသည်။ လွန်ကဲသောအန္တရာယ်ချိုင့်ဝှမ်းပင်ဖြစ်သည်။ ပင်လယ်နီနှင့်ယော်ဒန်မြစ်ကိုဖြတ်ကူးကြရမည့်အကြောင်း စကားရိပ်စကားသန်းကိုကြို၍မိန့်တော်မူခဲ့ခြင်းဖြစ်ဟန်ရှိသည်။ ကြောက်မက်ဖွယ်သောအချိန်ဖြစ်သည်။ မည်သည့်ကတိတော်မျိုးကို သင်တောင်းဆိုနိုင်သနည်း။

________________________________________________

________________________________________________

ဘုရားရှင်သည် ကျွန်ုပ်တို့ကို ပြင်းထန်သောစစ်ကြောခြင်းကိုပေးရခြင်းအကြောင်းနည်းလမ်းသုံးသွယ်ဖြင့် အကျဉ်းချုပ်သင်ယူနိုင်ပါသည်။ ပထမနည်းမှာ ဘုရားရှင်၏လွန်ကဲသောအပူသည် ကျွန်ုပ်တို့ကိုပျက်စီးစေသည်မဟုတ်ပါ။ အပြစ်ကိုသာပျက်စီးသွားစေသည်။ ဒုတိယနည်းမှာ ဘုရားရှင်၏ပူပြင်းသောစစ်ကြောခြင်းသည် ကျွန်ုပ်တို့ကိုနစ်နာစေလိုခြင်းမဟုတ်၊ သန့်ရှင်းဖြူစင်လိုခြင်း

ဖြစ်သည်။ တတိယနည်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဂရုစိုက်ကြည့်ရှုတော်မူသည်။ မည်သည့်နည်းနှင့်မျှကျွန်ုပ်တို့ကိုစွန့်ပစ်မထားပါ။ သေချာပါသည်။

ဖော်ပြပါကျမ်းချက်များသည် ဘုရားရှင်၏စာရိတ္တတော်ကို မည်သို့သင်ကြားပေးသနည်း။ (ဆာလံ၊ ၁၀၃း၁၃၊ ၁၄။ မဿဲ၊ ၂၈း၂၀။ ၁ကော၊ ၁၀း၁၃။ ၁ပေ၊ ၁း၇) အဆိုပါကျမ်းချက်များမှ သင်၏ဘဝအတွက်မည်သို့မြည်းစမ်းခဲ့ဖူးသနည်း။

**သောကြာနေ့** **ဇူလိုင်လ ၂၉ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, “The Test of Faith,” pp. 145-155 in Patriarchs and Prophets; “Praise Ye the Lord,” pp. 315-319 in Testimonies for the Church, vol. 5 ကိုဖတ်ပါ။

‘ဘုရားရှင်သည်မိမိလူတို့ကို မီးဖိုထဲသို့ထည့်၍စစ်ကြောသန့်စင်စေသည်။ ခရစ်ယာန်၏စာရိတ္တအတွက် ရွှေစစ်သကဲ့သို့စစ်ကြောသန့်စင်ပေးခြင်းဖြစ်သည်။ ယေရှုသည်ထိုစမ်းသပ်မှုကိုသိမြင်တော်မူသလို သတ္တုကိုသန့်စင်ရန်လိုအပ်ကြောင်းသိရှိသည်။ ကိုယ်တော်၏မေတ္တာတော်ကို ရောင်ပြန်ဟပ်စေသောအကြောင်းဖြစ်မည်။ ဘုရားသခင်၏နည်းဥပဒေသများကို ကိုယ်တော်သည် မိမိ၏အစေခံများအား အနီးကပ်သိရှိစေရန်စစ်ကြောပေးနေခြင်းဖြစ်သည်။ အမှုတော်အတွက် ထိုသို့စစ်ကြောခြင်းပြုလျှင် အချို့သူတို့အတွက် ပို၍အားအင်တန်ခိုးဖြစ်စေကြောင်းကို ကိုယ်တော်သိတော်မူသည်။ ထိုသူတို့သည်လည်းစုံစမ်းခြင်းနှင့်ရင်ဆိုင်စေပါသည်။ ထိုသူများ၏လုပ်ဆောင်မှုအတွက် စာရိတ္တကိုစစ်ကြောပေးခြင်းဖြစ်သည်။ သူတို့၏အားနည်းချက်ကိုထောက်၍ ကိုယ်တော်ကိုမှီခိုတတ်ရန်သင်ကြားပေးသည်။ ထိုသို့ပြုခြင်းဖြင့်သူတို့သည် ဉာဏ်ပညာ၊ သင်ကြားမှု၊ စည်းကမ်းနှင့်သူတို့လုပ်ဆောင်ရမည့်အလုပ်ကို အောင်မြင်သည့်



အထိ လုပ်ဆောင်သွားစေသောတန်ခိုးကိုရရှိကြသည်။’ (Ellen G. White, Patriarchs and Prophets, pp. 129, 130).

“ဘုရားရှင်ကိုယ်တိုင်ပြင်ဆင်ပေးသော စစ်ကြောစုံစမ်းခြင်းမျိုးကို ကျွန်ုပ်တို့ရင်ဆိုင်ရလျှင် ကပ်တိုင်ကိုလက်ခံပြီး ခါးသီးစွာသောခွက်ဖလားကိုသောက်ရပါမည်။ ကျွန်ုပ်တို့၏နှုတ်ကို ခမည်းတော်၏လက်တော်သည် တို့ထိပေးကြောင်းကိုသတိရပါ။ အလင်း၌ကိုယ်တော်ကိုယုံကြည်အားကိုးသကဲ့သို့အမှောင်ထဲ၌လည်းကိုယ်တော်ကိုအားကိုးပါ။ ကိုယ်တော်ပေးသမျှသောစစ်ကြောခြင်းသည် ကျွန်ုပ်တို့အတွက်အကျိုးဟူ၍သာမှတ်ယူပါသလား။ ------- ဒုက္ခကြမ်းတမ်းသောညအမှောင်၌ပင် ကျွန်ုပ်တို့စိတ်နှလုံးကိုလည်းကောင်း၊ အသံကိုလည်းကောင်း လွှင့်၍ချီးမွမ်းခြင်းအမှုကိုပြုနိုင်ပါသည်။ အကယ်၍ ကပ်တိုင်ထက်မှမေတ္တာတော်၏တန်ဖိုးကိုနားလည်မည်ဆိုလျှင် ကိုယ်တော်ကိုအစဉ်ချီးမွမ်းမည်ဖြစ်သည်’ (Ellen G. White, Testimonies for the Church, vol. 5, p. 316).

--ooo--

## သင်ခန်းစာ (၆)
## စွမ်းအင်အားလုံးနှင့်လုံးပန်းရခြင်း
## ဇူလိုင်လ ၃၀ – ဩဂုတ်လ ၅

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇူလိုင်လ ၃၀ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယောဟန်၊ ၁၆း၅–၁၅။ ကောလောသဲ၊ ၁း၂၈၊ ၂၉။ ၁ပေ၊ ၁း၁၃။ မဿဲ၊ ၅း၂၉။ က၊ ၃၂။

**အလွတ်ကျမ်းချက်**

**"ထိုသို့အလိုငှာ ငါသည်အမှုဆောင်ရွက်၍၊ ငါ၌တန်ခိုးတော်ပြုပြင်အားထုတ်တော်မူသည်အတိုင်း ကြိုးစားအားထုတ်လေ့ရှိ၏" (ကောလောသဲ၊ ၁း၂၉)။**

အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့သည် အင်တာဗျူးစားပွဲ၌ အတူထိုင်နေကြသည်။ နှစ်ဦးလုံးသည်သားသမီးအသတ်ခံရသောအတွေ့အကြုံရှိခဲ့သူများဖြစ်သည်။ အမျိုးသမီးကြီး၏သားသည် လွန်ခဲ့သောနှစ် ၂၀ ၌ အသတ်ခံရသည်။ ယနေ့တိုင်ခါးသီးစွာနာကြည်းခံစားနေရသည်။ ဒေါသထွက်ဆဲဖြစ်သည်။ အမျိုးသားမှာမူယင်းကဲ့သို့မဟုတ်၊ လွန်ခဲ့သောနှစ်အနည်းငယ်မျှသာ၊ သူ၏သမီးကို အကြမ်းဖက်သူတို့ကသတ်ပစ်ခြင်းကိုခံခဲ့ရသည်။ သူသည် လူသတ်သမားများကို ခွင့်လွှတ်ခြင်းအကြောင်းနှင့် ဘုရားရှင်က သူ၏နာကျင်ခြင်းကို မည်သို့ပြောင်းလဲပေးကြောင်းသက်သေခံသည်။ အလွန်နာကြည်းဖွယ်ကိစ္စဖြစ်နေသော်လည်း အမျိုးသားကြီးသည် ဘုရားရှင်၏ကုသပေးခြင်းကြောင့် အမှောင်ထုကိုကျော်ဖြတ်ကာ အသက်တာအလင်းတန်းကို ပြန်လည်ရရှိကြောင်း သက်သေခံသည်။

ယင်းပုဂ္ဂိုလ်နှစ်ဦး၏တုံ့ပြန်ချက်သည် အဘယ်ကြောင့်အလွန်ကွာဟနေသနည်း။ ခရစ်ယာန်အသက်တာကို ဝိညာဉ်ရေးရာအမှုများက မည်သို့





ပြောင်းလဲပေးစေနိုင်သနည်း။ ပြင်းထန်သောစစ်ကြောခြင်းကိုကျော်ဖြတ်ကာ ရင့်ကျက်သောအသက်တာဖြင့် အဘယ်ကြောင့်တည်ငြိမ်စွာလျှောက်လှမ်းနိုင်သနည်း။

**တစ်ပတ်တာသတိပြုရန်။** အပြစ်နှင့်အတ္တကိုရင်ဆိုင်နေရစဉ် ကျွန်ုပ်တို့၏ဆန္ဒနှင့်ဆန္ဒတန်ခိုးသည် အဘယ်မျှအရေးကြီးသနည်း။ ခံစားရသောအကြောင်းအတွက်ဆုံးဖြတ်ချက်သည် အမှားကိုရှောင်ကြဉ်နိုင်ပါသလား။ စစ်ကြောခြင်းခံရလျှင် လက်မြှောက်အရှုံးပေးရန်မဟုတ်၊ တောင့်ခံထားရမည်ဖြစ်ကြောင်းသတိပြုရန်လိုအပ်ပါသလား။

**တနင်္ဂနွေနေ့** **ဇူလိုင်လ ၃၁ ရက်**

**သမ္မာတရား၏သဘော**

"ဘုရားရှင်ကောင်းချီးချပေးတော်မူပါ" ဟူ၍သင်ဆုတောင်းဖူးပါသလား။ သို့သော်အနည်းငယ်သာပြောင်းလဲမှုတွေ့ရခြင်းရှိပါသလား။ ကြီးစွာသောပြောင်းလဲမှုတန်ခိုးရရှိရန် မည်သို့ဆုတောင်းနေသော်လည်း ကျွန်ုပ်တို့၏အသက်တာပြောင်းလဲမှုမရှိကြောင်း မြင်ရသည်ဟုထင်နေပါသလား။ ဘုရားရှင်၌သဘာဝလွန်တန်ခိုးရှိ၍ ကျွန်ုပ်တို့ကိုချပေးနိုင်ကြောင်း ကျွန်ုပ်တို့သိနေပါသည်။ ထိုကောင်းချီးအားလုံးကိုလည်း ကျွန်ုပ်တို့လိုချင်ကြပါသည်။ သို့သော်လည်း ဘုရားရှင်၏ကောင်းချီးနှင့်ကိုက်ညီသောအသက်တာကိုပင် ကျွန်ုပ်တို့ပြောင်းလဲနေထိုင်ခြင်းမပြုကြ။

အဘယ်ကြောင့်နည်း။ အကြောင်းရင်းတစ်ခုသာရှိသည်။ ဝိညာဉ်တော်သည်အကန့်အသတ်မဲ့တန်ခိုးတော်ရှိနေပါလျက် ကျွန်ုပ်တို့ကိုလည်းပြောင်းလဲပေးနိုင်သောတန်ခိုးရှိသည်။ လိုအပ်သည်မှာ ကျွန်ုပ်တို့၏ရွေးချယ်မှုပင်ဖြစ်သည်။ အလွန်အရေးကြီးပါသည်။

ယောဟန်၊ ၁၆း၅–၁၅ ကိုဖတ်ပါ။ ကျမ်းချက်မှယေရှုရှင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို 'သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်' ဟုခေါ်သည်

(ယောဟန်၊ ၁၆း၁၃)။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အပေါ်မည်သို့လုပ်ဆောင်မှုပြုနေသနည်း။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အပြစ်နှင့်ပြည့်ဝနေသော်လည်း သမ္မာတရားကိုယူဆောင်လာပေးသည်။ သို့သော်ကျွန်ုပ်တို့နောင်တရရန်သူမကူညီမလုပ်ဆောင်နိုင်ပါ။ ဘုရားရှင်၏အကြီးမြတ်ဆုံးသောသမ္မာတရားကိုပြသပေးနိုင်ပါသည်။ သို့သော်အတင်းအကျပ်လိုက်လျှောက်ရန်၊ ယုံကြည်ရန်ကိုမူ သူမလုပ်ဆောင်နိုင်ပါ။ အလွယ်ကူဆုံးနည်းလမ်းကို ဘုရားရှင်ပြပေးနေသော်လည်း ကျွန်ုပ်တို့လွတ်လပ်သောဆန္ဒကိုပေးထားသောကြောင့် ကျွန်ုပ်တို့ဆုံးရှုံးနိုင်ပါသည်။ ကျွန်ုပ်တို့၏အသိစိတ်နှင့်စိတ်နှလုံးကို ဘုရားရှင်အတင်းအကျပ်စေခိုင်းလျှင်လည်း စာတန်သည်အပြစ်တင်မည်မှာအမှန်ပင်ဖြစ်သည်။ အမှားနှင့်အမှန်တိုက်ပွဲကြီး၌ ဘုရားရှင်ကိုအပြစ်တင်နေအုံးမည်ဖြစ်သည်။ ကောင်းကင်မှပေါက်ကွဲလာသောမဟာတိုက်ပွဲကြီးသည် ခမည်းတော်ဘုရားရှင်အနေဖြင့် သူ၏သဘောနှင့်ပတ်သက်သော မကျေနပ်မှုတစ်စုံတစ်ရာကိုမပြော။ စာတန်ကိုနှင်ထုတ်ခြင်းမရှိ။ ကောင်းကင်တမန်များကိုသွန်သင်ခြင်းမရှိ။ မိမိကိုယ်ကိုကောင်းမြတ်သောကြောင့် ကောင်းကင်တမန်များ ပြန်လည်နောင်တရရန်ကို အတင်းအကျပ်လည်းမပြုခဲ့ပါ။ ဧဒင်ဥယျာဉ်တော်အတွင်း၌ ဘုရားရှင်သည်တစ်ဖန်အမှားနှင့်အမှန်ကိုသတ်မှတ်သောအပင်၊ ထိုဥယျာဉ်အလယ်၌ထားရှိခြင်းမှာအလွန်ပင်ရှင်းလင်းလှသည်။ အာဒံနှင့်ဧဝတို့၏ လွတ်လပ်စွာရွေးချယ်ခြင်းကိစ္စကို ကန့်သတ်မှုမရှိ။ စားလျှင်စား၊ စားလျှင်သေမည်ဟုသာသတိပေးထားသည်။ ယနေ့ခေတ်သည်လည်း ယင်းအတိုင်းပင်ဖြစ်သည်။ ဝိညာဉ်တော်သည် ဘုရားရှင်၏သမ္မာတရားကိုဖော်ပြပေး၍ သတိပေးနေသည်မှာ 'ယနေ့ငါပြပေးထားသောအမှန်တရားနှင့်ပတ်သက်၍ သင်၏ရွေးချယ်မှုမည်သို့ရှိမည်နည်း' ဟူ၍သာရှိသည်။

ကျွန်ုပ်တို့ပြင်းပြင်းထန်ထန်စစ်ကြောခံရစဉ် တစ်ခါတစ်ရံမှာကျွန်ုပ်တို့နာခံမှုပျက်ကွက်၍လည်းကောင်း၊ နောင်တရခြင်းမရှိ၍လည်းကောင်း ဖြစ်သည်။



ဘုရားရှင်၏တန်ခိုးတော်သည် ကျွန်ုပ်တို့ကိုပြောင်းလဲခြင်းပြုရန်ကို ကျွန်ုပ်တို့အခွင့်မပေးခြင်းကြောင့်ဖြစ်သည်။

လောလောလတ်လတ် ဝိညာဉ်တော်သည် သမ္မာတရားအကြောင်းမည်သို့သွန်သင်နေသနည်း။ သူ၏စကားတော်ကိုနာခံရန် မည်မျှသင့်လျော်သနည်း။ နောင်တရ၍သင့်အနေဖြင့် မည်သို့သောလွတ်လပ်သည့်ရွေးချယ်မှုမျိုးကိုပြုလုပ်မည်နည်း။

**တနင်္လာနေ့** **ဩဂုတ်လ ၁ ရက်**

## ဘုရားနှင့်လူပေါင်းစပ်ခြင်း

သင်အောင်မြင်မှုရရှိသောအကြီးမားဆုံးသောအရာသည် မည်သည့်အရာဖြစ်သနည်း။ မည်သည့်အခွင့်အရေးမဆို သင်အိပ်ရာထဲလူးလိမ့်နေရင်းရရှိလာသည်မဟုတ်ပါ။ တစ်ခုခုကိုလိုချင်လျှင် အချိန်ယူ၍ကြိုးစားအားထုတ်ကြရသည်။ ခရစ်တော်၏တပည့်တော်ဖြစ်ခြင်းအရာ၌ ကွာခြားမှုမရှိလှပါ။

ကောလောသဲ၊ ၁း၂၈၊ ၂၉ ကိုဖတ်ပါ။ ရှင်ပေါလုသည် ဘုရားရှင်၏လုပ်ဆောင်တော်မူခြင်းအကြောင်းကိုရေးသားရာ၌ မည်သည့်အပိုင်းတွင် လူသားများပါဝင်ရမည့်အကြောင်းကို ရေးသားပေးထားသည်။ (တရား၊ ၄း၄) ကိုလည်းဖတ်ပါ။ လုကာ၊ ၁၃း၂၄။ ၁ကော၊ ၉း၂၅။ ဟေဗြဲ၊ ၁၂း၄။

________________________________________________

________________________________________________

ကောလောသဲ၊ ၁း၂၉ ၌ ဘုရားရှင်နှင့်ရှင်ပေါလု၏မိတ်သဟာယဖွဲ့ပုံအကြောင်းစိတ်ဝင်စားဖွယ်မြင်တွေ့ရသည်။ သူသည်လုံးပန်းနေရသည်ဟုဆိုသော်လည်း ဘုရားသခင်၏တန်ခိုးတော်ဖြင့်သာ ရုန်းကန်နေရသည်ဟုသက်သေခံထားသည်။

'လုပ်ဆောင်သည်' ဟုဆိုသောစကားလုံးသည် 'သောကကိုကြီးစေသည်' 'တောက်လောင်ခြင်းအမှတ်ရောက်အောင်လုပ်သည်' ဟုအဓိပ္ပာယ်ရှိသည်။ ယင်းစကားကို အားကစားသမားများလေ့ကျင့်ရာ၌အသုံးပြုကြသည်။ 'ရုန်းကန်ရခြင်း' ကိုအခြားအဓိပ္ပာယ်တစ်ခု၌ 'နာကျင်စွာခံရခြင်း' ဟုပြန်ဆိုနိုင်ပြန်သည်။ သို့ဖြစ်၍ အားကစားသမားများအောင်မြင်မှုရှိရန်လေ့ကျင့်ခြင်း၌ မည်မျှစွန့်စားရမည်ကိုရုပ်လုံးပေါ်စေပါသည်။ ရှင်ပေါလုသည်အတွေးအခေါ်တစ်မျိုးပြောင်း၍ လေ့ကျင့်မှုကိုမှတ်ချက်ပြုရာ မိမိ၌ရှိသောအရာဖြင့်အားထုတ်ရခြင်းမဟုတ်ဟု အတည်ပြုသည်။ ပြုလုပ်သမျှအရာတိုင်းသည် ဘုရားရှင်ပေးသောစွမ်းအားဟု သတ်မှတ်သည်။ ထို့ကြောင့်ရှင်ပေါလုလုပ်ဆောင်သောအမှုတော်အကြောင်းကို ကျွန်ုပ်တို့အချုပ်ဆိုရသော် ကြိုးစားအားထုတ်၍အောင်မြင်သောအမှုတော်ဖြစ်သော်လည်း ဘုရားသခင်၏တန်ခိုးတော်ကြောင့်ဖြစ်သည်။ ထိုနည်းအတိုင်းပင် ခရစ်တော်သည် ကျွန်ုပ်တို့အထဲတွင်ရှိတော်မူ၍ ကျွန်ုပ်တို့လုပ်ဆောင်သမျှအောင်မြင်ခြင်းဖြစ်သည်။

ယင်းအချက်သည် အလွန်အရေးကြီးသောအချက်ဖြစ်သည်။ အကြောင်းမှာ ယနေ့ကျွန်ုပ်တို့နေထိုင်ရသောကမ္ဘာကြီးသည် လိုချင်စရာများ၍ လုပ်နိုင်အားနည်းနေသောကမ္ဘာကြီးဖြစ်သည်။ ခရစ်ယာန်တို့အကြား၌လည်း ထိုသို့ဖြစ်နေပါသည်။ အချို့ခရစ်ယာန်အမှုတော်ဆောင်များ၏ဟောပြောချက်အရ သင်ယုံကြည်လျှင် သန့်ရှင်းသောဝိညာဉ်တော်သည်ဆင်းကြွလာ၍ သဘာဝလွန်အံ့ဖွယ်အမှုများကို ကြီးစွာမြင်တွေ့ရမည်ဖြစ်သည်။ သို့သော်အန္တရာယ်ထက်ဝက်ပါသောလုပ်ရပ်ဖြစ်နေပါသည်။ လူများအား ဘုရားဆီမှာသာမျှော်လင့်နေစေပြီး ဘုရားတန်ခိုးတော်ကိုစောင့်နေလျက် ဖိမ်ကျကျကုလားထိုင်ပေါ်ထိုင်၍ စောင့်နေစေသောအကျင့်ဆိုးကိုဖြစ်စေပါသည်။

ရုန်းကန်လှုပ်ရှားရခြင်းနှင့်ပတ်သက်၍ ရှင်ပေါလုပြောသောအချက်မျိုး သင်ကြုံရဖူးပါသလား။ ဘုရားသခင်သည်သင်၏နှလုံးသားထဲသို့ မည်သည့်



အရာကိုသွန်းလောင်းပေးပြီး သင့်ကိုရုန်းကန်လှုပ်ရှားစေပါသနည်း။ သင်သည် ဘုရားရှင်၏အလိုတော်အတိုင်း မည်သို့ဆက်ကပ်အပ်နှံနိုင်ပါမည်နည်း။

## အင်္ဂါနေ့ — ဩဂုတ်လ ၂ ရက်

## ဆန္ဒစည်းမျဉ်း

ကျွန်ုပ်တို့၏အကြီးဆုံးရန်သူတော်သည် ကိုယ်တိုင်၏ခံစားချက်လည်းပါဝင်သည်။ ကျွန်ုပ်တို့နေထိုင်ရမှု၌ နေ့စဉ်ရက်ဆက်မြင်နေရသော၊ ကြားနေရသောရုပ်ပုံနှင့်တေးသီချင်းများသည် မိမိတို့၏ခံစားချက်ကို ပို၍ထိရောက်မှုဖြစ်စေပါသည်။ စိတ်ကိုနှိုးဆွပေးနေပါသည်။ ဒေါသကြောက်ရွံ့ခြင်းနှင့် အလိုရမ္မက်ကိုပို၍များလာစေပါသည်။ ညစာစားရသည်မှာမည်သို့၊ ယနေ့လုပ်ကိုင်ရသည်မှာမည်သို့၊ ပစ္စည်းဝယ်ရခြမ်းရသည်မှာမည်သို့၊ မည်သို့ဟူ၍ ဆုံးဖြတ်ချက်ချရခြင်းတို့၌ စိတ်ခံစားချက်ကိုဖြစ်လာစေပါသည်။ ခံစားရသောအရာသည်အဆိုးမဖြစ်လိုပါ။ သို့သော်အကောင်းဆုံးနှင့်အမှန်ဆုံးကိုဖြစ်စေလိုပါသည်။ အမှန်ပင်ကျွန်ုပ်တို့၏စိတ်ခံစားချက်သည် ကျွန်ုပ်တို့ကိုလှည့်ဖြားနိုင်သေးသည်။ (စိတ်နှလုံးသည်အရာခပ်သိမ်းကိုလှည့်ဖြားတတ်၏။ ယေရမိ၊ ၁၇း၉) မှားယွင်းသောရုပ်ပုံလွှာကိုလည်းဖန်တီးပေးနိုင်သည်။ အမှားကိုရွေးချယ်မိစေရန်သက်ရောက်မှုရှိစေပါသည်။ ကျွန်ုပ်တို့ရွေးချယ်မှုအတွက် ပြင်းပြင်းထန်ထန်ခံစားရခြင်းကိုလည်းဖြစ်လာစေပါသည်။

နှုတ်ကပတ်ကျမ်းစာ၌ဥပမာအနေဖြင့် ဘုရားပြောသောစကားထက် မိမိ၏ဆန္ဒအလျောက်ရွေးချယ်မှုပြုသောသူအချို့အကြောင်းကို သင်တွေးမိပါသလား။ ရလဒ်မည်သို့ဖြစ်ခဲ့သနည်း။ ဥပမာ။ ကမ္ဘာ၊ ၃း၆။ ၂ရာ၊ ၁၁း၂–၄။ ဂလာတိ၊ ၂း၁၁၊ ၁၂ ကိုဖတ်ပါ။

________________________________________

________________________________________

၁ပေ၊ ၁း၁၃ ကိုဖတ်ပါ။ ရှင်ပေတရုမည်သို့ခံစားရသနည်း။ သူရေးသားထားသောစာကိုဖတ်သူများအား မည်သို့ပြုကြရန်သူအလိုရှိသနည်း။

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

ရှင်ပေတရုသည် လူ၏ခန္ဓာကိုယ်တစ်ခုလုံးကိုထိန်းချုပ်ရာ၌ စိတ်သည်အရေးပါကြောင်းနားလည်ထားသည်။ စိတ်၏ထိန်းချုပ်မှုကိုလွှတ်ချပေးလျှင် ကျွန်ုပ်တို့လုပ်ချင်ရာလုပ်ပြီး ပရမ်းပတာဖြစ်လာတော့မည်ဖြစ်သည်။

သိုးထိန်းသည်ကျဉ်းမြောင်းသောလမ်းဖြင့် အိမ်သို့သိုးများကိုပြန်၍ခေါ်လာသည်ဟု စိတ်ထဲမြင်ယောင်ကြည့်ပါ။ လမ်းသည်လမ်းခွဲများစွာရှိနေပြန်သည်။ အချို့လမ်းများမှာမသွားသင့်သောလမ်းများဖြစ်သည်။ မြူဆွယ်စုံစမ်းခြင်းလမ်း၊ စိတ်အလိုဆန္ဒကိုနှိုးဆွပေးသောလမ်းရှိ၍ ထိုလမ်းများသို့လိုက်သွားလျှင် အခက်ကြုံရမည်အမှန်ပင်ဖြစ်သည်။

သင်တွေ့နေရသောအရာအတွက်ဆုံးဖြတ်ချက်သည် မည်မျှအရေးပါသနည်း။ ဘုရားရှင်၏နှုတ်ထွက်စကားနှင့်ဆန့်ကျင်သော စိတ်အလိုဆန္ဒခံစားမှုနောက်လိုက်မိလျှင် ကျွန်ုပ်တို့မည်သို့ဖြစ်သွားမည်နည်း။

**ဗုဒ္ဓဟူးနေ့** **ဩဂုတ်လ ၃ ရက်**

## လွန်ကဲသောပေးဆပ်ခြင်း

“ထို့ကြောင့်လက်ယာမျက်စိဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင် ထိုမျက်စိကိုထုတ်ပစ်လော့။ တစ်ကိုယ်လုံးငရဲသို့ချခြင်းကိုခံရသည်ထက် အင်္ဂါတစ်ခုပျက်သော်သာ၍ကောင်း၏” (မဿဲ၊ ၅း၂၉)။

ယေရှုရှင်မိန့်တော်မူသောစကားအထက်ပါကျမ်းချက်သည် လွန်ကဲသွားသည်ဟုသင်ခံစားရပါသလား။ ထိုသို့ခံစားရလျှင် အဘယ်ကြောင့်နည်း။

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-



လွန်ကဲသောအပြုအမူမျိုးမလိုအပ်ပါ။ ဘုရားရှင်သည် ခရစ်ယာန်တို့၏အသက်တာကိုခက်ခဲစေခြင်းမရှိ။ ဘုရားရှင်ထံမှကျွန်ုပ်တို့ထွက်သွား၍သာဘဝသည်ခက်ခဲမှုနှင့်ကြုံရခြင်းဖြစ်သည်။ လူတို့သည်အမြဲတစေတအံ့တဩဖြင့်သတိပြန်လည်တတ်ကြသည်။ ‘ငါဘာဖြစ်လို့ဘုရားနဲ့ဝေးခဲ့ရသလဲ’ စသည်ဖြင့်အမြဲတမ်းအဖြေမှာ ‘ခြေလှမ်းတစ်လှမ်းလေးသာလွဲချော်ခဲ့သည်’ ဟူ၍ဖြစ်ကြသည်။

မဿဲ၊ ၅း၂၉၊ ၃၀ ကိုဖတ်ပါ။ ယေရှုရှင်သည်တဏှာရာဂအပြစ်အကြောင်းကိုသွန်သင်ဆုံးမခဲ့သည်။ အခြားအပြစ်များလည်း ခရစ်ယာန်၏ကြီးရင့်ခြင်းကိုထိခိုက်စေပါသည်။

မဿဲ၊ ၅း၂၉၊ ၃၀ တွင် ယေရှုရှင်ပြင်းပြင်းထန်ထန်မည်သို့ပြောခဲ့သနည်း။ ၎င်းတို့သည် အမှန်ပင်ကျွန်ုပ်တို့ပျက်ယွင်းခြင်းဖြစ်စေပါသလား။

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

ယေရှုရှင်သည်ကျွန်ုပ်တို့ကိုခေါ်တော်မူရာ၌ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုပျက်ယွင်းစေရန်မဟုတ်သည့်အပြင် ကျွန်ုပ်တို့၏စိတ်ကိုထိန်းချုပ်ပေးကာခန္ဓာကိုယ်ကိုလည်းစောင်မပေးတော်မူသည်။ ဖော်ပြပါကျမ်းချက်ကိုသတိပြုပါ။ ကျမ်းချက်၏ဆိုလိုချက်၌ ကျွန်ုပ်တို့သည်ကိုယ်၌ရှိသောအပြစ်အနာအဆာအားလုံးကို ဘုရားသခင်ချက်ချင်းပယ်ရှင်းပေးရမည်ဟု ဆုတောင်းနေခြင်းမဟုတ်ပါ။ ဘုရားရှင်သည် ကရုဏာအားဖြင့်ထိုအရာများကို ပြုတော်မူလိမ့်မည်ဖြစ်သည်။ သို့သော်လည်း အရာတစ်ခုကိုစွန့်လွှတ်ပစ်ရန်နှင့် တစ်စုံတစ်ရာကိုလွန်ကဲစွာဆက်ကပ်ရပါမည်ဖြစ်ကြောင်း ဘုရားရှင်ခေါ်တော်မူသည်။ သို့မဟုတ်တစ်ခုခုကိုစတင်လုပ်ဆောင်ခြင်းပြုရမည်ဖြစ်သည်။ မလုပ်ချင်ခဲ့သောအရာကိုပြုလုပ်ရန်ဖြစ်သည်။ ပြင်းထန်သောအရာဖြစ်နေပါစေ၊ မှန်ကန်စွာရွေးချယ်မှုပြုလေ၊ ပို၍ခိုင်မာလာလေဖြစ်မည်။ အသက်တာ၌လည်း စုံစမ်းခြင်းသည်ပို၍အားလျော့လာလိမ့်မည်။

ကျွန်ုပ်တို့ပတ်လည်၌ ရုပ်ယုက်ခတ်ပွက်လောရိုက်မှုများရှိနေစဉ်ဘုရားရှင်သည်ပြင်းထန်သောအရာတစ်ခုကိုအသုံးပြုပြီး ကျွန်ုပ်တို့၏အာရုံကို

ဆွဲယူတတ်သည်။ ဘုရားရှင်နှင့်မည်မျှဝေးကွာသွားကြောင်းကို သတိပြုမိစေပါသည်။ ပြင်းထန်သောဘုရားရှင်၏ခေါ်တော်မူခြင်း၌ ခမည်းတော်ထံသို့ပြန်လာရန် လွန်ကဲသောဆုံးဖြတ်ချက်ချရန် အထူးပြုရပါမည်။

## ကြာသပတေးနေ့ — ဩဂုတ်လ ၄ ရက်

## ဖွဲ့ရှိရန်လိုအပ်ခြင်း

ဘုရားရှင်နှင့်နပန်းလုံးခဲ့ရသောယာကုပ်၏အကြောင်းကိုဖတ်ပါ (ကမ္ဘာ၊ ၃၂)။ ယင်းအကြောင်းသည် ဖွဲ့ရှိခြင်းအကြောင်းမည်သို့ဖော်ပြသနည်း။ စိတ်ဓာတ်ကျဆင်းဖွယ်အချိန်များတွင်ဖြစ်လင့်ကစား အဘယ်ကြောင့်ဖွဲ့ရှိရန်လိုအပ်သနည်း။ (ယာကုပ်၏စိတ်ထားအခြေအနေမျိုးကို သင်၏စိတ်ထဲထားရှိပြီးမှသင်ဖြေဆိုပါ)။

____________________________________________

____________________________________________

ကောင်းသောအရာဖြစ်လျှင်လုပ်ရမည်ဟု ကျွန်ုပ်တို့လက်ခံထားပြီးသားဖြစ်သည်။ သို့သော်ဖိနှိပ်မှုအောက်ရောက်ရှိနေချိန်၌ ဘုရားရှင်၏ကတိတော်ဖြစ်နေသော်လည်း စွဲကိုင်ရန်အလွန်ခက်ခဲလှပါသည်။ ကျွန်ုပ်တို့မှာအားနည်းခြင်းနှင့်ကြောက်တတ်သည့်သဘောရှိခြင်းကြောင့်ဖြစ်သည်။ ထိုအကြောင်းကြောင့် ခရစ်ယာန်တို့အတွက် အရေးအကြီးဆုံးအရာမှာဖွဲ့သတ္တိပင်ဖြစ်သည်။ လက်မြှောက်အရှုံးပေးရမည့်အကြောင်းပင်ဖြစ်နေသော်လည်း ဆက်လက်စွဲကိုင်ထားနိုင်သောအရည်အချင်းမျိုးရှိရန်လိုပါသည်။

သမ္မာကျမ်းစာ၌သတ္တိအကြောင်းနှင့်ပတ်သက်၍ သင်ခန်းစာရယူရန်အကောင်းဆုံးပုဂ္ဂိုလ်မှာ ယာကုပ်ပင်ဖြစ်သည်။ လွန်ခဲ့သောနှစ်များစွာ၌ ယာကုပ်သည်မိမိအစ်ကိုကိုလှည့်စားခဲ့သူဖြစ်ခဲ့သည်။ သားဦးအရာကောင်းချီးမင်္ဂလာကိုရရှိရန် ဖခင်နှင့်အစ်ကိုဧသောကိုလိမ်လည်ခဲ့သူဖြစ်သည် (က၊ ၂၇)။



ထိုအချိန်မှဧသော၏သတ်ခြင်းကိုမခံရစေရန်နှင့် ကြောက်ရွံ့စိတ်သည်သူ့အားအမြဲခြောက်လှန့်နေခဲ့သည်။ ကောင်းကင်နှင့်မြေကြီးကိုဆက်သွယ်ထားသောလှေကားကိုအိပ်မက်ရရှိရန် ဘုရားသခင်ထံမှကောင်းချီးမင်္ဂလာအထပ်ထပ်ကတိတော်ကိုရရှိနေစေကာမူ သူသည်ကြောက်ရွံ့နေခဲ့ရသည်။ နှစ်ပေါင်းများစွာဘုရားသခင်ပေးခဲ့သောကတိတော်ရှိနေသည့်တိုင်အောင် ယာကုပ်သည် မိမိသွားလေရာဘုရားရှင်စောင်မပို့ဆောင်ခြင်းကိုမြင်ရသော်လည်း ကြောက်နေရဆဲဖြစ်သည်။ ယေရှုရှင်နှင့်ရင်ဆိုင်တိုက်ခိုက်ရသောအခါ ယာကုပ်၏ပေါင်ဆစ်သည်ပြုတ်သွားခဲ့သည်။ ယင်းအချက်နှင့်ပတ်သက်၍ပင် သူသည်ဆက်လက်မတိုက်ခိုက်နိုင်တော့ပါ။ ပေါင်ဆစ်ပြုတ်သွား၍ အလွန်နာကျင်နေခြင်းကြောင့်ဖြစ်သည်။ ယာကုပ်သည်အလွန်နာကျင်နေသည့်ကြားမှပင် ယေရှုရှင်ကိုအတင်းဖတ်ထားပြီး ကောင်းချီးမင်္ဂလာကတိတော်ရရှိသည့်အထိ မခံမရပ်နိုင်အောင်နာကျင်သည့်ကြားမှ ကတိတော်ကောင်းချီးကိုအရယူနိုင်ခဲ့သည်။ သို့အတွက်ကြောင့် ယေရှုရှင်မှ 'ငါ့ကိုလွှတ်လော့၊ မိုးလင်းဆဲရှိပြီ' ဟုသူ့အားဆိုခဲ့သည်။ (က၊ ၃၂း၂၆)။

ယာကုပ်သည်နာကျင်နေသည့်ကြားမှဖွဲ့ကောင်းပြီး မလွှတ်တမ်းဖက်တွယ်ထားနိုင်ခြင်းကြောင့်ကောင်းချီးရရှိခဲ့သည်။ ယနေ့ကျွန်ုပ်တို့သည်လည်း ထိုသို့ဖြစ်ရမည်။ ဘုရားသခင်သည်ကျွန်ုပ်တို့၏ပေါင်အဆစ်ကိုပြုတ်သွားစေပြီးနာကျင်ခြင်းဝေဒနာကြားမှ သူ့အားဖက်တွယ်မှုကိုပြုစေပါသည်။ အမှန်မှာဘုရားရှင်သည်နာကျင်စွာရရှိသောအမာရွတ်ကိုပေးကာ ရှေ့သို့ဆက်သွားစေသူဖြစ်သည်။ ယာကုပ်သည်မိမိ၏အစ်ကိုနှင့်ပြန်တွေ့သောအချိန်အထိ မိမိ၏ပေါင်အဆစ်သည်ပြုတ်နေဆဲဖြစ်သည်။ အပြင်ပန်းခန္ဓာကိုယ်မှာအားနည်းလျက်ရှိနေသော်လည်း ယာကုပ်၏အတွင်းစိတ်ဓာတ်ဖွဲ့အားသည် အလွန်သန်မာခိုင်ခံ့လှသည်။

သင့်၏အဖွဲ့အစည်းအတွင်း သင်၏အသက်တာပုံစံ၊ ဖတ်ရှုသောစာအုပ်စာပေ၊ သတိပြုမိသောအရာ၊ ကျန်းမာရေးအကျင့်စရိုက်နှင့် ဝိညာဉ်ရေးရာ

အသက်တာများတွင် လက်တွေ့ကျသောရွေးချယ်မှုမည်သို့ရှိသနည်း။ ပို၍ကောင်းသောဖွဲ့သတ္တိကို ဘုရားရှင်နှင့်အတူတွဲဖက်ကာ စိတ်ပျက်ဖွယ်စုံစမ်းခြင်းများကို မည်သို့သည်းခံကျော်ဖြတ်နိုင်မည်နည်း။

**သောကြာနေ့** **ဩဂုတ်လ ၅ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, “The Night of Wrestling,” pp. 195-203, in Patriarchs and Prophets; “Consecration,” pp. 43-48, in Steps to Christ ကိုဖတ်ပါ။

“လူ၏စာရိတ္တကိုတည်ဆောက်ရာ၌ စာတန်အား လုံးဝထိန်းချုပ်ခွင့်ပေးခြင်း၊ သူသည်လည်းလူတို့၏ဆန္ဒသဘောကိုမြူဆွယ်ပြီး သာယာပျော်ရွှင်သကဲ့သို့လုပ်ရပ်များပေးပြီး နောက်ဆုံး၌ပျက်စီးခြင်း၊ ဆုံးရှုံးခြင်းနှင့်ရင်ဆိုင်စေခဲ့သည်” (Ellen G. White, Testimonies for the Church, vol. 5, p. 515).

“ဘုရားရှင်ထံမှအကူအညီရရှိနိုင်ရန်မှာ လူသားတို့သည်မိမိတို့၏အားနည်းချက်နှင့်မစုံလင်ခြင်းသဘောကိုနားလည်ထားရမည်။ မိမိတို့၏စိတ်သဘောကိုပြောင်းလဲပစ်ကြရမည်။ နိုးနိုးကြားကြားနှင့်ဖွဲ့သတ္တိရှိစွာဆုတောင်းခြင်းပြုရမည်။ ကြိုးစားအားထုတ်ရမည်။ မှားယွင်းသောအကျင့်စရိုက်များကိုခါထုတ်ပစ်ရမည်။ ထိုမှားယွင်းခဲ့သောအရာအားလုံးကို အမှန်ပြန်၍ပြုပြင်ပြီးအောင်မြင်ခြင်းရရှိစေရန် စည်းကမ်းနည်းလမ်းတကျပြုပြင်လုပ်ဆောင်ရမည်။ များစွာသောလူတို့မှာထိုသို့မရှိကြပါ။ ဘုရားရှင်လုပ်ဆောင်ပေးမည်ကိုသာစောင့်နေကြသည်။ ဘုရားရှင်တန်ခိုးပေးတော်မူမည်ဟုသာ မျှော်လင့်နေကြသည်။ အသုံးဝင်သူတစ်ဦးသည် မိမိ၏ဖွဲ့သတ္တိနှင့်ဆိုင်သောဉာဏ်ရည်ဉာဏ်သွေးနှင့်စည်းမျဉ်းစည်းကမ်းစာရိတ္တကို အပြင်းအထန်လေ့ကျင့်ရမည်။ သို့ဖြစ်၍ ဘုရားရှင်သည်ထိုသူတို့၏ကြိုးစားမှုကိုကောင်းချီးပေးပြီး တန်ခိုးအင်အားကိုချပေးလိမ့်မည်” (Ellen G. White, Patriarchs and Prophets, p. 248).

–၀–



**သင်ခန်းစာ (၇)**

## ပျက်ဆီး၍မရသောမျှော်လင့်ချက်

**ဩဂုတ်လ ၆ – ၁၂**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဩဂုတ်လ ၆ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဟဗက္ကုတ်၊ ၁း၁–၄။ ယောဘ၊ ၃၈–၄၁။ ဟောရှာယ၊ ၄၁း၈–၁၄။ ယေရမိ၊ ၂၉း၁–၁၀။ ဟေဗြဲ၊ ၁၂း၁–၁၃။

**အလွတ်ကျမ်းချက်**

**“ထိုမျှော်လင့်ခြင်းသည် ရှက်ကြောက်စရာအကြောင်းနှင့်ကင်းလွတ်၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့အားပေးတော်မူသောသန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏မေတ္တာတော်ကိုငါတို့စိတ်နှလုံးထဲသို့ ညွှန်းလောင်းတော်မူ၏” (ရောမ၊ ၅း၅)။**

အပြိုးကလေးများဖြင့်ဝန်းရံပြည့်နှက်နေသောအသင်းတော်၌ မျှော်လင့်ခြင်းအကြောင်းကိုဟောပြောသီဆိုရန် မည်မျှလွယ်ကူမည်နည်း။ သို့သော် အခက်အခဲပြင်းထန်နေသောအသင်းသူ၊ အသင်းသားများအတွက် မျှော်လင့်စရာသည်မလွယ်ကူလှပါ။ ပတ်ဝန်းကျင်၌ဖိအားရှိတတ်သည်။ ထိုသို့ဖိအားများရှိလာသောအခါ၊ ဘုရားရှင်အပေါ်မေးခွန်းထုတ်လာတတ်သည်။ အထူးသဖြင့်ဉာဏ်ပညာတော်အကြောင်းကို သံသယရှိလာတတ်သည်။

စီအက်(စ်)လူးဝစ် ‘C. S. Lewis’ ရေးသောစာအုပ်တစ်အုပ်တွင် ‘ခြသေ့်ကြီးကိုယုံကြည်စိတ်’ ဟူသောအကြောင်းကိုရေးသားထားသည်။ ခြသေ့်ကြီးကအန္တရာယ်ပြုတတ်သလားဟုတစ်ဦးကမေးသောအခါ၊ ပြန်ဖြေသူက ‘အန္တရာယ်တော့ပြုတတ်တယ်။ သို့သော်ခြသေ့်ကသဘောကောင်းတယ်’ ဟူ၍ဖြစ်သည်။

ဘုရားရှင်၏အကြောင်းကို ကျွန်ုပ်တို့အမြဲနားမလည်နိုင်သော်လည်း ကိုယ်တော်သည်ကြိုတင်ခန့်မှန်း၍မရသောဘုရားရှင်ဖြစ်သည်။ ဘုရားရှင်သည် ကျွန်ုပ်တို့ကိုဆန့်ကျင်သည်ဟုမဆိုလိုပါ။ ကျွန်ုပ်တို့အနေဖြင့်သာနားမလည်နိုင်ခြင်းသဘောကို အပြည့်အ၀မသိခြင်းကြောင့်ဖြစ်သည်။ ငြိမ်းချမ်းမှုရှိရန်၊ ယုံကြည်မှုရှိရန်၊ မျှော်လင့်ချက်ရှိရန် ဘုရားရှင်ကိုနားလည်ရမည်။ သူ၏သဘောကိုကြိုတင်သိရှိထားရန်လိုသည်။ ဘုရားရှင်သည်ကျွန်ုပ်တို့အတွက် လုံခြုံမှုပေးစွမ်းသူဟုစိတ်ချထားရမည်။ သို့မှသာစိတ်ပျက်စရာနှင့်တွေ့လျှင် ကျွန်ုပ်တို့ခံနိုင်ရည်ရှိမည်။

**တစ်ပတ်တာသတိပြုရန်။** ပြင်းပြင်းထန်ထန်ကျွန်ုပ်တို့စစ်ကြောခြင်းခံရချိန်၌ ကျွန်ုပ်တို့၏မျှော်လင့်ချက်ကိုဆက်လက်ထိန်းထားနိုင်ရန် ဘုရားရှင်၏စာရိတ္တတော်ကို မည်သို့နားလည်ထားရမည်နည်း။

**တနင်္ဂနွေနေ့** **ဩဂုတ်လ ၇ ရက်**

**ကြီးမားသောရုပ်ပုံ**

ကျွန်ုပ်တို့နာကျင်မှုရှိနေချိန်တွင် ထိခိုက်လာချက်အတွက် သိသိသာသာခံစားရကြသည်။ သို့သော် ထိုထက်ကြီးမားသောအကြောင်းအရာပုံလွှာရှိခဲ့သည် (ဗျာဒိတ်၊ ၁၂း၇။ ရောမ၊ ၈း၂၂)။

ဟဗက္ကုတ်၊ ၁း၁–၄ ကိုဖတ်ပါ။ ဟဗက္ကုတ်ရင်ဆိုင်ရသောအရာ မည်သည့်အကြောင်းနည်း။

-----------------------------------------------------------------

-----------------------------------------------------------------

သင်၏မျှော်လင့်ချက်၌ ဘုရားရှင်သည်ဤကဲ့သို့ပြောလိမ့်မည်။ ‘ဟဗက္ကုတ်ရေ ကြောက်လန့်ဖွယ်အန္တရာယ်ကြီးဘဲ၊ မင်းကိုငါချက်ချင်းကူညီမယ်’ သို့သော် ဘုရားရှင်၏အဖြေမှာထိုသို့မဟုတ်ပါ။ ဆန့်ကျင်ဘက်ဖြစ်နေပါသည်။



ကိုယ်တော်သည်ဟဗက္ကုတ်အား ‘မင်းပိုဆိုးလာလိမ့်မည်’ ဟု (ဟဗက္ကုတ်၊ ၁း၅–၁၁) တွင်ဖော်ပြထားသည်။

ဣသရေလလူမျိုးကို အာရှုရိပြည်မှလာရောက် တိုက်ခိုက်သိမ်းပိုက်ပြီး သုံ့ပန်းအဖြစ်ခေါ်ဆောင်သွားသည်။ ၎င်းအပြင် ဘုရားရှင်မှာ ဣသရေလလူတို့ကို ထိုအခြေအနေထက်ပိုဆိုးဦးမည်ဟု ကတိပေးပြန်သည်။ နောက်၌ ဗာဗုလုန်တိုင်းပြည်မှတစ်ဖန်လာရောက်တိုက်ခိုက်၍ ယုဒလူများကို သုံ့ပန်းအဖြစ်ခေါ်ဆောင်သွားပြန်သည်။ အခန်းငယ် ၁၂–၁၇ ၌ ဟဗက္ကုတ်သည် အော်ဟစ်ငိုကြွေးပြန်သည်။ ၎င်းနောက်တွင် ဘုရားရှင်မည်သို့မိန့်တော်မူမည်ကို စောင့်၍နေပါသည်။

ဗာဗုလုန်တိုင်းပြည်ပျက်စီးမည့်အကြောင်း ဘုရားရှင်၏ကတိတော်ကို ဟဗက္ကုတ်၊ ၂း၂၊ ၃ တွင် မျှော်လင့်စရာဖြစ်လာပါသလား။

-----------------------------------------------------------------

-----------------------------------------------------------------

ဟဗက္ကုတ် ၂ သည် ဘုရားရှင်၏ကတိတော်၌ ဗာဗုလုန်ကြီးပျက်စီးရမည့်အကြောင်းဖြစ်သည်။ ဟေဗြဲ၊ ၁၀း၃၇ သည် ဟဗက္ကုတ်၊ ၂း၃ ကို အခြေပြုယူထားပြီး အနာဂတ်အချိန်၌ကြွလာမည့်မေရှိယအရှင်၏ ကတိတော်ကိုအတည်ပြုထားသည်။ ထိုနည်းတူဗာဗုလုန်တိုင်းပြည်ကြီးကျဆုံးမည့်ကတိတော်သည် အမှန်ပင်ဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့၏အချိန်ယခုအခါတွင် ရှုပ်ထွေးသော ‘ဗာဗုလုန်မြို့ကြီး’ သည်လည်း ပြိုလဲသွားရမည်အမှန်ပင်ဖြစ်ပါသည် (ဗျာ၊ ၁၈း၂)။

ဟဗက္ကုတ်သည် မကောင်းဆိုး၀ါး၏ထောင်ချောက်ပတ်လည်ဝိုင်းခံထားရပြီး ဘုရားရှင်၏သာ၍ဆိုးဦးမည်ဟူသောကတိတော်ကိုရယူခဲ့ရသည်။ ကယ်တင်ခြင်းခရီးတစ်လျှောက် ကျွန်ုပ်တို့ရင်ဆိုင်ရမည့်အတွေ့အကြုံပင်ဖြစ်သည်။ ထို့အပြင် သမ္မာကျမ်းစာမှပို၍ဆိုးသောအခြေအနေဖြစ်လာမည်ဟု ကြိုတင်ဟောပြောထားပြန်သေးသည်။ ဟဗက္ကုတ်အတွက်ဆက်လက်ရှင်သန်နိုင်ခြင်း၏ အဓိကအချက်မှာ ရုပ်ပုံလွှာအလုံးစုံကိုမြင်ရစေရန်ပြသပေးခြင်းကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်၍အခန်းကြီး ၃ ၌ သူသည်ဆုတောင်းလျက်ဂုဏ်တော်ကိုချီးမွမ်းခြင်း ပြုကာ အနာဂတ်ကိုဘုရားရှင်သာပိုင်ကြောင်း ကိုယ်တော်သာပြင်ဆင်ပေးမည့် အကြောင်းကို စိတ်ချလက်ချယုံကြည်ခဲ့သည်။

ဟဗက္ကုတ် ၃း၁၆–၁၉ ကိုဖတ်ပါ။ ဟဗက္ကုတ်သည်မျှော်လင့်ချက်အတိုင်း မည်သို့နေထိုင်ခဲ့သနည်း။ ဘုရားရှင်၏လူများအနေဖြင့် ပုရောဖက်ပြုထား ချက်များပြည့်စုံလာမည့်အကြောင်းကို မည်သို့စောင့်စားနေရပါမည်နည်း။ သင်ကိုယ်တိုင်ထိုမျှော်လင့်ချက်မျိုးကို မည်သို့သဘောထားသင့်ပါသနည်း။

**တနင်္လာနေ့** **ဩဂုတ်လ ၈ ရက်**

## ငါတို့၏ခမည်းတော်ဖြစ်တော်မူသောသူ

အော့စ်ဝဲချမ်ဘာ(စ်) 'Oswald Chambers' ၏ရေးသားချက်တစ်ခု၌ 'ဘုရားရှင်ကိုယ်တော်တိုင်ပြုလုပ်တော်မူမည့်အရာကို သင်တောင်းဆိုခဲ့ဖူးပါသလား။ ကိုယ်တော်သည် သင့်ကိုဘယ်သောအခါမျှပြောပြလိမ့်မည်မဟုတ်။ ကိုယ်တော် ပြုတော်မူသည့်အရာကို သင့်အားမပြော၊ သူသည်မည်သူဖြစ်ကြောင်းကိုသာ သင့်ကိုဖော်ပြပေးလိမ့်မည်။' (My Utmost for His Highest 1963, Jan 2).

ချမ်ဘာ(စ်) 'Chambers' ၏အတွေးအခေါ်ကို သင်မည်သို့အဓိပ္ပာယ် ဖော်မည်နည်း။

ကျွန်ုပ်တို့ယောဘဝတ္ထုကိုဖတ်ရှုသိရှိရသောအကြောင်းအရာအတိုင်း ကျမ်းကိုအစပြုရေးသားရာ၌ အဆင့်မြင့်သောပုဂ္ဂိုလ်ရေးအကြောင်းဖြင့်စတင် ခဲ့သည်။ ယောဘအတွက် ဗျူဟာမြောက်သောအခြေအနေမျိုးသို့ရောက်လာသည်။ ယောဘ၌ရှိသမျှအားလုံးဆုံးရှုံးခဲ့သည်။ သူ၏အသက်နှင့်ဇနီးသည်သာကျန်ရစ် ခဲ့သည်။ သူ၏ဇနီးသည်မှအကြံကောင်းတစ်ခုကိုပင် အကြံပေးခဲ့သေးသည်။ 'ဘုရားကိုအော်ဆဲပြီးသေလိုက်ပါ' ဟူ၍ဖြစ်သည် (ယောဘ၊ ၂း၉)။ နောက်ထပ်သူ၏မိတ်ဆွေများရောက်လာကာ ခံစားရသောဒုက္ခပြဿနာအတွက်



မည်သို့အဖြေရှာခဲ့သနည်း။ မည်သို့အကြံပြုခဲ့သနည်း။ ပြောဆိုဆွေးနွေး ဝေဖန်နေကြချိန်၌ ဘုရားရှင်သည်တိတ်ဆိတ်စွာနေတော်မူသည်။

နောက်တစ်ဖန် ယောဘ ၃၈ တွင် ဘုရားရှင်သည်ပေါ်လာ၍ စကားတော်ဆိုလာသည်။ 'ပညာမရှိဘဲစကားပြောကာမျှဖြင့် ငါ့အကြံကို မှိုက်စေသောဤသူကားအဘယ်သူနည်း' (ယောဘ၊ ၃၈း၂)။ ဘုရားရှင်သည် ယောဘကို မေးခွန်းပေါင်း ၆၀ ကိုမရပ်တန်းမေးခဲ့သည်။ သင်၏ကျမ်းစာကိုဖွင့်၍ အခန်းကြီး ၃၈ နှင့် ၃၉ ကိုသေချာစွာဖတ်ကြည့်ပါ။

နောက်ဆုံးမေးခွန်းမေးပြီးသည်နောက် ယောဘ၏တုံ့ပြန်ချက်မှာ "ကိုယ်တော်အားအဘယ်သို့ပြန်လျှောက်ရပါမည်နည်း။ အကျွန်ုပ်သည်ကိုယ်နှုတ်ကို ကိုယ်လက်နှင့်ပိတ်ပါမည်။ တစ်ကြိမ်ပြောမိပါပြီ။ တစ်ဖန်မပြောဝံ့ပါ။ နှစ်ကြိမ်တိုင်အောင်ပြောမိပါပြီ။ သို့ရာတွင်ထပ်၍မပြောဝံ့ပါဟု ထာဝရဘုရားအား ပြန်၍လျှောက်လေ၏" (ယောဘ၊ ၄၀း၄၊ ၅)။ သို့သော် ဘုရားရှင်အဆုံးသတ် တော်မမူသေး၊ ကြီးမားလှသောမေးခွန်းတစ်ခုကိုထပ်မံထုတ်ခါ အောင်မြင်ခြင်း အတွက်အစပြုပေးခဲ့သည်။

ယောဘ၊ ၄၂း၁–၆ ကိုဖတ်၍ ယောဘမည်သို့ တုံ့ပြန်ခဲ့ကြောင်းကို နောက်ဆုံးသိရှိရမည်။ ယောဘကိုဘုရားရှင်မည်သို့မိန့်တော်မူသနည်း။ မည်သို့သက်ရောက်မှုဖြစ်စေသနည်း။

---

---

'အဘယ်ကြောင့်' ဤသို့ဖြစ်သည်၊ ထိုသို့ဖြစ်ရသည်ဟူသောယောဘ၏ မိတ်ဆွေများမေးမြန်းဆွေးနွေးကြခြင်းကို ဘုရားရှင်အဖြေပေးတော်မမူပါ။ သို့သော် ကျယ်ပြန့်ပြည့်စုံသောပန်းချီကားချပ်ကြီးကို ဘုရားရှင်သည်ပြသရေးဆွဲ ပေးကာ ဖန်ဆင်းခြင်းနှင့်အတူ အံ့ဖွယ်သောနှိုင်းယှဉ်မရသည့်ကြီးမြတ်မှုကို ဖော်ပြတော်မူသည်။ အမှန်မှာယောဘသည် မည်သည့်အဖြေမျိုးကိုမျှအလို မရှိပါ။ အကြောင်းအရာရှင်းတမ်းအားလုံးသည် ဘုရားသခင်၏လက်ထဲမှာ သာရှိသည်။

ယောဘ၏အကြောင်းသည် သင်ခန်းစာသက်သေတစ်ခုဖြစ်သည်။ မျှော်လင့်ချက်နှင့်ခွန်အားပေးခြင်းသည် ကျွန်ုပ်တို့၏သေးငယ်လှသောမှုန်မှုန်မွှားမွှားအသိဖြင့်တမ်းတ၍မရပါ။ အရာရာကိုအားလုံးသိရှိနားလည်နိုင်ရန် ကျွန်ုပ်တို့ကြိုးစားချင်ကြသည်။ မသိနိုင်သောအခြေအနေရောက်လာလျှင် စိတ်ပျက်ကြရသည်။ တစ်ခါတစ်ရံမှာဘုရားရှင်သည် ကျွန်ုပ်တို့မသိရှိသောအရာကိုပြသပေးသည့်အတွက် မိမိကိုယ်ကိုအားကိုးခြင်းထက် ဘုရားကိုသာ၍အားကိုးရမည်ကိုသဘောပေါက်လာသည်။

သင်နားမလည်နိုင်သောကိစ္စတစ်မျိုးတစ်ဖုံကို သင်ကြုံနေရပါသလား။ ထိုသို့ရှိနေလျှင် ဘုရားသခင်ကိုသာအာရုံပြုပါ။ သင်ကြုံနေရသောအခက်အခဲအတွက် ဘုရားရှင်သည်မျှော်လင့်ချက်ပေး၍ ဖွဲ့သတ္တိဖြင့်ကျော်ဖြတ်စေလိမ့်မည်ကို သင်ယုံကြည်ပါသလား။

**အင်္ဂါနေ့** **ဩဂုတ်လ ၉ ရက်**

## ငါတို့၏ခမည်းတော်ရှိနေသည်

"အကြောင်းမူကား၊ သင်၏ဘုရားသခင်ထာဝရဘုရားကမစိုးရိမ်နှင့်။ ငါမစမည်ဟုသင့်အားဆိုလျက်၊ သင်၏လက်ယာလက်ကိုကိုင်မည်" (ဟေရှာယ၊ ၄၁း၁၃)။

လူတစ်ယောက်ကပြောသည်မှာ 'ဘုရားကအဝေးမှာရှိသည်ဟု ထင်ရသည့်အခါ ဘယ်သူကအမှူထားသနည်း။ ပြဿနာပေါ်လာတော့မှ ဘုရားကကျွန်ုပ်တို့ကိုပစ်ထားသည်ဟုဆိုတတ်ကြသည်။ အမှန်မှာ ဘုရားရှင်သည် မည်သည့်နေရာကိုမျှမသွားပါ။ နဂိုရှိနေရင်းနေရာမှာသာရှိသည်။

ဂျူးလူမျိုးများသုံ့ပန်းဘဝရောက်သွားစဉ်မှာ ဘုရားနှင့်ဝေးနေရသည်ဟုခံစားကြသည်။ ပုရောဖက်ဟေရှာယအားဖြင့် အနာဂတ်ကိုသေသေချာချာဖော်ပြပြီး ကယ်နုတ်တော်မူမည့်အကြောင်းကတိပေးခဲ့သည်။

ယေရုရှလင်သို့ပြန်လာဖို့ရန်မှာ နှစ်ပေါင်းများစွာကြာညောင်းပါအုံးမည်။ ဘုရားရှင်သည် မိမိ၏လူမျိုးများအား မိမိသည်မည်သည့်နေရာသို့မျှမသွားကြောင်း၊





အစဉ်အမြဲရှိနေကြောင်းကိုမြင်စေချင်သည်။ ထို့ကြောင့် သူတို့အတွက်မျှော်လင့်ချက်အမြဲရှိကြောင်း၊ မည်သည့်ကိစ္စမဆို မျှော်လင့်စရာရှိသေးကြောင်းကို အသိပေးခဲ့သည်။

ဟေရှာယ၊ ၄၁း၈–၁၄ ကိုဖတ်ပါ။ အနာဂတ်အတွက်လွတ်မြောက်ခြင်းကိုတောင့်တသောသူများအတွက် လောက၏သုံ့ပန်းအဖြစ်မှ မည်သို့လွတ်မြောက်စေမည်ဟု ကတိတော်ရှိကြောင်းနှင့်မည်သို့ကူညီမည်ဟု ဖော်ပြထားသနည်း။

---------------------------------------------

---------------------------------------------

ခွန်အားအပေးနိုင်ဆုံးကျမ်းချက်မှာ ဟေရှာယ၊ ၄၁း၁၃ ပင်ဖြစ်သည်။ စကြဝဠာကိုအုပ်စိုးတော်မူသောဘုရားရှင်၏အမိန့်တော်မှာ ကိုယ်တော်၏လူမျိုးတို့သည် ကြောက်ရွံ့စရာအကြောင်းမရှိကြောင်း၊ အကြောင်းမှာကိုယ်တော်သည် သူတို့၏လက်ယာလက်ကိုကိုင်ဆွဲထားသည် (ဟေရှာယ၊ ၄၁း၁၃)။ စိတ်ကူးဖြင့်မှန်းဆနိုင်သောအချက်မှာ ဤဒုက္ခကမ္ဘာမှာရှိနေသောမိမိ၏လူတို့ကို ဘုရားရှင်သည်ပလ္လင်ပေါ်မှနေ၍ 'အလင်းနှစ်' ထက်ဝေးနေသော်လည်း ကိုယ်တော်သည် စောင့်မပေးနိုင်ပါသည်။ မည်မျှပင်ဝေးကွာနေပါစေ၊ ကိုယ်တော်သည် မိမိ၏လူများလက်ကိုကိုင်ဆွဲလျက် နီးကပ်စွာစောင့်ရှောက်တော်မူပါသည်။

ကျွန်ုပ်တို့အလုပ်များနေချိန် ဘုရားရှင်ကျွန်ုပ်တို့နှင့်နီးကပ်စွာရှိနေသည်ကိုမေ့တတ်ကြသည်။ သို့သော် ဧမာနွေလဟုတွင်သောဘုရားသခင် ငါတို့နှင့်အတူရှိသည်ဟုသတိရလျှင် ထူးခြားမှုဖြစ်လာသည်။ ဘုရားရှင်ကျွန်ုပ်တို့နှင့်အတူရှိသည်ဟုဆိုသောစကားမှာ ကိုယ်တော်၏အကြံအစည်တော်ဖြစ်သည်။ ကိုယ်တော်၏ကတိတော်များနှင့် ပြောင်းလဲပေးနိုင်သောတန်ခိုးတော်ပင်ဖြစ်သည်။

လာမည့်ရက်အနည်းငယ်အတွင်း ဘုရားရှင်သည်စကြဝဠာကိုအုပ်စိုး၍လက်လှမ်းမှီကြောင်းကိုသင်သတိပြုပါ။ သင်၏လက်ကိုကိုင်ဆွဲထားနေသည်။ သင့်ကိုကူညီပါမည်ဟုကတိတော်ရှိနေလျက် သင်၏အသက်တာ၌ပြောင်းလဲလာပုံကိုကိုမှတ်သားထားပါ။ ဥပုသ်စာဖြေကျောင်းအတန်း၌ သင်၏အတွေ့အကြုံကိုတင်ပြဆွေးနွေးပါရန်ပြင်ဆင်ထားပါ။

**ဗုဒ္ဓဟူးနေ့** **ဩဂုတ်လ ၁၀ ရက်**

**ခမည်းတော်သည်ကျွန်ုပ်တို့အတွက်အကြံအစည်ရှိစမြဲ**

လူတိုင်းလူတိုင်းမျှော်လင့်စရာရှာကြစမြဲပါ။ တွေ့နိုင်ပါမည်လား။ အချို့လူများအတွက်မှာ မိတ်ဆွေတို့ထံမှအပြုံးကလေးဖြင့် မျှော်လင့်ချက်ကိုရရှိနိုင်ကြသည်။ အခြားသူများကမူ ငွေကြေးနှင့်သာယာသောအိမ်ထောင်ကိုမျှော်လင့်ကြသည်။ သင့်အနေဖြင့်မျှော်လင့်ချက်နှင့်သတ္တိကို မည်သည့်နေရာမှရရှိနိုင်မည်နည်း။

-----------------------------------------------

-----------------------------------------------

ယေရမိကျမ်း၌ပုရောဖက်၏ရေးသားချက်မှာ မျှော်လင့်ခြင်းပျောက်ဆုံးနေသောသို့ပန်းဘဝကို အားပေးရေးသားခဲ့သည်။ "ဗာဗုလုန်မြစ်တို့အနားမှာ ငါတို့သည်ထိုင်၍၊ ဇိအုန်မြို့ကိုအောက်မေ့လျက်ငိုကြွေးကြ၏" (ဆာလံ၊ ၁၃၇း၁)။ စိတ်နှလုံးကြေကွဲနေကြသော်လည်း ယေရမိသည်အရှုံးမပေးကြပါရန်၊ မျှော်လင့်ချက်ကိုထားကြရန် အားပေးခဲ့ပါသည်။

ယေရမိ ၂၉း၁–၁၀ ၏အဓိကပေးထားသောမျှော်လင့်ခြင်းအကြောင်းမည်သို့ရှိသနည်း။

-----------------------------------------------

-----------------------------------------------

ယင်းရေးသားချက်မှာ အဓိကအရေးကြီးသောအချက်သုံးချက်ရှိသည်။

ပထမအချက် – ဘုရားရှင်သည်မိမိ၏လူများအား မျှော်လင့်ချက်မလွတ်စေရန်သတိပေးခဲ့သည်။ အကြောင်းမှာသူတို့၏အခြေအနေသည် အဆိုးဖြင့်အဆုံးသတ်ရန်မဟုတ်သေးပါ။ ဘုရားရှင်ကိုယ်တိုင်မှ 'ငါသည်ယေရုရှလင်မြို့မှဗာဗုလုန်မြို့သို့ ယုဒလူမျိုးကိုသိမ်းသွားစေသည်' ဟုမိန့်တော်မူသည် (ယေရမိ၊ ၂၉း၄)။ မကောင်းသောအကြောင်းများ ဝန်းရံပတ်လည်နေသော်လည်း ယုဒလူတို့သည် ဘုရားရှင်၏လက်တော်ကိုမလွတ်တမ်းကိုင်ဆွဲနိုင်ခဲ့သည်။



ဒုတိယအချက် – ဘုရားရှင်သည်မိမိ၏လူများအား မျှော်လင့်ချက်မလွတ်ကြစေရန်သတိပေးခဲ့သည်။ အကြောင်းမှာ ခက်ခဲသောအကြားမှပင်အကူအညီပေးနိုင်သောကြောင့်ဖြစ်သည်။ "ငါသည် သင်တို့ကိုသိမ်းသွားစေသောမြို့သည်လည်း ငြိမ်သက်ခြင်းရှိမည့်အကြောင်းကိုပြုစု၍ ထိုမြို့အဖို့အလိုငှာ၊ ထာဝရဘုရားအားမေတ္တာပို့ကြလော့။ ထိုမြို့၏ငြိမ်သက်ခြင်းအားဖြင့် သင်တို့သည်လည်း ငြိမ်သက်ခြင်းရှိကြလိမ့်မည်" (ယေရမိ၊ ၂၉း၇)။

တတိယအချက် – ဘုရားရှင်သည်မိမိ၏လူများအား မျှော်လင့်ချက်ကိုမလွတ်စေရန်သတိပေးခဲ့သည်။ အကြောင်းမှာ အချိန်ရောက်လာလျှင်ဖမ်းသွားခြင်းအချိန်ကို အဆုံးသတ်ပစ်မည်ဖြစ်သည်။ "တစ်ဖန်မိန့်တော်မူသည်ကား၊ ဗာဗုလုန်မြို့၌အနှစ်ခုနစ်ဆယ်ပြည့်သောအခါ သင်တို့ကိုငါအကြည့်အရှုကြွလာမည်။ ငါထားသောကတိတော်သည်လည်းတည်စေမည်။ သင်တို့ကိုဤပြည်သို့ငါပို့ဆောင်ဦးမည်" (ယေရမိ၊ ၂၉း၁၀)။

ဘုရားရှင်သည် အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ကိုထိန်းချုပ်ထားကြောင်းရှင်းပြပြီးနောက် မိမိ၏လူတို့ကိုဂရုစိုက်တော်မူကြောင်း လုပစ္စာမိန့်ကြားတော်မူ၏ (ယေရမိ၊ ၂၉း၁၁–၁၄)။

ယေရမိ ၂၉း၁၁–၁၄ ကိုဖတ်ပါ။ 'သင်' ဟုရေးထားသောစာလုံး၏နေရာအစား သင်၏အမည်ကိုအစားထိုးဖတ်ပါ။ သီးသန့်သင့်အတွက်ကတိတော်ဟုခံစားရပါမည်။ လတ်တလောသင်အခက်အခဲကြုံနေရသော်လည်း ကတိတော်သည် သင့်အဖို့လုံလောက်ကြောင်းခံစားနေရလိမ့်မည်။

**ကြာသပတေးနေ့** **ဩဂုတ်လ ၁၁ ရက်**

**ခမည်းတော်၏စည်းကမ်းချက်**

ဟေဗြဲ၊ ၁၂း၅–၁၃ ကိုဖတ်ပါ။ ကျွန်ုပ်တို့အတွက်မည်သည့်သတင်းစကားပါရှိသနည်း။ ယခုကွာတာကျွန်ုပ်တို့လေ့လာသောသင်ခန်းစာနှင့် မည်သို့ကိုက်ညီနေသနည်း။

--------------------------------------------

--------------------------------------------

ဟောဗြဲ၊ ၁၂း၅–၁၃ ၌ ရှင်ပေါလုသည် စည်းကမ်းချက်နှင့်ဆိုင်သော စုံစမ်းခြင်းအကြောင်းကိုဖော်ပြပေးထားသည်။ ဘာသာပြန်ကျမ်းများတွင် ‘စည်းကမ်းချက်’ ဆိုသောမူရင်းစကားလုံးကိုအနက်ပြန်ဆိုရာ၌ ကွာဟမှုအနည်းငယ်စီရှိကြသည်။ ဟေလသမူရင်းကျမ်းအရ ယင်းဝေါဟာရသည် ‘ပညာရေး’ အတွက်ဖြစ်သည်။ သို့ဖြစ်၍ စည်းကမ်းကိုနားလည်နိုင်ရန် ဘုရားသခင်မည်သို့ ပညာပေးသွန်သင်ထားသည်ကို နားလည်ရပါမည်။ ယုံကြည်ခြင်း၏စာသင်ကျောင်း၌ ဘုရားရှင်ပေးထားသောပညာကို ဟောဗြဲ ၁၁ ၌ ရှင်ပေါလု ဖော်ပြပေးပြီးသားဖြစ်သည်။

ဟောဗြဲ ၁၁ တစ်ခန်းလုံး၌ အမျိုးသား၊ အမျိုးသမီးများ၏ယုံကြည်ခြင်း အကြောင်းကိုရုပ်လုံးဖော်ကာ ရှင်ပေါလုရေးဆွဲပေးထားသည်။ အရေးကြုံလာသောအခါတိုင်း သူတို့၏ယုံကြည်ခြင်းသည် အခက်အခဲကိုရင်ဆိုင်စေနိုင်ပါသည်။ အခန်းကြီး ၁၂ ကိုစတင်ဝင်ရောက်လေ့လာသည်နှင့် ရှင်ပေါလုသည် ကျမ်းဖတ်ရှုသူအပေါင်းတို့ကို ထပ်မံသတိပေးသည်မှာ ကျွန်ုပ်တို့ရှေ့၌ရှိခဲ့သော လူများသည် စိတ်ရှည်သည်းခံပြီး ဖွဲနှင့်အခက်အခဲဟူသည်ကို ရင်ဆိုင်သည် နည်းတူ ကျွန်ုတို့သည်လည်းယုံကြည်ခြင်းနှင့်အဆုံးတိုင် ပြေးပွဲကိုယှဉ်ပြိုင်ကြရမည်။ အဓိကမှာ ယေရှုကိုမျက်ခြည်မပြတ်ဖို့ရန်သာရှိသည် (ဟောဗြဲ၊ ၁၂း၂)။ ခက်ခဲသောအချိန်၌ ယေရှုခရစ်ကျွန်ုပ်တို့အတွက်ပုံပမာပင်ဖြစ်ပါသည် (ဟောဗြဲ၊ ၁၂း၃)။ အခန်းကြီး ၁၂ ကိုဖတ်ရှုရသည်မှာ စာဖတ်မျက်မှန်တစ်လက်ကို ပေးထားခြင်းခံရသလိုမျိုးဖြစ်သည်။ ထိုမျက်မှန်မပါလျှင် ကျွန်ုပ်တို့၏အာရုံ၊ နားလည်မှုသည် မှုန်ဝါးနေမည်သာဖြစ်သည်။ မိရိုးဖလာထုံးတမ်းစဉ်လာများ သည် ကျွန်ုပ်တို့၏အမြင်အာရုံကိုမှုန်ဝါးစေပါသည်။ သို့ဖြစ်၍ ရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်နှင့် အာရုံကိုနှောင့်ယှက်နေမှုအားလုံးကို ရှင်းလင်း သွားစေသည်။



မျက်မှန်တစ်စုံနှင့်တူသော ဟောဗြဲ၊ ၁၂း၁–၁၃ ကိုဖတ်ပါ။ အခန်းငယ် ၅–၁၃ အထိကိုအာရုံစိုက်ဖတ်ရှုပြီး အောက်ပါမေးခွန်းများကိုဖြေပါ။

စည်းကမ်းချက်၏မူရင်းသည်မည်သည့်အရာနည်း။------------------

--------------------------------------------

သင်သည်စည်းကမ်းချက်ကိုမည်သို့တုံ့ပြန်မည်နည်း။-----------------

--------------------------------------------

စည်းကမ်း၏ပန်းတိုင်သည်အဘယ်အရာဖြစ်သနည်း။----------------

--------------------------------------------

ဟောဗြဲ၊ ၁၂း၁–၁၃ ကိုတစ်ဖန်ပြန်၍ဖတ်ပါ။ မျှော်လင့်စရာအခြေခံ အချက်များကို စာရင်းပြုစုပါ။ သင်၏အချိန်အခါမှာ ဝိညာဉ်ရေးနှင့်ဆိုင်သော ပညာကို မည်သို့မြည်းစမ်းမျှော်လင့်နေမည်နည်း။

## **သောကြာနေ့** **ဩဂုတ်လ ၁၂ ရက်**

## **ဆက်လက်လေ့လာရန်။**

Ellen G. White, “The School of the Hereafter,” pp. 301-309, in Education; “Help in Daily Living, pp. 470, 471, in The Ministry of Healing ကိုဖတ်ပါ။

‘စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်းသည်ရှိစမြဲဖြစ်သည်။ ဝမ်းနည်းရသော နေ့ရက်လည်းရှိစမြဲဖြစ်သည်။ ကမ္ဘာသူကမ္ဘာသားများကို ဘုရားရှင်သနားကြင်နာကြောင်း ယုံရခက်သောအချိန်လည်းရှိသည်။ လူတို့၏စိတ်ကိုဒုက္ခရောက်စေသောနေ့ရက်နှင့် အသက်ပင်ဆုံးရှုံးရသောနေ့ရက်များလည်းရှိသည်။ ဘုရားရှင်ကိုစွဲကိုင်ခြင်းမပြုကြတော့ဟု သံသယ၏ကျေးကျွန်ဘဝသို့ရောက်ကြသူများ လည်းများလှပါသည်။ မယုံကြည်နိုင်သောသံသယစိတ်ပင်ဖြစ်သည်။ ထိုအချိန်မျိုးမှာ ကောင်းကင်တမန်လာ၍ကယ်တင်ပေးမည်ဟု ကျွန်ုပ်တို့မျှော်လင့်နေမည်လား။ ယုံကြည်ခြင်းတောင်ကုန်းပေါ်၌ ကျွန်ုပ်တို့ခြေကိုခိုင်မြဲစွာချ၍နေမည်လား၊ အသက်တာအသစ်ဖြင့်မျှော်လင့်အသက်ရှင်မည်လား။’ (Ellen G. White, Prophets and Kings, p. 162).

–၀–

## သင်ခန်းစာ (၈)
## မမြင်နိုင်သောအရာကိုမြင်ရခြင်း
## ဩဂုတ်လ ၁၃ – ၁၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဩဂုတ်လ ၁၃ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ရောမ၊ ၈း၂၈–၃၉။ ယောဟန်၊ ၁၄း၁–၁၄။ ဇဖက်၊ ၁း၁၈–၂၃။ ဟေရှာယ၊ ၄၀း၂၇–၃၁။

**အလွတ်ကျမ်းချက်**

**"ယုံကြည်ခြင်းအားဖြင့် ရှင်ဘုရင်အမျက်ကိုမကြောက်ဘဲ၊ အဲဂုတ္တုပြည်ကိုစွန့်သွား၏။ အကြောင်းမူကား၊ မျက်မြင်မရသော ဘုရားသခင်ကိုမြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိ၏" (ဟေဗြဲ၊ ၁၁း၂၇)။**

ဟေဗြဲကျမ်းမှဖော်ပြသောယုံကြည်ခြင်း၏အဓိပ္ပာယ်မှာ စိန်ခေါ်ချက်များနှင့်ပြည့်နေသည်။ "ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကိုမျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏" (ဟေဗြဲ၊ ၁၁း၁)။ မမြင်ရသေးသောအရာကို ကျွန်ုပ်တို့မည်သို့အသေအချာစွဲလမ်းနိုင်မည်နည်း။ အလွတ်ကျမ်းချက်မှဖော်ပြထားသည့်အတိုင်း မောရှေသည် အမှန်တကယ်ပင်သက်သေပြသွားခဲ့သည်။ 'အကြောင်းမူကား၊ မျက်မြင်မရသော ဘုရားသခင်ကိုမြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိ၏' (ဟေဗြဲ၊ ၁၁း၂၇)။

'မမြင်ရသေးသောသူကို' မြင်ရဘိသကဲ့သို့ကျွန်ုပ်တို့စွဲလမ်းခြင်းသည် စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ခေတ်အခါကောင်းသောအချိန်၌ပင်မဟုတ်၊ အထူးသဖြင့်



ကမောက်ကမဖြစ်နေသောအချိန်မျိုးမှာပင်ဖြစ်သည်။ ခရစ်တော်၏ယုံကြည်ခြင်းနှင့်တူသောယုံကြည်ခြင်းမျိုးကို ကျွန်ုပ်တို့လိုအပ်နေပါသည်။ ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းကိုရယူရန် ပုံစံသွင်းထားရပါမည်။ ခမည်းတော်၏ကောင်းမြတ်ခြင်း၊ ယေရှုရှင်၏နာမတော်တန်ခိုး၊ ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးတော်၊ ဘုရားရှင်၏သနားခြင်းကရုဏာတော်သည် မဖြစ်မနေလိုအပ်နေသော ဖြောင့်မတ်ခြင်း၏ပါရမီပင်ဖြစ်သည်။ ထိုဖြောင့်မတ်ခြင်း၏ပါရမီပင် ကျွန်ုပ်တို့ကိုခိုင်ခံ့ရဲရင့်စေပြီး ပြင်းထန်သောစစ်ကြောခြင်းကိုခံရ၍ အရာရာကို သံသယစိတ်ဖြစ်စေပါသည်။

**တစ်ပတ်တာသတိပြုရန်။** အဆိုးဆုံးသောအခြေအနေမှာပင် ဘုရားရှင်၏အကူအညီသည် ကျွန်ုပ်တို့ကိုထိန်းကျောင်းပေးထားနိုင်ကြောင်း မည်သို့အမှန်အကန်သိနိုင်ပါမည်နည်း။

**တနင်္ဂနွေနေ့** **ဩဂုတ်လ ၁၄ ရက်**

**ခမည်းတော်၏လွန်ကဲသောသဘော**

'ဘုရားငါ့ကိုချစ်ရင် ငါ့အတွက်တစ်ခုခုလုပ်ပေးရမှာပေါ့' ထိုသို့သောအတွေးမျိုး ကျွန်ုပ်တို့ဦးနှောက်အတွင်း မကြခဏဝင်လာတတ်သည်။ ကျွန်ုပ်တို့အခြေအနေကိုပြန်၍ကြည့်လျှင် ဘုရားရှင်သည် အမှန်ပင်ကျွန်ုပ်တို့ကိုချစ်ကြောင်း သိမြင်ရသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သာအမှန်ပြုတော်မူမည်ဆိုလျှင် ခပ်သိမ်းသောအရာသည် အပြောင်းအလဲအများရှိနေလိမ့်မည်။

ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို သံသယစိတ်ဝင်စေသောအချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ ကျွန်ုပ်တို့အတွေးအခေါ်အယူအဆ၌ကောင်းလှပါသည်၊ သင့်လှပါသည်ဟုထင်သောအရာ၊ ယုံကြည်သောအရာမှာ ဘုရားရှင်၏စိတ်တော်နှင့်ခြားနားချက်ရှိနေလျှင်ရှိလို့မ်မည်။ ဘုရားရှင်အလိုတော်ရှိသောရလဒ်သည် တစ်မျိုးဖြစ်နေလိမ့်မည်။ ဒုတိယအချက်မှာ ဘုရားရှင်၏

ကောင်းမြတ်ခြင်းအပေါ် ကျွန်ုပ်တို့သံသယဝင်နိုင်မည့်အချက်မှာ ကျွန်ုပ်တို့တွေးထင်ယုံကြည်မှုကို အထိမခံချင်ခြင်းသဘောကြောင့်လည်းဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့ရှေ့၌မြင်ရသောအရာသည်ကောင်းသည်၊ ခံစားရသောအရာသည်ကောင်းသည်၊ ကြားရသောအရာသည်ကောင်းသည်၊ အရသာမှာစားရသည့်အခါကောင်းနေသည်။ ထိုသို့ဖြစ်လျှင် ကောင်းရမည်ဟုယုံကြည်နေသော်လည်း ဘုရားရှင်မှတားမြစ်မှုပြုခဲ့သော် ဘုရားရှင်ကိုစိတ်ဆိုးကြရသည်။ ဤနေရာ၌ယုံကြည်ခြင်းအရာသည် အဓိကဖြစ်လာသည်။ ယုံကြည်ခြင်းသည်လုပ်ဆောင်မှုပါလာသည်။ ထိုအချိန်မျိုး၌ ကျွန်ုပ်တို့စုံစမ်းခြင်းခံရသောအရာမှာ ဘုရားရှင်၏ကောင်းမြတ်ခြင်းအပေါ် သံသယစိတ်ဝင်လာခြင်းပင်ဖြစ်သည်။

ရောမ၊ ၈း၂၈–၃၉ ကိုဖတ်ပါ။ ဘုရားရှင်၏ကောင်းမြတ်တော်မူခြင်းကျွန်ုပ်တို့အပေါ်မည်မျှရှိကြောင်းကိုဖော်ပြပေးသည်။ အလွန်အားကောင်းသောကျမ်းပိုဒ်ဖြစ်သည်။ မည်သည့်ကျမ်းပိုဒ်ကိုသင့်အနေဖြင့် ဘုရားရှင်၏ကောင်းမြတ်ခြင်းအပေါ် သံသယစိတ်မဝင်နိုင်ရန် အားကောင်းသောကာကွယ်မှုပေးသည်ဟုသင်ယုံကြည်ပါသနည်း။

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

ရောမ၊ ၈း၃၂ သည် အလွန်အသုံးဝင်သော အရေးကြီး၍လက်တွေ့ကျသည့်ကျမ်းပိုဒ်ဖြစ်သည်။ အခြေအနေအားလုံးကိုကျော်လွှန်နိုင်ရန် အထောက်အကူပြုစေသည်။ ဘုရားရှင်သာထိန်းချုပ်ပေးခြင်းမပြုလျှင် ကျွန်ုပ်တို့၏အခြေအနေမှာ အဆိုးဆုံးဖြစ်နေလျက် မိမိ၏သားတော်ကိုစေလွှတ်ပေးခဲ့ရသည်။ ကျွန်ုပ်တို့အတွက်သားတော်ကိုစွန့်ရသော်လည်း ပျော်ရွှင်စွာပေးအပ်ခဲ့သည်။ အခြေအနေအရထိန်းကျောင်းပေးရခြင်းကြောင့် ဘုရားရှင်သည်သားတော်ကိုစေလွှတ်ရကြောင်း ကျွန်ုပ်တို့မည်သို့စဉ်းစားဆင်ခြင်နိုင်မည်နည်း။

အဓိပ္ပာယ်မှာ ဘုရားရှင်၏ကျေးဇူးကရုဏာတော်သည် ကျွန်ုပ်တို့အတွက်စစ်မှန်သောအရာဖြစ်သည်။ ယေရှုခရစ်တော်၏အသေခံတော်မူခြင်းကို



မြင်ကြည့်ပါ။ ကျွန်ုပ်တို့အတွက်သံသယဖြစ်ဖွယ်သော အတွေးအခေါ်အားလုံးကိုထိန်းချုပ်ပြီး၊ သာ၍ခိုင်ခံ့သောထိန်းချုပ်မှုကိုရှိစေပါသည်။

ဘုရားရှင်၏ကောင်းမြတ်ခြင်းသဘော (အမှန်တရား) သည် သင်၏သံသယစိတ်ထက်အားအင်ကြီးမားကြောင်း မည်သို့သိရှိသနည်း။ သင်၏အသေခံရမည့်နေရာအစား ယေရှုရှင်ဝင်ရောက်အသေခံခြင်းအကြောင်းကိုစဉ်းစားကြည့်ပါ။ ယနေ့ဘုရားရှင်၏ကရုဏာတော်လမ်းသည် သင့်အတွက်တစ်ထောင်မကသောနည်းလမ်းများစွာရှိသည်။ ထို့ကြောင့် သင့်၏ယုံကြည်ခြင်းအတွက် မည်သို့အထောက်အကူဖြစ်စေပါသနည်း။

**တနင်္လာနေ့** **ဩဂုတ်လ ၁၅ ရက်**

**ယေရှု၏နာမ၌**

"သင်တို့သည်ငါ၏နာမကိုအမှီပြု၍ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင်၊ တောင်းသည့်အတိုင်းငါပြုမည်" (ယောဟန်၊ ၁၄း၁၄)။

ယေရှုရှင်သည်တပည့်တော်တို့နှင့်အတူ အချိန်ကြာမြင့်စွာနေထိုင်ခြင်းမပြုခဲ့ပါ။ ထို့ကြောင့်တပည့်တော်တို့အနေဖြင့် မိမိတို့ကိုကူညီအားပေးထိန်းကျောင်းပေးခဲ့သောသခင်သည် ကောင်းကင်သို့တက်ကြွသွားပြီဖြစ်သောကြောင့်၊ အထီးကျန်ခံစားနေကြရသည်။ စိတ်ညိုးငယ်လျက်အင်အားချည့်နဲ့နေကြသည်။ သို့သော်ကိုယ်တိုင်ကိုယ်ကျ တပည့်တော်များမမြင်ရသော်လည်း ယေရှုရှင်သည်မှတ်သားလောက်သောကတိတော်ကိုထားခဲ့သည်။

ယောဟန်၊ ၁၄း၁–၁၄ ကိုဖတ်ပါ။ အခန်းငယ် ၁၃ နှင့် ၁၄ အရ ယေရှုရှင်သည်ကျွန်ုပ်တို့အတွက်ပြုလုပ်ပေးမည်ဟု ကတိပေးခဲ့သည်။ သူ၏နာမဖြင့်ဆုတောင်းလျှင် တောင်းသမျှကိုပေးမည်ဟုကတိတော်ရှိခဲ့သည်။ ထိုအကြောင်းကြောင့်ယေရှုရှင်၏နာမကိုထည့်၍ ဆုတောင်းချက်များအားလုံးအဆုံးသတ်တောင်းလျှောက်လေ့ရှိတတ်သည်။ 'ယေရှုနာမ၌ဆုတောင်းပါသည်' အာမင်ဟူ၍ဆုတောင်းကြသည်။

ထိုသို့တောင်းလျှောက်သမျှကြောင့် ကျွန်ုပ်တို့သာမန်စိတ်ထဲ၌ မည်သို့အဓိပ္ပာယ်ရှိနေသနည်း။ ထိုသို့ဆုတောင်းခြင်းကြောင့် ယေရှုရှင်သည် ကျွန်ုပ်တို့ကို မည်သို့အားပေးခဲ့သနည်း။ ကျမ်းချက်၏ဖော်ပြချက်အရ မည်သည့်အချက်ကို နားလည်ရမည်ဟု အထောက်အကူပေးထားသနည်း။

______________________________________________

______________________________________________

______________________________________________

ယေရှုရှင်၏နာမတော်ကိုသုံးပြီး ကျွန်ုပ်တို့တောင်းလျှောက်သမျှမှာ ပြည့်စုံစေရန် ကောင်းကင်ဘုံမှရှိသမျှကောင်းကင်သားများသည် ကျွန်ုပ်တို့အတွက်ကို အားလုံးဝိုင်းဝန်းကြိုးစားနေကြကြောင်းသိထားရမည်။ ကျွန်ုပ်တို့ပတ်လည်၌ရှိသောကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့အတွက် အလုပ်လုပ်ပေးနေကြောင်း ကျွန်ုပ်တို့မမြင်နိုင်ပါ။ သို့သော်လည်း သူတို့အားလုံးကို ကောင်းကင်ပလ္လင်တော်မှစေလွှတ်ကာ ယေရှု၏နာမအားဖြင့် ကျွန်ုပ်တို့လိုအပ်သမျှကိုဖြည့်စွမ်းပေးရန် ရောက်ရှိနေလျက်ရှိကြောင်းသိရပါမည်။

တချို့သောအချိန်၌ ယေရှု၏နာမတော်ဖြင့်ဆုတောင်းနေစဉ်မှာပင် ကျွန်ုပ်တို့၏မျက်စိကိုဖွင့်ပြီး တစ်စုံတစ်ရာချက်ချင်းထူးခြားလာမည်ကို မျှော်လင့်စောင့်ကြည့်တတ်ကြသည်။ သို့သော်ထူးခြားမှုဖြစ်မလာပါ။ မည်သို့ပင်ဆိုစေ ဘုရားရှင်၏ဘုန်းတန်ခိုးတော်သည် ထူးထူးခြားခြားပေါ်လာစေရန် ပြင်းထန်သောမုန်တိုင်းကို ယေရှုရှင်ငြိမ်သက်စေသည့်နည်းတူ ချက်ချင်းမတွေ့ရသောအခြေအနေမျိုးလည်းရှိသည်။ ဂေသရေမန်ဥယျာဉ်တော်အတွင်း၌ ယေရှုရှင်ဆုတောင်းသောအခါ ထူးခြားမှုအလျှင်းမရှိခဲ့ပါ။ အချို့သောဆုတောင်းခြင်းများသည် ချက်ချင်းထင်ရှားလာသကဲ့သို့၊ အချို့တို့မှာမထင်မရှားသေးသောကြောင့် ဘုရားရှင်နားညောင်းခြင်းမရှိဟု တစ်သမတ်တည်းခံယူခြင်းမပြုနိုင်ပါ။



ယောဟန်၊ ၁၄း၁–၁၄ ကိုဖတ်ရှုခြင်းပြန်၍ပြုပါ။ သင်ဖတ်သောအခါမှာ သင့်ကိုယေရှုရှင်တိုက်ရိုက်စကားပြောနေသည်ဟု ခံယူသဘောပိုက်ပါ။ မျက်နှာချင်းဆိုင်၍ပြောနေသည်ဟု စိတ်ထဲမှတ်ပါ။ ကိုယ်တော်ပေးသောကတိတော်များမှာ သင့်အတွက်မည်သည့်မျှော်လင့်စရာ၊ အားရှိစရာများရရှိနေသနည်း။ တစ်ချိန်တည်း၌ပင် သင့်ကိုယ်သင်ပြန်၍မေးပါ။ 'ငါ့ရဲ့အသက်တာမှာ ဒီကတိတွေပြည့်စုံစေရန်ဘယ်လိုရပ်တည်သွားမလဲ၊ ငါ့ရဲ့စိတ်သဘောထားအပြုအမူတွေကို ငါဘယ်လိုပြုပြင်သင့်သလဲ၊ ပြုပြင်ရမလဲ' ဟူ၍ဖြစ်သည်။

**အင်္ဂါနေ့** **ဩဂုတ်လ ၁၆ ရက်**

## ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုး

ရှင်ပြန်ထမြောက်ခြင်းသည် လူသားတို့၏စွမ်းအင်မဲ့နေခြင်းပြဿနာကို ဖော်ပြပေးခြင်းဖြစ်သည်။ ယေရှုရှင်၏အသက်ရှင်ခြင်း၊ သေခြင်းနှင့်ရှင်ပြန်ခြင်းအကြောင်းကို ကျွန်ုပ်တို့အတွက်ဘုရားရှင်မှ တရားဝင်လက်ခံခြင်းအကြောင်းကို စဉ်းစားလာရသည်။ အမှန်လည်းဖြစ်နေပါသည်။

မည်သို့ဆိုပါစေ၊ ရှင်ပြန်ခြင်းသည် ကယ်တင်ခြင်း၏အတိုင်းအတာတစ်ရပ်အဖြစ်နေရာယူထားခဲ့ပြီ။ ရှင်ပြန်ထမြောက်ခြင်းအကြောင်းသည် ကျွန်ုပ်တို့အတွက်ဥပမာသက်သက်အဖြစ် နေ့တစ်နေ့၌ကေန်ကျွန်ုပ်တို့ပြန်၍ရှင်ပြန်ကြရမည်ဟုသာ သဘောပိုက်ထားခြင်းမဟုတ်ပါ။ ယေရှုရှင်၏ရှင်ပြန်ထမြောက်ခြင်းသည် မိမိအားခမည်းတော်၏လက်ယာတော်ဘက်၌ ထိုင်ရသောရာထူးကိုရရှိစေသည်သာမက တန်ခိုးအာဏာကိုလည်းအပ်နှင်းပေးခြင်းရှိသည်။ ထိုရှင်ပြန်ထမြောက်ခြင်းတန်ခိုးသည် ယနေ့ကျွန်ုပ်တို့အတွက် ဘုရားရှင်ချပေးသောအခွင့်အရေးနှင့်အတူတူပင်ဖြစ်သည်။

ဖေက်၊ ၁း၁၈–၂၃ ၌ ရှင်ပေါလုသည် ဘုရားရှင်၏တန်ခိုးတော်အကြောင်းကိုပြောကြားခဲ့သည်။ ကျမ်းချက်မှပါရှိသောအချက်အလက်များတွင်

ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးတော်အကြောင်း မည်သို့ဖော်ပြထားသနည်း။ ယင်းကျမ်းချက်အထဲမှ သင်ကိုယ်တိုင်မည်သည့်မျှော်လင့်ချက်နှင့်ကတိတော်များကို ရှာဖွေတွေ့ရှိနိုင်သနည်း။

________________________________________________

________________________________________________

________________________________________________

ရှင်ပေါလုသည် ဖေက်မြို့သားများဘုရားရှင်၏မစခြင်းအကြောင်းကို သဘောပေါက်နိုင်စေရန်ဆုတောင်းခဲ့သည်။ (၁) ယေရှုရှင်ခေါ်တော်မူသော ပြောင်းလဲခြင်း၏မျှော်လင့်ချက်နှင့် အနာဂတ်ထာဝရအရေးကိုသဘောပေါက်စေရန်ဖြစ်သည်။ (၂) ကျွန်ုပ်တို့အထဲ၌ဖော်ပြသော ဘုရားရှင်၏တန်ခိုးတော်ကိုနားလည်နိုင်စေရန်ဖြစ်သည်။

ထိုနောက်မှာရှင်ပေါလုသည် ဘုရားရှင်၏တန်ခိုးတော်သည် အံ့ဩဖွယ်အကြောင်းဖြစ်သည်ကိုရှင်းပြခဲ့သည်။ ယနေ့ကျွန်ုပ်တို့အတွက်ထင်ရှားလာသော တန်ခိုးတော်အလုံးစုံတို့မှာ ယေရှုရှင်ကိုသေခြင်းမှထမြောက်စေသောတန်ခိုးတော်နှင့် ထပ်တူထပ်မျှတန်ခိုးတော်ဖြစ်သည်။ ယေရှုရှင်သည်မြေကြီးမှရှင်ပြန်ထမြောက်ပြီး အသက်ရှင်လာရုံသာမဟုတ်ပါ။ ခမည်းတော်ပလ္လင်၏လက်ယာဘက်ရာထူးကိုလည်း ပေးခြင်းခံရသေးသည်။

ရှင်ပေါလုသည်ထိုနေရာ၌အဆုံးမသတ်သေးချေ။ ရှင်ပြန်ခြင်းသည် ယေရှုရှင်အားတန်ခိုးသက်သက်ပေးခြင်းမျိုးမဟုတ်သေးပါ။ အုပ်စိုးနိုင်သောအာဏာ၊ လူသားတိုင်းထာဝရအသက်ရရှိနိုင်သောလမ်းကိုပင် ပြင်ဆင်ပေးနိုင်သည်။

သင်၏အသက်တာ၌ ယေရှုရှင်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအတွက် လိုအပ်သည့်အရာကိုစာရင်းပြုစုပါ။ သင်ပြုစုပြီးသည်နှင့် ထိုတန်ခိုးများသည် သင့်အပေါ်သက်ရောက်စေရန်ဆုတောင်းပါ။ တစ်ချိန်တည်းမှာပင် ပို၍ကောင်းသောလုပ်ရပ်ကို သင်မည်သို့ပြုနိုင်ပါမည်နည်း။ မည်သို့သောလမ်းကိုရွေးချယ်ရန်



သင်ပြုနိုင်မည်နည်း။ ယင်းတန်ခိုးမျိုးသည်သင့်အသက်တာအတွက် မည်သို့လွတ်လပ်စွာသက်ရောက်ခွင့်ရှိစေမည်နည်း။

**ဗုဒ္ဓဟူးနေ့** **ဩဂုတ်လ ၁၇ ရက်**

## ပူပန်ခြင်းရှိသမျှကိုယူဆောင်သွားပေးခြင်း

အချို့သောအိမ်များ၌ ရေးထားသောစာတစ်ခုမှာ 'သောကပူပန်ရောက်နေချိန်မှာ အဘယ်ကြောင့်ဆုတောင်းသနည်း' ဟူ၍ဖြစ်သည်။ ရယ်စရာစကားဖြစ်နေပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည်ဘုရားရှင်ကိုအားကိုးခြင်းထက်သောကပူပန်ခြင်းကိုသာ မကြာခဏလုံးပန်းနေရသည်။

ပုဂ္ဂိုလ်တစ်ဦးပြောဖူးသောစကား၌ ကျွန်ုပ်တို့၏အသက်တာတွင်ဖြေမရအောင်ရှုပ်ထွေးသွားခဲ့လျှင် ဘုရားရှင်၏လက်သို့အပ်ပြီး ကိုယ်တော်ကိုဖြေခိုင်းပါ။ အားလုံးလွတ်မြောက်သွားမည်ဟုဆိုသည်။ ဘုရားရှင်သည် ကျွန်ုပ်တို့အတွက်ပြုတော်မူလိုသည်မှာ မည်မျှကြာညောင်းခဲ့ပြီနည်း။ အံ့ဩစရာကောင်းသည်မှာ ကျွန်ုပ်တို့သည်ခြေကုန်လက်ပန်းကျသည့်အထိ မိမိ၏ပြဿနာများကိုမိမိခွန်အားဖြင့်ကြိုးစားဖြေရှင်းတတ်ကြသည်။ အဘယ်ကြောင့် ဘုရားရှင်ထံသို့မတင်ပြဘဲ ခြေကုန်လက်ပန်းကျသည့်အထိစောင့်ချင်နေရသနည်း။

၁ပေ၊ ၅း၇ ကိုဖတ်ပါ။ ယင်းကျမ်းချက်ကို ရှင်ပေတရုသည် ဆာလံ၊ ၅၅း၂၂ ကို ကိုးကားယူထားခြင်းဖြစ်သည်။ အခြေခံသတင်းစကားမှာမည်သို့နည်း (မဿဲ၊ ၆း၂၅-၃၃)။

________________________________________________

________________________________________________

၁ပေ၊ ၅း၇ သည် အလွန်မှပင်ရိုးရှင်းသောကျမ်းပိုဒ်ဖြစ်သည်။ မည်သည့်လျှို့ဝှက်ချက်မျိုးမျှမရှိပါ။ အရှိကိုအရှိအတိုင်း ရှင်းရှင်းလင်းလင်းအဓိပ္ပာယ်ဖော်ထားသည်။ ပစ်ချသည်ဟူသောစကားသည်လွှင့်ပစ်သည်၊ အဝေးသို့ပို့လိုက်သည်၊ လုံးဝအဆက်အသွယ်ဖြတ်လိုက်ခြင်းကိုဆိုလိုသည်။ သို့သော်

ပူပင်သောကဝန်ထုပ်ဟုခေါ်သောအခါ လွှင့်ပစ်၍ရကောင်းသောအရာမျိုး မဟုတ်ပါ။ ကျွန်ုပ်တို့ခံစားရတတ်သောပူပန်ခြင်းသောကသည် ရုပ်ဝတ္ထု ပျောက်ဆုံးခြင်းမျိုးကဲ့သို့ ပျောက်သွားတတ်သည်လည်းမရှိပါ။ ကောင်းကင်ဘုံ ရှင်ခမည်းတော်ထံသို့ယူဆောင်သွားမှသာ ဘုရားရှင်သည် ခပ်သိမ်းသော ပူပန်ခြင်းကိုသက်သာစေမည်ဖြစ်သည်။ ကိုယ်တော်ကပျောက်စေမည်ဟုလည်း ကတိတော်ပေးထားသည်။ ထိုကတိတော်ကို ယေရှုရှင်ကိုယ်တော်တိုင် ရှင်မဿဲ ခရစ်ဝင်ကျမ်းထဲ၌ မိန့်တော်မူခဲ့ပြီးသားဖြစ်သည်။ ထိုသို့ပူပန်သောကရှိခြင်း၏ ပြဿနာကိုဖြေရှင်းသောအခါမှာ ခက်ခဲသည်မဟုတ်ပါ။ အမှန်အကန်ပင် လွယ်ကူလွန်းလှပါသည်။

စိုးရိမ်ကြောင့်ကြ ပူပန်ဗျာများရပါသည်ဟူသောအရာအားလုံးကို ထိခိုက်ပျက်စီးစေနိုင်သည်။ အလုပ်ခွင်၌လည်းဖိအားခံနေရတတ်သည်။ မမျှော်လင့် သောဝေဖန်ပြစ်တင်မှုများကြောင့် ကိုယ့်ကိုမလိုလားမနှစ်မြို့ဟု ခံစားရတတ်သည်။ ကျန်းမာခြင်းအတွက်၊ ငွေကြေးအတွက် ပူပင်သောကများစွာရှိတတ်သည်။ ဘုရားရှင်၏ရှေ့တော်၌ကောင်းမြတ်ခြင်းမရှိ၊ မထိုက်တန်၍ခွင့်လွှတ်ခြင်းမခံရဟု စိတ်ထင်တတ်ကြသည်။

မည်သည့်ကိစ္စမဆို ပြဿနာဖြေရှင်းရလျှင် မိမိကိုယ်တိုင်သာအသင့် လျော်ဆုံး၊ အခြားသူများထက်သာလွန်ခြင်းရှိကြောင်း အထင်ရှိကြသည်။ သို့သော် ရှင်ပေတရုသည် ကျွန်ုပ်တို့ကိုတိုက်တွန်းရာ၌ အတွေးအခေါ်ကိုရှေ့တန်းမတင်ရန် အထူးသတိပေးသည်။ ကျွန်ုပ်တို့စိုးရိမ်ရန်မလိုအပ်သောအချက်မှာ ဘုရားရှင် ကြည့်ရှုစောင်မပေးနေခြင်းကြောင့်ဖြစ်သည်။ သို့သော် ကွာရှင်းခြင်းနှင့် မိမိ ကိုယ်ကိုအသုံးမဝင်တော့ပါဟုထင်ရသောအခါ ဘုရားရှင်သည် အပြည့်အဝ ဝင်ရောက်မစပေးနေကြောင်းကိုမြင်ရသည်။ သမ္မာကျမ်းစာ၏အဆိုအရ ကိုယ်တော် သည် အခြေအနေအလုံးစုံကိုပြောင်းလဲပစ်ရန် အပြည့်အဝကြည့်ရှုစောင်မတော် မူသည်။



သင့်ကိုယခုစိတ်ပူပန်စေသောအကြောင်း မည်ကဲ့သို့ရှိနေသနည်း။ ဥပဒေကြောင်းအရ မည်မျှပင်သွားနေစေကာမူ ပူပန်သောကဗျာပါရမည်မျှ ပင်ရှိနေပါစေ၊ ဘုရားရှင်အတွက် ခက်ခဲသောအမှုတစ်စုံတစ်ရာရှိပါမည်လား။ ကျွန်ုပ်တို့အတွက်အကြီးမားဆုံးပြဿနာဖြစ်နေသော်လည်း ဘုရားရှင်သိရှိတော် မူပါသည်ဟု ကျွန်ုပ်တို့ယုံကြည်ထားနိုင်သည်။ ဘုရားရှင်ဖြေရှင်းပေးနိုင်သည်။ ကျွန်ုပ်တို့ဖြစ်စေလိုသည့်အတိုင်း ဘုရားရှင်သည် ပြဿနာကိုဖြေရှင်းသွားမည် မဟုတ်ပါ။ နောက်ဆုံးပိတ်အချက်ကို သေသေချာချာကိုင်ဆွဲထားပြီး သင်၏ အသက်တာနေထိုင်မှုသည် မည်မျှမှန်ကန်နေသည်ကိုဆန်းစစ်ကြည့်ပါ။

**ကြာသပတေးနေ့ ဩဂုတ်လ ၁၈ ရက်**

**ဘုရားရှင်ကိုမမြင်ရသေးသော်လည်းသစ္စာရှိမြဲပါ**

ကျွန်ုပ်တို့၌ဖြစ်နေသောကိစ္စကိုစိတ်ဝင်စားသူမရှိလျှင် ခံရခက်လှသည်။ ဘုရားရှင်သည်ကျွန်ုပ်တို့ကိုအရေးမလုပ်၊ ပြဿနာကိုမသိဟုခံစားရခြင်းက ပို၍ခံရခက်သည်၊ ခံရအခက်ဆုံးဖြစ်သည်။

ယုဒလူများဗာဗုလုန်သို့သိမ်းပိုက်သွားခြင်းခံရသောအချိန်၌ ဘုရားသခင် သည် ဂရုစိုက်ခြင်းမရှိဟုခံစားခဲ့ကြရသည်။ သိမ်းပိုက်ခံနေရဆဲ၊ ဘုရားရှင်စွန့်ပစ် ထားဆဲဟု ခံစားရသည်။ သူတို့အပြစ်ကြောင့်ဘုရားရှင်ပစ်ထားသည်ဟု ခံစား နေကြရသည်။ သို့သော်ပုရောဖက်ဟေရှာယသည် နှစ်သိမ့်စကားများကို သူတို့အားပြောကြားပေးခဲ့သည်။ ဟေရှာယ၊ ၄၀ သည် အလွန်ချစ်ဖွယ် ကောင်းသောကျမ်းပိုဒ်ဖြစ်ပြီး ဘုရားရှင်၏ကြင်နာခြင်းအကြောင်းကို ဟေရှာယ သည် မိမိ၏လူတို့အားပြောကြားခဲ့သည်။ "မိမိသိုးစုကိုသိုးထိန်းကဲ့သို့ကြည့်ရှုတော် မူမည်။ သိုးသငယ်တို့ကိုချီ၍ပိုက်ပွေ့တော်မူမည်" (ဟေရှာယ၊ ၄၀း၁၁)။ သို့သော်လည်း နောက်ပိုင်းအချိန်ကြာညောင်းလာသောအခါ ဖမ်းသွားခြင်းခံ ကြရသူတို့၏စိတ်၌ 'ဘုရားရှင်၊ သင်အဘယ်မှာရှိသနည်း။ ကိုယ်တော်၏ စောင်မပို့ဆောင်ခြင်းအကြောင်း ကျွန်ုပ်တို့မတွေ့ရပါ' ဟူ၍ဖြစ်လာမည်။

ဟေရှာယ၊ ၄၀း၂၇–၃၁ ကိုဖတ်ပါ။ ဟေရှာယသည်ဘုရားရှင်ကို မည်သည့်နည်းဖြင့်ဖော်ပြခဲ့သနည်း။ ရှင်းလင်းချက်အဓိပ္ပာယ်ကိုဘုရားရှင်သည် "သင်သွားသောလမ်းကို ထာဝရဘုရားသိတော်မမူဟု အဘယ်ကြောင့် ပြောသနည်း။ သင့်အမှုကိုဘုရားသခင်မှတ်တော်မမူဟု အဘယ်ကြောင့် ဆိုရသနည်း" (ဟေရှာယ၊ ၄၀း၂၇)။

---------------------------------------------------

---------------------------------------------------

အခြားသောလူစုအဖွဲ့တစ်ဖွဲ့မှာ မိမိတို့၏လမ်းသည်ပျောက်ဆုံးနေသည်။ ဘုရားရှင်သည်သူတို့ကိုအမှုမပြု၊ မှတ်တော်မမူဟုထင်သည့်အဖွဲ့မှာ ဧသတာဝတ္ထုတွင်တွေ့ရသည်။ ဧသတာဝတ္ထု၌ ဘုရားရှင်ကိုဖော်ပြခြင်းအလျှင်းမရှိ၊ ဖြစ်စဉ်တစ်ခုလုံးတွင် ဘုရားရှင်သည်မိမိလူတို့အတွက် ကြားဝင်ကူညီနေသည့်တိုင် ထုတ်ပြန်ထားသောဥပဒေကို ပြန်ရုပ်သိမ်းစေသည့်အခွင့်မရှိ၊ ထုတ်ပြန်သော်လည်း တစ်နည်းတစ်ဖုံဖြင့်ဘုရားရှင်စီစဉ်ခဲ့သည်။ နောင်လာမည့်အနာဂတ်တွင်လည်း ဘုရားရှင်၏လူတို့သည် ညှဉ်းဆဲခံရမည့်အမိန့်ထုတ်ပြန်ချက်နှင့် ရင်ဆိုင်ကြရဦးမည်ဖြစ်သည် (ဗျာ၊ ၁၃း၁၅)။ ကြောက်မက်ဖွယ်ကောင်းလှသောအခြေအနေများ ရှိလာလိမ့်ဦးမည်။ ဘုရားရှင်သည်မိမိ၏လူတို့ကို အမှန်ကာကွယ်ပေးမည်လား။ ကျွန်ုပ်တို့လုံးဝကြောက်ရန်မလိုပါ။ ဧသတာအချိန်၌မိမိ၏လူတို့ကို ဧကန်အမှန် ကယ်တင်ပေးလိမ့်မည်အမှန်ပင်ဖြစ်သည်။

သိမ်းယူဖမ်းသွားခံရသူများအား ဟေရှာယသည်ဘုရားရှင်အကြောင်း ကိုဖော်ပြခဲ့ကြောင်း၊ ကျွန်ုပ်တို့ဖတ်ရပြီဖြစ်သည်။ ဘုရားရှင်ဂရုမစိုက်၊ ပစ်ထားခြင်းခံရသည်ဟုခံစားနေရသူများကို သင်မည်သို့ရှင်းပြမည်နည်း။ ယုံကြည်ခြင်းမျက်စိနှင့်မြင်တတ်ပါရန် သင်မည်သို့သင်ကြားပေးမည်နည်း။ ပတ်ဝန်းကျင်ရှိလူသားမျက်စိနှင့်မကြည့်ပါရန် သင်မည်သို့ရှင်းပြပါမည်နည်း။





**သောကြာနေ့** **ဩဂုတ်လ ၁၉ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, "In the Days of Queen Esther," pp. 598-606, in Prophets and Kings ကိုဖတ်ပါ။

ဘုရားရှင်သည်သူ့ကိုတောင်းလျှင် သန့်ရှင်းသောဝိညာဉ်တော်ကို ပေးမည်' ဟု ဆိုခဲ့ပြီ။ သန့်ရှင်းသောဝိညာဉ်အစစ်အမှန်မဟုတ်ဘဲ လမ်းပြပို့ဆောင်ခြင်းကိုဆိုလိုပါသလား။ အချို့သူတို့သည် ဘုရားရှင်၏နှုတ်ကပတ်တော်ကိုခံယူရမည့်အကြောင်း ကြောက်ရွံ့တတ်ကြသည်။ ဘုရားရှင်ကို သံသယစိတ်မျိုးအမှတ်ယူတတ်ကြသည်။ ဆုတောင်းသောအခါ သွန်သင်တော်မူခြင်းကိုရရှိရန်တောင်းခံကြသော်လည်း နှုတ်တော်ထွက်စကားတော်မှ ကတိသစ္စာပြုထားခြင်းများကို ယုံစားရန်ကိုမူကြောက်ရွံ့နေပြန်သည်။ ခမည်းတော်ဘုရားရှင်၏အထံတော်သို့တိုးဝင်ကြသည်မှာ ကြာညောင်းလှပြီဖြစ်သော်လည်းကောင်း၊ ဝိညာဉ်တော်၏သွန်သင်မှုကိုခံယူရမည်ဖြစ်ပြီးသော်လည်းကောင်း၊ သင်ယူလိုစိတ်ရှိနေလင့်ပြီးသော်လည်းကောင်း၊ ဘုရားရှင်ကို ကျွန်ုပ်တို့အဘယ်ကြောင့်သံသယစိတ်ရှိနေရပါမည်နည်း။ ကိုယ်တော်၏ကတိတော်ပြည့်စုံမည့်အကြောင်းကို ကျွန်ုပ်တို့အဘယ်ကြောင့်အယုံအကြည်နည်းနေကြသနည်း။ ကိုယ်တော်အပေါ် သံသယစိတ်နှင့်မယုံကြည်ခြင်းစိတ်ထားရမည်မဟုတ်ပါ။ ကိုယ်တော်၏အလိုကိုသိလိုနေသမျှ သင်၏တာဝန်မှာ ကိုယ်တော်ကိုယုံကြည်၍ ပို့ဆောင်တော်မူခြင်းကိုခံယူတတ်ရန်သာရှိသည်။ ကိုယ်တော်၏အလိုတော်ရှိသည့်အတိုင်း ကောင်းချီးကိုခံယူကြရမည်သာဖြစ်သည်။ ကိုယ်တော်၏ သွန်သင်ခြင်းလမ်းကိုမယုံမကြည်ရှိမှုထက် မိမိကိုယ်မိမိမယုံမကြည်ရှိခြင်းက

သာ၍များနေလိမ့်မည်။ သို့သော် ဆုတောင်းခြင်းကိုမူပြုတတ်ကြ၏။ ကိုယ်တော်ကို ယုံစားတတ်မြဲဖြစ်သည်။ ဘုရားရှင်၏သန့်ရှင်းသောဝိညာဉ်တော်ပို့ဆောင်ခြင်းကို သင်သည်အဖြေရှာရန် ကိုယ်တော်၏ပြင်ဆင်တော်မူခြင်းနှင့် အကြံတော်ကို မှန်ကန်စွာစိစစ်သွားရမည်။" (Ellen G. White, Manuscript Releases, vol. 6, p. 225).

"ပတ်ဝန်းကျင်၏ဆန့်ကျင်မှုနှင့်သံသယရှုပ်ထွေးခြင်းများသည် ယုံကြည်ခြင်းကိုတိုးပွားစေပါသည်။ အတွေ့အကြုံကြောင့်ရင်ဆိုင်ရသောစုံစမ်းခြင်းများသည် ကျောက်မျက်ရတနာများထက်ပို၍ တန်ဖိုးကြီးမားလာသည်။" (Ellen G. White, Testimonies for the Church, vol. 3, p. 555).

---o---



## သင်ခန်းစာ (၉)
## ချီးမွမ်းခြင်းအသက်တာ
## ဩဂုတ်လ ၂၀ – ၂၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဩဂုတ်လ ၂၀ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဖိလိပ္ပိ၊ ၄း၄–၇။ ယောရှု၊ ၅း၁၃ – ၆း၂၀။ ဆာလံ၊ ၁၄၅။ တမန်၊ ၁၆း၁၆–၃၄။ ဗျာ၊ ၂၀း၁–၃၀။

**အလွတ်ကျမ်းချက်**

**"သခင်ဘုရား၌ အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။ တစ်ဖန်ငါဆိုသည်ကား၊ ဝမ်းမြောက်ကြလော့" (ဖိလိပ္ပိ၊ ၄း၄)။**

ကျွန်ုပ်တို့စိတ်ပျော်နေချိန်တွင် ဘုရားသခင်ကိုအော်ဟစ်ချီးမွမ်းနိုင်ပါသည်။ အခြေအနေမကောင်းသောအခါ၌မူ ချီးမွမ်းရန်မလွယ်ကူတော့ပါ။ အကြမ်းတမ်းဆုံးအခြေအနေရောက်ရှိနေစဉ်၊ ပြင်းထန်သောအပူမီးဝိုင်း၍ သောကရောက်နေချိန်၌ ဘုရားကိုချီးမွမ်းရန်ခက်လှသည်။ ကောင်းစားသည်ဖြစ်စေ၊ ခက်ခဲသည်ဖြစ်စေ ဘုရားကိုချီးမွမ်းရမည်။ လိုအပ်နေချိန်မှာပို၍ပို၍ ပင်ချီးမွမ်းခြင်းပြုမိလျှင် ကျွန်ုပ်တို့ယုံကြည်ခြင်းသည်သာ၍ခိုင်မာလာလိမ့်မည်။

အမှန်မှာချီးမွမ်းခြင်းအမှုသည် အမှောင်ဆုံးသောကျွန်ုပ်တို့၏ဒုက္ခကိုပင် ပြောင်းလဲပေးစေပါသည်။ ပတ်ဝန်းကျင်၌ရှိသောကိစ္စကို ပြုပြင်ပြောင်းလဲခြင်း ရှိချင်မှရှိလိမ့်မည်။ သို့သော် ကျွန်ုပ်တို့၏အတွင်းစိတ်၌ပြောင်းလဲခြင်းရှိပြီး ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်အားကိုပေးနိုင်လိမ့်မည်။

ချီးမွမ်းခြင်းသည် ယုံကြည်ခြင်းအတွက်လက်တွေ့လုပ်ဆောင်ချက်ဖြစ်သည်။ သဘာဝအတိုင်းဖြစ်လာခြင်းမျိုးမဟုတ်ပါ။ သို့သော် ချီးမွမ်းခြင်းကို လေ့ကျင့်ယူသောအခါမှာ အလေ့အကျင့်ဖြစ်လာတော့သည်။ ချီးမွမ်းခြင်း၌ ပြောင်းလဲမှုနှင့်အောင်မြင်မှုတန်ခိုးပါရှိနေပါသည်။

**တစ်ပတ်တာသတိပြုရန်။** ချီးမွမ်းခြင်းသည်မည်ကဲ့သို့သောအရာနည်း။ ခက်ခဲကြမ်းတမ်းသောအချိန်၌ ချီးမွမ်းခြင်းသည် အဘယ်ကြောင့်ဝိညာဉ်ရေးရာ လက်နက်တစ်စုံဖြစ်စေနိုင်ပါသနည်း။ ချီးမွမ်းခြင်းသည် ကျွန်ုပ်တို့ကိုမည်သို့ ပြောင်းလဲပေးနိုင်သနည်း။ ပတ်ဝန်းကျင်ကိုမည်သို့သက်ရောက်မှုရှိသနည်း။

**တနင်္ဂနွေနေ့** **ဩဂုတ်လ ၂၁ ရက်**

## ချီးမွမ်းခြင်းအတွက်အောက်ခံဘောင်

ရုရှားစာရေးဆရာကြီး ဖျိုင်ဒိုဒေါ့စတိုွင်းယဗ့်စကီ ‘Fyodor Dostoyevski’သည် သေဒဏ်ချမှတ်ခံခဲ့ရသည်။ နောက်ဆုံးအချိန်အနည်းငယ်သာ အသက်ရှင်ခွင့်ရတော့မည်။ သူသည်ထောင်ထဲ၌ရှိသော အကျဉ်းသားအဖော်များကို မိမိ၏အတွေ့အကြုံများအားပြောပြပေးခဲ့သည်။ သူရေးသားခဲ့သောစာ၌ ‘အဆုံးအထိယုံကြည်ချက်ထားပါ။ အခြားသူအားလုံးစိတ်ပျက်သွားသည့်တိုင် သင်ကိုယ်တိုင်တစ်ဦးတည်းသစ္စာခိုင်မြဲပါ။ သင်တစ်ယောက်တည်းအထီးကျန်နေသည့်တိုင် ပူဇော်သကာအလျှုကိုတင်လျှု၍ ဘုရားကိုချီးမွမ်းပါ’ ဟူ၍ ဖြစ်သည်။

ယင်းသင်ခန်းစာအခန်းတိုင်းပင် ရှင်ပါလုသည် ဆန့်ကျင်မှုနှင့်နှိပ်စက်ညှဉ်းပန်းမှုမည်မျှခံခဲ့ရကြောင်းကို ကျွန်ုပ်တို့သိခဲ့ရပြီဖြစ်သည်။ ရောမမြို့ရှိ ထောင်ထဲ၌ရောက်နေသည်။ စိတ်ဓာတ်မကျသည့်အပြင် ဖိလိပ္ပိမြို့ရှိယုံကြည်သူများကို အားပေးတိုက်တွန်းစာရေးသားခဲ့သေးသည်။



ဖိလိပ္ပိ၊ ၄း၄–၇ ကိုဖတ်ပါ။ ရှင်ပါလုသည် ထောင်တွင်းအကျဉ်းချခံနေရစဉ် ထိုကဲ့သို့သောစာကိုရေးနိုင်သည့်အကြောင်းရင်း သင်မည်သို့ထင်သနည်း။ ရေးသားထားချက်၌ ဘုရားရှင်၏ငြိမ်သက်ခြင်းမျိုးကို မည်သို့ရရှိနိုင်သည့်သော့ချက်မှာမည်သည့်အရာများနည်း။

---------------------------------------------------

---------------------------------------------------

အခြေအနေအရပ်ရပ်ကောင်းမွန်နေသော် ပျော်ရွှင်ဝမ်းမြောက်တတ်ကြသည်။ ရှင်ပေါလုအနေဖြင့် ကျွန်ုပ်တို့အားလုံးအစဉ်ဝမ်းမြောက်ခြင်းရှိစေရန် သတိပေးခဲ့သည်။ ထူးခြားချက်အမှန်ရှိနေပါသည်။ ရှင်ပေါလု၏ရေးသားချက်ကို တည့်တည့်အဓိပ္ပာယ်ယူလျှင် ကျွန်ုပ်တို့အတွက်ဝေဖန်စရာအကြောင်းနှစ်ချက်ရှိသည်။

ပထမအနေဖြင့် အစဉ်ဝမ်းမြောက်ရမည်ဟုဆိုသောအခါ ပျော်ရွှင်စရာအကြောင်းတစ်စုံတစ်ရာမရှိသည့်တိုင် ပျော်ရွှင်နေရမည်ဟုအဓိပ္ပာယ်ရှိသည်။ ဒုတိယအချက်မှာ အစဉ်ပျော်ရွှင်ရမည်ဟုဆိုသောအခါ စိတ်ထဲ၌အလိုမကျနေချိန်မှာပင် ပျော်ရွှင်နေရမည်ဟု အဓိပ္ပာယ်ရှိနေပါသည်။

ရှင်ပေါလု၏သွန်သင်ခြင်းစကား၌ ကျွန်ုပ်တို့၏ပတ်ဝန်းကျင် အခြေအနေသည် ပုံမှန်မဖြစ်နေသော်လည်း စိတ်ထဲ၌ဝမ်းမြောက်ရမည်သာရှိသည်။ မည်သို့မျှအကြောင်းပြချက်မရှိသော်လည်း ဝမ်းမြောက်ပျော်ရွှင်နေရမည်ဟု ပေါ်လွင်သည်။ တစ်နည်းမှာ ချီးမွမ်းခြင်းသည် ယုံကြည်ခြင်း၏အလုပ်တစ်ခုဖြစ်ကြောင်းသတ်မှတ်ထားသည်။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ဖြစ်နေသောအခြေအနေအပေါ်ပြသရသည်မဟုတ်ဘဲ ဘုရားသခင်အမှန်တရားကိုသာပြခြင်းဖြစ်ရမည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ခံစားမှုကောင်းခြင်းကြောင့် ချီးမွမ်းရမည်မဟုတ်၊ ဘုရား၏ကတိတော်သည် အမှန်ပင်ကျွန်ုပ်တို့အတွက် ရှိနှင့်ပြီးသောကြောင့် ချီးမွမ်းနေရမည်သာရှိသည်။ အံ့သြဖွယ်ကောင်းလှသည့်အချက်မှာ

ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏အတွေးအခေါ်မှ ပုံဖော်စတင်လာသည်။ ခံစားမှု စတင်လာသည့်အခြေအနေမှ စတင်လာခြင်းဖြစ်သည်။

ယနေ့ရှင်ပေါလုရေးသားချက်၌ ဘုရားရှင်ကိုသစ္စာသမ္မာနှင့်ပြည့်စုံကြောင်းကို မည်သို့ဖော်ပြသနည်း။ ထိုသစ္စာသမ္မာသည်ပင် ရှင်ပေါလုအား ပျော်ရွှင်ခြင်းဝမ်းမြောက်ခြင်းကို ရရှိပိုင်ဆိုင်စေလျက် ထောင်သွင်းအကျဉ်းခန်းမှာပင် ပျော်ရွှင်နိုင်ခဲ့သည်။ ဘုရားရှင်၏သစ္စာသမ္မာအကြောင်းကို သင်သိသရွေ့စာရင်းပြုစုရေးသားပါ။ ထိုစာရင်းအတိုင်းကျေးဇူးတော်ကိုချီးမွမ်းခြင်းပြုပါ။ သင့်အတွက် မည်သို့ပြောင်းလဲမှုရှိစေနိုင်သနည်း။

**တနင်္လာနေ့** **ဩဂုတ်လ ၂၂ ရက်**

**နံရံကိုဆုတောင်းခြင်းဖြင့်ဖြိုချပါ**

အင်္ဂလိပ်တို့၏အဆိုတစ်ခုရှိသည်။ 'ထောင့်နေရာကိုဆေးသုတ်ပါ' ဟူ၍ဖြစ်သည်။ ကြမ်းခင်းကိုဆေးသုတ်လျှင် သင်သည်ထောင့်နေရာသို့ရောက်ရှိသွားမည်ဖြစ်သည်။ အခန်းတွင်းရှိကြမ်းဆေးသုတ်ထားသောနေရာကို နင်းကျော်နိုင်ရန် ဆေးခြောက်သည့်အထိ ထောင့်နေရာ၌ကပ်နေရမည်ဖြစ်သည်။

အချို့သောအချိန်များသည် ကျွန်ုပ်တို့ကြမ်းခင်းဆေးသုတ်သည့်အတိုင်း ထောင့်ကပ်သွားရသောအဖြစ်မျိုးနှင့်ကြုံရတတ်သည်။ ဆေးရည်မခြောက်သေး၊ ပေနေဆဲဖြစ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ကိုပြန်၍ပိတ်မိနေတတ်သည်။ အခြေအနေအရပ်ရပ်ကိုသုံးသပ်မိသောအခါ ဘုရားရှင်ကို စွန့်လွှတ်ရန်ဖြစ်လာတတ်သည်။ ကျွန်ုပ်တို့စွဲကိုင်တတ်သောယုံကြည်ခြင်းနှင့် အရာအားလုံးအတွက် အားကိုးလောက်သောအခြေအနေဟု ထင်ရှားခြင်းမရှိတော့ပါ။

ဘုရားရှင်သည် ဣသရေလလူများတို့ကို ထောင့်ကျဉ်းနေရာသို့ ခေါ်ဆောင်ပေးသွားသည်။ တောထဲ၌နှစ်ပေါင်း ၄၀ လှည့်လည်ရပြီးနောက်



ဘုရားရှင်သည်မိမိ၏လူတို့အား ရေကြည်ရာမြက်နုသောနေရာကို ပေးအပ်ခြင်းမပြုသေးပါ။ ခိုင်ခံ့လုံခြုံ၍ခံတပ်ကောင်းသောမြို့ကြီး၊ အတောင့်တင်းဆုံးမြို့ကြီးဆီသို့ခေါ်ဆောင်သွားသည်။ ယေရိခေါမြို့ကို အသံတိတ်စတင်ပတ်နေရတော့သည်။ ခြောက်ရက်ပတ်လုံးအသံတိတ်ပတ်နေရသည်။ သတ္တမနေ့ရောက်သောအခါမှ ကြွေးကြော်သံကိုဘုရားရှင်ပြုစေတော်မူသည်။ တံပိုးခရာမှုတ်ခြင်းနှင့်အတူ ကြီးစွာသောကြွေးကြော်ခြင်းကိုပြုကြသည်။ အောင်မြင်ခြင်းရရှိခဲ့သည်။

ယောရှု၊ ၅း၁၃–၆း၂၀ ကိုဖတ်ပါ။ ဣသရေလလူများကို ဘုရားရှင်သည် မည်သို့သွန်သင်တော်မူသနည်း။

---

---

အသံကျယ်စွာဟစ်အော်ခြင်းသည် မြို့ရိုးပြိုကျသည့်အထိ အသံ၏တုန်ခါမှုကိုမဖြစ်စေနိုင်ပါ။ ဣသရေလလူများကိုဘုရားရှင်ကြွေးကြော်စေသည်မှာ ဒါဝိဒ်မင်းကြီးရေးသားထားသောဆာလံကျမ်း ၆၆ နှင့် ဆင်တူပင်ဖြစ်သည်။ "မြေကြီးသားအပေါင်းတို့၊ ဘုရားသခင့်ရှေ့တော်၌ကျူးအေးသောအသံကိုပြု၍၊ နာမတော်၏ဂုဏ်ကိုသီချင်းဆိုကြလော့။ ချီးမွမ်းခြင်း၏ဂုဏ်အသရေကိုပြကြလော့" (ဆာလံ၊ ၆၆း၁၊ ၂)။ ယင်းကြွေးကြော်သံသည် ချီးမွမ်းခြင်းအသံပင်ဖြစ်သည်။ ခိုင်ခံ့မြင့်မားသောမြို့ရိုးကြီးကို ခြောက်ရက်တိုင်တိုင်ကြည့်ရှုရပြီးနောက် မိမိတို့၏ခွန်အားဖြင့်လုံးဝဖြိုချ၍မရကြောင်းကို အဆုံးသတ်တွေ့မြင်နိုင်ရန်ဖြစ်သည်။

၎င်းနည်းအတိုင်း ကျွန်ုပ်တို့သည်လည်း ဟေဗြဲ ၁၁း၃၀ ကိုနားလည်ရန် မည်သို့အထောက်အကူဖြစ်စေပါသနည်း။

---

---

ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားရှင်တစ်စုံတစ်ရာထူးခြားမှုပြုတော့မည်ဆိုလျှင် ယေရိခေါမြို့ကြီးသို့ခေါ်ဆောင်လာလေ့ရှိသည်။ အောင်မြင်ခြင်းတန်ခိုးသည် ကျွန်ုပ်တို့လူသားများမှဖြစ်လာသည်မဟုတ်ကြောင်းကို ဘုရားရှင်သင်ပြပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့လိုအပ်သမျှအရာသည် ပြင်ပမှရရှိနိုင်ကြောင်းကိုသာ သွန်သင်ပေးချင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့မည်သည့်အရာကိုရင်ဆိုင်နေရစေကာမူ၊ အတားအဆီးများမည်မျှရှိနေစေကာမူ ကျွန်ုပ်တို့တာဝန်မှာ ချီးမွမ်းခြင်းရှိရန်သာဖြစ်သည်။ ကျွန်ုပ်တို့လိုအပ်သမျှအရာအားလုံးကို ယုံကြည်ခြင်းနှင့်လုပ်ဆောင်ရန်သာရှိပါသည်။

**အင်္ဂါနေ့** **ဩဂုတ်လ ၂၃ ရက်**

## ချီးမွမ်းခြင်းအသက်တာ

ကျွန်ုပ်တို့သည်ကောင်းစားနေလျှင် ဘုရားရှင်ကိုချီးမွမ်းလေ့မရှိတတ်ပါ။ သို့ဆိုလျှင် ခက်ခဲသောအချိန်တွင်ပို၍ပင်ဆိုးနေလိမ့်မည်လား။ ချီးမွမ်းရမည်ဟုခိုင်းစေခြင်းခံရသော်လည်း ချီးမွမ်းတတ်ခြင်းသဘောကို ကျွန်ုပ်တို့ဆက်လက်ကျင့်ဆောင်နေရဦးမည်ဖြစ်သည်။ ချီးမွမ်းခြင်းသည် အထူးလွန်ကဲသောအမှုအရာပြရန်မသင့်သော်လည်း အသက်လမ်းခရီး၌ အထူးလိုအပ်သောအရာဖြစ်သည်။

ဆာလံ၊ ၁၄၅ ကိုဖတ်ပါ။ ဒါဝိဒ်မင်းသည် ဘုရားသခင်ကိုချီးမွမ်းရခြင်းအကြောင်း မည်သို့ရေးခဲ့သနည်း။ ယင်းဆာလံသီချင်းသည် သင်၏ကိုယ်ပိုင်ချီးမွမ်းစကားအဘယ်ကြောင့်ဖြစ်သင့်သနည်း။

---------------------------------------------

---------------------------------------------

ဗြိတန်ဓမ္မဆရာကြီးချားလ်ဟာဒန်စပါဂျအွန် 'Charles Haddon Spurgeon' သည် 'ချီးမွမ်းခြင်း၏အလေ့အကျင့်' ဟုဆိုသောစာတစ်အုပ်ကိုရေးသားခဲ့သည်။ ယင်းစာအုပ်သည် ယနေ့ဖတ်သော ဆာလံကျမ်း ၁၄၅း၇



ကိုအခြေပြုထားသည်။ အခန်းငယ်တိုတိုလေးဖြစ်နေသော်လည်း စပါဂျအွန်အနေဖြင့် အရေးကြီးသောအချက်သုံးချက်ကို ကျွန်ုပ်တို့၏အသက်တာအတွက် ချီးမွမ်းခြင်းသင်ခန်းစာအဖြစ် ပြသပေးထားသည်။

**၁။ ချီးမွမ်းခြင်းသည် ပတ်ဝန်းကျင်ကိုကျွန်ုပ်တို့ကြည့်မြင်၍ လေ့ကျင့်ယူနေသည့်အရာဖြစ်သည်။** ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ရှိသော ဘုရားရှင်၏ကြီးမြတ်ခြင်းအကြောင်းကိုမကြည့်မိလျှင် ကိုယ်တော်ကိုချီးမွမ်းစရာအကြောင်းမရှိပါ။ ကိုယ်တော်ဖန်ဆင်းထားသမျှအရာအားလုံးသည် ချီးမွမ်းထိုက်သောကြောင့်ဖြစ်သည်။ ဖန်ဆင်းခြင်းလက်ရာတော်သည် လှပကြည်နူးစရာဖြစ်နေပါသလား။ ဝိညာဉ်ရေးရာဘက်၌လည်း ဘုရားရှင်ကိုချီးမွမ်းထိုက်ပါသည်။ နုနယ်သောခရစ်ယာန်အသက်တာမှ ကြီးရင့်ခွင့်ရရှိခြင်းအတွက် ချီးမွမ်းထိုက်ပါသည်။

**၂။ ချီးမွမ်းခြင်းသည်မြင်သောအရာကို သတိရလေ့ကျင့်ယူရသောအရာဖြစ်သည်။** ချီးမွမ်းခြင်းအသက်တာနှင့်အသက်ရှင်လိုလျှင် မြင်ခဲ့ရသမျှကို ပြန်၍ဆင်ခြင်ရန်လိုသည်။ ယဉ်ကျေးမှုအသစ်ခေလ့မှ ဘုရားရှင်၏ကောင်းမြတ်တော်မူခြင်းကို ပြန်၍သတိရခြင်းသည် ချီးမွမ်းခြင်းသဘောကိုဖြစ်စေ၍ ကိုယ်တော်၏ကောင်းမြတ်ခြင်းသဘောသည် ကျွန်ုပ်တို့စိတ်ထဲစွဲနေစေမည်လား။

**၃။ ချီးမွမ်းခြင်းသည် ပြောဆိုခြင်းဖြင့်လေ့ကျင့်ယူစေရသည်။** ချီးမွမ်းခြင်းသည် ခေါင်းဖြင့်ဦးနှောက်ဖြင့်လုပ်ဆောင်ချက်မျိုးမဟုတ်ပါ။ နှုတ်ဖြင့်အခြားသူများကြားနိုင်အောင် ပြောဆိုခြင်းဖြစ်သည်။ နှုတ်ဖြင့်ဘုရားသခင်ကိုသင်မည်သို့ချီးမွမ်းနိုင်မည်ဟု စိတ်ထဲရှိနေသနည်း။ မည်သူများအတွက် ထိရောက်မှုသက်ရောက်နိုင်သနည်း။

သင်စာရွက်နှင့်ကညစ်တံကိုယူ၍ ဤအချက်သုံးချက်ကိုအခြေခံကာအချိန်ယူရေးမှတ်ပါ။ သင်၏အသက်တာ၌ချီးမွမ်းခြင်းသဘောကို မည်သို့တိုးတက်စေနိုင်မည်နည်း။

**မုဒ္ဓဟူးနေ့** **ဩဂုတ်လ ၂၄ ရက်**

**စီရင်ချက်ချသောသက်သေ**

တမန်တော်ဝတ္ထုတွင် ချီးမွမ်းခြင်းသည် ကြားရသောသူများကိုထိရောက်စွာအံ့ဩခြင်းဖြစ်စေသည်။ တမန်တော်၊ ၁၆း၁၆–၃၄ ကိုဖတ်ပါ။ အလွန်ရိုက်ချက်ပြင်းသောကျမ်းချက်ဖြစ်သည်။ ရှင်ပေါလုနှင့်သိလတို့သည် အကျဉ်းထောင်၌ချထားခြင်းခံကြရသည်။ ရိုက်နှက်ညှဉ်းဆဲခံရသောဒဏ်ရာဒဏ်ချက်များစွာရရှိနေသော်လည်း ဆေးထည့်ပေးမည့်သူတစ်ယောက်တလေမျှ မရှိပါချေ။ ကိုယ်ခန္ဓာတစ်ခုလုံးနာကျင်လျက် ခြေကျင်းခတ်ထားခြင်းခံနေကြရသည်။ တိုက်ပိတ်ခန်းထဲသို့ထပ်မံထည့်ခြင်းခံကြရပြန်သည်။ သို့သော် အခြားသောအကျဉ်းသားများထိုင်ပြီးနားထောင်နေစဉ်မှာ ပေါလုနှင့်သိလတို့သည် စတင်သီချင်းသီဆိုကြတော့သည်။ ဆုတောင်းကြတော့သည်။

မကြာမီမြေငလျင်ကြီးစွာလှုပ်သည်။ ထောင်တံခါးအားလုံးပွင့်ထွက်ကုန်တော့သည်။ ပေါလုနှင့်သိလအပါအဝင် အကျဉ်းသားအားလုံးတစ်ယောက်မျှထွက်ပြေးခြင်းမရှိ၊ မိမိတို့ရှိခဲ့သည့်နေရာများမှာပင်ရှိနေကြောင်း ထောင်မှူးကြီးသိမြင်ရသောအချိန်၌ တုန်လှုပ်လျက် ပေါလုနှင့်သိလတို့၏ရှေ့တွင် ပျပ်ဝပ်လေတော့သည်။ တိုက်ပိတ်ခန်းမှထုတ်ယူပြီး ရိုကျိုးစွာဖြင့် ‘သခင်တို့၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ အဘယ်သို့ပြုရမည်နည်း’ ဟုမေးလျှောက်လေ၏ (တမန်၊ ၁၆း၂၉၊၃၀)။

ယင်းအခြေအနေသည်ထောင်မှူးအား အဘယ်ကြောင့်ကယ်တင်ခြင်းအကြောင်းကို အာရုံရောက်စေပါသနည်း။ ပေါလုနှင့်သိလတို့သည် ဆုတောင်းခြင်းသီချင်းဆိုခြင်းကြောင့် အကျဉ်းသားများထွက်ပြေးသွားခြင်းကိုမဖြစ်စေပါ။ ထောင်မှူးနှင့်သူ၏အိမ်သားအားလုံးကို နောင်တပြောင်းလဲခြင်းဖြစ်စေပါသည်။

---------------------------------------------

---------------------------------------------



ကျွန်ုပ်တို့ချီးမွမ်းခြင်းအမှုပြုသောအားဖြင့် ပတ်ဝန်းကျင်လူများအတွက်ပြောင်းလဲခြင်းကိုဖြစ်စေပါသည်။ ပေါလုနှင့်သိလတို့တိုက်ပိတ်ခန်းအတွင်းထိုင်နေပြီး အခြားအကျဉ်းသားများကဲ့သို့မြည်တွန်တောက်တီးနေလျှင် ထိုညတွင်လူတစ်ဦးတစ်ယောက်မျှ ကယ်တင်ခြင်းသို့ရောက်မည်ဟု သင်ထင်ပါသလား။ နောက်ပိုင်း၌ထောင်မှူးသည် မည်သို့အခြေအနေရှိသည်ကို ကျွန်ုပ်တို့မသိရပါ။ သို့သော်လည်း ရှင်ပေါလုကိုယ်တိုင် ရောမမြို့ရှိအခြားသောအကျဉ်းထောင်တစ်ခုအတွင်း၌ ရေးသားခဲ့သောစာကိုဖတ်ပြီး ခန့်မှန်းနိုင်ပါသည်။ ‘အကြောင်းမူကား၊ သင်တို့သည်အထက်ကမြင်သည့်အတိုင်း ယခုလည်းကြားသည့်အတိုင်း ငါခံရသောတိုက်လှန်ခြင်းကိုခံရသည်နည်းတူ၊ သင်တို့သည်ခံရကြသည်ဖြစ်၍၊ ခရစ်တော်ကိုယုံကြည်ခြင်းအခွင့်မှတစ်ပါး၊ ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်းအခွင့်ကို ကျေးဇူးတော်အားဖြင့်ရကြ၏’ (ဖိလိပ္ပိ၊ ၁း၂၉)။ ရှင်ပေါလုခံရသောဒုက္ခဆင်းရဲခြင်းအကြောင်းကိုသူတို့ဖတ်မိလျှင် ထိုဒုက္ခကိုဝမ်းမြောက်ခြင်းအဖြစ် ဖြစ်လာစေရန် သူတို့၏စိတ်နှလုံးသားထဲ၌လည်း ချီးမွမ်းသီချင်းသီဆိုနိုင်မည့်အပြင် ရင်ဆိုင်ရမည့်စိန်ခေါ်ချက်အားလုံးကို သစ္စာရှိစွာရင်ဆိုင်သွားနိုင်မည့်ရလဒ်ကို သူဂရုစိုက်တော့မည်မဟုတ်ပါ။

မည်သူ၏ထံမှ ဘုရားသခင်ဩဇာလွှမ်းသောသီချင်းတစ်ပုဒ်ကို ချီးမွမ်းခြင်းဖြင့် သင်၏စိတ်နှလုံးသားကို ထိသွားစေနိုင်မည်နည်း။ သင်နှင့်နီးစပ်သူအားလုံးအတွက် ချီးမွမ်းခြင်းသီချင်းသီဆိုပေးပါ၊ ရရှိလာမည့်ကောင်းချီးကို သင်မခန့်မှန်းနိုင်ပါ။

**ကြာသပတေးနေ့** **ဩဂုတ်လ ၂၅ ရက်**

**အောင်မြင်ခြင်းပေးစွမ်းသောလက်နက်**

ဗျာ၊ ၂၀း၁–၃၀ ကိုဖတ်ပါ။ ယေရှဖတ်သည် ချီးမွမ်းခြင်းအမှုကို အင်အားကြီးသောလက်နက်အဖြစ် ကောင်းစွာသိရှိထားသည်။ ရန်သူ

စစ်တပ်ကြီးသည် သူ့ကိုစစ်တိုက်ရန်ချီလာနေကြောင်း သတင်းကြားရပြီးသည်နောက် ယောရှဖတ်သည် ချက်ချင်းသူ၏တပ်ကြီးကိုလှန့်ခြင်းမပြုခဲ့ပါ။ 'ထာဝရဘုရားကိုရှာခြင်းငှာသဘောချလျက်' (၆ရာ၊ ၂၀း၃)။ ဦးစွာဘုရားရှင်ထံချဉ်းကပ်လိုက်သည်။ ယုဒလူမျိုးများယေရုရှလင်မြို့သို့လာပြီး ပွဲကျင်းပချိန်ဖြစ်နေ၍ ယောရှဖတ်သည် အခြေအနေမှန်ကိုသုံးသပ်မိသည်မှာ 'အကျွန်ုပ်တို့ကိုတိုက်အံ့သောငှာလာသော ဤအလုံးအရင်းကြီးကို အကျွန်ုပ်တို့သည်ဆီးတားခြင်းငှာမတတ်နိုင်ပါ။ အဘယ်သို့ပြုရမည်ကိုမသိပါ။ ကိုယ်တော်ကိုသာမျှော်ကြည့်လျက်နေကြပါသည်ဟုဆုတောင်း၏' (၆ရာ၊ ၂၀း၁၂)။

သင်ကိုယ်တိုင်ရန်သူစစ်တပ်ကြီးသည် သင့်ကိုတိုက်ရန်ချီလာနေသည်ကိုမြင်ရလျှင် မည်သို့တုံ့ပြန်မည်နည်း။ ယောရှဖတ်အနေဖြင့် ၆ရာ၊ ၂၀း၃–၁၂ အတိုင်းတုံ့ပြန်ခဲ့သည်။ ဆန့်ကျင်ခြင်းခံရသောအခါ သင်မည်သို့ပြုရမည်ဟုသင်ခန်းစာရရှိနိုင်သနည်း။

---

---

ဘုရားရှင်၏ဝိညာဉ်တော်သည် ယဟာဇေလအပေါ်သက်ရောက်လာ၍ ရဲရင့်စွာထပြီးကြေညာစကားမှာ 'အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့၊ သင်တို့သည်စစ်တိုက်စရာအကြောင်းမရှိသည်ဖြစ်၍၊ တည်ကြည်စွာမတ်တတ်နေလျက်၊ ထာဝရဘုရားကယ်တင်တော်မူခြင်းကျေးဇူးကို ကြည့်ရှုကြလော့။ မကြောက်ကြနှင့်၊ စိတ်မပျက်နှင့်၊ နက်ဖြန်နေ့ချီသွားကြလော့။ ထာဝရဘုရားသည်သင်တို့နှင့်အတူရှိတော်မူလိမ့်မည်' (၆ရာ၊ ၂၀း၁၇)။ ထိုနောက်၌သူတို့သည်ချီးမွမ်းခြင်းသီချင်းသီဆိုရာ၌ 'ကျယ်သောအသံနှင့်ချီးမွမ်းကြသည်' (၆ရာ၊ ၂၀း၁၉)။ ဘုရားရှင်သည် သူတို့အတွက်စစ်တိုက်ခြင်းကိုပြုသော်လည်း သူတို့သည်ကိုယ်တိုင်ရန်သူကို မျက်နှာချင်းဆိုင်ရမည်ဖြစ်သည်။

သို့သော် ထိုချီးမွမ်းပွဲသည် ရိုးရိုးစစ်ချီခြင်းမျိုးမဟုတ်ပါ။ ယောရှဖတ်သည် ကွာယာအဖွဲ့ကိုစီစဉ်ပြီး ထာဝရဘုရားအားချီးမွမ်းသီဆိုလျက် ချီတက်



စေခဲ့သည်။ "ထိုသူတို့သည် ချီးမွမ်းရာသီချင်းကိုဆိုစပြုသောအခါ၊ ယုဒပြည်ကိုတိုက်အံ့သောငှာလာသော၊ စိရတောင်သားတို့ကို အမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့တစ်ဘက်၌ ထာဝရဘုရားချောင်းမြောင်းစေတော်မူသဖြင့် အာမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့သည် အထိအခိုက်ခံရသောကြောင့်" (၆ရာ၊ ၂၀း၂၂)။ ကျမ်းရေးသားသူ၏အဆိုအရ ဘုရားရှင်ကြားဝင်၍ တဒင်္ဂအတွင်းယုံကြည်ခြင်းကြောင့် ကတိတော်အတိုင်း ယုဒလူများအောင်မြင်နိုင်ခဲ့သည်။ သန့်ရှင်းခြင်းအသရေကိုချီးမွမ်းရသောသီချင်းသည်တို့ကို ထပ်၍သီဆိုချီးမွမ်းစေပြန်သည် (၆ရာ၊ ၂၀း၂၁)။

၆ရာ၊ ၂၀း၁–၃၀ ကိုဖတ်ပါ။ ဘုရားရှင်နှင့်သင်လျှောက်လှမ်းနိုင်ရန်မည်သည့်သင်ခန်းစာကိုပေးထားသနည်း။ အထူးသဖြင့် စုံစမ်းခြင်းနှင့်ဖိစီးခြင်းခံရသောအချိန်မျိုး၌ သင်၏ဝိညာဉ်ခွန်အားမည်သို့ရရှိစေမည်နည်း။

---

---

**သောကြာနေ့** **ဩဂုတ်လ ၂၆ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, "Jehoshaphat," pp. 190-203, in Prophets and Kings; "The Fall of Jericho," pp. 487-498, in Patriarchs and Prophets ကိုဖတ်ပါ။

"ငါတို့၏နှလုံးသားနှင့်နှုတ်ခမ်းများကို ထာဝရဘုရား၏မေတ္တာတော်အကြောင်းအား ချီးမွမ်းသီဆိုစေပါ။ ငါတို့၏ဝိညာဉ်ကို မျှော်လင့်စရာကရာနိကုန်းထက်၌ရှိသောကပ်တိုင်တော်မှ လင်းလက်လျက်ရှိသောအလင်းတန်းကိုသိရှိမျှော်လင့်စေပါ။ ငါတို့သည် ကောင်းကင်ရှင်ဘုရင်၏ သားသမီးများဖြစ်ကြောင်းကိုမမေ့လျော့စေပါနှင့်။ အေးချမ်းငြိမ်ဝမ်စွာ ကျွန်ုပ်တို့ရရှိသောအခွင့်အရေးအားအသုံးပြုလျက် ထာဝရဘုရားရှင်ကိုချီးမွမ်းခြင်းပြုပါ။' (Ellen G. White, The Ministry of Healing, p. 253).

"ဘုရားရှင်၏ဂုဏ်တော်ကို ကျွန်ုပ်တို့ချီးမွမ်းခြင်းပြုသောအချိန်မှာ သင်တို့လည်းပါဝင်ကြရန် ကျွန်ုပ်ဖိတ်ခေါ်လိုပါသည်။ သင်သည်မှောင်မိုက်ထဲ၌နေရသော်လည်း ဘုရားကိုချီးမွမ်းပါ။ စုံစမ်းခြင်းနှင့်ရင်ဆိုင်ရသော်လည်း ချီးမွမ်းပါ။ ထာဝရဘုရား၌အစဉ်ဝမ်းမြောက်ခြင်းရှိကြလော့ဟု တမန်တော်ကြီးကမိန့်တော်မူခဲ့သည်။ 'တစ်ဖန်ငါဆိုသည်ကား၊ ဝမ်းမြောက်ခြင်းရှိကြလော့။ သင့်မိသားစု၌နာကျင်ဝမ်းနည်းခြင်းကြုံနေရပါသလား။ မှောင်မိုက်ကျနေပါသလား။ မစိုးရိမ်နှင့်၊ နေရောင်ခြည်ပေါ်ထွက်လာလိမ့်မည်။ သင့်ဝန်းကျင်၌ပြန့်ကျဲနေသောသူများအတွက် အလင်းကိုဆွဲယူပြီး ဘုရားရှင်၏ဘုန်းတော်ပလ္လင်သို့ပို့ဆောင်ပေးစေနိုင်ပါမည်။ ထိုအလင်းကိုထွန်းလင်းကြဲဖြန့်စေပါ။ သင်ထင်သောလမ်းအတိုင်းမသွားပါနှင့်။ သင်မှီခိုသောသူ၏ပြသသောလမ်းအတိုင်းလျှောက်လှမ်းပါ။ သင်၏ပတ်ဝန်းကျင်ကို ပို၍သာလွန်ကောင်းမွန်စေပါ။ အနီးရှိသူများကိုမြှင့်တင်ပေးပါ။ ကောင်းကင်သွားရာလမ်းနှင့်ဘုရားရှင်၏ဘုန်းတော်ကိုညွှန်ပြပေးပါ။ လောကရှိအရာအားလုံးထက်မြင့်မြတ်သောအရာကို သူတို့အားမြင်တွေ့စေပါ။ ထာဝရတည်သောအရာကိုစွဲလမ်းစေပါ။ သေခြင်းကင်းသောအမွေကိုခံယူစေပါ။ မပျက်စီးမဆုံးရှုံးနိုင်သော ထာဝရချမ်းသာခြင်းကိုရှာဖွေ စေပါ။' (Ellen G. White, Testimonies for the Church, vol. 2, pp. 593, 594).

––၀၀၀––



## သင်ခန်းစာ (၁၀)

# ပြင်းထန်သောစမ်းသပ်ခြင်းအတွင်း နှိမ့်ချမှုသဘော

## ဩဂုတ်လ ၂၇ – စက်တင်ဘာလ ၂

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဩဂုတ်လ ၂၇ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ယေဇကျေလ၊ ၂၄း၁၅–၂၇။ ထွက်၊ ၃၂း၁–၁၄။ မဿဲ ၅း၄၃–၄၈။ ၁ပေ၊ ၂း၁၈–၂၅။ ဆာ၊ ၆၂း၁–၈။

**အလွတ်ကျမ်းချက်**

**"စိတ်နှိမ့်ချသိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကိုအမွေခံရကြလတ္တံ့." (မဿဲ ၅း၅)။**

မောရှေအကြောင်းကိုဖတ်ရှုခြင်းနှင့် တောင်ပေါ်ဒေသနာတရားကိုဖတ်ရှုခြင်းမှလွဲ၍ နှိမ့်ချခြင်းသဘောအကြောင်းကို ကျွန်ုပ်တို့ကြားရလေ့သိပ်မရှိပါ။ အဘယ်ကြောင့်နည်းဟု မေးရမည်မှာလည်းခက်လှပါသည်။ နှိမ့်ချခြင်း၏အဓိပ္ပာယ်ကိုဖွင့်ဆိုရာတွင် နာကျင်ခြင်းဝေဒနာကို ကြိတ်ခံပြီး မညည်းမတွားသည်းခံစိတ်ရှည်ခြင်းဟုအဓိပ္ပာယ်ရသည်။ နှိမ့်ချခြင်းဆိုသည့်စကားကိုသိပ်မကြားရခြင်းသည်လည်း ထူးဆန်းခြင်းမရှိလှပါ။ ယနေ့လူ့ယဉ်ကျေးမှုထုံးစံ၌ ရိုသေလေးစားခြင်းသဘောသည်လည်း ရှားပါးလာနေပါသည်။ တချို့သောသမ္မာကျမ်း၏ရေးသားချက်များ၌ အောက်ကျို့ခြင်းဟူ၍ရေးသားထားသည်။ နှိမ့်ချခြင်းစိတ်သဘောသည် ယနေ့ရေပန်းစားခြင်းမရှိလှပါ။ လူ့ယဉ်ကျေးမှုများ၌အသုံးမပြုလိုတော့ပါ။

သို့သော် နှိမ့်ချခြင်းသည် သည်းခံစိတ်ရှည်ထားပြီး မညည်းမတွား ခြင်းဖြစ်၍ ယေရှုနှင့်သူ၏တပည့်တော်များအတွက် ထူးခြားသောဝိသေသ လက္ခဏာကြီးပင်ဖြစ်သည်။ နှိမ့်ချခြင်းသဘောသည် အလဟဿအဆုံးသတ် သွားသည်မဟုတ်။ ဒုက္ခဝေဒနာခံစားနေရသူများအတွက် တန်ခိုးကြီးသော လက်နက်ဖြစ်သည်။ ပြင်းပြင်းထန်ထန်စမ်းသပ်ခြင်းခံရသောသဘောသည် စိတ်နှလုံးသားနှိမ့်ချရန် သင်ပေးခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့နှိမ့်ချခြင်းအပြုအမူ နှင့်ပျက်စီးဆုံးရှုံးမှုသည် ဘုရားသခင်အတွက် တန်ခိုးကြီးသောသက်သေ ဖြစ်စေပါသည်။

**တစ်ပတ်တာသတိပြုရန်။** ဒုက္ခနှင့်စိတ်နှိမ့်ချခြင်းသည် မည်သို့ပတ်သက် သနည်း။ ကျွန်ုပ်တို့၏စိတ်သဘောနှိမ့်ချခြင်းနှင့်ပျက်စီးဆုံးရှုံးရခြင်းကြောင့် အခြားသူများအတွက်သက်သေခံမည်သို့ဖြစ်စေနိုင်မည်နည်း။ နှိမ့်ချခြင်း သဘောသည် အားနည်းချက်မဟုတ်၊ အားကြီးခြင်းအမှန်ဖြစ်ကြောင်း ခရစ်ယာန်များအတွက်အမှန်ဖြစ်နေပါသလား။

**တနင်္ဂနွေနေ့** **ဩဂုတ်လ ၂၈ ရက်**

**မုန်းကိုချိုးဖဲ့၍စပျစ်ရည်ကိုသွန်းပစ်ခြင်း**

'Oswald Chambers' အော့စဝေါချမ်ဘာ၏ပြောကြားချက်အရ၊ ကျွန်ုပ်တို့သည် တစ်ပါးသူအတွက်ချိုးပစ်သောမုန့်နှင့်သွန်ပစ်သောစပျစ်ရည် ဖြစ်ရမည်ဟုဆို၏။ မည်သည့်အဓိပ္ပာယ်ရှိသည်ဟု သင်ယုံကြည်ပါသနည်း။

---------------------------------------------

---------------------------------------------

သမ္မာကျမ်းစာ၌ တစ်ပါးသူအတွက်အနစ်နာခံကြရသူအဖြစ် အတု ယူဖွယ်လူများစွာရှိသည်။ မောရှေသည် ခေါ်တော်မူခြင်းခံရ၍ ကတိတော် ပြည်သို့ မိမိ၏လူများအား ပို့ဆောင်ခြင်းပြုသောအခါ ဝေဖန်ပြစ်တင်သံမျိုးစုံ ခံခဲ့ရသူဖြစ်သည်။ ယောသပ်သည် ခေါ်တော်မူခြင်းခံရ၍ ဒုက္ခမျိုးစုံ ကျွန်အဖြစ်





နှင့်လည်းကောင်း၊ ထောင်ချခြင်းခံရသောအဖြစ်နှင့်လည်းကောင်း ကြုံခဲ့ရသူ ဖြစ်သည်။ ကိစ္စပြဿနာတိုင်း၌ ဘုရားရှင်သည် မိမိ၏ဘုန်းတော်ထင်ရှား စေရန်အတွက် မိမိ၏ကရုဏာတော်ဖြင့်စောင်မပေးခဲ့သည်။ မိမိတို့ကောင်းစား ရေးအတွက်သာမဟုတ်၊ အခြားသူများအတွက်လည်းပါဝင်ခဲ့သည်။ ဘုရားရှင် သည် ကျွန်ုပ်တို့ကို ထိုနည်းတူအသုံးပြုတော်မူခဲ့သည်။ အလွယ်တကူပင် ဒေါသနှင့်နာကျင်ခြင်းကိုရရှိစေနိုင်ပါသည်။ သို့သော်လည်း ယမန်နေ့ သင်ခန်းစာအရ၊ နှိမ့်ချခြင်းသည် ဘုရားရှင်ပေးသနားသောဂွဲသတ္တိဖြစ်ကြောင်း၊ သည်းခံခွင့်လွှတ်ပြီး စိတ်နာခါးသီးဖို့မလိုအပ်ကြောင်း သိရှိခဲ့ရပြီဖြစ်သည်။

ယေဇကျေလ၊ ၂၄း၁၅–၂၇ ကိုဖတ်ပါ။ မည်သို့ဖြစ်သနည်း။ ယေဇကျေလသည် မည်ကဲ့သို့ပြင်းထန်သောစစ်ကြောခြင်းကိုခံခဲ့ရသနည်း။

---------------------------------------------

---------------------------------------------

ယေဇကျေလ ၂၄း၂၄ တွင် ဘုရားရှင်မှမိန့်တော်မူသည်မှာ "ထိုသို့ ယေဇကျေလသည် သင်တို့အား ပုပ္ပနိမိတ်ဖြစ်ရ၏။ သူပြုသမျှအတိုင်း သင်တို့သည် အမှုရောက်သောအခါပြု၍၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်း သိရကြလိမ့်မည်။" ယေဇကျေလ၏ပုံပမာကြောင့် ဣသရေလလူတို့သည် စိတ်ပြောင်းလဲလာကြသည်။ စစ်မှန်သောဘုရားရှင်၏တည်နေခြင်းကို ပြန်၍ အသိအမှတ်ပြုလာကြသည်။ ဘုရားရှင်သည် အုပ်စိုးတော်မူကြောင်းကို လက်ခံ လာကြသည်။ ယေဇကျေလရင်ဆိုင်ကြုံတွေ့ရသော ဒုက္ခဆင်းရဲခြင်းနှင့် ကျော်ဖြတ်ခဲ့ရသောအသက်တာလမ်း၊ ကြုံခဲ့ရသောအနာဂတ်ဟောထားချက် ပြည့်စုံသည့်တွေ့ကြုံခြင်းများကို သင်ခန်းစာရယူနိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့၏ အသက်တာအခက်အခဲကြောင့် လူမည်မျှသင်ခန်းစာရရှိနိုင်မည်ကို မည်သူ သိနိုင်မည်နည်း။ ဘုရားရှင်အုပ်စိုးခြင်းရှိကြောင်းကို ကျွန်ုပ်တို့မည်သို့ သက်သေခံနိုင်မည်နည်း။

မကြာမီ သို့မဟုတ် လာမည့်အချိန်တွင် ကျွန်ုပ်တို့၏အသက်တာသည် ဒုက္ခနှင့်ရင်ဆိုင်ရတော့မည်။ ကျိုးပဲ့ခြင်းအတွေ့အကြုံကိုရရှိကြမည်လား။ သင်မည်သို့သင်ခန်းစာရရှိသနည်း။ သင်၏ကျိုးပဲ့သောစိတ်ကို ဘုရားရှင်အသုံးပြုပြီး အခြားသူများအား မည်သို့ကူညီရန်ရှိသနည်း။

**တနင်္လာနေ့** **ဩဂုတ်လ ၂၉ ရက်**

**ကရုဏာတော်အတွက်ကြားဝင်တောင်းပန်ခြင်း**

ထွက်၊ ၃၂း၁–၁၄ ကိုဖတ်ပါ။ မောရှေသည် မည်သို့ပြုခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရပါသနည်း။

____________________________________________

____________________________________________

လူတို့သည် နွားသငယ်ရုပ်ကိုရှိခိုးပူဇော်သည်နှင့် ဘုရားရှင်သည် ယင်းလူတို့ကိုဖျက်ဆီး၍ မောရှေအားလူမျိုးကြီးဖြစ်စေတော့မည်ဟု သဘောရှိလာတော့သည်။ သို့သော် ဘုရားရှင်၏မြှောက်စားခြင်းကိုခံမည့်အစား မောရှေသည် ဣသရေလလူများအတွက် ဘုရားရှင်ကရုဏာတော်ပြသရန် အလွန်တောင်းပန်ပေးသောကြောင့် ဘုရားရှင်ခွင့်လွှတ်သနားပေးတော်မူခဲ့သည်။

ထွက်၊ ၃၂း၁–၁၄ သည် အရေးကြီးသောအကြောင်းနှစ်ခုကိုဖော်ပြသည်။ ပထမအချက်မှာ ဘုရားသခင်သည် ဣသရေလလူတို့ကိုသုတ်သင်ပယ်ရှင်းပြီး မောရှေအားချီးမြှောက်မည်ဟုသဘောပြရာ၌ မောရှေအတွက် စမ်းသပ်မှုဖြစ်သည်။ ဘုရားရှင်၏အလိုတော်မှာ မောရှေသည် ထိုမိုက်ကန်း၍ သူပုန်ထသောသူများအပေါ် သနားခြင်းကရုဏာကိုပြသစေလိုပါသည်။ ထိုစစ်ကြောခြင်းကို မောရှေအောင်မြင်သွားခဲ့သည်။ ယေရှုရှင်ကဲ့သို့ပင် အပြစ်သားများတွက်တောင်းပန်ပေးခဲ့သည်။ အလွန်မှပင်စိတ်ဝင်စားဖွယ် လုပ်ရပ်ဖြစ်သည်။ တစ်ခါတစ်ရံမှာ ကျွန်ုပ်တို့ကို ဘုရားရှင်သည် ဆန့်ကျင်မှုများနှင့်ရင်ဆိုင်ရသောအခွင့်ကိုပေးသည်။ ပြင်းထန်သောစစ်ကြောခြင်းကို



ရင်ဆိုင်ရစေရန်ခွင့်ပြုပြီး စကြဝဠာတစ်ခွင်ရှိသတ္တဝါအပေါင်းအတွက် ကျွန်ုပ်တို့မှာ သနားခြင်းကရုဏာတော်ရှိကြောင်းကိုပြသခွင့်ပေးခဲ့သည်။

**ဣသရေလလူများကိုသုတ်သင်ခြင်းမပြုပါရန် တောင်းပန်သော မောရှေ၏လုပ်ရပ်သည် မည်သည့်အကြောင်းရှိသနည်း။**

____________________________________________

____________________________________________

ဒုတိယအချက်၌ ကျမ်းပိုဒ်သည် ဆန့်ကျင်မှုပြုခြင်းနှင့် နာခံမှုမရှိခြင်းသည် ဘုရားရှင်၏ကရုဏာတော်ထင်ရှားစေမည့်အကြောင်းပြသထားသည်။ လူတို့သည် ကရုဏာတော်ကို အရေးမစိုက်သောအခါ၌ ကရုဏာတော်လိုအပ်နေသည်။ ကရုဏာတော်ကို ကျွန်ုပ်တို့ဂရုမစိုက်လျှင် တခြားသူကိုကရုဏာထားဖို့ရန် စိတ်လည်းမရှိနိုင်တော့ပါ။ မောရှေ၏အစ်မမိရိအံသည် မောရှေအားဝေဖန်အပြစ်ပြောသောအခါမှာ သူသည် ဘုရားသခင်ကို တမ်းတပိုကြွေးခဲ့သည်။ ထိုသို့ဖြစ်လျှင် ကရုဏာတော်ကိုရရှိ၍ မိရိအံ၏နူနာသည် ပျောက်ကင်းသွားခဲ့သည် (တော၊ ၁၂)။ ကောရနှင့်အပေါင်းအပါများကို ဘုရားရှင်အမျက်ထွက်တော်မူ၍ အကုန်အစင်သုတ်သင်မည်ဟု ခြိမ်းခြောက်သောအခါ မောရှေသည် ပျပ်ဝပ်၍ တောင်းပန်ပေးသောကြောင့် သူတို့၏အသက်လွတ်ရသောအခွင့်ရရှိခဲ့သည်။ နောက်တစ်ရက်၌ ဣသရေလလူမျိုးများသည် မောရှေအား မလိုတမာတီးတိုးပြောကြပြန်သည်။ ပုန်ကန်သူများသေဆုံးကြရခြင်းအကြောင်းကို မကျေနပ်၍ ဆန့်ကျင်ကြသည်တွင် ဘုရားသခင်သည် နောက်တစ်ဖန်သုတ်သင်ပစ်ရန်ခြိမ်းခြောက်ပြန်သည်။ မောရှေသည် မြေပေါ်ပျပ်ဝပ်လျက်ဆုတောင်းပြန်ပါသည်။ အာရုန်အားလည်း အပြစ်ဖြေလွှတ်ရန် အလျင်အမြန်တောင်းပန်ပေးရန်တိုက်တွန်းခဲ့ပြန်သည်။ သူ၏နှိမ့်ချခြင်းသဘောအရာသော်လည်းကောင်း၊ ကိုယ်ကျိုးမငဲ့ခြင်းအတွက်သော်လည်းကောင်း မောရှေသည် ပြင်းပြင်းထန်ထန်စစ်ကြောခံနေခဲ့ရသည်။ မောရှေသည် ကရုဏာတော်ကိုလုံးဝဂရုမစိုက်သူများအတွက် ကရုဏာကို

တောင်းလျှောက်ပေးခဲ့သူဖြစ်သည်။ သင်၏ပတ်ဝန်းကျင်၌ ကရုဏာတော်ကို အရေးမစိုက်သူရှိနေပါသည်ဟု သင်မြင်နေ၍ နှိမ့်ချခြင်းနှင့်ကိုယ်ကျိုးမငဲ့ဘဲ ထိုသူများအတွက် သင်မည်သို့လုပ်ဆောင်ပေးနိုင်သနည်း။ ထိုသူများကို ဘုရားသခင်၏ကရုဏာတော်အကြောင်းကို ဖော်ပြပေးနိုင်မည်လား။

**အင်္ဂါနေ့ ဩဂုတ်လ ၃၀ ရက်**

## ကျွန်ုပ်တို့ကိုနာကျင်စေသူများအားမေတ္တာထားပါ

လူပုဂ္ဂိုလ်တစ်ဦး၏မှတ်ချက်စကားတွင် "ရန်သူကိုချစ်ပါလို့ပြောသောစကားသည် ချစ်ခြင်းမေတ္တာ၏သဘောမှာ ပုလဲလုံးမြုပ်နေသောအညစ်အကြေးကိုမဆိုလိုပါ။" အဓိပ္ပာယ်သည် အညစ်အကြေးအတွင်းနစ်နေသော ပုလဲလုံးကိုသာ ကျွန်ုပ်တို့သဘောကျကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သဘာဝအားဖြင့် ချစ်စရာကောင်းခြင်းကြောင့် ဘုရားရှင်ချစ်နေသည်မဟုတ်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုချစ်နေခြင်းကြောင့် ကျွန်ုပ်တို့သည် ချစ်စရာကောင်းလာခြင်းဖြစ်သည်။

သင်၏ရန်သူဟုသတ်မှတ်သူကိုကြည့်လျှင် မည်သည့်အချက်ကို မြင်နေရသနည်း။ ပုလဲဟူ၍မြင်နေပါသလား။ သို့တည်းမဟုတ် ကာရံထားသောအမှိုက်သရိုက်အညစ်အကြေးဟု သင်သတ်မှတ်ပါမည်လား။

---------------------------------------------

---------------------------------------------

မဿဲ ၅း၄၃–၄၈ ကိုဖတ်ပါ။ ယေရှုက ကျွန်ုပ်တို့ကိုသွန်သင်သည်မှာ ရန်သူကိုချစ်ပါ။ သူတို့အတွက်ဆုတောင်းပေးပါဟု သွန်သင်ထားပေးသည်။ ဥပမာ– သဘာဝတရားအရ သင်ခန်းစာကိုယူတတ်လျှင် ယေရှုရှင်က ရန်သူကိုချစ်ပါဟုသွန်သင်ခြင်းအမှု၌ ကျွန်ုပ်တို့နားလည်အောင် မည်သို့ကူညီထားသနည်း။ မည်သည့်အချက်ကိုသွန်သင်ထားသနည်း။



---------------------------------------------

---------------------------------------------

မဿဲ ၅း၄၅ ၌ ယေရှုရှင်ကိုယ်တော်တိုင် ကောင်းကင်ဘုံခမည်းတော်၏မေတ္တာတော်အကြောင်းကို ဥပမာပေးကာ ကျွန်ုပ်တို့ကိုနာကျင်စေသူအား ကောင်းစွာဆက်ဆံပေးရန်နှင့် ပြင်းပြင်းထန်ထန်အပြုအမူများကို နူးညံ့စွာပြန်၍တုံ့ပြန်ရန် သွန်သင်မှုပြုထားသည်။ ယေရှုရှင်က ခမည်းတော်သည် ကောင်းသောသူမကောင်းသောသူတို့အပေါ်သို့ သာတူညီမျှမိုးကိုရွာစေကြောင်းနှင့် မကောင်းသူတို့အပေါ်မှာ မိုးကိုကွက်၍ရွာစေလျှင် ထိုသူတို့ကို ကျွန်ုပ်တို့မည်သို့ဆက်ဆံ၍ရနိုင်မည်နည်း။

ယေရှုရှင်သည် ကျွန်ုပ်တို့အား အမြဲတမ်းစိတ်အနှောင့်အယှက်နှင့် ကျွန်ုပ်တို့ပြဿနာအတွက် သောကရောက်စေရန်မလိုလားပါ။ ထိုသို့ဖြစ်နိုင်ခြေရှိနေကောင်းရှိနေလိမ့်မည်။ အခြေခံအားဖြင့် ရန်သူကိုချစ်ရမည်ဟု ဆိုကြရာ၌ ထိုသူတို့အတွက်ခံစားနေရမည့်သဘောမျိုးမဟုတ်ပါ။ သူတို့ကို စိတ်ဝင်စားကြောင်း၊ ဂရုစိုက်ကြောင်းကိုသာပြသပေးရပါမည်။

ယေရှုရှင်သည် စကားကိုအဆုံးသတ်ပုံမှာ အချေအတင်စကားမျိုးပါရှိနေသည်။ "ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏ခမည်းတော်သည် ပြည့်စုံသကဲ့သို့ သင်တို့သည်လည်းပြည့်စုံခြင်းရှိကြလော့" (မဿဲ ၅း၄၈)။ အဓိပ္ပာယ်မှာရှင်းလင်းလှပါသည်။ ပြည့်စုံခြင်းရှိလိုသူသည် ဘုရားရှင်ကဲ့သို့ ပြီးပြည့်စုံရန် ချစ်ခြင်းသဘောကို ရန်သူအားပြသနိုင်ရမည်။ ဘုရားရှင်၏ရှေ့တော်၌ ပြည့်စုံခြင်းရှိစေရန် မိမိကိုဆန့်ကျင်သူအားလုံးအား မေတ္တာထားရပါမည်။ စိတ်နှလုံးနှိမ့်ချတတ်ရပါမည်။ ထိုစိတ်မျိုးကို ဘုရားရှင်သာ ပေးစွမ်းနိုင်သည်။

စိတ်ထဲ၌နှိမ့်ချခြင်းသဘော၏အဓိပ္ပာယ်ကိုခံယူရာမှာ မည်သည်းမညူဘဲ သည်းခံခွင့်လွှတ်စိတ်ဖြင့် နာကျင်ခြင်းကိုပြန်၍တုံ့ပြန်ရန်ဖြစ်သည်။ ဘုရားရှင်မှ သင့်အားနှိမ့်ချခြင်းသဘောကိုပေးနိုင်ရန် သင်၌လိုအပ်ချက်ကိုစာရင်းပြုစုပါ။ သို့မှသာ ရန်သူအပေါ်စိတ်ထားအမှန်ကိုသင်ထားရှိနိုင်လိမ့်မည်။

**ဗုဒ္ဓဟူးနေ့** **ဩဂုတ်လ ၃၁ ရက်**

**ပိတ်ထားသော(နှုတ်)ပါးစပ်**

နှိမ့်ချခြင်းပုံပမာအကောင်းဆုံးသည် ယေရှုရှင်၏အထံတော်မှဖြစ်သည်။ "ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောသဘောရှိသည်" (မဿဲ ၁၁း၂၉) ဟုဆိုရာတွင် ကျွန်ုပ်တို့တွက်ဆ၍မရနိုင်ပါ။

၁ပေ၊ ၂း၁၈–၂၅ ကိုဖတ်ပါ။ အစေခံများအား ရှင်ပေတရုအနေဖြင့် အကြံပေးထားသည်။ မတရားမှုနှင့်စော်ကားမှုများကို ယေရှုရှင်မည်သို့တုံ့ပြန်သွားသည်အကြောင်းကို အကြံဉာဏ်ပေးထားခဲ့သည်။ "ပုံပမာဟူ၍ ကိုယ်တော်၏ခြေတော်ရာအတိုင်းလိုက်လျှောက်သင့်ကြသည်" (၁ပေ၊ ၂း၂၁)။ ထိုနှိမ့်ချခြင်းသဘောသည် ပြင်းထန်သောစစ်ကြောခြင်းအချိန်၌ ယေရှုရှင်ကိုပုံပမာယူပြီး ကြံ့ကြံ့ခံနိုင်ရပါမည်။ ယင်းအတိုင်းပင် ရှင်ပေတရုသည် ဖော်ပြထားပေးသည်။

---------------------------------------------------

---------------------------------------------------

လူတစ်ဦးနှင့်တစ်ဦး မတရားအနိုင်ကျင့်သည်ကိုမြင်နေရလျှင် မြင်ရသူစိတ်မချမ်းသာနိုင်ပါ။ ကိုယ်တိုင်အနိုင်ကျင့်ခံနေရလျှင် သာ၍နာကျင်စွာခံစားကြရသည်။ တရားမျှတမှုကိုလိုလားသောသူတိုင်း၊ မတရားပြုမူခြင်းကိုမြင်ရတိုင်း အမှန်ကိုဖော်ထုတ်လိုကြသည်။ မှန်ကန်သည့်အရာကိုပြုလိုသော်လည်း ဒေါသထွက်ရတတ်သည်။

အမှန်တရားအတွက် ရပ်တည်ရန်မှာမလွယ်လှပါ။ ပတ်ဝန်းကျင်အရာများတွင် မတရားမှုနှင့်ပြည့်နှက်နေသောကြောင့်ဖြစ်သည်။ ကောင်းကင်ဘုံရှင်ခမည်းတော်၏ထိန်းချုပ်မှုနှင့် ကျွန်ုပ်တို့ကိုယ်စားဝင်ရောက်ပြုပေးတော်မူမည်ဖြစ်ကြောင်း ယုံကြည်ကြရသည်။ ကိုယ်တော်၏အလိုတော်အတိုင်းသာ



ဖြစ်လာလိမ့်မည်။ လိုအပ်သမျှကျွန်ုပ်တို့ကိုယ်တိုင် ယေရှုရှင်နှင့်တူသောသဘောမျိုးထားရှိနိုင်ရန်သာရှိသည်။ မတရားမှုအပေါင်းကို အလုံးစုံရှောင်ကြဉ်နိုင်ရန်မှာ မဖြစ်နိုင်ပါ။ ကောင်းကင်ဘုံရှင်ခမည်းတော်ကို ကျွန်ုပ်တို့သတိရပြီး အစဉ်ထိန်းချုပ်မှုပြုကြောင်း သတိရနေရပါမည်။

ရှင်ပေတရု၏အကြံဉာဏ်ပေးထားချက်၌ ယေရှုရှင်၏စံနမူနာကို လိုက်လျှောက်ကြရန်ဖြစ်သည်။ မတရားသောသူများတို့၏မျက်နှာအမူအရာကို ကြည့်ခြင်းဖြင့် လူများကို ဘုရားရှင်မှန်ကန်သောနေရာ၌ထားရှိခြင်းထက် ထိုမတရားသူတို့ခံစားနေရကြောင်းတွေ့မြင်နိုင်သည်။ ကယာဖနှင့်ပိလတ်ကို မေးပြန်သော် မေးခွန်းကို ယေရှုရှင်အမှန်အတိုင်းဖြေဆိုရန် စကားများစွာရှိပါသည်။ မတရားပြုခံရသောအကြောင်းများကို ကျကျနနဖြေရှင်းနိုင်ပါသည်။ သို့သော် ကိုယ်တော်နှုတ်ပိတ်ထားခဲ့သည်။ တိတ်ဆိတ်စွာနေခြင်းသည် ကိုယ်တော်၏နှိမ့်ချခြင်းသဘောကိုပြသပေးနေသည်။

မတရားပြုမူခံရသောအခါ သင်မည်သို့တုံ့ပြန်ခဲ့သနည်း။ ယနေ့ သင်ရသောသင်ခန်းစာအတိုင်း သင်မည်သို့အကောင်းဆုံးတုံ့ပြန်နိုင်မည်နည်း။

**ကြာသပတေးနေ့** **စက်တင်ဘာလ ၁ ရက်**

**ကျွန်ုပ်တို့၏ရိုလှုံ့ရာကျောက်**

ကြွားတတ်သူများသည် အခြေအနေနိမ့်ကျသောဘဝကိုခံခဲ့ရသူများဖြစ်သည်။ ထိုသူတို့၏မာနစိတ်ထား၊ နှိမ့်ချခြင်းမရှိသောသဘောသည် အပြင်ဟန်သဘော၌သာရှိ၍ ထိုသို့နှိမ့်ချခြင်းရှိသည်ဟု ဟန်ဆောင်ရမှုကိုပင် မေ့တတ်ကြသူများဖြစ်သည်။ အတွင်းသဘောအရ တစ်ခုခုလိုအပ်နေသည်။ ကျွန်ုပ်တို့လိုအပ်သမျှကို သူတို့လည်းလိုအပ်နေပါသည်။ လုံခြုံမှု၊ လူ့တန်ဖိုး၊ အများသူငါလက်ခံနိုင်ခြင်း၊ အထူးသဖြင့် ဒုက္ခရောက်ချိန်၌ ထိုအရာများကို လိုအပ်ကြသည်။ သခင်ဘုရားကြောင့်သာ ထိုအရာကိုတွေ့ရှိနိုင်ပါသည်။

အချုပ်ဆိုရသော် နှိမ့်ချခြင်းသည် အားနည်းခြင်းနှင့်မသက်ဆိုင်ပါ။ ခွန်အား အကြီးဆုံးသောသူများပင်လျှင် ခိုလှုံရာကျောက်၌မှီခိုတတ်ကြသည်။

ဆာလံ၊ ၆၂း၁–၈ ကိုဖတ်ပါ။ ယင်းဆာလံသီချင်းမှာ နောက်ခံအကြောင်းမည်သို့ရှိခဲ့သနည်း။ ဒါဝိဒ်မင်းကြီးမည်ကဲ့သို့သောအချက်များကို ပြုခဲ့သနည်း။ မင်းကြီးဆိုခဲ့သောစကားမှ သင့်အတွက်သင်ခန်းစာမည်သို့ရှိခဲ့သနည်း။ အရေးကြီးသောအကြောင်းမှာ ရရှိသောနည်းပဒေသအတိုင်း သင့်အသက်တာတွင် မည်သို့အသုံးပြုနိုင်မည်နည်း။

---------------------------------------------

---------------------------------------------

"အကြောင်းရင်းမရှိသော်လည်း လူများသည် ကျွန်ုပ်တို့၏ရန်သူဖြစ်လာရသည်။ ဘုရားရှင်၏လူများကို ကမ္ဘာသူကမ္ဘာသားများအထင်အမြင်လွဲတတ်ကြသည်။ ညီအစ်ကိုချင်းပင်အထင်လွဲခြင်းခံရသည်။ ဘုရားရှင်၏အစေခံတို့ကို ခက်ခဲကြမ်းတမ်းသောနေရာ၌ပို့ထားခြင်းခံရသည်။ လူသားများ၏အတ္တစိတ်ကိုစမ်းသပ်ရာတွင် ပွေးကျစ်စာလောက်အမြင့်ကို တောင်ကြီးကဲ့သို့အမှတ်ရှိစေသည်။ ဖြောင့်မတ်ခြင်းမရှိသောစိတ်သဘောအတွက် ပို၍ခက်ခဲစေသည်။ မှားယွင်းစွာပြုလုပ်နေသောထိုသူတို့သည် ညအမှောင်၌မရိုးသားသောအကျင့်စရိုက်ကဲ့သို့ ထိန်းချုပ်မှုကိုကျော်လွန်သောလုပ်ရပ်များကိုလုပ်ဆောင်ကြလိမ့်မည်။ ယုံကြည်၍မရသောသူဟု သတ်မှတ်ခံကြရမည်ဖြစ်သည်။ ထိုအကျင့်မျိုးကို အသင်းသားများကိုယ်တိုင်ကျူးလွန်ကြလိမ့်မည်။ ဘုရားသခင်၏အစေခံမှန်မည်သည် ခရစ်တော်ကိုလက်ရုံးအားအဖြစ်ထားရှိမည်။ မတရားစီရင်ခြင်းနှင့်အပြစ်ရှာခြင်းကိစ္စများကို လုံးဝလွတ်ကင်းမည်ဟုမမျှော်လင့်ကြပါ။ ထိုသူတို့ကိုစိတ်ဓာတ်ကြွခိုင်သူ၊ ဇွဲကြီးသူဟု လူတိုင်းသတ်မှတ်ကြလိမ့်မည်။ စိတ်ဓာတ်ကျဆင်းခြင်းအလျှင်းမရှိပါ။ ဘုရားရှင်သည် အစဉ်သူတို့အတွက်လမ်းခရီးပြင်ဆင်ပေးတော်မူလိမ့်မည်။ နာမတော်ဖြင့် ထိုသူများအား လမ်းပြပို့ဆောင်တော်မူလိမ့်မည်" (Ellen G. White, The Upward Look, p. 177).



ထိုသို့ဖြစ်လာမည်ဆိုလျှင် သင့်အနေဖြင့် မည်မျှခံနိုင်ရည်ရှိနိုင်မည်နည်း။ မလွယ်ကူလှပါ။ ဘုရားရှင်ကိုဆွဲကိုင်ပြီး မိမိကိုကယ်တင်အသေခံသောသူ၏မေတ္တာတော်ကို လေးစားနိုင်ပါမည်လား။ သို့ဖြစ်၍ သင့်ကိုယ်သင်ကာကွယ်နိုင်မည်၊ မစမှုကိုရရှိနိုင်ပါမည်လား။

**သောကြာနေ့** **စက်တင်ဘာလ ၂ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, "The Importance of Seeking True Knowledge," pp. 453, 454, in The Ministry of Healing; "The Sermon on the Mount," pp. 298-314, in The Desire of Ages; "The Worker and His Qualifications," p. 630 in Evangelism အကြောင်းကိုဖတ်ပါ။

ယေရှုခရစ်၌ရှိသောနှိမ့်ချခြင်းသဘောသည် မြင်တွေ့ရန်မလွယ်ကူလှပါ။ ကျွန်ုပ်တို့၏သခင်ကဲ့သို့နှိမ့်ချခြင်းသဘောကို ပိုင်ဆိုင်ထားလျှင် အရာရာကိုကျော်ဖြတ်နိုင်လိမ့်မည်။ နေ့စဉ်အသက်တာ၌ နှိမ့်ချခြင်းသဘောကို တည်ဆောက်နိုင်လျှင် မကောင်းသောစိတ်သဘောကိုရပ်တန့်ပစ်နိုင်သည်။ မြင့်မြတ်မှု၏အထွတ်အထိပ်ဆုံးသောနေရာ၌ ရှိနေနိုင်သောခရစ်ယာန်သည် မိမိကိုယ်ကိုထိန်းချုပ်နိုင်မည်ဖြစ်သည်။ အကြမ်းဖက်ခံရသူ၊ ရက်စက်ခံရသူတို့သည် ကိုးစားမှုနှင့်ငြိမ်သက်ခြင်းကိုထိန်းသိမ်းထားရန် ပျက်ကွက်၍ ဘုရားရှင်၏ပြည့်စုံခြင်းစာရိတ္တသဘောကို မှန်ကန်စွာမဖော်ပြနိုင်၊ စိတ်နှိမ့်ချခြင်းသဘောသည် ခရစ်တော်၏နောက်တော်လိုက်သူများအား အောင်မြင်ခြင်းကိုပေးနိုင်ပါသည်။ ကောင်းကင်ဘုံအထက်ပလ္လင်တရားစီရင်ခြင်းနှင့်ဆက်သွယ်နိုင်ရန် ရရှိသောလက်ဆောင်မျိုးဖြစ်သည်။ (Ellen G. White, The Desire of Ages, p. 301).

--ooo--

## သင်ခန်းစာ (၁၁)

# ပြင်းထန်သောစမ်းသပ်မှုအတွင်းစောင့်ဆိုင်းနေမှု

## စက်တင်ဘာလ ၃ – ၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာလ ၃ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ရော၊ ၁၅း၄၊ ၅။ ရော ၅း၃–၅။ ၁ရာ၊ ၂၆။ ဆာ၊ ၃၇း၁–၁၁။

**အလွတ်ကျမ်းချက်**

**"ဝိညာဉ်ပကတိ၏အကျိုးမူကား၊–––စိတ်ရှည်ခြင်း" (ဂလာတိ ၅း၂၂)။**

သိပ္ပံပညာရှင်များသည် (၄) နှစ်အရွယ်ကလေးများနှင့် ဝေဖာမုန့်ကို စမ်းသပ်မှုပြုခဲ့သည်။ ကလေးတိုင်းသည် မုန့်ကိုကြိုက်နှစ်သက်ကြောင်း သိပ္ပံပညာရှင်များတွေ့ရှိရသည်။ မုန့်ကိုမစားဘဲ သိပ္ပံပညာရှင်များက တစ်ခါ ပြန်လှည့်လာသည်အထိထားနိုင်လျှင် ယင်းကလေးကို မုန့် (၂) ခုပေးမည်ဟု ကတိပေးသော်လည်း သိပ္ပံပညာရှင်များတစ်ဖက်လှည့်လိုက်သည်နှင့် ကလေး အများစုမှာချက်ချင်းပါးစပ်ထဲသို့မုန့်ကိုထည့်လိုက်ကြသည်။ အချို့ကလေး များမှာစောင့်နေကြသည်။ ကွာခြားချက်ကိုမှတ်သားထားသည်။ နာမည် များကိုမှတ်ထားသည်။ ကလေးများဆယ်ကျော်သက်အရွယ်အထိကြီးလာ သောအချိန်၌ သိပ္ပံပညာရှင်သည် ပြန်၍လေ့လာကြည့်လျှင် မုန့်မစားဘဲနေ သောကလေးများသည် ပို၍ကောင်းသော၊ စာတော်သော၊ ဉာဏ်ကောင်း သောကျောင်းသားဖြစ်လာသည်။ မိမိကိုယ်ကိုယုံကြည်မှုလည်းရှိကြသည်။ အဓိပ္ပာယ်မှာ စိတ်ရှည်သည်းခံခြင်းသဘောသည် ပို၍မြင့်သော၊ ပို၍အရေးကြီး



သောလူသားတို့၏စာရိတ္တကိုပိုင်ဆိုင်စေပါသည်။ အံ့ဩစရာမလိုပါ။ ဘုရားရှင် သည် ကျွန်ုပ်တို့ကိုမိန့်ကြားထားပြီးသားဖြစ်သည်။

ယခုအပတ်တွင် ပြင်းထန်သောစစ်ကြောခံရခြင်း၏နောက်ကွယ်၌ ရှိသောအကျိုးရလဒ်အကြောင်းကိုလေ့လာကြရပါမည်။

**တစ်ပတ်တာသတိပြုရန်။** အရာတစ်ခုကိုရရှိရန် အဘယ်ကြောင့်ကြာမြင့် စွာစောင့်ဆိုင်းနေရသနည်း။ ပြင်းထန်သောစစ်ကြောခံရခြင်းအချိန်၌ သည်းခံ ခြင်းအကြောင်းကို ကျွန်ုပ်တို့မည်သို့သင်ယူနိုင်ပါသနည်း။

**တနင်္ဂနွေနေ့** **စက်တင်ဘာလ ၄ ရက်**

**စိတ်ရှည်သည်းခံသောဘုရား**

ရောမ ၁၅း၄၊ ၅ ကိုဖတ်ပါ။ ကျွန်ုပ်တို့အတွက် မည်သည့်အရာကို မြင်ရသနည်း။

______________________________________________

______________________________________________

ကျွန်ုပ်တို့ကိုကတိပေးထားပြီး ပေးမည့်အရာကိုသည်းခံစောင့်ဆိုင်း စေကာမူ မရရှိသေးသောအချိန်၌ ဆက်လက်သည်းမခံနိုင်တော့ပါ။ တမ်းတ သောအရာကိုရရှိမှသာ စိတ်ကျေနပ်မှုရတတ်ကြသည်။ ရခဲ့သောအရာကိုမရ ရှိသောအခါ၌ စိတ်သည်းခံစွမ်းမရှိတော့ပါ။ ထိုအခြေအနေမျိုးရောက်နေလျှင် ဘုရားသခင်ကို ကိုးစားယုံကြည်မှုဆက်လက်မထိန်းသိမ်းနိုင်တော့ပါ။

စောင့်စားနေရခြင်းအတွက် နာကျင်ခြင်းကိုဖြစ်စေပါသည်။ ဟေဗြဲ ကျမ်း၌ "သည်းခံစောင့်စား" ဟုဝေါဟာရကိုအသုံးပြုထားသည် (ဆာ၊ ၃၇း၇)။ ဟေဗြဲဝေါဟာရစကားလုံးကိုဘာသာပြန်လျှင် 'လွန်စွာနာကျင်သည်' ဟု ပြန်ဆို ရသည်။ 'လှုပ်ခါပစ်ရန်' 'အနာတရရရှိသည်အထိ' 'ဝမ်းနည်းခြင်းရရှိသည့် အထိ' ဟူ၍အဓိပ္ပာယ်ရှိသည်။ သည်းခံခွင့်လွှတ်တတ်ရန်လေ့ကျင့်ရခြင်းသည်

လွယ်ကူသောအလုပ်မဟုတ်ပါ။ တစ်ခါတစ်ရံမှာ အလွန်ပြင်းထန်သောခံစားမှုကိုရရှိစေပါသည်။

ဆာ၊ ၂၇း၁၄ ကိုဖတ်ပါ။ ဆာ၊ ၃၇း၇ နှင့် ရောမ၊ ၅း၃–၅ ကိုဆက်ဖတ်ပါ။ ကျမ်းချက်မှကျွန်ုပ်တို့ကို မည်သို့ဆိုထားပေးသနည်း။ သည်းခံခြင်းသည် မည်သည့်လမ်းကြောင်းသို့ပို့ဆောင်ပေးသနည်း။

---

---

စောင့်နေရချိန်၌ စိတ်ထဲအာရုံပြုနိုင်သောအရာတစ်ခုခုရှိနေသည်။ ကျွန်ုပ်တို့စောင့်မျှော်နေသောအရာကို အာရုံစူးစိုက်နိုင်မည်။ သို့မဟုတ်ယင်းအရာကိုချုပ်ကိုင်ထားသူကိုအာရုံပြုနိုင်သည်။ ဘုရားရှင်၏လက်တော်သို့အလုံးစုံအပ်နှံလိုက်လျှင် ကျွန်ုပ်တို့စောင့်စားမျှော်လင့်နေရသောအရာအားလုံးမည်မျှခက်ခဲနေစေကာမူ၊ ကိုယ်တော်အကောင်းဆုံးစီစဉ်ပေးမည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။

သင်သည် မည်သည့်အရာကိုစောင့်မျှော်တမ်းတလျက်ရှိနေပါသနည်း။ ဘုရားရှင်သည် အချိန်နှင့်အညီပြုပေးတော်မူမည်ကို သင်ယုံကြည်လက်ခံ၍အပ်နှံပါမည်လား။ လုံးလုံးအပ်နိုင်ရန်၊ ဆက်ကပ်မှုပြုနိုင်ရန်သင်ဆုတောင်းပါ။

**တနင်္လာနေ့ စက်တင်ဘာလ ၅ ရက်**

**ဘုရားရှင်၏အချိန်အကန့်အသတ်အတွင်း**

ရောမ၊ ၅း၆ နှင့် ဂလာတိ ၄း၄ ကိုဖတ်ပါ။ ဘုရားရှင်၏အချိန်ကန့်သတ်ချက်ကိုမည်သို့ဆိုထားသနည်း။

---

---

အဆိုပါကျမ်းချက်များမှ ရှင်ပေါလုသည် ယေရှုရှင်ကြွလာ၍အသေခံခြင်းအကြောင်းသည် အချိန်စေ့သောအခါမှ လူဇာတိကိုခံယူခြင်းဖြစ်



သည်။ အဆိုပါကျမ်းချက်ကိုဖတ်ရသည်မှာလွယ်ကူလှပါသည်။ အံ့ဩဖွယ်လည်းကောင်းပါသည်။ ယေရှုရှင်သည် အဘယ်ကြောင့်နှစ်ထောင်ပေါင်းများစွာကိုစောင့်ဆိုင်းနေပြီးမှ ကမ္ဘာမြေသို့ကြွဆင်းလာ၍ အပြစ်နှင့်ရင်ဆိုင်ခဲ့ရပါသနည်း။ စကြဝဠာတစ်ခွင်လုံးမှ အပြစ်သည်အလွန်ဆိုးကြောင်း နားမလည်ခဲ့ခြင်းကြောင့်ဖြစ်ပါသလား။ ယခုကျွန်ုပ်တို့ခရစ်တော်ဒုတိယအကြိမ်တစ်ဖန်ပြန်ကြွလာဖို့ရန်ကိုစောင့်နေရပါသည်။ မေးခွန်းထုတ်နိုင်သောမေးခွန်းရှိသည်။ ဘုရားရှင်သည် ဆုတောင်းခြင်းကိုအဖြေပေးရန် အဘယ်ကြောင့်နှောင့်နှေးကြန့်ကြာနေရသနည်း။

ဒံ၊ ၉း၂၄–၂၇ တွင်ဖော်ပြသော ရက်သတ္တပတ် (၇၀) သို့မဟုတ် (၇၀) သီတင်းအကြောင်းကိုစဉ်းစားကြည့်ပါ။ ယေရှုရှင်ကို မေရှိယဟုညွှန်ပြသောအနာဂတ္တိစကားအရ၊ (အကယ်၍ သင့်အတွက်လိုအပ်လျှင် ပြန်၍လေ့လာပါ) အချိန်မည်မျှကြာညောင်းသနည်း။ အချိန်နှင့်ပတ်သက်၍ မည်မျှကြာရှည်ခဲ့သနည်း။ ဘုရားရှင်သတ်မှတ်ထားသောအချိန်နှင့်ပတ်သက်၍စောင့်စားရခြင်းအပေါ် ကြာညောင်းလှသော်လည်း ကျွန်ုပ်တို့မည်သို့လက်ခံ၍ရနိုင်ပါသနည်း။

---

---

ဝိညာဉ်ရေးအကြောင်းအရာနှင့်ပတ်သက်သည့် အရေးကြီးသောအရာများစွာရှိပါသည်။ အချိန်ကိုစောင့်ရခြင်းနှင့်ဆိုင်သောတွေ့ကြုံမှုများစွာရှိခဲ့ကြပါသည်။ ပထမဦးဆုံးစောင့်စားခြင်းနှင့်ဆိုင်သော ကောင်းသည့်အချက်မှာစောင့်ဆိုင်းနေရသောအရာကို ပြန်၍အာရုံရောက်စေပါသည်။ ဘုရားရှင်ထံပြန်၍နီးကပ်စေသည်။ ဒုတိယအချက်မှာ စောင့်ဆိုင်းနေရခြင်းဖြင့် ရှင်းလင်းပြတ်သားသောရုပ်လွှာကိုပို၍ကောင်းစေပြီး စိတ်သဘောနှင့်ဆန္ဒကိုလည်းပို၍ကောင်းစေသည်။ စိတ်သဘောနှင့်ဆန္ဒကိုလည်း ပို၍ပီပြင်စေပါသည်။ တတိယအချက်မှာ စောင့်နေရခြင်းသည် သည်းခံခြင်းကိုပို၍တည်ဆောက်

ပေးနိုင်သည်။ ဝိညာဉ်ရေးရာသက်လုံကိုလည်း ပို၍ကောင်းစေပါသည်။ စတုတ္ထအချက်မှာ စောင့်စားခြင်းသည် ဝိညာဉ်ရေးအင်အားကိုဖွံ့ဖြိုးစေရန် တံခါးဖွင့်ပေးသောအရာဖြစ်သည်။ ယုံကြည်ခြင်းနှင့်ကိုးစားမှုကို ပို၍ခိုင်မာစေပါသည်။ ပဥ္စမအချက်မှာ စောင့်စားခြင်းကြောင့် ရှုပ်ထွေးခြင်းများကို ဘုရားရှင်ရှင်းလင်းပေးပြီး ပို၍ကြီးမားသောရုပ်လုံးကိုပေါ်လွင်စေပါသည်။ ဆဋ္ဌမအချက်မှာကျွန်ုပ်တို့အဘယ်ကြောင့်စောင့်နေရသည်ကို ကျွန်ုပ်တို့ကိုယ်တိုင်ရှင်းရှင်းလင်းလင်းမသိနိုင်ပါ။ သို့ဖြစ်၍ ယုံကြည်ခြင်းနှင့်အသက်ရှင်တတ်ရန်သင်ယူကြရသည်။ စောင့်စားနေရခြင်းနှင့်ပတ်သက်သောအခြားအကြောင်းများကို မည်သို့တွေးထင်နိုင်ပါသနည်း။

အချိန်အတိုင်းအတာစောင့်စားခြင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာမှ ဥပမာသင်ခန်းစာများ ဘုရားရှင်မည်သို့ပေးချင်သနည်း။ (အာဗြဟံနှင့်စာရာတို့ရရှိမည့်သားနှင့်ဆိုင်သောကတိတော်) တစ်ချိန်တည်းမှာသင့်ကိုယ်ကိုပြန်၍မေးပါ။ ကျွန်ုပ်ဆုတောင်းချက်၌ ကြာမြင့်စွာစောင့်နေရခြင်း၊ နှောင့်နှေးခြင်းနှင့် ဘုရားရှင်သည် အချိန်ဆွဲနေပါသလား။

**အင်္ဂါနေ့** **စက်တင်ဘာလ ၆ ရက်**

**ဒါဝိဒ်စောင့်စားခြင်းအတွက်ရရှိသောသင်ခန်းစာ**

၁ရာ၊ ၁၆း၁–၁၃ ၌ သူငယ်လေးဒါဝိဒ်ကို ရှမွေလကိုယ်တိုင်ဘိသိက်ပေးခဲ့သည့်အကြောင်းဖတ်ကြရသည်။ နောင်တစ်ချိန်တွင် ဘုရင်ဖြစ်လာရန်ဖြစ်သည်။ ဖခင်ယေရှဲ၏သိုးစားကျက်ကွင်းမှ ယေရုရှလင်နန်းတော်ပလ္လင်အထိ ဒါဝိဒ်နှင်ခဲ့ရသောခရီးသည်မသက်သာလှပါ။ ဒါဝိဒ်အနေဖြင့် ပြင်းထန်စွာစစ်ကြောခံနေရသော်လည်း အချိန်ကိုစောင့်ခဲ့ရသည်။ စိတ်ဓာတ်ကျမည့်အချိန်ရှိသည်မှာသေချာပါသည်။

ပထမဆုံးစိတ်ညစ်နေသောရှင်ဘုရင်ရှောလုကို စိတ်သက်သာမှုရစေရန် ဒါဝိဒ်သူငယ်လေးသည် စောင်းတီးဖျော်ဖြေပေးရသည်။ (၁ရာ၊ ၁၆)။ နောက်တွင်



ဂေါလျတ်ကိုသုတ်သင်နိုင်သောကြောင့် ဣသရေလလူမျိုး၏သူရဲကောင်းကြီးဖြစ်လာခဲ့သည်။ (၁ရာ၊ ၁၇) နောက်ပိုင်း၌ ဒါဝိဒ်သည် အသက်လွတ်ရန်နှစ်ပေါင်းများစွာထွက်ပြေးခဲ့ရပြန်သည်။ ရှောလုနှင့်သားတော်ယောနသန်တို့နှစ်ဦးလုံးမှ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာမည်ကိုတထစ်ချသိထားကြသည်။ (၁ရာ၊ ၂၃း၁၇။ ၁ရာ၊ ၂၄း၂၀)။ သို့သော် ဒါဝိဒ်သည် မိမိ၏ဘုရားသခင်ကိုကျော်၍ အဘယ်အမှုကိုမျှမပြုပါ။ အချိန်၏အဆုံးကိုသာစောင့်နေပါသည်။ ဆန့်ကျင်ဘက်လုပ်ရပ်များလည်း သူပြုခဲ့ပါသည်။ ရှောလုသည် ဒါဝိဒ်ကိုသတ်ရန်ကြံစည်နေချိန်မှာ ဒါဝိဒ်သည် ရှောလု၏ဝတ်ရုံအောက်ပိုင်းကိုဖြတ်ယူခဲ့သေးသည်။ ထိုသို့အပြုအမူမျိုးကိုသူပြုလုပ်ရန် လုံးဝမရည်ရွယ်ခဲ့ပါ။ (၁ရာ၊ ၂၄း၅–၇)။ နောက်တစ်ဖန်ရှောလုသည် ဒါဝိဒ်ကိုသတ်ရန် ကြံစည်သောအချိန်မှာ ဒါဝိဒ်သည် ရှောလုကိုသတ်ရန်အခွင့်အရေးရသော်လည်း လုံးဝငြင်းဆန်ခဲ့ပြန်သည် (၁ရာ၊ ၂၆း၇–၁၁)။

၁ရာ၊ ၂၆း၁–၁၁ ကိုဖတ်ပါ။ ရှင်ဘုရင်ရှောလုကိုသတ်ပစ်ရန် ဒါဝိဒ်ကိုယ်တိုင်အဘယ်ကြောင့်ငြင်းခဲ့သနည်း။ ကျွန်ုပ်တို့အတွက် ဘုရားရှင်အကြံအစည်ကို အသက်ရှင်နေထိုင်စဉ် မည်သို့သောစည်းမျဉ်းစည်းကမ်းထားရမည့်သင်ခန်းစာရရှိနိုင်ပါသနည်း။

------------------------------------------

------------------------------------------

၁ရာ၊ ၂၆း၁၂–၂၅ ကိုဆက်လက်ဖတ်ပါ။ ရှင်ဘုရင်ရှောလုကို ဒါဝိဒ်သည်သတ်ရန်ငြင်းဆန်ခြင်းကြောင့် ရှောလုကိုမည်သို့သက်ရောက်မှုဖြစ်စေသနည်း။ ဘုရားရှင်ပြုတော်မူမည့်အချိန်ကိုစောင့်စားခြင်း၏အကျိုးရလဒ်ဖြစ်စေပါသလား။

------------------------------------------

------------------------------------------

နန်းတော်ပလ္လင်အထိနှင်လာခဲ့ရသော ဒါဝိဒ်၏ခရီးကြမ်းအကြောင်းကို စဉ်းစားပါ။ ဝါကျတိုတိုလေးတစ်ကြောင်းဖြင့် ကျွန်ုပ်တို့မှတ်ချက်ပြုနိုင်ပါသည်။ ‘ဘုရားမပေးမီလုမယူနဲ့’ ဘုရားရှင်ပေးသောအချိန်သည် အကောင်းဆုံးသော အချိန်ဖြစ်သည်။ အချိန်ကြာလျှင်ကြာမည်ဖြစ်သော်လည်း ပဲစေ့သည် နာရီပိုင်းအတွင်းအညှောက်လျင်လျင်မြန်မြန်ပေါက်နိုင်သော်လည်း ဝက်သစ်ချပင်တစ်ပင်ပေါက်လာရန် နှစ်ချီပြီးစောင့်နေရသည်။ သို့ရာတွင် လေပြင်းကျလာချိန်မှာ သစ်ပင်ကြီးသည် အမြစ်မကျွတ်နိုင်ပါ။

ဒါဝိဒ်အနေဖြင့် ရှောလုကိုသတ်ပစ်ရန် အင်မတန်လွယ်ကူနေကြောင်းကို သင်စဉ်းစားကြည့်ပါ။ (အရာအားလုံး၏နောက်ဆုံးအချိန်မှာ ဒါဝိဒ်သည် မင်းအဖြစ်မြောက်စားခြင်းကိုရရှိသွားသည်။) ရှောလုမှာမူ အသေဆိုးနှင့် နိဂုံးချုပ်ခံရသည်။ ဒါဝိဒ်၏အပြုအမူသည် ဘုရားကိုယုံကြည်ကြောင်းပြသနေသည်။ သင့်အတွက်အချိန်ကိုစောင့်ရခြင်းအတွက် သင်ခန်းစာမည်သို့ရရှိနိုင်သနည်း။

**မုဒ္ဓဟူးနေ့** **စက်တင်ဘာလ ၇ ရက်**

## ဧလိယ–အလျင်စလိုပြုခြင်း၏ပြဿနာ

ကရမေလတောင်ထိပ်၌ စိန်ခေါ်မှုကြီးပြီးဆုံးသွားခဲ့သည်။ (၃ရာ၊ ၁၈)။ ကောင်းကင်မှမီးကျလာပြီး လူအားလုံးမှစစ်မှန်သောဘုရားကိုသိရှိလိုက်ရကြသည်။ ပုရောဖက်အတုအယောင်အမှားများအားလုံးသုတ်သင်ခြင်းခံကြရသည်။ ဘုရားရှင်မှအပြတ်ရှင်းခဲ့ခြင်းဖြစ်သည်။ ဧလိယသည် ဝိညာဉ်ရေးခိုင်မာသောအသိုက်အဝန်းမှကြီးပြင်းလာခဲ့ရသည်ဟု သင်ထင်ကောင်းထင်နေခဲ့လိမ့်မည်။ သို့သော် ရုတ်တရက်သူကြားလိုက်ရသောထိတ်လန့်ဖွယ်သတင်းကြောင့် သေချင်သည့်အထိထိတ်လန့်သွားသည်။ ၃ရာ၊ ၁၉း၁–၉ ပါအကြောင်းအရာကို အဆုံးအထိဖတ်ပါ။ နောက်ဆုံးကျမ်းပိုဒ်ကလေးများမှာ ပူပင်သောကဖြစ်စရာပါလာသည်။ “ထာဝရဘုရား၏နှုတ်ကပတ်တော်ရောက်လာ





သည်ကား၊ ဧလိယ၊ သင်သည် ဤအရပ်၌အဘယ်သို့ပြုလျက်နေသနည်းဟု မေးတော်မူ၏” (၃ရာ၊ ၁၉း၉)။ ဧလိယသည် ကြောက်လန့်စိတ်ဝင်နေ၍ ထွက်ပြေးတိမ်းရှောင်ကာ မဟုတ်သည့်နေရာသို့ရောက်ရှိနေခြင်းဖြစ်သည်။

ကရမေလတောင်ပေါ်၌ ဘုရားရှင်ကြားဝင်၍ ပြဿနာရှင်းပေးသော တန်ခိုးကြီးကြောင်း ဧလိယသည် ယုံကြည်ကိုးစားမှုအပြည့်အဝနှင့်ရှိနေသင့်ပါသည်။ ထိုအစားထွက်ပြေး၍ မိမိအသက်ဘေးလွတ်ရေးပုန်းရှောင်ခဲ့သည်။ ထိုမကောင်းသည့်ဥပမာမှ ကျွန်ုပ်တို့သင်ခန်းစာမည်သို့ရရှိနိုင်သနည်း။

--------------------------------------------

--------------------------------------------

အကြောင်းအရာမှာ အရေးကြီးသောအချက်အချို့ကို ဥပမာပေးထားသည်။ ကျွန်ုပ်တို့အလျင်စလိုပြုလုပ်မှုတိုင်း၌ ကျွန်ုပ်တို့အနေဖြင့် မှားယွင်းနေသောနေရာကိုရောက်ရှိသွားနိုင်သည်။ ဧလိယ၏ကိစ္စ၌ မိမိကိုယ်ကို အန္တရာယ်ကျရောက်နိုင်မည့်အလားအလာရှိသည်ဟုထင်ရ၍ ကြောက်ရွံ့ခြင်းကြောင့် တောထဲသို့ထွက်ပြေးခဲ့ခြင်းဖြစ်သည်။ လူဖြစ်လာရခြင်းအတွက် အလွန်မှားယွင်းကြောင်း စိတ်ထဲထင်ရလောက်အောင် မွေးဖွားလာခြင်းကို မကျေမနပ်ဖြစ်ခဲ့ရသည်။ ကျွန်ုပ်တို့အတွက်အလျင်စလိုပြုလုပ်ခြင်းနှင့် ဘုရားရှင်အလိုတော်နှင့်မကိုက်ညီ တခြားစီဖြစ်သောအရာများစွာလည်းရှိခဲ့ပါသည်။

အောက်ပါကျမ်းချက်များကိုဖတ်ပါ။ က၊ ၁၆း၁–၃။ တော၊ ၂၀း၁၀–၁၂။ သုကြီး၊ ၁၄း၁–၃။ မဿဲ ၂၀း၂၀၊ ၂၁။ လုကာ ၉း၅၂–၅၆။ တမန်တော် ၉း၁။ ဘုရားရှင်၏အလိုတော်ကိုမစောင့်ဆိုင်းဘဲ အလျင်စလိုပြုခြင်းအတွက် အကျိုးသက်ရောက်မှုမည်သို့ရှိသနည်း။

--------------------------------------------

--------------------------------------------

စိတ်ခံစားမှု၊ ဒေါသ၊ ယုံကြည်မှုမဲ့ခြင်း အစရှိသောအရာများသည် ကျွန်ုပ်တို့ဘုရားရှင်၏အလိုတော်နှင့်မကိုက်ညီသော အလျင်စလိုပြုမှုကြောင့်

ဖြစ်လာတတ်ကြောင်း လက်ခံကြရမည်။ ထိုအရာများအတွက် မည်သူတစ်ဦး တလေမျှပြီယဆေးမရှိနိုင်ပါ။ အဓိကသော့ချက်မှာ ဘုရားရှင်၏ကရုဏာ တော်နှင့်ကောင်းမြတ်ခြင်းအပေါ် ယုံကြည်ကိုးစားခြင်းရရှိရန်သာဖြစ်သည်။ ဘုရားရှင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူ၍ အကောင်းဆုံးအရာကိုစီစဉ်ပေးနေ သည်။ ကျွန်ုပ်တို့ဖြစ်လိုသမျှသည် အလိုအလျောက်ဖြစ်လာတတ်ခြင်းမျိုး မရှိပါ။ ယုံကြည်ခြင်းသည် ဆုလာဘ်လက်ဆောင်ပင်ဖြစ်သည်။ သို့သော် ထိုဆုလာဘ်ကိုစိုက်ယူရသည်၊ စိတ်ထဲသွင်းယူရသည်၊ တန်ဖိုးထားသိမ်းယူ ရသည်။

**ကြာသပတေးနေ့ စက်တင်ဘာလ ၈ ရက်**

**ဘုရားရှင်၌ဝမ်းမြောက်ခြင်းရယူရန်သင်ယူခြင်း**

"ထာဝရဘုရား၌မွေ့လျော်ခြင်းရှိလော့။ သို့ပြုလျှင်၊ စိတ်နှလုံးအလို ပြည့်စုံရသောအခွင့်ကိုပေးတော်မူမည်" (ဆာ၊ ၃၇း၄)။

ဆာ၊ ၃၇း၄ သည် အံ့ဖွယ်ကောင်းသောကတိတော်ဖြစ်သည်။ သင်လိုသောအရာကိုရရှိခဲ့သည်ဟုခံယူပါ။ စိတ်၌မွေ့လျော်ခြင်းရှိလိမ့်မည်။ သာ၍မွေ့လျော်သောစိတ်သည် ဘုရားရှင်နှင့်အစဉ်ဆက်စပ်နေသောစိတ်ပင် ဖြစ်သည်။ ထိုအတွက်ကြောင့် ဘုရားရှင်မိန့်တော်မူသော ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိကြလော့ဟုအဓိပ္ပာယ်ကို သင်မည်သို့အနက်ဖွင့်ဆိုမည်နည်း။

ဆာ၊ ၃၇း၁–၁၁ ကိုဖတ်ပါ။ ဖော်ပြထားသော ဆာ၊ ၃၇း၄ မှာ အံ့သြစရာအနည်းငယ်ဖြစ်ဖွယ်ရှိသည်။ ဒါဝိဒ်မင်းကြီးရေးသားသော အကြောင်းမှာ ပတ်ဝန်းကျင်ရှိလူများသည် ထာဝရဘုရားကိုလည်းဆန့်ကျင် သည်။ သူတို့လည်းဆန့်ကျင်သည်ဟုဖော်ပြထားသည်။ ကျွန်ုပ်တို့ကို လူများ ဆန့်ကျင်ဘက်ပြုလျှင် သဘာဝအရ၊ ထိုလူတို့ကိုဒေါသထွက်ပြီး မိမိကိုယ်ကို ပြန်လည်ကာကွယ်ပြောဆိုတတ်ကြသည်။ သို့သော် ဒါဝိဒ်မင်းသည် ထူးခြား သောအကြံပေးချက်ကိုပေးခဲ့သည်။



နောက်ပိုင်းဆက်လက်ဖော်ပြသောကျမ်းချက်၌ ဒါဝိဒ်သည် ဘုရားရှင် ၏လူများကို ယင်းအခြေအနေမျိုးကြုံတွေ့ရသော် မည်သို့တုံ့ပြန်ရန်အကြံ ပေးထားသနည်း။

ဆာ၊ ၃၇း၁ ---------------------------------------

ဆာ၊ ၃၇း၅ ---------------------------------------

ဆာ၊ ၃၇း၇ ---------------------------------------

ဆာ၊ ၃၇း၈ ---------------------------------------

ဆာလံ ၃၇း၄ ကို နောက်တစ်ဖန်ပြန်ဖတ်ပါ။ ဖတ်ရသော ကျမ်းချက်အတိုင်း ထာဝရဘုရား၌မွေ့လျော်ခြင်းရှိရမည်ဟုဆိုသောအချက်သည် မည်သည့်အဓိပ္ပာယ်ရှိသနည်း။

ဒါဝိဒ်သည် ထပ်ခါထပ်ခါမတူညီသောနည်းလမ်းဖြင့် ထာဝရဘုရား ကို 'ကိုးစားခြင်း' အမှုကိုလုပ်ဆောင်လျက် စိတ်မပျက်ကြစေရန် အကြောင်းမှာ ထာဝရဘုရားသည် သင်၏ဘုရား၊ ကိုယ်တော်သည် သင့်အဖို့ပြုတော်မူ ကြောင်း၊ ယနေ့တိုင်ပြုတော်မူနေသည်။ ပြဿနာတစ်စုံတစ်ရာကို သင်ကိုယ်တိုင်ဖြေရှင်းနိုင်သောတန်ခိုးမရှိပါ။ ကောင်းကင်ဘုံရှင်သင်၏ ခမည်းတော်သည် ထိန်းချုပ်ထားနေသည်။ ကိုယ်တော်ကိုကိုးစားပါ။ အပြည့် အဝယုံကြည်ပါ။

ဒါဝိဒ်မင်းရေးသားသော ထာဝရဘုရား၌မွေ့လျော်ခြင်းအကြောင်းတွင် ဆိုလိုရင်းအဓိပ္ပာယ်၌ ကျွန်ုပ်တို့ပြည့်ဝစွာကိုးစားခြင်းရှိရန်ဆိုလိုသည်။ ကျွန်ုပ်တို့၏ငြိမ်းချမ်းမှုကို မည်သည့်အရာမှနှောင့်ယှက်၍မရပါ။ ဘုရားရှင် သည် ကျွန်ုပ်တို့ဘက်၌ပါရှိနေသောကြောင့်ဖြစ်သည်။ ကိုယ်တော်ကို ကျွန်ုပ်တို့ ချီးမွမ်းနိုင်ပါသည်။ ပြုံးရွှင်နိုင်ပါသည်။ ကျွန်ုပ်တို့ကိုးကွယ်သောဘုရားရှင်ကို မည်သူမျှအနိုင်ယူ၍မရပါ။ ယင်းအကြောင်းကိုသင်ယူရသောအခါ ကျွန်ုပ်တို့ စိတ်ထဲတမ်းတမိသောအရာအားလုံးကို ရရှိပိုင်ဆိုင်နိုင်လိမ့်မည်။ ခမည်းတော်

ဘုရားသည် ကျွန်ုပ်တို့အလိုရှိသမျှကိုချပေးတော်မူလိမ့်မည်။ အဆုံး၌ နိုင်ငံတော်ကိုပါ ရရှိရလိမ့်မည်။

ထာဝရဘုရား၌မွေ့လျော်ခြင်းရှိလော့ဟုဆိုသောစကားအဓိပ္ပာယ်ကို သင်မည်သို့သင်ယူမည်နည်း။ ဆုတောင်းလျက် ဘုရားရှင်၏စောင်မတော်မူခြင်းကို သင့်အသက်တာတွင် အမှန်တကယ်ဖြစ်လာစေနိုင်ပါသနည်း။

**သောကြာနေ့ စက်တင်ဘာလ ၉ ရက်**

**ဆက်လက်လေ့လာရန်။**

အယ်လင်ဂျီဝှိုက်ရေးသားသော "The Anointing of David," pp. 637-642, in *Patriarchs and Prophets* အကြောင်းကိုဖတ်ပါ။

ဘုရားရှင်၏အစီအစဉ်ကို ကျွန်ုပ်တို့စောင့်နေရန်လိုအပ်သည်။ စောင့်နေချိန်မှာ ပြင်းထန်စွာခံစားရလိမ့်မည်။ စိတ်ရှည်စွာစောင့်နေခြင်းအတွက် ထာဝရဘုရားကိုရည်စူးကိုးစားကာ ကိုယ်တော်ပြုတော်မူမည့်အဖြေကိုစောင့်ရသည်။ စောင့်ဆိုင်းရခြင်းအကြောင်းများစွာရှိသည်။ သို့သော် ပြည့်စုံလာရခြင်းအကြောင်းအားလုံးသည် ဘုရားရှင်နှင့်သာဆိုင်သည်။ ဘုရားရှင်၏အရှေ့ကိုကျူးပြီး တစ်စုံတစ်ရာပြုမိလျှင် ကျဆုံးခြင်းနှင့်သာကြုံတွေ့ရလိမ့်မည်။ သို့သော် ဘုရားရှင်၏ထိန်းချုပ်ခြင်းကိုစောင့်ဆိုင်းလျက် ကိုယ်တော်၌မွေ့လျော်ခြင်းရှိလျှင် များစွာအောင်မြင်ခြင်းရရှိလိမ့်မည်။

ဘုရားရှင်သည် စုံစမ်းခြင်းအမျိုးမျိုးကိုချိန်ဆကိုင်တွယ်သည်။ ထိုအကြောင်းကြောင့် ဤဆင်းရဲဒုက္ခကိုငါခံရ၏။ သို့သော်လည်း ရှက်ကြောက်ခြင်းမရှိ။ 'အဘယ်သူကိုငါယုံကြည်သည်ကိုငါသိ၏။ သူ၌ငါအပ်ထားသောအရာကိုလည်း၊ ထိုနေ့ရက်တိုင်အောင်စောင့်နိုင်တော်မူသည်ဟု ငါသဘောရှိ၏' (၂တိ၊ ၁း၁၂)။ ကျွန်ုပ်တို့၏စိတ်သဘောထားကို သင်ကြားပညာပေးကာ ယုံကြည်ခြင်းရှိစေလျှင်လည်းကောင်း၊ မေတ္တာစိတ်ထားရှိစေလျှင်လည်းကောင်း၊ သာ၍သည်းခံစိတ်ထားလျှင်လည်းကောင်း၊ ကောင်းကင်ခမည်းတော်ကိုသာ၍



ကိုးစားခြင်းရှိလျှင်လည်းကောင်း ငြိမ်းချမ်းခြင်းနှင့်ပျော်ရွှင်ခြင်းများ နေ့စဉ်နှင့်အမျှရရှိနိုင်ပြီး အသက်တာ၏အရှုပ်အထွေးအားလုံးကို ကျော်ဖြတ်သွားနိုင်မည်ဖြစ်သည်။

"ယေရှုရှင်၏လက်ရုံးတော်ကိုမှီခိုခြင်းမရှိ၊ ပူပန်သောကရှိသောအသက်တာမျိုးကို ခမည်းတော်အလိုတော်မရှိပါ။ သာ၍တိတ်ဆိတ်ငြိမ်သက်သောစောင့်ဆိုင်းနေခြင်းနှင့်မျှော်လင့်နေခြင်းမျိုးကို ဘုရားရှင်အလိုတော်ရှိသည်။ အခြေအနေကိုကြည့်၍ ဘုရားရှင်၏နိမိတ်လက္ခဏာပြခြင်းကိုမစောင့်ဆိုင်းခဲ့လျှင် မိမိခွန်အားဖြင့် ကိစ္စအခက်အခဲကိုမဖြေရှင်းနိုင်ပါ။ ဘုရားရှင်ကိုယုံကြည်ခြင်းကြောင့်သာပြေလည်သွားနိုင်မည်။" (Ellen G. White, Selected Messages, book 2, p. 242).

--ooo--

## သင်ခန်းစာ (၁၂)

## မျိုးစေ့ကဲ့သို့ပုပ်ပွရခြင်း

**စက်တင်ဘာလ ၁၀ – ၁၆**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာလ ၁၀ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဖိလိပ္ပိ ၂း၅–၉။ ရောမ ၁၂း၁၊ ၂။ ၁ရာ၊ ၂း၁၂–၃း၁၈။ ၁ရာ၊ ၁၃း၁–၁၄။ ဇာခရိ ၄း၁–၁၄။

### အလွတ်ကျမ်းချက်

**"ငါအမှန်အကန်ဆိုသည်ကား၊ မြေ၌ကျသောစပါးစေ့သည် မပျက်လျှင် တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား၊ များစွာသော အသီးကိုသီးတတ်၏" (ယောဟန် ၁၂း၂၄)။**

ယေရှုရှင်ဥပမာပေးသော ဂျုံစပါးပေါက်ခြင်း၏သင်ခန်းစာသည် ဘုရားရှင်၏အလိုတော်အတိုင်းအသက်ရှင်ရန် သင်ခန်းစာဖြစ်သည်။ ပထမဦးဆုံးကြွေကျရသည်။ ကြွေကျလာသောဂျုံစေ့များသည် မည်သည့်အပေါ်ကျမည်ကို ကြိုတင်ခန့်မှန်း၍မရပါ။ မြေပေါ်ကျရောက်သွားရန်သာရှိသည်။ ပတ်ဝန်းကျင်ရှိမြေပေါ်အမှိုက်သရိုက်များအပေါ်သို့ကျရောက်သွားနိုင်သည်။

ဒုတိယအချက်မှာ အချိန်ကိုစောင့်ရန်ဖြစ်သည်။ ဂျုံစေ့ကလေးများ မြေဆီလွှာပေါ်ရှိနေရခြင်းအချိန်ဖြစ်သည်။ မည်သို့ဖြစ်လာမည်ကိုမခန့်မှန်းတတ်ပါ။ အနာဂတ်မည်သို့ဖြစ်မည်မှာ ဂျုံစပါးစေ့၏ကြမ္မာသာရှိသည်။

တတိယအချက်မှာ ပုပ်ပွသွားရခြင်းဖြစ်သည်။ ဂျုံစပါးစေ့သည် ပုံသဏ္ဍာန်မပျက်ရှိနေလျှင်၊ သက်သက်သာသာရှိနေလျှင် မည်သည့်ကောင်းကျိုးမျှမရရှိနိုင်ပါ။ ပေးဆပ်မှုရှိရလိမ့်မည်။ ပုပ်ပွသွားရမည်။ ရှိရင်းစွဲပုံသဏ္ဍာန်



ကိုစွန့်လွှတ်ပစ်ရပါမည်။ အစေ့ဘဝမှအသီးသီးလာနိုင်သောအပင်အဖြောက်ဘဝကိုခံယူနိုင်မှသာ အောင်မြင်ခြင်းရရှိနိုင်မည်။ များစွာသီးတတ်လာမည်။

**တစ်ပတ်တာသတိပြုရန်။** ဘုရားရှင်၏အလိုတော်သည်သာ ကျွန်ုပ်တို့အတွက်အကောင်းဆုံးဟုသိနေလျှင် အဘယ်ကြောင့်ခက်ခဲသောအချိန်ကိုလက်ခံရွေးချယ်ရန်လိုပါသနည်း။ ခရစ်တော်မည်သို့သောပုံပမာကိုပြသသွားခဲ့သနည်း။ ဂျုံစပါးစေ့ပုပ်ပွသွားမှ အသီးများစွာသီးလာနိုင်သကဲ့သို့ သင်၏အသက်တာသည် ခက်ခဲခြင်းနှင့်ရင်ဆိုင်ရမှ အောင်မြင်မည်ဖြစ်ကြောင်း သင်လက်ခံနိုင်ပါသလား။

**တနင်္ဂနွေနေ့** **စက်တင်ဘာလ ၁၁ ရက်**

**အမှုတော်၌ပါဝင်ရန်ဆက်ကပ်ခြင်း**

ဖိလိပ္ပိ ၂း၅–၉ ကိုဖတ်ပါ။ အရေးကြီးသောသတင်းစကားမည်သို့ရှိသနည်း။

________________________________________________

________________________________________________

ထုံးစံဓလေ့များသည် လူ၏အခွင့်အရေးအားလုံးကိုဆန့်ကျင်တတ်ကြသည်။ အားလုံးကောင်း၍ လိုအပ်သောအရာ၊ သင့်လျော်သောအရာများဖြစ်နေသည်။ သို့သော် ယေရှုရှင်၌ ဘုရားသခင်၏ထားသောနိုင်ငံတော်ကိုကျွန်ုပ်တို့အမွေခံရရှိနိုင်ရန် ကျွန်ုပ်တို့သည် ရှိသမျှအခွင့်အရေးအားလုံးကိုပေးအပ်ရပါမည်။ ခက်ခဲမည်၊ ပြင်းထန်သောအခြေအနေဖြစ်ကောင်းဖြစ်လာနိုင်မည်။

ယေရှုမည်သို့ပြုခဲ့သည်ကိုသတိပြုပါ။ (ဖိလိပ္ပိ ၂း၅–၈)။ ခမည်းတော်ကို မိမိဆက်ကပ်ခြင်းအဆင့်သုံးဆင့်ရှိသည်။ ပထမဦးဆုံးရှင်ပေါလု

သတိပေးချက်၌ 'ယေရှုခရစ်၌ရှိသောထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့' (ဖိလိပ္ပိ ၂း၅)။

ကျွန်ုပ်တို့လူသားများကိုကယ်တင်ရန်အလို့ငှာ ယေရှုရှင်သည် ခမည်းတော်ကိုခွဲခွာ၍ ကမ္ဘာလောကသို့ဆင်းလာကာ ညည်းတွားငိုကြွေးခြင်းဘဝကိုခံယူခဲ့သည်။ (ဖိလိပ္ပိ ၂း၆၊ ၇)။

ယေရှုရှင်သည် ကြီးမြတ်သောဘုန်းကြီးသောသူကဲ့သို့လာခြင်းမျိုးမဟုတ်ပါ။ လူတွေ၏အစေခံကဲ့သို့ဆင်းလာခဲ့ခြင်းဖြစ်သည်။ (ဖိလိပ္ပိ ၂း၇)။

လူသားတို့၏အစေခံတစ်ဦးကဲ့သို့ဖြစ်ရခြင်း၌ ယေရှုရှင်သည် ကြာမြင့်စွာအသက်ရှည်နေထိုင်ခဲ့ခြင်းမျိုးမဟုတ်ပါ။ သို့သော် နာခံခြင်းနှင့်အတူသေခြင်းကိုရွေးချယ်ခဲ့သည်။ သူအသေခံပုံသည်လည်း အဆင့်အတန်းရှိသူများကဲ့သို့မဟုတ်ပါ။ ဘုန်းစည်းစိမ်နှင့်တကွ အသေခံခြင်းမျိုးလည်းမဟုတ်ပါ။ နာခံမှုအပြည့်ဖြင့်အသေခံတော်မူခဲ့သည်။ 'လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏' (ဖိလိပ္ပိ ၂း၈)။

ယေရှုရှင်၏ပုံပမာတော်သည် ကျွန်ုပ်တို့အသက်တာအတွက် ပုံစံနမူနာမည်သို့ဖြစ်စေပါသနည်း။ အမှန်ဖြစ်၍ အမျိုးအစားကောင်းသောအရာတိုင်းကိုကာကွယ်ထားရမည်ဖြစ်သည်။ တစ်ခါတစ်ရံလက်လွှတ်ပစ်ရန်လိုကြောင်း သင်မည်သို့ရှင်းလင်းနိုင်မည်နည်း။ ဖိလိပ္ပိ ၂း၉ ကိုဖတ်ပါ။ ကိုယ်တော်သည် ခမည်းတော်၏ဆန္ဒအရလုပ်ဆောင်ခဲ့ကြောင်းကို အဆိုပါကျမ်းချက်မှ မည်သို့နားလည်၍ကူညီပေးသနည်း။

သန့်ရှင်းသောဝိညာဉ်တော်၏အထံမှ ဉာဏ်ပညာကိုတောင်းခံပါ။ ကျွန်ုပ်တို့ယခုစွဲကိုင်ထားသောအမှန်တရားသည် ယေရှုရှင်ကိုဆက်ကပ်ရန်မည်သို့အဟန့်အတားမျိုးဖြစ်စေပါသနည်း။ မိသားစုအတွက်၊ အသင်းတော်အတွက်၊ ပတ်ဝန်းကျင်ရှိလူသားများအတွက် မည်သို့အခက်အခဲဖြစ်မိပါသနည်း။ မည်သည့်နည်းဖြင့် အခြားသူအတွက် ကျွန်ုပ်တို့အနစ်နာခံရန်လိုပါသေးသနည်း။



**တနင်္လာနေ့** **စက်တင်ဘာလ ၁၂ ရက်**

## ဘုရားရှင်၏အလိုတော်ကိုမသိရမီသေခြင်းရောက်လာသည်

အများစုသောခရစ်ယာန်တို့သည် မိမိတို့၏အသက်တာ၌ ဘုရားရှင်၏အလိုကို ရိုးသားစွာရှာလိုကြသည်။ ဘုရားသခင်၏အလိုတော်ကိုသာကျွန်ုပ်တို့သိခဲ့လျှင် ကိုယ်တော်အတွက်ကျွန်ုပ်အသက်တာကိုဆက်ကပ်ပါမည်။ သို့သော် ထိုကတိတော်ကိုပေးပြီးနောက်မှ ကိုယ်တော်၏အလိုတော်နှင့်ဆိုင်သောအရာများကို နားမလည်ရှုပ်ထွေးဆဲရှိသည်။ ထိုရှုပ်ထွေးခြင်းအကြောင်းကို ရောမ ၁၂း၁၊ ၂ တွင်တွေ့ရသည်။ ရှင်ပေါလုမှ ဘုရားရှင်၏အလိုတော်ကိုသိရှိနိုင်သောအကြောင်းကိုဖော်ပြပေးထားသည်။ ယင်းနောက်မှ အထူးအရေးကြီးသောအချက်ကိုပြုလုပ်ပေးခဲ့သည်။ သင်သည် ဘုရားရှင်၏အလိုတော်ကိုသိရှိလိုလျှင် အလျှင်အဦးဆုံးဆက်ကပ်မှုကိုပြုရပါမည်ဟုဆိုသည်။

ရောမ ၁၂း၁၊ ၂ ကိုဖတ်ပါ။ ရှင်ပေါလုအနေဖြင့် ဘုရားရှင်၏အလိုတော်ကိုသိနိုင်ရန် စမ်းသပ်၍အတည်ပြုနိုင်သောလုပ်ရပ် (ရောမ ၁၂း၂ တွင်ဖော်ပြထားသည် သိနိုင်သောအချိန်မှာ –

(၁) ဘုရားရှင်၏ကရုဏာတော်ကို သေချာစွာနားလည်နိုင်သောအချိန် (ရောမ ၁၂း၁)။
(၂) ကျွန်ုပ်တို့၏ကိုယ်ကိုအသက်ရှိသောပူဇော်သကာအဖြစ်တင်လှူဆက်ကပ်ခြင်းအချိန် (ရောမ၊ ၁၂း၁)။
(၃) အသိစိတ်များကိုပြန်လည်ဆန်းစစ်ချိန် (ရောမ ၁၂း၂)။

အသိစိတ်ကိုပြောင်းလဲပစ်မှသာလျှင်၊ အသစ်ပြုပြင်မှသာလျှင် ဘုရားရှင်၏အလိုတော်ကိုနားလည်နိုင်ပါမည်။ ထိုအသိစိတ်ပြုပြင်ပြောင်းလဲခြင်းသည် အတ္တသဘောကိုသေစေခြင်းကိုဆိုပါသည်။ ကိုယ်တော်သည် ရိုးရိုးဒုက္ခခံခြင်းမျိုးမဟုတ်၊ အသေခံသည်အထိဖြစ်သည်။

သင်၏အတ္တကိုမသေစေနိုင်သောအချက်ရှိနေလျှင် သန့်ရှင်းသောဝိညာဉ်တော်ကိုတောင်းခံ၍ကူညီစေပါ။ ဘုရားရှင်အတွက်အသက်ရှိသောပူဇော်သကာဖြစ်စေရန် သန့်ရှင်းသောဝိညာဉ်တော်ကို မစကူညီစေပါ။

အတ္တကိုမသေစေနိုင်သောအခြေအနေမျိုး၌ ဘုရားရှင်သည် ပြင်းထန်သောစစ်ကြောခြင်းခံစေပြီး ကျွန်ုပ်တို့ကိုပြန်၍သတိရစေပါသည်။ ကျွန်ုပ်တို့၏ဒုက္ခပြဿနာသည် အပြစ်ကိုရင်ဆိုင်ရန်အတွက် သက်သက်ချည်းမဟုတ်ပါ။ ယေရှုရှင်ကျွန်ုပ်တို့အတွက်ပေးဆပ်ပေးသောအရာကို မြင်တွေ့သိရှိစေသေးသည်။ အဲလစ်ဇဘက်အဲလီအိုက်၏ရေးသားချက်၌ 'ကျွန်ုပ်တို့၏နှလုံးသားကိုအပ်နှံခြင်းသည် ကပ်တိုင်တော်အကြောင်းကိုသဘောပေါက်လာခြင်းပင်ဖြစ်သည်။ ကိုယ်တိုင်အသေခံခြင်းသည် ကယ်တင်ရှင်၏ဒုက္ခဆင်းရဲခြင်းအတွေ့အကြုံကိုသာအစပြုသိနိုင်ရုံရှိသည်။ ကျွန်ုပ်တို့ခံရသောဒုက္ခဆင်းရဲခြင်းအတွက်ကိုယ်တော်သည် သူနှင့်မိတ်သဟာယပြုရန် ခေါ်တော်မူခြင်းပင်ဖြစ်သည်။ အဲလစ်ဇဘက်အဲလီအိုက်၏ရေးသားချက်မှာ Quest for Love, p. 182, 1996 ကို ကိုးကားကုးယူထားသည်။

ရောမ ၁၂း၁၊ ၂ ကျမ်းချက်ကိုဖတ်ပြီး ဆုတောင်းပါ။ သင်သည် ပူဇော်ခံယဇ်တစ်ပါးအဖြစ်ရောက်ရှိနိုင်ရန် သင်၌ယေရှုရှင်ခံစားခဲ့ရသောနာကျင်မှုဒုက္ခအပေါင်းကိုနားလည်သဘောပေါက်နိုင်စေရန် သင့်ကိုမည်သို့အထောက်အကူဖြစ်စေသနည်း။ ယေရှုရှင်၏ဒုက္ခဆင်းရဲခြင်းအပေါ်နားလည်နိုင်ပြီး ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့နိုင်ရန် မည်သို့အထောက်အကူဖြစ်စေပါသနည်း။

**အင်္ဂါနေ့ — စက်တင်ဘာလ ၁၃ ရက်**

**နားစွင့်တတ်သောဆန္ဒသဘော**

'ထာဝရဘုရားသည်လည်း ရှေ့နည်းတူလာရပ်လျက်၊ ရှမွေလ၊ ရှမွေလဟုခေါ်တော်မူလျှင်၊ ရှမွေလက၊ အိုထာဝရဘုရားအမိန့်ရှိတော်မူပါ။ ကိုယ်တော်ကျွန်ကြားပါသည်ဟုလျှောက်လေသော်' (၁ရာ၊ ၃း၁၀)။

သင့်အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏တိုးညင်းသောအသံဖြင့်ပြောနေသည်ကိုကြားရသော်လည်း လျစ်လျူရှုခဲ့ဖူးပါသလား။ အကျိုးဆက်မှာ



အရာအားလုံးအမှောက်အမှားဖြစ်သွားရခြင်းနောက် ကိုယ်ကိုကိုယ်ပြန်၍စဉ်းစားမိသည်မှာ ဟာ၊ ဘာကြောင့်ငါနားမထောင်မိပါလိမ့်ကွာ စသည်နောင်တအတွေးမျိုးရရှိခဲ့ဖူးသည်။

ပထမဦးဆုံးရှမွေလ၏ရှင်းပြချက်၌ လူအိုကြီးတစ်ယောက်နှင့်ဘုရားစကားနားမထောင်သောသူ၏သားနှစ်ယောက်၊ ထိုနောက် သူငယ်လေးတစ်ယောက်အကြောင်းဖြစ်သည်။ ဘုရားရှင်မှကျပ်တည်းစွာသတိပေးနေပါလျက်အချိုးပြောင်းရန်လိုအပ်သူတို့သည် နားမထောင်ပြောင်းလဲခြင်းမရှိပါ။

၁ရာ၊ ၂း၁၂–၃း၁၈ ကိုဖတ်ပါ။ ဘုရားစကားနားထောင်သူနှင့်နားမထောင်သူတို့၏အကြား မည်မျှကွာခြားသနည်း။

---

---

ဧလိ၏သားတို့သည် ဘုရားကိုဦးထိပ်ပန်ရမည့်အစား အခြားကိစ္စများကိုသာဦးစားပေးကြသည်။ ဧလိသည် ဘုရားရှင်၏စကားတော်ကိုကြားခဲ့ရပါလျက် သားများကိုပြောဆိုသတိပေးခြင်းပြုသည့်ပုံစံမှာ ပြောသာပြောသည်၊ အလေးအနက်ပြုပြင်ခြင်းမရှိပါ။ သားတို့သည်လည်း ဘုရားရှင်၏အလိုတော်အသေးစိတ်၊ ဆက်ကပ်လုပ်ဆောင်လိုစိတ်မရှိပါ။ သူငယ်လေးရှမွေလနှင့်ယှဉ်သော် လုံးဝအသုံးမတန်သောသူများဖြစ်သည်။

တရားဟောဆရာချားလ်စတန်နလေမှသွန်သင်ရာ၌ ဘုရားသခင်၏အသံတော်ကိုကြားခံလမ်းကြောင်းဖြစ်စေရန်လိုသည်ဟုဆိုသည်။ သူဆက်လက်၍ပြောသည်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် အကြောင်းကြားရုံသက်သက်စကားမြွက်ဆိုတတ်သည်မဟုတ်ပါ။ တုံ့ပြန်မှုကိုလိုချင်၍ပြောခြင်းဖြစ်သည်။ ကျွန်ုပ်တို့စိတ်ဝင်စားသောအကြောင်းကို သန့်ရှင်းသောဝိညာဉ်တော်သည်သိရှိနေပါသည်။ အချိန်ကိုသူစောင့်နေပါသည်။ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက သန့်ရှင်းသောဝိညာဉ်တော်သည် တိတ်ဆိတ်နေလျက်ရှိသည်။ သူ၏စကားသံကို ကျွန်ုပ်တို့ကြားနိုင်သည်အထိ၊ နားထောင်

လိုက်လျှောက်နိုင်သည်အထိ စောင့်ဆိုင်းတော်မူသည်။ Charles Stanley, *The Wonderful Spirit-Filled Life*, (Nashville, TN: Thomas Nelson Publishers, 1992), pp. 179, 180.

စတန်နလေဆိုလိုသောကြားခံလုံလောက်ခြင်းသဘောသည် မည်သည့်အကြောင်းကိုဆိုလိုပါသနည်း။ ဘုရားရှင်နှင့်ပွင့်လင်းစွာဆက်ဆံနေသည့်အကြောင်းစဉ်းစားလျှင် မည်သည့်ကြားခံအရာမှ သင်၏နာခံခြင်းနှင့်ဘုရားရှင်၏စကားကိုနားထောင်ရန် အနှောင့်အယှက်ဖြစ်စေပါသနည်း။ ဘုရားရှင်၏အသံတော်ကို ရှင်းလင်းစွာနာခံလိုက်လျှောက်ရန် သင့်အသက်တာ၌မည်သည့်အရာလိုအပ်နေသနည်း။ ကိုယ်တော်၏လမ်းညွှန်မှုကိုနာခံရန်မည်သို့ဆုံးဖြတ်ထားသနည်း။

**ဗုဒ္ဓဟူးနေ့** **စက်တင်ဘာလ ၁၄ ရက်**

## ကိုယ်ကိုကိုယ်ယုံကြည်ထားခြင်း

ဝေသည်ဒေင်ဥယျာဉ်အတွင်းအပြစ်ပြုခဲ့စဉ် ဘုရားစကားကို သံသယရှိနေခြင်းအကြောင်းမှအစပြုလာခဲ့သည်။ သူမ၏စိတ်ထဲ၌ရှိလာသောပြဿနာမှာ အကောင်းနှင့်အဆိုးကိုခွဲခြားနိုင်သော ဉာဏ်အသိသဘောကိုရယူလိုခြင်းပင်ဖြစ်သည်။ သူမ၏ဆုံးဖြတ်မှုအပေါ် ယုံကြည်စိတ်ချခဲ့သည်။ ဘုရားရှင်၏စကားကိုဆန့်ကျင်၍ ကျွန်ုပ်တို့သည် ကိုယ်ပိုင်ဆုံးဖြတ်ခြင်းကိုအားကိုးခဲ့လျှင်ပြဿနာပေါင်းစုံကိုဖိတ်ခေါ်နေခြင်းပင်ဖြစ်သည်။

ရှင်ဘုရင်ရှောလုမင်း၏အကြောင်းတွင် မိမိကိုယ်ကိုယုံကြည်ကိုးစားခြင်းကြောင့် အကျိုးဆက်သည် အလျင်အမြန်လိုက်လာခဲ့သည်။ ရှမွေလသည် ရှောလုကိုဘိသိက်ပေးပြီး ဘုရားရှင်၏လူမျိုးအတွက် ဘုရားအရာခန့်ခဲ့သည်။ (၁ရာ၊ ၁၀း၁) နောက်တွင် အထူးသောအကြံပေးခြင်းကိုပေးခဲ့သည်။ (၁ရာ၊ ၁၀း၈)။ သို့သော် ရှောလုသည် နာခံခြင်းမရှိပါ။



ရှောလု၏အကြောင်းနောက်တစ်ဆင့်ကိုဖတ်ပါ။ ၁ရာ၊ ၁၃း၁–၁၄ ကိုဖတ်ပါ။ ရှောလုသည် မိမိအတတ်နှင့်မိမိစူးပြီး မည်သို့ကျွမ်းထိုးကျခဲ့သနည်း။

---------------------------------------------------

---------------------------------------------------

ရှောလုကျဆုံးသွားရခြင်းအဆင့်သုံးဆင့်ရှိသည်။ ဘုရင်ဖြစ်လာသည်နောက် မိမိကိုယ်ကိုသာကိုးစားမှုပြုလာခဲ့သည်။ အဆင့်အဆင့်တိုင်း၌မကောင်းခဲ့သည်မဟုတ်ပါ။ ထိုအဆင့်တိုင်း၌အစပျိုးပြီး ဘုရားရှင်ကိုမှီခိုခြင်းကိုရပ်သွားခြင်းဖြစ်သည်။ ရှောလုကျဆုံးသွားရခြင်းအဆင့်ဆင့်အစဉ်အတိုင်းကိုသတိပြုနိုင်ပါသည်။

၁။ ရှောလုသည် 'လူများတို့သည် အကျွန်ုပ်ထံမှထွက်ပြေးကြောင်း၊ ကိုယ်တော်သည်ချိန်းချက်သောအချိန်၌မရောက်လာကြောင်း (၁ရာ၊ ၁၃း၁၁) ကိုသူသိမြင်သောအခါ' ဟုပြောခဲ့သည်။ ရှောလုသည် စိတ်ဖိစီးခံရ၍ မိမိ၏အမြင်ဖြင့်ဆုံးဖြတ်ခဲ့သည်။

၂။ ရှောလုသည် 'ငါမြင်၏' ထိုနောက်ငါပြော၏ဟူ၍အဆင့်ထက် ဖိလိတ္တိလူတို့အောင်နိုင်တော့မည်ကို မိမိအထင်နှင့်ပင်ဆုံးဖြတ်သည်။ (၁ရာ၊ ၁၃း၁၂)။ မျက်စိနှင့်မြင်သောအရာကို ပါးစပ်ဖြင့်ပြောထွက်ခဲ့သည်။ အခြေအနေကိုမိမိကိုယ်တိုင်ဆုံးဖြတ်သည်။

၃။ ရှောလုသည် ငါသိမြင်သည်၊ ငါပြောသည်၊ ထိုမှတစ်ဆင့် 'ငါထင်သည်' စသည်စသည်ဖြင့် အဆင့်ဆင့်ဖြစ်လာခဲ့သည်။ (၁ရာ၊ ၁၃း၁၂)။ ရှောလုအထင်သည် သူ၏စိတ်ခံစားရမှုသို့အသွင်ပြောင်းပုံဖော်လိုက်သည်။

ကျွန်ုပ်တို့အားလုံးလည်း ထိုနည်းတူပြုတတ်ကြသည်။ လူသား၏အမြင်ဖြင့် အားထားတတ်ကြသည်။ လူသား၏အတွေးအခေါ်ဖြင့် ဆက်လက်လုပ်ဆောင်သွားစေသည်။ မိမိခံစားမှုအဖြစ်ပုံဖော်သွားကာ မိမိကိုယ်ကိုကိုးစားယုံကြည်တော့သည်။ နောက်တွင်ခံစားရသည့်အတိုင်းလုပ်ဆောင်ကြသည်။

ရှောလုသည် မိမိ၏ဆုံးဖြတ်ချက်အပေါ် လွယ်လွယ်ကူကူပင် ဆက်လက်လုပ်ဆောင်သည်ဟု သင်ထင်ပါသလား။ နားအာရုံ၌ ဘုရားရှင် သတိပေးနေလျက်ပေးနေဆဲ၊ သူသည် လွယ်လွယ်ကူကူပင် မိမိသဘော အတိုင်းလုပ်ဆောင်ခဲ့သည်။ ကျွန်ုပ်တို့သည် မပြည့်စုံသူလူသားများဖြစ်နေ သည်ကိုသိနေပါလျက် အဘယ်ကြောင့် မိမိကိုယ်ကိုအားကိုးရသနည်း။ ကျွန်ုပ်တို့၏ခွန်အားအတတ်ထက် ဘုရားရှင်၏အမိန့်တော်ကိုကိုးစားယုံကြည် နိုင်ရန် မည်သို့ပြုလုပ်နိုင်မည်နည်း။

**ကြာသပတေးနေ့** **စက်တင်ဘာလ ၁၅ ရက်**

**အစားထိုးခြင်း**

ယမန်နေ့သင်ခန်းစာအရ၊ ဘုရားရှင်ကိုဆက်ကပ်နေရင်း ကျွန်ုပ်တို့ သည် မိမိကိုယ်ကိုအားကိုးလာသောသဘောများရှိတတ်သည်။ ဘုရား၏နေရာကို အခြားအရာများအစားထိုးလာတတ်ကြသည်။ အချို့သူများစိတ်ဖိစီးခံလာရ သောအခါမှာ ဈေးဝယ်ထွက်ပြီး စိတ်သက်သာရာရအောင်ပြုလုပ်ကြသည်။ လုံလောက်မှုမရှိဟုခံစားရသူများသည် ကျော်ကြားမှုကိုရှာဖွေလာကြသည်။ ဖနီးခင်ပွန်းနှင့်အဆင်မပြေဖြစ်လာသူတို့သည် မိမိတို့ကိုစိတ်ပျော်ရွှင်စေနိုင်အောင် အခြားသူကိုရှာဖွေတတ်ကြသည်။

ကျွန်ုပ်တို့ပြုလုပ်သမျှသည် စိတ်ဖိစီးမှုကိုဖြေလျှော့သွားနိုင်ပါသည်။ သို့သော် ထိုအရာအားလုံးသည် နောင်တစ်ချိန်အခြေအနေကိုတည်ငြိမ်အောင် မထိန်းထားနိုင်ပါ။ အားလုံးသောအခြေအနေကိုတည်ငြိမ်စေနိုင်သောအရာမှာ ဘုရားတန်ခိုးဖြစ်သည်။ ပြဿနာမှာ ကျွန်ုပ်တို့သည် အချိန်များစွာ ဘုရား ကိုကိုးစားရမည်ထက် အခြားအရာကိုကိုးစားတတ်ခြင်းပင်ဖြစ်သည်။

ဘုရားအစား အစားထိုးတတ်သောအကြောင်းအရာအဆင့်သုံးဆင့်မှာ၊

၁။ လူတို့၏သတ်မှတ်သောစည်းမျဉ်းနှင့် အတိတ်၏တွေ့ကြုံခံစားခြင်းအပေါ် အားကိုးခြင်း။



၂။ ဘုရားရှင်အဖြေထုတ်ပေးခြင်းကို မိမိတို့အတွေးအခေါ်ဖြင့်ပိတ်ဆို့ပစ် လိုက်ခြင်း။

၃။ ဘုရားရှင်၏တန်ခိုးတော်ကို လိုအပ်နေသောအချိန်၌ ဘုရားကိုရှောင်ထွက်၊ အရေးမလုပ်ခြင်းတို့ဖြစ်သည်။

ဇာခရိသည် ကျွန်ုပ်တို့ကိုအကူအညီပေးထားသည်။ ဘုရားရှင်၏ ကိုယ်စား အခြားအရာများကို ကျွန်ုပ်တို့အစားထိုးရန်ရှိလာလျှင် သတိပြု ရမည်မှာ နှစ်ပေါင်းများစွာ ဗာဗုလုန်တိုင်းပြည်သို့ဖမ်းသွားချုပ်ထားခြင်းကို ခံရပြီးနောက် ယေရုရှလင်မြို့ရှိဗိမာန်တော်ကို ပြန်လည်ပြုပြင်ရန်အခွင့်ရကြ သည်။ သို့သော်အဖျက်အမှောက်လုပ်ရပ်များစွာနှင့်ရင်ဆိုင်ကြရသည်။ (ဇေရ ၄-၆ ကိုဖတ်ပါ)။ သို့ဖြစ်၍ ဇာခရိသည်အားပေးသောစကားနှင့် ဇေရုဗဗေလ ထံသို့ပေးပို့အားပေးခဲ့သည်။ မည်သူသည် ယေရုရှလင်ဗိမာန်တော်ကို ဆောက်လုပ် ရာ၌အထူးပါရှိနေကြောင်းကို သတိပေးခဲ့သည်။

ယင်းသတင်းစကားကို ဇာခရိ ၄ တွင်ဖတ်ပါ။ ဇာခရိ ၄-၆ ၌ ဘုရားရှင်မိန့်တော်မူသောစကားတော်၏ အဓိပ္ပာယ်မည်သို့ရှိသနည်း။ တည်ဆောက်ခြင်းအမှုပြီးမြောက်အောင် သန့်ရှင်းသောဝိညာဉ်တော်၏ သက်ရောက်မှုမည်သို့ရှိသနည်း။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင် ချက်နှင့် ကျွန်ုပ်တို့လက်တွေ့လုပ်သောအရာ မည်သို့ပတ်သက်ဆက်နွယ်ပါ သနည်း။

---

---

ဘုရားရှင်သည် ဗိမာန်တော်တည်ဆောက်ခြင်းအမှုအတွက် ဆန့်ကျင် ခြင်းလည်းမပြု၊ ဇေရုဗဗေလကိုလည်း စိတ်သက်သာစေရန် မည်သို့မျှ ပြုတော်မူခြင်းမရှိပါ။ ကျွန်ုပ်တို့ကိုဆန့်ကျင်သောအရာတိုင်းကိုလည်း ဘုရားရှင် အမြဲကာကွယ်ပေးမည်မဟုတ်ပါ။ ဆန့်ကျင်မှုများတွေ့လာရသောအခါ၌

ဘုရားရှင်သည် ထိုဆန့်ကျင်မှုကိုအသုံးချပြီး ပြင်းထန်သောသင်ခန်းစာများနှင့် ကျွန်ုပ်တို့ကိုသွန်သင်ပေးလိမ့်မည်။

စိတ်ဖိစီးခြင်းရောက်လာသောအခါမှာ ပထမဦးဆုံးသင်မည်သည့် အရာကိုပြုလုပ်မည်နည်း။ ဘုရားရှင်ထံဆက်ကပ်မည်လား။ သင်၏အဖြေ သည် သင်၏အကြောင်းအရာကိုပြောပြပြီး သင်ကိုယ်တိုင်သင်ယူရမည့်အရာနှင့် ပြုပြင်ပြောင်းလဲရမည့်အရာကို ဖော်ပြပေးနေပါမည်လား။

**သောကြာနေ့ စက်တင်ဘာလ ၁၆ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, "Eli and His Sons," pp. 575-580, and "The Presumptiong of Saul," pp. 616-626, in Patriarchs and Prophets ကိုဖတ်ပါ။

ဘုရားရှင်ကိုအပ်နှံခြင်းသဘောသည် မိမိ၏အတ္တကိုသေစေခြင်း သဘောဖြစ်သည်။ တခြားသူအတွက်ကူညီပေးရန် အခွင့်အရေးကိုလမ်းဖွင့် ပေးသည်။ ဆက်ကပ်ခြင်းမရှိသောအသက်တာ၌ ဘုရားရှင်အတွက် မည်သို့မျှ ပါဝင်လုပ်ဆောင်နိုင်ခြင်းရှိမည်မဟုတ်ပါ။ ခမည်းတော်ထံသို့ ကျွန်ုပ်တို့ ဆက်ကပ်အပ်နှံခြင်းသဘောမှာ ဘုရားရှင်၏နှုတ်ကပတ်တော်နှင့်တန်ခိုးတော် ကိုယုံကြည်ခြင်းဖြစ်သည်။ နှုတ်ထွက်စကားတော်နှင့် ကိုယ်တော်၏တန်ခိုးကို ဘေးဖယ်ထားလျက် မိမိကိုယ်ကိုကိုးစားရာရောက်သွား၍ အလွန်အန္တရာယ် များသောလုပ်ရပ်ဖြစ်သည်။ ဘုရားသခင်ကိုဆက်ကပ်ခြင်းအသက်တာသည် ခရစ်တော်နှင့်တူညီသောအသက်တာဖြစ်သည်။ ကိုယ်တော်သည် ပြင်းထန် သောစစ်ကြောခြင်းကိုအခွင့်ပေးပြီး သူ့အားကိုးစားရန်သွန်သင်ပါသည်။

'ဧလိ၏ပျက်ကွက်သောဆုံးမခြင်းသည် တိုင်းပြည်တွင်းရှိ ဖခင် မိခင်များအားလုံးကိုထိခိုက်စေပါသည်။ သန့်ရှင်းခြင်းမရှိသောတာဝန်ကို မလေးစားသောအခါမှာ သားများတို့၏လုပ်ရပ်ကြောင့် အကျိုးကိုရိတ်သိမ်း





ရတော့သည်။ သားသမီးတို့၏အားနည်းချက်အတိုင်း ခွင့်ပြုထားသောမိဘ များတို့သည် ဘုရားသခင်ရှေ့တော်၌အပြစ်ရှိ၏။ ထိုအပြစ်အတွက် မည်သည့် အလှူပူဇော်သကာနှင့်မျှဖြေ၍မရနိုင်ပါ။' (Ellen G. White, Child Guidance, p. 276).

--ooo--

## သင်ခန်းစာ (၁၃)
# ပြင်းထန်သောစမ်းသပ်ခြင်း၌ခရစ်တော်ရှင်
### စက်တင်ဘာလ ၁၇ – ၂၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာလ ၁၇ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** လုကာ ၂း၇၊ ၂၂–၂၄။ မဿဲ ၂း၁–၁၈။ ယောဟန် ၈း၅၈၊ ၅၉။ လုကာ ၂၂း၄၁–၄၄။ မဿဲ ၂၇း၅၁၊ ၅၂။ ရောမ ၆း၂၃။ တိတု ၁း၂။

**အလွတ်ကျမ်းချက်**

**"သုံးချက်တီးအချိန်၌ ယေရှုက ဧလိ၊ ဧလိ၊ လာမာရှာဗခသာနိ ဟုကြီးသောအသံနှင့်ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့်အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်းဟုဆိုလိုသတည်း" (မဿဲ ၂၇း၄၆)။**

ဒုက္ခဆင်းရဲခြင်းအကြောင်းကိုစိစစ်မိလျှင် မေးခွန်းမေးစရာပေါ်လာသည်။ အပြစ်နှင့်ဆင်းရဲဒုက္ခမည်ကဲ့သို့စတင်ခဲ့သနည်း။ ဘုရားရှင်၏ဖော်ပြချက်အရ၊ အဖြေကောင်းရှိနေပါသည်။ ထိုအရာများစတင်လာရခြင်း၏အဓိကအကြောင်းမှာ အလွဲသုံးခြင်းကြောင့်စတင်လာရခြင်းဖြစ်သည်။ ဆက်လက်၍မေးခွန်းထပ်မံပေါ်လာပြန်သည်။ ဤသို့ဖြစ်လာမည်ကို ဘုရားရှင်ကြိုတင်သိထားပါသလား။ သိပါသည်။ ကောင်းကောင်းကြီးပင်သိထားခဲ့ပါသည်။ စီအက်စ်လူးဝစ်၏ရေးသားချက်၌ စွန့်စားခြင်း၏တန်ဖိုးအကြောင်းပင်ဖြစ်သည်။



စွန့်စားခြင်း၏တန်ဖိုးသည် မည်ကဲ့သို့ရှိသနည်း။ မည်သူအတွက်ဖြစ်သနည်း။ ကျွန်ုပ်တို့အတွက်ဖြစ်နေလျှင် ဘုရားရှင်သည် ကောင်းကင်ဘုံပလ္လင်ထက်၌ထိုင်နေတော်မူပါသည်။ လွတ်လပ်သောသတ္တဝါတို့၏အသိဉာဏ်ပညာသည် အင်မတန်သန့်ရှင်းမွန်မြတ်လှသည်။ ထိုလွတ်လပ်မှုကိုငြင်းပယ်လျှင်မွန်မြတ်သန့်ရှင်းခြင်းမရှိနိုင်။ ယင်းအကြောင်းမှာ ယေရှုရှင်၏အသက်တာနှင့်အသေခံခြင်းမှ ဒုက္ခဆင်းရဲခြင်းကိုတွေ့မြင်နိုင်သည်။ လူ၏ဇာတိအသွေးအသားကိုယူ၍ ကောင်းကင်နှင့်မြေကြီးကိုချည်နှောင်ပြီး နောက်ဆုံးထာဝရအသက်ရှင်ခြင်းသို့ပို့ဆောင်ပေးသည်။

**တစ်ပတ်တာသတိပြုရန်။** ကျွန်ုပ်တို့၏ကိုယ်စား ခရစ်တော်မည်သည့်ဒုက္ခကိုခံခဲ့သနည်း။ ကိုယ်တော်၏ဒုက္ခမှ ကျွန်ုပ်တို့မည်သို့သင်ခန်းစာယူနိုင်ပါမည်နည်း။

**တနင်္ဂနွေနေ့** **စက်တင်ဘာလ ၁၈ ရက်**

**ရှေးဦးနေ့ရက်များ**

ယေရှုရှင်၏အစောပိုင်းနှစ်များအကြောင်းကို နှုတ်ကပတ်တော်မှဖော်ပြပေးထားသည်။ ကျမ်းချက်အနည်းငယ်မျှသာတွေ့ရပါသည်။ အချို့သောအကြောင်းနှင့် ကမ္ဘာ့ကယ်တင်ရှင်၏အကြောင်းကိုဖော်ပြကာ လောကသို့မည်သို့ဆင်းသက်လာသည်ကိုရှင်းပြခဲ့သည်။

လုကာ ၂း၇၊ ၂၂–၂၄ ကိုဖတ်ပါ။ ဝတ်၊ ၁၂း၆–၈ ကိုလည်းဖတ်ပါ။ မဿဲ ၂း၁–၁၈ ကိုဆက်ဖတ်ပါ။ ယေရှုရှင်စတင်ရင်ဆိုင်ခဲ့ရသောအသက်တာခရီးကြမ်းကို ယင်းကျမ်းချက်များက မည်သို့ဖော်ပြပေးထားသနည်း။

---------------------------------------------

---------------------------------------------

ယေရှုရှင်သည် ဒုက္ခဆင်းရဲခြင်းကိုတစ်ဦးတည်းစတင်ရင်ဆိုင်ရသူ မဟုတ်၊ လူများ၏သတ်ဖြတ်ခြင်းကိုခံရဖို့ရန် ရင်ဆိုင်ခဲ့ရသည်။ သူတစ်ဦး တည်းလည်းမဟုတ်ပါ။ ကလေးဘဝမှစတင်ရင်ဆိုင်လာခဲ့ရသောအခက်အခဲ ပေါင်းများစွာကို ကျွန်ုပ်တို့သိရှိမြင်တွေ့ခဲ့ကြရသည်။

ယောဟန် ၁း၄၆ ကိုဖတ်ပါ။ သူငယ်ဖြစ်စဉ်ကစ၍ ဒုက္ခအမျိုးမျိုးနှင့် ကြုံခဲ့ရကြောင်း ယင်းကျမ်းချက်မှ ကျွန်ုပ်တို့ကိုမည်သို့သိရှိစေနိုင်သနည်း။

---------------------------------------------

---------------------------------------------

အာဒံနှင့်ဧဝအပြစ်သို့မကျဆုံးမီအချိန်၌ အပြစ်မရှိခဲ့သည့်အတိုင်း ကမ္ဘာကြီးပေါ်၌ ယေရှုရှင်တစ်ပါးတည်းသာ အပြစ်နှင့်ကင်းသောသူဖြစ်ခဲ့သည်။ သူ၏သန့်ရှင်းခြင်း၊ အပြစ်မဲ့ခြင်းအဖြစ်၌ရှိနေသော်လည်း အပြစ်လောကသို့ကြွလာ ခဲ့သည်။ ဒုက္ခမည်မျှပင်ကြီးနေပါစေ၊ ကလေးအရွယ်မှစ၍ အပြစ်ကိုပြုရန် လုံးဝစိတ်ကူးခြင်းမရှိပါ။ အပြစ်ကြောင့် ကျွန်ုပ်တို့ပြဿနာအခက်အခဲ ရင်ဆိုင်နေရလင့်ကစား ကျွန်ုပ်တို့ကိုယ်တိုင်အပြစ်ကိုမလိုလားခဲ့ပါ။ အပြစ် လုပ်ချင်ကြသည်။ ခရစ်တော်နှင့်မည်သို့တူညီမှုရှိသနည်း။ မည်သူ၏ စိတ်သဘောသည် ပို၍ဖြူစင်သနည်း။ မည်သူသည် အနည်းဆုံးအပြစ် စွန်းထင်းခံရသနည်း။ ကိုယ်တော်နှင့်သူ၏ဝန်းကျင်ရှိလူများအကြောင်းကို လေ့လာပါ။ ကိုယ်တော်အတွက်နာကျင်မှုကြီးမားခြင်းရှိရမည်။

သင့်ကိုယ်သင်ပြန်၍မေးပါ။ ပတ်ဝန်းကျင်ရှိအရာများသည် ကျွန်ုပ်တို့ အပြစ်ဖြစ်စေရန်မည်မျှလွယ်ကူသနည်း။ အပြစ်တင်ခံရခြင်းရှိပါသလား။ ထိုသူများကိုငြူစူခြင်းရှိပါသလား။ သင်စဉ်းစားဆင်ခြင်ပါ။ သင်ဖတ်ရ၊ မြင်ရ၊ လုပ်ရသောအရာများ၌သင်ခန်းစာယူပါ။



**တနင်္လာနေ့** **စက်တင်ဘာလ ၁၉ ရက်**

**လူတွေ၏အထင်သေးပစ်ပယ်ခံရခြင်း**

အောက်ပါကျမ်းချက်များကို သေချာစွာဖတ်ပြီး ယေရှုရှင်သည် ဘုရားဖြစ်ကြောင်း၊ ကောင်းကင်မြေကြီးနှင့်အရာခပ်သိမ်းကိုဖန်ဆင်းသောအရှင် ဖြစ်ကြောင်း၊ သင်နှင့်ကျွန်ုပ်တို့ကမ္ဘာသူကမ္ဘာသားအားလုံးအတွက် အသေခံ အသက်ပေးအပူဇော်ခံခဲ့ကြောင်းကို သေချာစွာစဉ်းစားပါ။ (မဿဲ ၁၂း၂၂– ၂၄။ လုကာ ၄း၂၁–၃၀။ ယောဟန် ၈း၅၈၊ ၅၉)။ ယင်းကျမ်းချက်များ သည် ယေရှုရှင်ဤလောကကမ္ဘာ၌ ဒုက္ခခံခဲ့ရသည့်အကြောင်းကို မည်သို့ ဖော်ပြထားသနည်း။

---------------------------------------------

---------------------------------------------

ခေါင်းဆောင်များဖြစ်စေ၊ သာမန်ရိုးရိုးလူများဖြစ်စေ၊ ယေရှုရှင်၏ အသက်တာနှင့်လုပ်ဆောင်ချက်တို့သည် တလွဲနားလည်ပြီး သွန်သင်မှုပြုနိုင် ကြသည်။ မိမိလာရောက်ကယ်တင်သောသူများက ပြန်၍သူ့ကိုငြင်းပယ်သည်၊ မုန်းတီးကြသည်။ မိဘတို့သည် သားသမီးငယ်များအကူညီလိုအပ်နေကြောင်း ကိုသိ၍ ကူညီမစရန်ကိုင်တွယ်သောအခါ ကလေးငယ်များက မကြိုက် မနှစ်သက်တွန်းထိုးရုန်းကန်အော်ဟစ်သည်နှင့်တူလှသည်။ ယေရှုရှင်ရင်ဆိုင် ရသောပြဿနာမှာ ထိုသို့ပင်ဖြစ်သည်။ မည်မျှနာကြည်းခံစားရမည်နည်း။

မဿဲ ၂၃း၃၇ ကိုဖတ်ပါ။ ယေရှုရှင်ငြင်းပယ်ခံရခြင်းအတွက် မည်သို့ခံစားရကြောင်းကို အဆိုပါကျမ်းချက်က မည်သို့ဖော်ပြထားသနည်း။ သင်ဖတ်ရှု၍ သင့်ကိုယ်သင်ပြန်၍မေးပါ။ ကိုယ်တော်သည် အလွန်တရာ ခံစားခဲ့ရပါသလား။ (ကျွန်ုပ်တို့ထိုသို့ရင်ဆိုင်ခဲ့ရသောအခါ ကိုယ်ချင်းစာပါ)။ သို့မဟုတ် အခြားအကြောင်းရှိပါသလား။ (ကျွန်ုပ်တို့လက်ခံခြင်းမခံရသော အချိန်) အခြားအကြောင်းရင်းရှိခဲ့လျှင် မည်သည့်အကြောင်းနည်း။

------------------------------------------------

------------------------------------------------

အခြားသူ၏လက်ခံခြင်းကိုကြုံရသောအခါ ကျွန်ုပ်တို့ခံစားရသည်။ မတော်လျှင် ခရစ်တော်သည်လည်း ခံစားနေရပါမည်။ ကျွန်ုပ်တို့ကိုဂရုမစိုက်ခြင်းကြောင့်မဟုတ်ပါ။ တစ်ဦးတစ်ယောက်ကိုစေတနာစိတ်ရှိပါလျက်နှင့် ထိုသူက ကျွန်ုပ်တို့ကိုခါးခါးသီးသီးငြင်းပယ်သောအခါမျိုးတွင်ခံစားရသည်။ ခရစ်တော်သည်လည်း ကယ်တင်ခြင်းစီမံကိန်းအတွက်လုပ်ဆောင်ပေးလျက်နှင့် လူများက ကိုယ်တော်ကိုလက်မခံကြပါ၊ ငြင်းပယ်ကြသည်။ သင်စဉ်းစားကြည့်ပါ၊ ယေရှုရှင်မည်မျှခံစားသွားရမည်နည်း။ မိမိကယ်တင်ပေးသောသူသည် မိမိကို လက်မခံသောအခြေအနေတွင်ရှိသည်။ တစ်ချိန်တည်းမှာပင် အပြည့်အဝ သတိပေးထားချက်မှာ ထိုသို့ငြင်းပယ်ခြင်းအတွက် အကျိုးဆက်ကိုခံစားရမည်ဖြစ်သည်။ ခရစ်တော်၌အပြစ်လုံးဝမရှိဖြစ်နေပါလျက် စာတန်၏စွပ်စွဲမှုကြောင့် နာကျင်စွာခံစားခဲ့ရသည်။ Ellen G. White, *Selected Messages*, book 3, p. 129.

ငြင်းပယ်ခံရသောခရစ်တော်ထံမှ သင်မည်သည့်သင်ခန်းစာကိုရရှိနိုင်သနည်း။ မည်သို့သောပုံပမာမျိုးကိုသင်တွေ့မြင်ရသနည်း။ သင်၏အသက်တာ၌ မည်သို့အသုံးပြုသွားမည်နည်း။

**အင်္ဂါနေ့ — စက်တင်ဘာလ ၂၀ ရက်**

**ဂေသရှင်မန်ဥယျာဉ်အတွင်းမှယေရှုရှင်**

“ထိုအခါ ငါသည်သေလောက်အောင်စိတ်နှလုံးအလွန်ညှိုးငယ်ခြင်းရှိ၏။ ဤအရပ်၌စောင့်နေကြလော့ဟု တပည့်တော်သုံးယောက်တို့အားမိန့်တော်မူ၏” (မာကု ၁၄း၃၄)။

ယေရှုသည် ၃၃ နှစ်တိုင်တိုင် ဤကမ္ဘာပေါ်၌ဒုက္ခဆင်းရဲခြင်းခံခဲ့ရသည်။ နောက်ဆုံးကပ်တိုင်ပေါ်မတက်မီနာရီပိုင်းအတွင်း စတင်ခဲ့ရသော



ဒုက္ခသည် အကြီးဆုံးနှင့်မည်သည့်ဒုက္ခနှင့်မျှနှိုင်းယှဉ်၍မရပါ။ ထာဝရကာလမှသည် (ဗျာဒိတ် ၁း၁–၄။ ၂တိ၊ ၁း၈၊ ၉။ တိတု ၁း၁၊ ၂)။ လောက၏အပြစ်အတွက် ယေရှုရှင်ကိုယဇ်ကောင်အဖြစ်ပူဇော်သကာတင်လှူပူဇော်ခြင်းသည် အကြံတော်ဖြစ်သည်။ အရာအားလုံးသည်လည်း ပြည့်စုံသွားရမည်ဖြစ်သည်။

------------------------------------------------

------------------------------------------------

အောက်ဖော်ပြပါကျမ်းချက်များမှ ဂေသရေမန်ဥယျာဉ်တော်အတွင်း ယေရှုရှင်ခံခဲ့ရသောဒုက္ခဆင်းရဲခြင်းအကြောင်း မည်သို့ဖော်ပြပေးသနည်း။ မဿဲ ၂၆း၃၉။ မာကု ၁၄း၃၃–၃၆။ လုကာ ၂၂း၄၁–၄၄။

------------------------------------------------

------------------------------------------------

ကိုယ်တော်သည် တပည့်တော်များနှင့်အနည်းငယ်အလှမ်းကွာသောနေရာသို့သွားခဲ့သည်။ သို့သော်လှမ်းမြင်နေရသည်။ အသံကိုလည်းကြားရသည်။ ၎င်းနောက် မြေပေါ်သို့ပျပ်ဝပ်ကာ သူသည်အပြစ်အတွက်ကြောင့် ခမည်းတော်နှင့်ခွဲခွာရသည်ဟုခံစားရသည်။ ထိုချောက်ကြီးသည် အလွန်တရာကျယ်သည်၊ နက်သည်၊ မည်းမှောင်လှသည်။ ကိုယ်တော်၏ဝိညာဉ်သည် ခိုက်ခိုက်တုန်ခံစားနေရသည်။ ယင်းဒုက္ခကို ကိုယ်တော်သည် ဘုရားတန်ခိုးသုံး၍ဖယ်ရှားမည်မဟုတ်ပါ။ လွတ်မြောက်အောင်ရုန်းထွက်မည်မဟုတ်ပါ။ လူသားတစ်ဦးဖြစ်လာသောအခါ၌ လူသား၏အပြစ်ကို အကျိုးအပြစ်ခံရပေဦးမည်။ လူသားကဲ့သို့ခမည်းတော်ဘုရား၏အမျက်တော်ကိုရင်ဆိုင်ရဦးမည်။ အပြစ်လုပ်ခြင်း၏ရလဒ်ဖြစ်သည်။

ယခုတွင် ခရစ်တော်သည် သူကိုယ်တိုင်တစ်ကြိမ်တစ်ခါမျှမရပ်တည်ခဲ့သောနေရာတွင်ရပ်တည်နေသည်။ ဒုက္ခဆင်းရဲခြင်းအကြောင်းကို ပုရောဖက်မှ

နှုတ်ထွက်စကားလုံးဖြင့်ဖော်ပြခဲ့သည်။ "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ အိုဓား၊ ငါ၏သိုးထိန်းတစ်ဘက်၊ ငါ၏အပေါင်းအဖော် ဖြစ်သောသူ၏တစ်ဘက်၌နိုးလော့။ သိုးထိန်းကိုရိုက်သတ်လော့။ သို့ပြုလျှင် သိုးတို့သည်ကွဲလွင့်ရကြလိမ့်မည်။ သိုးသငယ်တို့အပေါ်၌လည်း ငါသည် လက်ကိုတင်ဦးမည်" (ဇာခရိ ၁၃း၇)။ အပြစ်လူသားများ၏နေရာ၌ ခရစ်တော်သည် ဘုရားရှင်၏တရားစီရင်ခြင်းဒုက္ခဆင်းရဲကိုခံခဲ့ရသည်။ တရားမျှတမှု၏အဓိပ္ပာယ်ကိုမြင်တွေ့သွားခဲ့ရသည်။ ထိုနောက်မှကိုယ်တော်သည် အခြားသူများအတွက်ကြားဖျန်ဖြေသူဖြစ်လာခဲ့ပြီ။ ယခုတွင် မိမိကိုယ်တော်တိုင် ကြားဖျန်ဖြေသူအဖြစ်ဆောင်ရွက်နေသည်။ Ellen G. White, *The Desire of Ages*, p. 686.

ဂေသရေမန်ဥယျာဉ်တော်အတွင်း ယေရှုရှင်မည်သို့ဖြစ်ခဲ့သည်ကို ကိုယ်ချင်းစာကြည့်ပါ။ ကမ္ဘာကြီး၏အပြစ်အားလုံး သူ၏အပေါ်စုပုံကျရောက်လာခဲ့သည်။ မည်သို့ဖြစ်လာမည်ကိုစိတ်ကူးကြည့်ပါ။ အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလတွင် မည်သည့်လူသားတစ်ဦးတစ်ယောက်မျှ ကိုယ်တော်ခံခဲ့ရသောဒုက္ခမျိုးကိုရင်ဆိုင်ရမည်မဟုတ်ပါ။ ယင်းအကြောင်း၌ ဘုရားရှင်ကျွန်ုပ်တို့ကိုမည်မျှချစ်ကြောင်းပြသပေးသနည်း။ သင်၏ကိုယ်ပိုင် မျှော်လင့်ချက်မည်သို့ဆွဲယူရရှိနိုင်ပါမည်နည်း။

**ဗုဒ္ဓဟူးနေ့** **စက်တင်ဘာလ ၂၁ ရက်**

## ကပ်တိုင်၌အသေသတ်ခြင်းခံရသောဘုရားရှင်

ကပ်တိုင်တင်အသေခံရခြင်းအပြစ်သည်အင်ပါယာကောင်းစားစဉ်၌ အရက်စက်ဆုံးပြစ်ဒဏ်ဖြစ်သည်။ အသေရအခက်ဆုံးဖြစ်သည်။ ထိုနည်း အတိုင်းအသေခံရန် အလွန်ကြောက်ရွံ့ကြသည်။ ဘုရား၏သားတော်ဖြစ်သော ယေရှုရှင်သည် လူသား၏အသွေးအသားကိုခံယူပြီး ဒုက္ခညှဉ်းဆဲခံရခြင်းကို



အမြဲအမှတ်ရနေပါလိမ့်မည်။ ရိုက်နှက်၊ ထိုးကြိတ်၊ ကန်ကျောက်၊ လက်နှင့် ခြေတို့ကို သံနှင့်ရိုက်၊ ကပ်တိုင်ကိုထောင်ကာ မြေ၌စိုက်ချသောအခါ ကိုယ်ခန္ဓာ၏အလေးချိန်ကြောင့် ရိုက်ထားသောသံချက်မှာစုတ်ပြဲသွားကုန် သည်။ ကိုယ်ကာယနာကျင်ခြင်းသည် မခံမရနိုင်သည့်အထိဖြစ်သည်။ အလွန် ခံရခက်လှပါသည်။ အပြစ်မရှိသောသူသည် ထိုသို့သောမတရားသည့်ကြမ္မာကို ခံနေရသည်။

ယေရှုရှင်အသေခံနေခြင်းကို ဘေးပတ်လည်၌ကြည့်နေသူအားလုံးက အချိန်ကာလအကြောင်းကိုနားလည်သွားကြရသည်။ ထိုအချိန်တွင် မည်ကဲ့သို့ သောလက္ခဏာများဖြစ်ပျက်ခဲ့သနည်း။

မဿဲ ၂၇း၄၅ ----------------------------------

မဿဲ ၂၇း၅၁၊ ၅၂ ----------------------------------

မဿဲ ၁၅း၃၈ ----------------------------------

အပြစ်မရှိသောသူတစ်ဦး မတရားအသတ်ခံရခြင်း၌ ပြတ်သားစွာ ဖော်ပြသောအကြောင်းများ ယင်းအချိန်တွင်ထင်ရှားလာခဲ့သည်။ နှုတ်ကပတ်တော်အရ၊ ဘုရားရှင်သည် အပြစ်ကိုဒေါသအမျက်ထွက်တော်မူ၍ ကျွန်ုပ်တို့၏ အပြစ်အားလုံးကို ယေရှုရှင်အပေါ်လောင်းချတော်မူခြင်းဖြစ်သည်။ ကပ်တိုင် ပေါ်မှယေရှုရှင်ခံရသောဒုက္ခဆင်းရဲခြင်းသည် ဘုရားရှင်သည် ဖြောင့်မတ်တော်မူကြောင်းကိုလည်းကောင်း၊ အပြစ်ကိုမုန်းကြောင်းကိုလည်းကောင်း ပေါ်လွင်စေပါသည်။ ထိုအတွက်ကြောင့် ယေရှုသည်ပို၍နက်၊ ပို၍မည်းမှောင်၊ ပို၍နာကျင်စွာခံစားရခြင်းဖြစ်သည်။ လူသားများတွေ့ကြုံရသောဒုက္ခဆင်းရဲခြင်းအားလုံးထက်ပို၍ခံစားရခြင်းဖြစ်သည်။

သင့်အနေဖြင့်ဒုက္ခဆင်းရဲခြင်းခံနေရသောအခါ ခရစ်တော်၏ဒုက္ခကို ပမာပြုလျက် မည်သို့ရင်ဆိုင်သွားနိုင်ပါမည်နည်း။ ခရစ်တော်သည် ကပ်တိုင် ပေါ်၌ သင့်အတွက်ဒုက္ခခံခဲ့ပြီ။

**ကြာသပတေးနေ့ စက်တင်ဘာလ ၂၂ ရက်**

**ဒုက္ခနှင့် ရင်ဆိုင်ရသောဘုရားရှင်**

လောက၌အသက်ရှင်နေသရွေ့၊ ဒုက္ခနှင့်ကြုံရမည်သာဖြစ်သည်။ ကျဆုံးသွားသောသတ္တဝါဖြစ်နေ၍ ဒုက္ခခံရခြင်းဖြစ်သည်။ ကံကြောင့်မဟုတ်ပါ။ သမ္မာကျမ်းစာ၌ ထူးထူးခြားခြားကတိတော်များမတွေ့ရှိရပါ။

အောက်ပါကျမ်းချက်များမှအရာအားလုံးသည် ကိုယ်တော်လက်တော်၌ ရှိကြောင်း မည်သို့ဖော်ပြသနည်း။ (တမန်တော် ၁၄း၂၂။ ဖိလိပ္ပိ ၁း၂၉။ ၂တိ၊ ၃း၁၂)။

---

---

ကျွန်ုပ်တို့၏ဒုက္ခဆင်းရဲခြင်း၌ သဘောပိုက်ရမည့်အရာနှစ်ခုရှိသည်။ ပထမတစ်ခုမှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ဘုရား၊ လူအားလုံးထက်ကြီးမားသောဆင်းရဲခြင်းကိုခံခဲ့ပါပြီ။ ကပ်တိုင်ပေါ်၌ “ငါတို့၏အနာရောဂါဝေဒနာကိုယူတင်ဆောင်ရွက်ပေးပြီး ဒဏ်ခတ်တော်မူခြင်းကိုလည်းကောင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုလည်းကောင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည်ထင်မှတ်ကြပြီ” (ဟေရှာ ၅၃း၄)။ ကျွန်ုပ်တို့သိနိုင်သမျှသည် အပိုင်းအစမျှသာဖြစ်သည်။ ကိုယ်တော်သည် အပြစ်မရှိသော်လည်း “ကျွန်ုပ်တို့၏အပြစ်ကြောင့် အပြစ်သားဘဝရောက်ခဲ့ရသည်” (၂ကော၊ ၅း၂၁)။ လူသားသတ္တဝါအပြစ်ရှိသူများကဲ့သို့ ဒုက္ခကိုခံခဲ့ရသည်။ စဉ်းစား၍မရနိုင်ပါ။

ဒုတိယတစ်ခုမှာ ကျွန်ုပ်တို့ဒုက္ခရောက်ချိန်၌ ယေရှုရှင်၏ဒုက္ခကို သတိရရပါမည်။ ခရစ်တော်ကျွန်ုပ်တို့ကိုယူဆောင်ပေးပြီး၍ ကတိတော်ထားရှိကြောင်းကို ကျွန်ုပ်တို့သတိရနေရပါမည်။

ယောဟန် ၁၀း၂၈။ ရောမ ၆း၂၃။ တိတု ၁း၂ ကိုဖတ်ပါ။ ၁ယော၊ ၂း၂၅ ကိုလည်းဖတ်ပါ။ မည်သည့်ကတိတော်ရှိခဲ့သနည်း။



---

---

ကျွန်ုပ်တို့ယခုခံရသောဒုက္ခဆင်းရဲခြင်းအတွက် ခရစ်တော်ကို ကျေးဇူးတင်ပါ။ ကျွန်ုပ်တို့၏အပြစ်အားလုံးကို ယူဆောင်ပေးခြင်းအတွက် ကိုယ်တော်ကိုကျေးဇူးတင်ပါ။ ဧဝံဂေလိသတင်းတော်အတွက် ကိုယ်တော်ကို ကျေးဇူးတင်ပါ။ ယခုတွင် ယုံကြည်ခြင်းဖြင့် ယေရှုရှင်၌ပြည့်စုံခြင်းရှိနိုင်မည်လား။ ကျွန်ုပ်တို့၌ထာဝရအသက်အတွက် ကတိတော်ရှိထားသည်။ ခရစ်တော်လုပ်ဆောင်ပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ ကိုယ်တော်၏ပြည့်ဝစုံလင်လှသောအသက်တာကြောင့် ကိုယ်တော်ခံခဲ့ရသောဒုက္ခဝေဒနာ နာကျင်ခြင်းများအားလုံးသည် နောက်တစ်ဖန်ဖြစ်ပေါ်လာဖွယ်မရှိတော့ပါ။ ထာဝရတည်မြဲသောကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ကျွန်ုပ်တို့ပိုင်ဆိုင်ရမည့် ကတိတော်ပိုင်ဆိုင်ထားရပြီ။ ထိုနေရာ၌မည်သူမျှအပြစ်မရှိတော့ပါ။ နာကျင်ခြင်းဝေဒနာဒုက္ခမရှိတော့ပါ။ အိုနာသေခြင်းအလျှင်းကင်းသောနေရာဖြစ်သည်။ ထိုကတိတော်များသည် ယေရှုရှင်ကြောင့် ကိုယ်တော်ပြင်းထန်စွာခံခဲ့ရသောဒုက္ခကြောင့် ရရှိသောရလဒ်အကျိုးဖြစ်သည်။ မကြာမီကိုယ်တော်ကြွလာတော့မည်။ “မိမိစိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍အားရလိမ့်မည်” (ဟေရှာ၊ ၅၃း၁၁)။

**သောကြာနေ့ စက်တင်ဘာလ ၂၃ ရက်**

**ဆက်လက်လေ့လာရန်။**

Ellen G. White, “Gethsemane,” pp. 685-697 and “Calvary,” pp. 741-757 in the Desire of Ages ကိုဖတ်ပါ။

“ကိုယ်တော်သည် သုံးကြိမ်သုံးခါမျှဆုတောင်းတော်မူခဲ့သည်။ သုံးကြိမ်တိုင်တိုင် လူသား၏ခံစားမှုအပြည့်အဝဖြင့်ခံစားရပြီး ယဇ်အဖြစ်ပူဇော်ခံရန်ခံယူလိုက်သည်။ ထိုအချိန်မှာပင် လူ့လောကကမ္ဘာကြီး၏အပြစ်

အားလုံးသည် ကိုယ်တော်၏အပေါ်သို့သွန်းလောင်းလိုက်သည်။ ပညတ်တော်ကိုလွန်ကျူးခြင်းအမှုသည် ဇောက်ပျက်စီးခြင်းရောက်ကြရမည်။ ကိုယ်တော်သည် အကူအညီမဲ့ဖြစ်နေသောလူသားများအခြေအနေကိုမြင်တွေ့တော်မူသည်။ ကိုယ်တော်သည် အပြစ်၏တန်ခိုးကိုတွေ့မြင်ရသည်။ ကမ္ဘာကြီး၏ညည်းညူမြည်တမ်းသောအသံသည် ကိုယ်တော်နားတော်၌ပဲ့တင်ထပ်ကြားနေရသည်။ ကိုယ်တော်သည် ထိုကြမ္မာဆိုးကြီးကိုကြည့်လျက်ဆုံးဖြတ်ချက်ချလိုက်သည်။ မည်မျှပင်အဖိုးကြီးမားနေပါစေ၊ ကိုယ်တော်သည် လူကိုကယ်တင်ပါမည်ဟူ၍ဖြစ်သည်။ ကိုယ်တော်သည် မိမိအသွေးတော်၌နှစ်သောဗတ္တိဇံကိုခံယူတော်မူသည်။ လူကုဋေပေါင်းများစွာပျက်စီးရမည့်အရေးကြီးကိုကယ်တင်ပြီး ထာဝရအသက်ရစေရန်ဖြစ်သည်။ ကောင်းကင်နန်းတော်ပလ္လင်ကို ကိုယ်တော်စွန့်ခဲ့ပြီး သန့်ရှင်းခြင်း၊ ပျော်ရွှင်ခြင်း၊ ဘုန်းတော်တန်ခိုးနှင့်ပြည့်စုံသောရာထူးကိုစွန့်ခဲ့ပြီး ပျောက်ဆုံးနေသောသိုးငယ်လေးတစ်ကောင်ကိုရှာဖွေရန်အတွက်ဖြစ်သည်။ ပညတ်ချက်ကိုကျူးလွန်မိ၍ ကမ္ဘာတစ်ခုသည်ပျောက်ဆုံးနေရသည်။ ယခုသူဆုတောင်းနေချိန်အတွင်း သူ၏ထွက်သက်ဝင်သက်တိုင်းသည် အမှုတော်ကိုပြီးမြောက်အောင်ဆောင်ရွက်မည့်သန္နိဋ္ဌာန်သာရှိနေသည်။ ‘ဤခွက်ဖလားသည် အကျွန်ုပ်ထံမှလွန်သွားနိုင်လျှင်လွန်သွားပါစေ၊ သို့မဟုတ် ကျွန်ုပ်သောက်ရမည်မှတစ်ပါး အခြားမရှိလျှင် ကိုယ်တော်၏အလိုတော်အတိုင်းသာဖြစ်ပါ၏။’ (Ellen G. White, *The Desire of Ages*, pp. 690, 693).

--၀၀၀--



## နံနက်ယံဝတ်
## ဇူလိုင်လ၊ ၂၀၂၂ ခုနှစ်

| | | | |
|---|---|---|---|
| ၁ | ကြာ | ယောဟန်၊ | ၁၁း၅၀ |
| ၂ | နေ | လုကာ၊ | ၄း၁၉ |
| ၃ | နွေ | လုကာ၊ | ၄း၁၈၊၁၉ |
| ၄ | လာ | ဗျာဒိတ်၊ | ၁၄း၁ |
| ၅ | ဂါ | လုကာ၊ | ၁၅း၁၂ |
| ၆ | ဟူး | လုကာ၊ | ၁၅း၁၃ |
| ၇ | တေး | လုကာ၊ | ၁၅း၂၀ |
| ၈ | ကြာ | လုကာ၊ | ၁၅း၂၃ |
| ၉ | နေ | လုကာ၊ | ၁၅း၂၄ |
| ၁၀ | နွေ | မသဲ၊ | ၁၂း၂၀ |
| ၁၁ | လာ | မသဲ၊ | ၂၂း၁၂ |
| ၁၂ | ဂါ | ယောဟန်၊ | ၁း၁၇ |
| ၁၃ | ဟူး | ယောဟန်၊ | ၈း၇ |
| ၁၄ | တေး | ယောဟန်၊ | ၈း၁၁ |
| ၁၅ | ကြာ | မသဲ၊ | ၂၁း၃၁ |
| ၁၆ | နေ | မသဲ၊ | ၂၀း၉ |

| | | | |
|---|---|---|---|
| ၁၇ | နွေ | မသဲ၊ | ၂၀း၁၄ |
| ၁၈ | လာ | မသဲ၊ | ၁၈း၂၇ |
| ၁၉ | ဂါ | မသဲ၊ | ၁၈း၃၃ |
| ၂၀ | ဟူး | မသဲ၊ | ၉း၃၃ |
| ၂၁ | တေး | မသဲ၊ | ၉း၉ |
| ၂၂ | ကြာ | မသဲ၊ | ၉း၁၃ |
| ၂၃ | နေ | မာကု၊ | ၁၁း၂၁ |
| ၂၄ | နွေ | မာကု၊ | ၁၁း၁၅ |
| ၂၅ | လာ | မသဲ၊ | ၆း၁၂ |
| ၂၆ | ဂါ | လုကာ၊ | ၁၃း၁၆ |
| ၂၇ | ဟူး | မာကု၊ | ၁၄း၃၀ |
| ၂၈ | တေး | လုကာ၊ | ၂၂း၃၂ |
| ၂၉ | ကြာ | ယောဟန်၊ | ၁၈း၁၁ |
| ၃၀ | နေ | မာကု၊ | ၁၆း၇ |
| ၃၁ | နွေ | ယောဟန်၊ | ၆း၃၇ |

## နံနက်ယံဝတ်
## ဩဂုတ်လ၊ ၂၀၂၂ ခုနှစ်

| | | | |
|---|---|---|---|
| ၁ | လာ | ယောဟန်၊ | ၁း၁ |
| ၂ | ဂါ | လုကာ၊ | ၂၄း၂၇ |
| ၃ | ဟူး | မဿဲ၊ | ၂၁း၃၃ |
| ၄ | တေး | ယောဟန်၊ | ၇း၃၇ |
| ၅ | ကြာ | ယောဟန်၊ | ၁၁း၂၅၊၂၆ |
| ၆ | နေ | ယောဟန်၊ | ၁၁း၄၁ |
| ၇ | နွေ | ယောဟန်၊ | ၃း၃ |
| ၈ | လာ | ယောဟန်၊ | ၃း၁၅ |
| ၉ | ဂါ | မဿဲ၊ | ၁၉း၂၁ |
| ၁၀ | ဟူး | မဿဲ၊ | ၁၉း၂၆ |
| ၁၁ | တေး | တမန်၊ | ၇း၅၅ |
| ၁၂ | ကြာ | မဿဲ၊ | ၁၄း၂၉ |
| ၁၃ | နေ | မဿဲ၊ | ၁၃း၄၄ |
| ၁၄ | နွေ | မဿဲ၊ | ၉း၁၆ |
| ၁၅ | လာ | မဿဲ၊ | ၇း၂၄ |
| ၁၆ | ဂါ | မဿဲ၊ | ၁၁း၂၉ |
| ၁၇ | ဟူး | မာကု၊ | ၂း၂၇ |
| ၁၈ | တေး | ယောဟန်၊ | ၅း၈ |
| ၁၉ | ကြာ | ယောဟန်၊ | ၁၅း၂ |
| ၂၀ | နေ | ယောဟန်၊ | ၁၅း၅ |
| ၂၁ | နွေ | ယောဟန်၊ | ၆း၂၉ |
| ၂၂ | လာ | မာကု၊ | ၁၀း၁၅ |
| ၂၃ | ဂါ | မဿဲ၊ | ၁၈း၄ |
| ၂၄ | ဟူး | မဿဲ၊ | ၁၅း၃ |
| ၂၅ | တေး | ယောဟန်၊ | ၂၁း၁၉ |
| ၂၆ | ကြာ | တမန်၊ | ၂၆း၁၈ |
| ၂၇ | နေ | မဿဲ၊ | ၉း၃၈ |
| ၂၈ | နွေ | မဿဲ၊ | ၂း၁၅ |
| ၂၉ | လာ | ဖျာဒိတ်၊ | ၁၂း၁၁ |
| ၃၀ | ဂါ | မဿဲ၊ | ၂၈း၁၉ |
| ၃၁ | ဟူး | တမန်၊ | ၁၁း၁၇ |

–၀–

## နံနက်ယံဝတ်
## စက်တင်ဘာလ၊ ၂၀၂၂ ခုနှစ်

| | | | |
|---|---|---|---|
| ၁ | တေး | ယောဟန်၊ | ၁း၃၆ |
| ၂ | ကြာ | လုကာ၊ | ၅း၆ |
| ၃ | နေ | လုကာ၊ | ၅း၁၀ |
| ၄ | နွေ | လုကာ၊ | ၄း၂၇ |
| ၅ | လာ | မဿဲ၊ | ၁၂း၇ |
| ၆ | ဂါ | မာကု၊ | ၉း၂၅ |
| ၇ | ဟူး | မဿဲ၊ | ၂၀း၁၅ |
| ၈ | တေး | ယောဟန်၊ | ၄း၇ |
| ၉ | ကြာ | ယောဟန်၊ | ၄း၁၄ |
| ၁၀ | နေ | ယောဟန်၊ | ၄း၂၈ |
| ၁၁ | နွေ | လုကာ၊ | ၁၃း၄ |
| ၁၂ | လာ | မဿဲ၊ | ၁၈း၁၄ |
| ၁၃ | ဂါ | မဿဲ၊ | ၁၈း၁၅ |
| ၁၄ | ဟူး | မဿဲ၊ | ၈း၁၁ |
| ၁၅ | တေး | လုကာ၊ | ၁၀း၃၆ |
| ၁၆ | ကြာ | လုကာ၊ | ၁၀း၃၇ |
| ၁၇ | နေ | လုကာ၊ | ၉း၅၅ |
| ၁၈ | နွေ | လုကာ၊ | ၂၄း၄၆၊၄၇ |
| ၁၉ | လာ | မာကု၊ | ၅း၁၅ |
| ၂၀ | ဂါ | မာကု၊ | ၅း၁၉ |
| ၂၁ | ဟူး | မဿဲ၊ | ၂၃း၁၃ |
| ၂၂ | တေး | မာကု၊ | ၁၅း၃၉ |
| ၂၃ | ကြာ | လုကာ၊ | ၁၄း၁၃၊၁၄ |
| ၂၄ | နေ | လုကာ၊ | ၂၂း၄၂ |
| ၂၅ | နွေ | မဿဲ၊ | ၂၅း၁၄ |
| ၂၆ | လာ | မဿဲ၊ | ၂၅း၄၀ |
| ၂၇ | ဂါ | မာကု၊ | ၄း၂၆၊၂၇ |
| ၂၈ | ဟူး | လုကာ၊ | ၇း၄၄ |
| ၂၉ | တေး | လုကာ၊ | ၆း၃၈ |
| ၃၀ | ကြာ | မာကု၊ | ၄း၃၁၊၃၂ |

–၀–